www.burmeseclassic.com

ရွှေပဒေသာစာပေ

# မမသဒ္ဒါမောင်

## နှလုံးသားရဲ့ ကွန်းခိုရာ

(အချစ်လုံးချင်းဝတ္ထုသစ်)



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

မမသဒ္ဒါမောင်

# နှလုံးသားရဲ့ကွန်းခိုရာ



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၀၉၇၀၇၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၂၃၆၀၉၀၈ |
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၀၉၊ မတ်လ။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် တိုက် ၄၊ အခန်း ၁၀၊ ပြည်တော်သစ်ရိပ်သာ၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ်၃၁/၃၃၊ ၅၃လမ်း ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ |
| ဖြန့်ဈေး | - | ၁၄၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

## အခန်း ( ၁ )

မြင်းလှည်းပေါ်မှဆင်း၍ ငွေချေကာ ဆွဲအိတ်ကို သယ်ယိုတ်သည်။ ခြံတံခါးကို အသာတွန်းဖွင့်၍ ဝင်လိုက်စဉ် ခြံထဲမှ bulldog ကြီးတစ်ကောင်က ဝုန်းခနဲထိုးဟောင်ပြီး သူမရှိရာဆီ ပြေးလာလေ၏။ ရုတ်တရက်မို့ အလန့်တကြားဖြင့် အိတ်ကိုပစ်ချကာ နောက်ကိုဆုတ်လိုက်စဉ် စီးလာသည့်ခုံမြင့်ဖိနပ်က ခဲချွန်ချွန်တို့နင်းမိသွားပြီး လူက ယိုင်လဲသွားရသည်။

"ဝုန်း. . . ဝေါင်း. . . ဝေါင်း"

"ဂျက်. . . ဟေ့ကောင်"

အိမ်ထဲမှ လူတစ်ယောက် အပြေးထွက်လာပြီး သူမအနီး



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာလေ၏။ ဂျင်းဘောင်းဘီရှည်ကို ဒူးကျော်ကျော်မှာ ဖြတ်၍ အနားကိုခပ်ဖွာဖွာချထားလျက် စွပ်ကျယ်လက်ပြတ်က သူ့ခန္ဓာကိုယ်အချိုးအစားကိုသိသာစေသည်။

"သူများခြံထဲ အသံမပေးဘာမပေးနဲ့ ခွင့်မတောင်းဘဲဝင်လာရလားကွ . . . ငါသာရောက်မလာရင် ဂျက်ပါးစပ်ထဲ မင်းရဲ့ခြေသလုံးသားတွေအတုံးလိုက်ပါသွားပြီ။ ကဲ . . . ပြော . . . ဘာကိစ္စလဲ"

သူမ, ထိုလူကိုဘုကြည့်ကြည့်လိုက်၏။ ပုံစံကိုက ဂျစ်ကန်ကန်နှင့်ထောင့်မကျိုးသည့်ရုပ်။ အင်း . . . ကြည့်ရတာ အန်တီခိုင့်အမျိုးဖြစ်မည်ထင်ပါရဲ့။

"ဦးဇော်ရှိလား"

"မရှိဘူး"

"အန်တီခိုင်ရော"

"မရှိဘူး"

"ကျွတ် . . . ခက်တာပဲ"

"ဟ . . . မင်းဘာကိစ္စနဲ့လာတာလဲဆိုတာ ပြောဦးမှပေါ့။ မင်းတွေ့ချင်တဲ့လူတွေမရှိဘူး။ ဒီတော့, လာလမ်းအတိုင်းကြွ"

သူမ မျက်မှောင်ကြုတ်လိုက်မိ၏။ တော်တော်လူမှုရေး





စိတ်ခေတ်ခေါင်းပါးတဲ့လူပါလား။ လဲနေရာမှ ထရပ်လိုက်ကာ ဖုန်တွေသဲတွေကိုခါလိုက်သည်။

"ဟော့ . . . ငါပြောတာကြားတယ်မဟုတ်လား"

"ကျွန်မ, ဒီမှာနေဖို့ရောက်လာတာရှင့်"

"အံမာ . . . ငါ့အိမ်ကိုတည်းခိုခန်းများမှတ်နေလား။ မင်းနေချင်တိုင်းနေရအောင် ဘယ်သူကခွင့်ပြုလို့လဲ။ ရှုပ်ရှုပ်ယှက်ယှက်"

BURMESE CLASSIC .com

သူမတော်တော်စိတ်ပျက်သွားမိသည်။ စာရေးထားတာလည်းတော်တော်ကြာနေပြီမို့ ဦးဇော်တို့မေ့နေပြီထင်ပါရဲ့။ မေမေက ဖုန်းဆက်ခိုင်းသော်လည်း ငယ်စဉ်ကတည်းက နွေကျောင်းပိတ်တိုင်း လာနေကျအိမ်မို့ အရေးကြီးဘူးထင်၍ စွတ်ရွတ်ထွက်လာတာမှ ပြဿနာကြုံရပြီ။

"နေပါဦး . . . ရှင်က ဘာမို့လို့ ကျွန်မကိုမောင်းထုတ်နေရတာလဲ"

"ဟ . . . ဒါ, ငါနေတဲ့အိမ်လေ။ မင်းကိုဘုမသိဘမသိသက်ခံစရာလား။ မင်းတွေ့ချင်ရင် ခြံပြင်ကစောင့်နေ . . . ဒါပဲ"

"ကြည့်စမ်း . . . ရှင်တော်တော်ရိုင်းလှချည်လား။ အခုပဲညနေစောင်းနေပြီဟာ။ ကျွန်မကစ်ယောက်တည်း ခြံပြင်မှာစောင့်နေရမှာလား။ ရှင်တားဖို့မလိုဘူး . . . ဖယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . မင်း. . . ဒီလောက်ပြောနေတဲ့ကြားက တောက်ငါ့ဆွဲထုတ်မှမအော်နဲ့"

"အောင်မယ်. . . ကျွန်မအသားကိုထိရဲထိကြည့်စမ်းပါ။ လူကိုဘာမှတ်နေလဲ"

သူမက အိတ်ကိုဆတ်ခနဲကောက်ကိုင်၍ ခြံထဲဆက်ဝင်စဉ် လိုလူက ဖျတ်ခနဲလက်ကိုလှမ်းဆွဲလိုက်လေ၏။ အားနဲ့ဆွဲလိုက်တာကြောင့် လူကယိုင်သွားကာ သူ့ရင်ခွင်ထဲ ထွေးခနဲရောက်သွားရသည်။

"အို. . . ရှင်ဘယ်လိုလူလဲ။ မိုက်ရိုင်းလှချည်လား"

"မင်းမှာနားမပါဘူးလား. . . ပြောနေတဲ့ကြားက"

"တီ. . . တီ"

ကားဟွန်းသံကြောင့် လက်ကိုချုပ်ထားရာမှ သူလွှတ်လိုက်၏။ ခြံတံခါးကိုအပြေးဖွင့်လိုက်စဉ် လေးဖော်က ကားပေါ်မှလှမ်းအော်လိုက်လေသည်။

"မိပို. . . ဘယ်တုန်းကရောက်တာလဲ"

သူ တံခါးကိုပြန်ပိတ်လိုက်ပြီး တအံ့တဩဖြစ်သွား၏။ လေးဖော်က သူမကိုသိနေပါလား။ သူမက သူ့ကိုမျက်စောင်းခဲပြလိုက်ပြီး ကားနောက်မှခပ်သွက်သွက်လျှောက်သွားလေ၏။ ဧည့်ခန်းမှာ





ဝင်ထိုက်လိုက်စဉ် သူ့ခွေးကြီးက သူမကိုရန်စောင်နေပြန်သည်။

'ဟွန်း. . . သခင်နဲ့ခွေး, လိုက်လည်းလိုက်ပါ့. . .'

"ဘို. . . သားခွေးကိုထိန်းဦး။ သမီးရယ်, လာမယ့်ရက်ကိုဒုန်းကြိုဆက်ရင် ဦးဖော်လာကြိုမှာပေါ့"

"ပိုလည်း အမြဲလာနေကျအိမ်မို့ ဒီလိုပဲထွက်လာတာပေါ့။ ဦးဖော်အိမ်က တော်တော်လုံသားပဲ"

"ဟာ. . . မင်း, ငါ့ကိုခွေးနဲ့နှိုင်းစရာလား"

"ဘို. . . ဘယ့်နှယ့်ရန်စောင်နေရတာလဲ။ ဒါ, လေးဖော်ရဲ့တူမပါ"

"ဟင်. . . ဒါဖြင့်"

"အေ.လေ. . . သားကိုပြောထားသားပဲ။ ဒီကိုပိုစတင်ကျလာတဲ့ဒေါက်တာလှလွန်းပိုလေ"

သူ့မျက်နှာ ရဲခနဲဖြစ်သွားပြီး ခေါင်းကိုကုတ်လိုက်မိ၏။ ဆိုတ်. . . သွားပြီ။ လေးဖော်ပြောတုန်းက လေးဖော်တူမ ဆရာဝန်ဆိုလို့ အသက်သုံးဆယ်ကျော်လောက်ထင်ထားမိတာ။ ခုတော့ သူနဲ့အသက်မတိမ်းမယိမ်းအရွယ်ဖြစ်နေပါရောလား။

"မိပို. . . ဒါ, ခိုင့်တူပဲ. . . ဥက္ကာဘိုတဲ့။ မိပိုက ဘို့ထက်ခြောက်နှစ်ကြီးတယ်နော်။ ဘိုက မမခေါ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အား. . . သွားပါပြီ။ ပုံစံလေးက ငယ်ရွယ်ပုံပေါက်နေလို့ သူက စွတ်ပြောစွတ်ဟောက်နေမိတာ။ ခုတော့ဖြင့် သူ တရိုတသေ ခေါ်ရမည်ဆိုပါလား။ မိန်းမတွေနှင့်မပတ်သက်ချင်ပါဘူးဆိုကာမှ ခုတော့ဒုက္ခပါပဲလား။

"သမီးမလာဖြစ်သေးဘူးထင်လို့ အခန်းတောင်ကြိုမရှင်းထားဘူး။ ခိုင်လည်းကျောင်းတစ်ဖက်နဲ့ဆိုတော့ မအားဘူးလေ"

"ပို့အခန်း ပိုရှင်းပါမယ်ဦးဇော်။ ရပါတယ်. . ."

"မဟုတ်ဘူးသမီးရဲ့. . . အရင် သမီးနေတဲ့အခန်းကို ဘိုအခုနေ,နေလို့"

"ဟာ. . . ဦးဇော်ကလည်း ပိုအရင်ကတည်းက. . . အဲဒီအခန်းမှာပဲနေ,နေကျကို"

"လေးဇော်. . . ကျွန်တော်မဖယ်နိုင်ဘူးနော်"

"ရှင်မဖယ်ပေးလို့ရမလား၊ အဲဒီအခန်းက ကျွန်မ ဆယ်နှစ်သမီးကတည်းက နေလာခဲ့တာ။ ဖယ်ပေး. . ."

"ဟာ. . . ခင်ဗျားက အခုမှရောက်လာပြီး၊ တခြားအခန်းနေပေါ့။ ကျွန်တော်က နေသားကျနေပြီ. . . မရဘူး"

ဦးမြင့်ဇော် ခေါင်းကိုက်သွားရသည်။ ခက်ကုန်တော့မှာပဲ။ ခိုင့်ဟူနှင့် ကိုယ့်တူမတော့ မတည့်ကြဘဲ တစ်အိမ်တည်းနေကြ





ရတော့မှာပါလား။

"ဘို. . . သားက အောက်ထပ်အခန်းကိုပဲ"

"ဟာ. . . မဆင်းနိုင်ပါဘူး။ ကျွန်တော့်အပေါ်မှာ မိန်းမတစ်ယောက်ရှိနေရင် ဘုန်းနိမ့်မှာပေါ့"

"မဟုတ်သေးဘူးလေ"

"လေးဇော်နော်. . . ပြောတော့ဖြင့် ကျွန်တော့်ကို စိတ်ချမ်းသာအောင်ထားမယ်ဆိုပြီး. . . ခု. . ."

"နေပါစေတော့ဦးဇော်. . . ပို အောက်ထပ်အခန်းမှာပဲနေတော့မယ်"

"သမီးပစ္စည်းတွေ ဒါအကုန်ပဲလား"

"ဟုတ်ကဲ့"

သူမ လက်ဆွဲအိတ်ကြီးကို,မလျက် အောက်ထပ်အခန်းတံခါးကို ဖွင့်ဝင်သွားလေ၏။ ဝတ်လာသည့်အဝတ်အစားနှင့်ပင် အခန်းကိုသန့်ရှင်းရေးလုပ်ပြီး တံမြက်စည်းလှည်း၊ ကြမ်းတိုက်လိုက်ဖို့ သူမအကြိုက် အပြာနုရောင်လိုက်ကာလေးကို ပြတင်းပေါက်ခုံမှာတပ်လိုက်ပြီး စာအုပ်တွေကို စာအုပ်စင်ထဲထည့်၊ အဝတ်ဗီရိုထဲထည့်သိမ်းကာ ရေချိုးခေါင်းလျှော်လိုက်၏။ ကျောလှမ်းခန်းရှိသည့် နဂိုဆံပင်လိမ်လိမ်လေးတွေက တမင်ပုံသွင်းထားသလို



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတာမို့ ဘီးဖြင့်နှစ်ချက်သုံးချက်ဖြီး၍ ကျားပါးစပ်ကလစ်ဖြင့် ညှပ်လိုက်သည်။ သနပ်ခါးရေကျဲလေး ခြေဆုံးခေါင်းဆုံးလူးပြီးမှ ညနေစာဘာရှိသလဲတွေးလျက် မီးဖိုခန်းထဲဝင်ခဲ့၏။

မနက်စာညစာပေါင်းချက်ထားသည့် ထမင်းအိုးနှင့်ဟင်းတွေကိုလှန်လှောကြည့်လျက် ဆန်နို့ဆီဘူးတစ်လုံးခွဲကို ပေါင်းအိုးနှင့်တည်လိုက်သည်။ ကြောင်အိမ်ထဲမှာရှိသည့်ငါးကြော်ကို ကြက်သွန်နီအကွင်းလေးတွေလှီး၍ ပဲငံပြာရည်နှင့် အချိုပြန်နှပ်လိုက်ပြီး၊ အန်တီခိုင်ဝယ်ထားသည့်ဂေါ်ဖီထုပ်ကို ဟင်းခါးလေးချက်ကာ အစိမ်းကြော်,ကြော်လိုက်၏။ ရေတ်သီးစိမ်းကို ပါးပါးလှီး၍ ငါးပိချက်,ချက်ကာ၊ တို့စရာလေးနှင့် ဖွယ်ဖွယ်ရာရာလေးပြင်ဆင်လိုက်သည်။

"ဟာ! အန်တီကလည်း ကျွန်တော် ဘယ်လွတ်လပ်တော့မှာလဲ။ ကိုယ်နဲ့သက်တူရွယ်တူမိန်းမတစ်ယောက်နဲ့ တစ်အိမ်တည်းနေရတာလောက် စိတ်ရှုပ်စရာကောင်းတာမရှိတော့ဘူး"

"ဩော်. . . သားကလည်း. . . ပိုပိုက သားတွေ့ဖူးတဲ့မိန်းကလေးမျိုးမှမဟုတ်ဘဲ"

"မသိဘူးဗျာ. . . စိတ်ညစ်ရတာက ညစ်တာပဲ။ စတွေ့ကတည်းက နောင်ကျိန်ချနေရတာ။ ရှေ့ဆက်ဘယ်လိုစခန်းသွားမှာလဲ။ ကျွတ်. . . စိတ်ရှုပ်တယ်ဗျာ"





"ကွယ်. . . သားကလည်း. . . သူ့မှာ တာဝန်နဲ့လာရတာလေ"

"တာဝန်နဲ့လာရင် တခြားဆရာဝန်တွေလိုအဆောင်သွားနေပါလား. . . ရှုပ်ကရှုပ်နဲ့"

"ဟဲ့. . . ရှူး. . . တိုးတိုး၊ ကြားကုန်တော့မှာပဲဘိုရယ်။ အဲဒါ့ လေးလေးတူမလေ"

"အဲဒါက ပိုဆိုးတာပေါ့။ ခရီးကတည်းက သူကပဲ ဒီအိမ်မှာ ငယ်ငယ်ကတည်းက နေလာခဲ့တာလေးဘာလေးနဲ့"

"ဟုတ်တယ်လေသားရဲ့။ ဟင်း. . . ခက်လိုက်တာနော်"

အန်တီခိုင်က မီးဖိုခန်းထဲဝင်ခဲ့စဉ် ထမင်းပွဲပြင်နေသည့်သူမကိုမြင်သွားလေ၏။

"ဟော. . . သမီးရယ်။ ရောက်တာနဲ့ မီးဖိုထဲတန်းဝင်တာပေါ့။ ပင်ပန်းလာတာ နားမှပေါ့"

"ရပါတယ်အန်တီခိုင်။ ပို duty ဝင်ရင် ညနေကတည်းက စျေးဝင်ဝယ်ခဲ့ပါ့မယ်"

"အေး. . . သမီးရယ်။ အန်တီခိုင်လည်း ကလေးတွေ စာမေးပွဲနီးလို့ အစည်းအဝေးချည်းလိုမှ်တက်နေရတာနဲ့ ဘာမှဖွယ်ဖွယ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရာရာမချက်ဖြစ်ဘူး"

"ငါ့တူမရောက်မှပဲ ဟင်းကောင်းကောင်းစားရတော့မယ် ဟေ့"

ဦးဇော်ပါ ဝင်လာသဖြင့် သူမက ဟင်းခါးပူပူလေးကို ပန်းကန်လုံးထဲခပ်ထည့်ကာ ထမင်းပွဲပြင်ပြီးလေပြီ။

"ဟာ. . . လာပြန်ပြီ ဒီငါးဟင်းကြီး။ ညီစော်နံကနံနဲ့"

"ဘိုရယ်. . . သားမလည်း တစ်နေ့တစ်နေ့ ဟင်းချေးများတာ မရပ်နိုင်သေးပါလား"

"အိမ်မှာဆို ကျွန်တော်စားချင်တာကို မာမီက ချက်ခွင်းပြင်ကျွေးတာဗျ"

"ဒါ ရန်ကုန်မှမဟုတ်တာပဲသားရယ်။ အစားအသောက်မပေါ်ဘူးလေ"

"ကျွတ်. . . မကြိုက်တာတွေချည်း နေ့တိုင်းချက်ကျွေးနေရင်၊ ကြာရင် ကျွန်တော်ဇတ. ့ဝိတ်ကျလာတော့မှာပဲ"

ဟင်းဂဂျီဂဂျောင်ကျနေသည့်သူ့ကို သူမတစ်ချက်ကြည့်လိုက်၏။ ဘာမှဝင်မပြောမိရန် နှုတ်ဆိတ်နေသော်လည်း စကားထဲက သူမကိုစောင်းချိတ်သလိုပါလာတာမို့ တော်တော်နာကစ်လာမိသည်။





"ဒီအိမ်မှာနေရင် ဒီအိမ်ကချက်တာကိုပဲ စားရမှာပေါ့။ ချေးများလို့ရမလား"

"ခင်ဗျားက အခုမှရောက်လာပြီး. . . ဗိုလ်ကျဖို့မကြံပါနဲ့။ ကျွန်တော်က ကြက်နဲ့အမဲကလွဲလို့ ကျန်တာမကြိုက်ဘူး"

"ဒါဆို ရှင့်ဟာရှင်ဝင်ချက်. . .။ ကျွန်မက အမဲသားကို သက်ပန်လှူထားတာ အနံ့တောင်မခံနိုင်ဘူး. . . ဒါပဲ"

"ဟာ. . . ဘယ်ရမလဲဗျ။ ဂျက်က. . . အမဲသားနဲ့ ကြက်အသည်းအမြစ်ကလွဲလို့ တခြားဘာမှစားကတ်တာမဟုတ်ဘူး"

"အဲဒါကြောင့်ပြောတာပေါ့။ ရှင်ဟာရှင် ဝင်ချက်လို့"

"ကဲ. . . ကဲ. . . တော်ပါတော့ဘိုရယ်။ အန်တီလေး အားအားသလို ချက်ကျွေးနေတာပဲမဟုတ်လား"

"အန်တီလေးနော်. . . သူရောက်လာတာနဲ့ ကျွန်တော့်ကို အသံမာမာနဲ့မပြောပါနဲ့"

"ရော်. . . ခက်တာပဲ"

သူမ ဘာမှမပြောဘဲ၊ ထမင်းကို မြန်မြန်သွက်သွက်စား၏။ အားလုံးစားပြီးသွားတော့ ဆေးကြောစရာရှိတာကိုဆေး ခန်းထဲဝင်ကာ စာဖတ်နေလိုက်သည်။

TV ကြည့်အပြီး အပေါ်တက်လာပြီးမှ ဂျက်ကို ရှူးတည်



www.burmeseclassic.com

www.burmeseclassic.com



ဖို့သတိရသွား၏။ ဟင်း. . . နေပါစေ။ ဒီပေါ်မှာပေါက်ချမှ သင်း အခန်းထဲကိုရောက်မှာ။ အတွေးဖြင့် ကျေနပ်စွာပြုံးလိုက်ပြီး ခုတင်ထက် တက်အိပ်လိုက်၏။

တတောက်တောက်အသံကြောင့် မျက်လုံးကိုဖွင့်ကြည့်မိလိုက်စဉ် ခုတင်ဘေးသို့ အပေါ်ထပ်မှအရည်များက စီးကျနေ၏။ ဘာတွေလဲ. . . နံလိုက်တာ။ သူမ ဖျတ်ခနဲထလိုက်ပြီး အပေါ်ထပ်ကိုတက်လာခဲ့သည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်ဒေါက်"

"ဘယ်သူလဲ. . . ညအချိန်မတော်ကြီး"

"အချိန်မတော် နှိုးရမှာပေါ့. . . ။ ရှင့်အခန်းထဲက ဘယ်သတ္တဝါ သေးပေါက်ချလိုက်သလဲ. . . သေချာကြည့်ဦး"

ဝုန်းခနဲကလာသံနှင့်အတူ အခန်းတံခါးက ချပ်ခနဲပွင့်လာ၏။ ဂျက်က အခန်းထဲမှတိုးထွက်ကာ အောက်သို့ပြေးဆင်းသွားလေပြီ။

"ခင်ဗျား ဘာစကားပြောတာလဲ"

"လူစကားပြောနေတာလေ. . . ရှင်, လူဆိုရင် လူလိုသိမှပေါ့။ ဘယ့်နှယ့်ပြောတော့ဖြင့် လေတစ်လုံးမိုးတစ်လုံးနဲ့။ အပေါ်ထပ်မှာမျှား မအိပ်ရရင်. . . ဘူန်းကံနိမ့်၊ အဝီစိကျတော့မလိုလို





တိရစ္ဆာန်ထဲမှာ အနိမ့်ဆုံးသတ္တဝါနဲ့ကျ အတူတူအိပ်တာကျ တော်တော်အဆင့်မြင့်တယ်ထင်နေလား"

"ဟာ. . . ခင်ဗျား ဘာလိုင်းကြီးမခွပ်နဲ့လေ"

"ရှင့်အကောင် ပေါက်ချလိုက်တဲ့သေးတွေ လာဆေးပေး။ ဒါပဲ. . . ခွေးကိုများ အခန်းထဲထည့်သိပ်ရကယ်လို့ တန်ရာတန်ရာမထားဘူး"

"ဘာကိစ္စဆေးရမှာလဲ. . . ခင်ဗျားအခန်း ခင်ဗျားဆေးပါလား"

"ရှင့်ဟာကြီး ပေါက်ချတာလေ"

တစ်ဖက်အခန်းမှ ဦးဇော်နိုးလာလေ၏။ နှစ်နာရီပဲရှိသေးတယ်။ သင်းတို့နှစ်ယောက်က ပြဿနာစနေလေပြီ။

"ဘာဖြစ်နေပြန်တာလဲ"

"ဒီမှာလေးဇော်. . . အချိန်မတော် တံခါးလာခေါက်ပြီး ရှုက်မကြောက်"

"ဘာပြောတယ်. . . ရှင့်ခွေး သေးပေါက်ချလို့ လာပြောတာလေ။ ဘာ. . . မရှက်မကြောက်ရမှာလဲ။ ဦးဇော်. . . သူ့ခွေးကို အခန်းထဲထည့်သိပ်ရင် ပို ဒီအခန်းကိုပြန်ယူမယ်. . . ဒါပဲ"

"ဟာ. . . ဘယ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . မိပိုပြောတာဟုတ်တယ်။ ဂျက်ကို လေ့ကားရင်းမှာ ခုတင်ဆင်ထားပေးတာပဲ။ အဲဒီမှာ အိပ်ပါစေ။ တော်ကြတော့၊ ဘယ့်နှယ့်ကွာ. . . ခေါင်းတောင်ကိုက်နေပြီ။ သမီးလည်း သွားတော့။ မနက် duty ဝင်ရမှာမဟုတ်လား"

"ဟုတ်ကဲ့"

သူမက သူ့ကိုမျက်စောင်းခဲလိုက်ပြီး အောက်ထပ်ကိုပြန်ဆင်းခဲ့သည်။ ဂဏန်းကောင်. . .။ ဟုတ်တယ်၊ Crap အစစ်ပဲ။ သူများတကာကို ကန့်လန့်တိုက်လိုက်ရမှ ကျေနပ်တဲ့လူ့ခွစာလေး။

❦ ❦ ❦



## အခန်း (၂)

"မင်္ဂလာပါ ဒေါက်တာ"

"မင်္ဂလာပါ စစ္စတာ"

"တင်တော့ထင်သားပဲ. . .။ နာမည်ဆန်းဆန်းလေးမို့ လူသည်းချောချောလေးပဲနေမှာပါလို့"

"ဒါဆိုရင်တော့ စစ္စတာတို့မြေကြောင့် အရောင်ဟပ်သွားဆို့ဖြစ်မှာပါ"

ရုံးခန်းထဲမှာ ရယ်သံတွေ ဝေစည်သွား၏။ ရှစ်နာရီပဲရှိသေးတာမို့ ဆေးရုံအုပ်ကြီး ရောက်မလာသေးပေ။ စစ္စတာကပင် Nurse တွေ၊ ဆရာဝန်တွေနှင့် သူမကိုမိတ်ဆက်ပေး၏။ အင်း. . .



www.burmeseclassic.com

www.burmeseclassic.com

သူမအပါအဝင် ဒီဆေးရုံမှာ ဆရာဝန်လေးဦးပဲရှိတာပါလား။

"အားလုံးနဲ့အခုလိုသိရတာ ဝမ်းသာပါတယ်ရှင်။ ကျွန်မကို တလေးတစားခေါ်စရာမလိုပါဘူး။ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ပိုပိုလို့ခေါ်ရင်လည်းရပါတယ်"

"ကောင်းတယ်. . . ကောင်းတယ်။ ပိုပိုဆိုတာ ပိုပြီးချစ်စနိုးလေးဖြစ်တယ်"

"စစ္စတာရေ. . . ဒီဆေးရုံက လူနာစာရင်းလေးကြည့်ပါရစေ။ ကျွန်မလေ့လာထားမှဖြစ်မှာမို့ပါ"

"ရပါတယ်ပိုပို. . . လာ"

အားလုံး ကိုယ့် duty နဲ့ကိုယ် ခွဲထွက်သွားကြတော့ ရုံးခန်းထဲမှာ သူမနှင့် စစ္စတာနော်အဲလာသာကျန်ခဲ့၏။ Patient File တွေကို တစ်ခုချင်းလေ့လာစဉ် အသေအပျောက်မရှိသလောက် နည်းပါးသည်ကိုတွေ့ရသည်။

"ဒီမှာ. . . ရောဂါကြီးကြီးမားမား ဖြစ်တတ်သေးလား စစ္စတာ"

"ရှိပြီလား ပိုပိုရယ်. . . Leukaemia (သွေးကင်ဆာ)တို့ Cancer (ကင်ဆာ)၊ Malaria (ငှက်ဖျား)၊ TB (အဆုတ်ရောဂါ) စုံလို့ပါပဲ"





"ဟယ်. . . အဲဒါမျိုးဖြစ်ရင် ဆေးဝါးအစုံရလို့လား"

"ရတဲ့ဟာလည်းရတယ်ပိုပိုရဲ့။ TB ဆိုရင်တော့ ရန်ကုန်ကိုပဲလွှတ်တယ်။ တချို့လည်းမသွားနိုင်ဘဲ သေသွားကြတဲ့လူနာတွေ နည်းဘူး။ ဝေးလည်းဝေးတာကိုး"

"သွေးတွေဘာတွေရော အလွယ်တကူရလို့လား"

"အဲဒါက ပိုရှားတာပေါ့။ မြို့အသစ်ဆိုတော့ အိမ်ခြေကလည်းနည်းတယ်လေ။ ဒီဆေးရုံလေး စဖွင့်လိုက်မှ အသေအပျောက်တော်တော်နည်းသွားတာ။ အထူးသဖြင့် မြို့စွန်ပိုင်းရွာတွေက ကိုယ်ဝန်ဆောင်သည်တွေ ကလေးမီးမဖွားနိုင်ဘဲ ဆုံးရတာများတယ်။ သူတို့က ဗဟုသုတလည်းနည်း. . . ဆေးရုံဆိုလည်းသိပ်ကြောက်ကြတော့ လက်သည်လုပ်သမျှ ခံကြရတာပါပဲ"

"ကျွတ်. . . ကျွတ်. . . ဒါ မဖြစ်သင့်ဆုံးပဲစစ္စတာရယ်။ ဒီမှာ Midwife (ဝမ်းဆွဲဆရာမ) ဘယ်နှယောက်ရှိလဲ"

"နှစ်ယောက်ပဲရှိတယ်၊ နန်းရွှေရည်နဲ့ နော်အယ်ဒိုလေ"

"ဟင်း. . . မဖြစ်သေးပါဘူး။ ဆေးရုံအုပ်ကြီးကိုတင်ပြပြီး ကျွန်မတို့ Plan ဆွဲမှဖြစ်မယ်။ တောခေါင်ခေါင်ရွာတွေကိုတစ်ပတ်ခြင်း တစ်လှည့်စီသင်တန်းပေးမှပါပဲ. . . ဒါမှဖြစ်မှာ"

"လုပ်ချင်တာပေါ့ပိုပို။ ဒီမှာက ဆရာဝန်အလုံအလောက်



www.burmeseclassic.com

www.burmeseclassic.com



မရှိ။ ဆေးကမစုံနဲ့မို့ ရှိတာလေးနဲ့ဖြစ်အောင်ကုပေးနေရတာ"

"ကျွန်မအတတ်နိုင်ဆုံးလုပ်ပေးပါ့မယ် စစ္စတာ။ လိုအပ်တဲ့ဆေးဝါးတွေကို အဝေးပြေးကားကတစ်ဆင့် ရန်ကုန်ကနေပို့ခိုင်းလိုက်မယ်။ ဩော်. . . ဒီမှာဖုန်းဘယ်နှလုံးရှိလဲ"

"ဟင်းဟင်း. . . ရှားရှားပါးပါး ဒီဆေးရုံမှာရယ်၊ စာတိုက်မှာရယ်၊ နောက်. . . ဒီမြို့က သူဌေးဦးဇော်ရှိုင်းဆီမှာရယ်၊ သုံးလုံးပဲ"

"အင်း. . . ဆက်သွယ်ရေးလည်း လိုသေးတာပါပဲလား"

ရှုံ့ဖိနပ်သံ တခေါက်ခေါက်ကြားအပြီးမှာ၊ အခန်းထဲသို့ ဒေါက်တာညိုဝင်းနောင် ရောက်လာလေ၏။

"မင်္ဂလာပါဆရာကြီး၊ ဒီမှာ ဒေါက်တာလှလွှန်းပိုရောက်နေပါပြီ"

"တွေ့ရတာ ကျက်သရေရှိလိုက်တာ နော်အဲလာရေ။ ယူမြင်ရုံနဲ့ Active ဖြစ်မှန်းသိသာတယ်"

သူမ လှစ်ခနဲပြုံးပြလိုက်ပြီး ဆရာဝန်ကြီးကို လက်ဆွဲနှုတ်ဆက်လိုက်ပါသည်။

"ရန်ကုန်ကနေ ဒီကိုတကူးတကပြောင်းခွင့်တင်တာ သမီးမှာ အကြောင်းကိစ္စရှိလို့ထင်ပါရဲ့။ အင်း. . . စပ်စုရာကျနေပြီ"





"ရပါတယ်ဆရာကြီး၊ ဟင်း. . . ဟင်း. . . ဆရာကြီးပြောတာ မှန်သင့်သလောက်မှန်ပါတယ်"

"ဟော. . . ရိုက်တောင်မစစ်ရပါလား"

စစ္စတာအပြောကြောင့် ရယ်ဖြစ်ကြ၏။ ဒေါက်တာညိုဝင်းနောင်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပါသည်။

"ကဲ. . . ပြောသင့်သလောက်တော့ ပြောပေါ့ကွယ်။ တူအရီးတွေလို ပွင့်ပွင့်လင်းလင်းရှိထားတာ ပိုသင့်တော်တာပေါ့"

"ဟယ်. . . ဆရာကြီးမှာ တူရှိလို့ ဒီစကားပြောတာပေါ့လေ"

"ဟော. . . ဟေး. . . ဟေး. . . နော်အဲလာတော့ လုပ်လိုက်ပြီဟေ့"

သူမ ကျိတ်ပြုံးဖြစ်ပြန်၏။ ဆရာဝန်ကြီးက ခန့်ခန့်ထည်ထည်နှင့် သဘောကောင်းပုံရသဖြင့် စိတ်ထဲမှာ အတော်လေးကြည်နူးသွားမိသည်။

"ကျွန်မကို အိမ်က အိမ်ထောင်အတင်းပြုစေချင်လို့ပါ"

"ဟော. . . ကွက်တိပဲဟေ့"

"ဘာဖြစ်လို့လဲ စစ္စတာ"

"ဆရာကြီးရဲ့တူလည်း ဒီကိုပြောင်းလာမှာလေ။ ပိုပိုတော့



www.burmeseclassic.com

www.burmeseclassic.com



နဖူးစာရှာလည်တော့မှာပဲ”

“ရှင်. . . ဟုတ်လားဆရာကြီး”

“ဟုတ်တယ်သမီးရဲ့။ နေပါဦး. . . သမီးက ဘယ်ကျောင်းက အောင်ခဲ့တာလဲ”

“ဆေး (၂)ကပါ”

“ဒါဆို ရဲနောင်ကိုသိမယ်နဲ့တူတယ်”

“ရဲနောင်ဆိုတာ ဟို. . . အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ မျက်ခုံးကောင်းကောင်း၊ မေးစေ့မှာ မှဲ့အနက်လေးရှိတဲ့တစ်ယောက်လားဆရာကြီး”

“ဟော. . . သမီးက သိလှချည်လား”

သူမ နှုခေါင်းလေးရှုံ့လိုက်မိ၏။ အဲဒါမှ ပြဿနာ။ မင်းရဲနောင်နဲ့ သူမက သိပ်အစေးကပ်တာမဟုတ်။ သင်းက Roll No (1) နှင့်ဝင်လာခဲ့တာမို့ ဘဝင်က လေဟပ်နေတဲ့အကောင်လေး။

“သူက ကျောင်းမှာ စာအတော်ဆုံးမို့ပါဆရာကြီးရဲ့”

“ဟုတ်လား. . . ကောင်းတာပေါ့။ သူငယ်ချင်းတွေ ဒီမှာ ပြန်ဆုံကြမှာပဲ”

“ဟင့်အင်း. . . ကျွန်မအတွက်တော့ မကောင်းပါဘူး”

“ဟေ. . . ဘာဖြစ်လို့လဲသမီးရဲ့”





“သူနဲ့ကျွန်မက သိပ်အစေးကပ်တာ မဟုတ်ဘူးရှင့်”

“ဒီလိုပဲဖြစ်ရမယ်လေ။ အစကတော့ ဒီလိုပဲ၊ နောက်ဆိုတော့လည်း OK သွားမယ်”

“အာ. . . စစ္စတာနော်”

ဆရာဝန်ကြီးက သဘောတကျရယ်လိုက်ပြီး Round လှည့်ရာဆီ သူမကိုပါ ခေါ်ခဲ့လေ၏။ ဆေးရုံလေးက နှစ်ထပ်အဆောက်အဦးဖြစ်ပြီး ခွဲစိတ်ခန်းတစ်ခန်း၊ အရေးပေါ်ခန်းနှစ်ခန်း၊ သီးသန့်ခန်း (၅)ခန်း ပါရှိသည်။ အောက်တစ်ခြမ်းကို အခန်းလေးခုခွဲ၍ ခုတင်ဆယ်လုံးစီထည့်ထားပါ၏။

အပေါ်ထပ်အစွန်ဆုံးခန်းမှာ ဆရာဝန်များ နားနေခန်းရှိသည်။ နောက်တစ်ခန်းက ဆေးရုံအုပ်ကြီး၏ရုံးခန်း၊ ဆေးပေးခန်းနှင့် သီးသန့်အဆောင်လေးထုတ်ကာ ထားရှိသည်။ ဆေးရုံနောက်ဘက်မှာ အလုပ်သမားတန်းလျားရှိပြီး စစ္စတာနှင့် ဆရာဝန်မလေးများ Nurse များ နေကြသည်။ ရေတွင်းမှရေကို ရေစုပ်စက်ဖြင့် သင်တာ လျှပ်စစ်မီးအပြင် မီးစက်ကြီးတစ်လုံးရှိသည်။ လူနာတွေကိုလိုက်စစ်ရင်း သူမဆန္ဒကိုဖွင့်ပြောတော့ ဆရာဝန်ကြီးက ခေါင်းညိတ်ပါ၏။

“သမီးပြောတာ လုပ်ဖြစ်မှာပါ။ ဒါပေမဲ့ ဆရာက ရဲနောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုစောင့်ချင်သေးတယ်။ ဒါမှ . . . ယောကျ်ားဖော်ရှိမှာလေ။ နို့မို့ မလွယ်ဘူး။ ဒီမှာက ဆရာဝန်မလေးတွေပဲရှိတာ မဟုတ်လား။ နောက်ပြီး . . . သမီးက အသက်အငယ်ဆုံးနော်။ ရွာကလူတွေက လူမျိုးလည်းစုံတော့ နည်းနည်းရိုင်းတယ်။ ဆရာက စိုးရိမ်လို့ပြောတာပါ"

"ကျွန်မလည်း ဖြစ်ချင်တာကိုသာ ပြောတာပါ ဆရာကြီးရယ်. . .။ ရန်ကုန်ကို လိုအပ်တဲ့ဆေးဝါးတွေမှာပြီးမှပဲ အကောင်အထည်ဖော်ကြရင်ကောင်းမှာပါ"

"ကောင်းတယ်သမီး. . . ဆရာသိပ်ဝမ်းသာတယ်။ နိုင်ငံတော်ကလည်း ထောက်ပံ့တဲ့ဆေးအပြင် သမီးက တစ်ဖက်တစ်လမ်းက ပံ့ပိုးနိုင်တာ သိပ်ကောင်းတာပေါ့။ သမီးက ပြည့်စုံတာကိုး"

"ကျွန်မက ပြည့်စုံတာမဟုတ်ပါဘူးဆရာကြီးရဲ့။ မိဘတွေက ပြည့်စုံတာပါ"

"အတူတူပေါ့သမီးရယ်. . . ဘာပဲဖြစ်ဖြစ် စည်းစည်းလုံးလုံးနဲ့ညီညွတ်ရင် ဆရာတို့အလုပ် အောင်မြင်မှာပါ"

"ဟုတ်ကဲ့"

🍎





အိပ်ရာမှနိုးသည်နှင့် မျက်နှာသစ်၊ ကိုယ်လက်သန့်စင်နေစဉ် သူမ အလုပ်ထွက်သွားတာကို မြင်လိုက်၏။ ဒေါ်တတ်ပို့ပါက ပါတိတ် One Set တွေဘာတွေဝတ်လို့ပါလား။ ဆံပင်ကိုလိမ်ခေါက်၍ ကလစ်ဖြင့်ညှပ်သွားသောကြောင့် သိပ်ပြီးပြင်ပြင်ဆင်ဆင်နေတတ်ပုံမရပါချေ။ သူလေ့ကျင့်ခန်းလုပ်ပြီးဆင်းလာတော့ အန်တီလေးတောင် ကျောင်းသွားဖို့အဆင်သင့်ဖြစ်နေလေပြီ။

"အန်တီလေး သွားတော့မှာလား"

"အေး. . . သား။ မီးဖိုခန်းမှာ ပိုပို ပဲပြုတ်နဲ့ထမင်းကြော်ပေးသွားတယ်။ သား. . . စားလေ"

"ပဲပြုတ်က ဘယ်ကရတာလဲ"

"သူ မနက်စောစော ထပြုတ်တာပေါ့သားရဲ့"

"ဂျက်ဖို့ အမဲသားသွားဝယ်မှထင်တယ်"

"ဒါဆို လေးလေးဆီက ပိုက်ဆံတောင်းသွားလိုက်လေ"

"ရပါတယ်. . . ကျွန်တော့်မှာ ရှိပါသေးတယ်"

လေးလေးပါ ဆင်းလာပြီး အတူထွက်သွားသဖြင့် သူ ဂျက်နှင့်အတူ လမ်းလျှောက်ထွက်လာခဲ့၏။ မြို့က ကျဉ်းကျဉ်းလေးမို့ သိပ်မပတ်လိုက်ရပေ။

အိမ်ကိုပြန်ရောက်တော့ MP 3 ဖြင့် ငြိမ့်နေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



နေ့ခင်းပိုင်း ဗိုက်ဆာတော့ ထမင်းစားရန် မီးဖိုခန်းထဲဝင်ခဲ့သည်။ ကြက်သားဆီပြန်နှင့် ကြာဆံဟင်းခါးချက်ထားတာတွေ့ရ၏။ ငါး ပိကြော်နှင့်မို့ စားရတာအဆင်ပြေပါသည်။ ကြက်အသည်းအမြစ် ပြုတ်ကြော်ကို ပါးပါးလှီးပြီးသားမို့ ဂျက်ကို ထမင်းနယ်ကျွေးလိုက် ၏။

အင်း. . . ဒီလိုဆိုတော့လည်း ဒေါ်တတ်ပွါက ဘယ်ဆိုးလို့ လဲ၊ အလိုက်သိတတ်သား။ အဲဒီနောက် ညနေဘက်မှာ ဂျက်ကို ခြံ ထဲမှာလွှတ်ထားပြီး ဈေးဝယ်ရန် သူထွက်လာခဲ့သည်။

ဆည်းဆာနေနောက်ခံနှင့် ကျောက်စိမ်းရောင်ဝမ်းဆက် လေးဝတ်ထားသည့်ကပိုကရိုအလှပိုင်ရှင်လေးကို ငေးကြည့်နေမိ၏။ အသားငါးတန်းဘက်မှာ ခပ်သွက်သွက်ဝယ်ခြမ်းပြီးသော် အသီး အရွက်တန်းဘက်လျှောက်ခဲ့ပြန်သည်။ ပစ္စည်းတွေတစ်ပွေ့တစ်ပိုက် ဖြင့် မနိုင်မနင်းဖြစ်နေသည့်ဒီမျက်နှာလေးကို မမြင်ဖူးသဖြင့် အသာ ရပ်ကြည့်နေမိ၏။

"သူဌေးမင်း ကျန်းမာရဲ့နော်"





"ဟာ. . . ဦးဥဩက လုပ်လိုက်ပြန်ပြီ။ ကျွန်တော့်ကိုအဲဒီ လိုမခေါ်ပါနဲ့ဆိုနေမှ"

"နှုတ်ကျိုးနေလို့ပါဗျာ"

"ခဏလေး ဦးဥဩရေ. . . ဟိုနားက အမျိုးသမီးလေးကို တစ်ခါမှမမြင်ဖူးလို့ကြည့်နေတာ။ ခင်ဗျားသိလား"

"ြော်. . . သိတယ်ဗျ။ ကျုပ်တို့ဆီမှာ. . . ခပ်ငယ်ငယ် ကတည်းက လာနေဖူးတဲ့ကလေးမလေးလေ။ ဟိုသစ်တောအရာ ရှိရဲ့တူမပေါ့။ ဒီကိုတာဝန်နဲ့ပြောင်းလာတာ"

"သူက ဘာလုပ်လို့လဲ"

"ဆရာဝန်လေဗျာ။ ဒေါက်တာလှလွန်းပိုဆိုတာ သူပေါ့"

"လှလွန်းပို"

နာမည်ဆန်းဆန်းလေးကိုရေရွတ်မိရင်း ဖော်ရှိုင်းရင်ထဲ မှာ နွေးခနဲဖြစ်သွား၏။ အမြင်အေးလွန်းသည့် အလှပိုင်ရှင်လေးပါ သွား။ သူမက ဈေးဝယ်ပြီးသွား၍ သူတို့ရှိရာဘက်လမ်းကို ချိုးကွေ့ ထွက်လာလေသည်။

"ဈေးလာဝယ်တာလား သမီး"

"ဟုတ်ကဲ့. . . ြော်. . . ဦးလေးဩကိုး။ ဒေါ်လေးစာ ရာ နေကောင်းရဲ့လားရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါ့ဗျာ. . . ကောင်းပါ့။ ဪ. . . သမီးရေ၊ မိတ်ဆက်ပေးရဦးမယ်။ ဒါ. . . ဦးလေးတို့မြို့က မြို့မျက်နှာဖုံးဆိုပါတော့။ ဦးဇော်ရှိုင်းတဲ့"

"ဟုတ်ကဲ့. . . ကျွန်မက နာမည်ကြားတုန်းက အသက်ကြီးကြီး ဦးလေးအရွယ်ကြီးထင်နေတာ"

"အခုလည်း ကျွန်တော့်အသက် လေးဆယ်နားနီးနေပါပြီဗျာ"

"ဒါပေမဲ့. . . ဦးဇော်ရှိုင်းက အရွယ်နုပါတယ်။ ခွင့်ပြုပါဦးရှင်"

"ကျွန်တော်နဲ့လမ်းကြုံတာပဲ၊ ကားနဲ့လိုက်ပါလားခင်ဗျာ"

"နေပါစေရှင်. . . ကျေးဇူးတင်ပါတယ်။ ညနေဘက် လေညင်းခံလမ်းလျှောက်ရင်း ဈေးဝင်ဝယ်တာမို့ပါ။ ကျွန်မ သွားလိုက်ပါဦးမယ် ဦးလေးဩ"

"အေးအေး. . . သမီး"

သူမက ခပ်သွက်သွက်ကျောခိုင်းထွက်သွားသဖြင့် နောက်ကျောမှငေးကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

"ကလေးမလေးက တစ်ဦးတည်းသောသမီး သူဌေးမင်းရဲ့။ မိဘတွေက အရမ်းချမ်းသာကြတယ်။ ဒါတောင် ငွေရတဲ့ဆေး





ခန်းကြီးတွေမှာ အလုပ်မလုပ်ဘဲ တာဝန်ကျရာဆီမှာ လျှောက်လုပ်နေခဲ့တာ။ အခု ဦးလေးရှိတဲ့ဒီကို တမင်ပြောင်းလိုက်တာတဲ့"

"တမင်ပြောင်းလာတာဆိုတော့ ဘာဖြစ်လို့လဲဗျ"

"မိဘတွေနဲ့ ကတောက်ကဆဖြစ်ခဲ့တယ်ကြားတာပဲ။ သူက အိမ်ထောင်မှုမပြုချင်တာကို"

"ဪ"

ဇော်ရှိုင်း ကျိတ်ပြုံးလိုက်မိသည်။ ဒီလိုလှတဲ့ပကလေးကို [illegible]ချင်သူတွေ ဝိုင်းဝိုင်းလည်နေမှာပါပဲလား။

မျက်နှာချင်းဆိုင်တွေ့နေတာတောင်မှ ကူသယ်ဖော်မရ[illegible] မသိချင်ယောင်ဆောင်သွားသောဥက္ကာဘိုကို သူမဒေါသထွက်[illegible]မိသည်။ အတော့်ကို လူမှုရေးနားမလည်သည့်ကောင်လေးပါ[illegible]။ အိမ်ကိုပြန်ရောက်တော့ အဝတ်အစားလဲပြီး မီးဖိုခန်းထဲ[illegible]ဝင်ခဲ့၏။ ချက်ပြုတ်၍ပြီးစီးတော့ ခြံထဲမှာပွင့်နေသည့်သစ်ရွက်[illegible]တွေကိုလှည်းကျင်းနေစဉ် သူပြန်လာလေ၏။ သူမက ကျင်း[illegible] အမှိုက်များစုပုံထည့်လိုက်ပြီး မီးရှို့လေသည်။

မီးခိုးတွေအူ၍ အခန်းထဲဝင်လာသောကြောင့် သူ အိမ်[illegible]ကိုအပြေးဆင်းလာခဲ့၏။ ဒေါ်တတ်ပါ့ကတော့ ပညာပြပြီ[illegible]. . .။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ. . . ခင်ဗျားဘယ်လိုလုပ်နေတာလဲ"

"အမှိုက်တွေလှည်းပြီး မီးရှို့နေတာလေ။ မမြင်ဘူးလား"

"ခင်ဗျားရှို့တဲ့မီးခိုးတွေက. . . အခန်းထဲကို အလုံးလိုက် အလိပ်လိုက် ဝင်လာတာဗျ။ အသက်ရှူကျပ်တာ နားမလည်ဘူးလား"

"ဒါ. . . အိပ်ခန်းထဲ ခွေနေရမယ့်အချိန်မှမဟုတ်တာ။ ပြ တင်းပေါက်ပိတ်ထားရင် ဘာဖြစ်မှာလဲ"

"ခင်ဗျား တမင်သက်သက်လုပ်နေတာ မဟုတ်လား။ ည တုန်းက ဂျက်ကီစွန်နဲ့မကြည့်တာကို သက်သက်လက်စားချေတာ"

"ဘာဆိုင်လို့လဲ. . . အားတဲ့အချိန် အလုပ်လုပ်နေတာ။ နင်လာနှောင့်ယှက်ဖို့မလိုဘူး။ ကိုယ့်ဟာကိုယ်နေပါလား"

သူက ရေပိုက်ကိုသွားဖွင့်၍ မီးပုံပေါ်သို့ဖျန်းချလိုက်သဖြင့် သူမ စွေ့စွေ့ခုန်လေတော့သည်။

"ဒါဘာလုပ်တာလဲ"

"မီးသတ်နေတာလေ၊ မီးသတ်တာ မမြင်ဘူးလား။ ခင်ဗျား မျက်လုံးက ပြူးသလောက်ကန်းလှချည်လား"

"နင်တော်တော်မိုက်ရိုင်းတဲ့ကောင်လေးပဲ။ လူမှုရေးလည်း နားမလည်၊ အလိုက်လည်းမသိတက်နဲ့ ဘယ်လိုဟာလေးနဲ့လာတွေ့





နေမှန်းကိုမသိတော့ဘူး။ သိပ်စိတ်ပျက်ဖို့ကောင်းတာပဲ"

"ခင်ဗျား ကျွန်တော့်ကိုဝေဖန်စရာမလိုပါဘူး။ အနေသာ ကြီး"

"နင်က လာပတ်သက်နေတာကိုး။ သူတစ်ပါးအလုပ်ကို တူညီချင်နေ၊ မနှောင့်ယှက်ရဘူးဆိုတာ နင်မသိဘူးလား"

"စကားတတ်တိုင်းပြောမနေနဲ့ ကြက်တူရွေးရဲ့"

"ဘာ. . . နင်. . . နင်"

"တီ. . . တီ"

ခြံထဲသို့ကွေ့ချလာသည့်ဦးဇော်ကားကိုမြင်လိုက်ရ၍ သူမ ဒေါသကိုလျှော့ချလိုက်ရသည်။ မဖြစ်သေးပါဘူး။ သင်းနဲ့ အမြဲ နှောင်ကျိန်ချနေတာ၊ ကြာရင် ဦးဇော်တို့လူကြီးတွေစိတ်ညစ်ရတော့ မှာပဲ။

"ဟိုနှစ်ကောင် ဘာဖြစ်နေပြန်ပြီလဲ"

"ဘာမှမဖြစ်ဘူးလေးလေး"

"ဘာမှမဖြစ်ဘူးသာဆိုတယ်. . . နှစ်ယောက်စလုံးမျက် နှာတာ ရဲရဲကိုနီလို့။ ဘာပြဿနာဖြစ်ပြန်ပြီလဲဘိုရယ်။ ငါစိတ်ညစ် လိုက်တာ"

အန်တီခိုင် ဝင်ပြောလာတာကို သူမဘာမှမပြောဘဲ ငြိမ်နေ



www.burmeseclassic.com

www.burmeseclassic.com



ဆုံး အိမ်ထဲဝင်လိုက်သဖြင့် သူက ရေပိုက်ကိုပြန်ခွေ၍ ချိတ်လိုက်ပါသည်။

"ငါတို့မရှိတာနဲ့ ပြဿနာလုပ်နေကြတာပဲလား ဘိုရယ်"

"သမီးပိုပို. . . သမီးကအကြီးမို့ အငယ်ကိုခွင့်လွှတ်လိုက်ပါ"

"ရပါတယ်ဦးဇော်၊ ဒီလိုပါပဲ. . . မပြည့်တဲ့အိုးက ဘောင်ဘင်ခတ်စမြဲမဟုတ်လား။ ပိုနားလည်ပါတယ်"

"ဟာ. . . ခင်ဗျား. . . ခင်ဗျား. . . လူပါးမဝနဲ့"

"ဟယ်. . . ဒီလောက်တားနေတဲ့ကြားက ထပ်ဖြစ်ပြန်ပြီ"

"ပိုမမှားဘူး အန်တီခိုင်. . . ပို့အလုပ်ပိုလုပ်နေတာပါ။ ဒီအိမ်မှာနေရင် ဒီအိမ်ရဲ့အလုပ်ကိုအလိုက်တသိနဲ့လုပ်ရမှာပဲ။ အပင်တွေ ရေလောင်းပေါင်းသင်၊ အမှိုက်မီးရှို့ရတာ ဘယ်လောက်များ ပင်ပန်းလို့လဲ။ ပိုက မနေတတ်ဘူး။ မျက်စိထဲရှုပ်နေရင် ရှင်းမှာပဲ။ လူဖြစ်ပြီး လူဖြစ်ကျိုးမနပ်ဘဲသေသွားတာက ပိုပြီးသနားဖို့ကောင်းတာပါ"

"ဒါ. . . ခင်ဗျား, ကျွန်တော့်ကို ဆန်ကုန်မြေလေးလို့ပြောလိုက်တာပေါ့လေ"

"ဒါတော့ ထင်သလိုယူဆပေါ့"





"တောက်. . . ခင်ဗျား"

သူမ အခန်းထဲဝင်၍တံခါးပိတ်လိုက်သဖြင့် သူဒေါသူပုန်ထ၍ကျန်နေခဲ့ရသည်။ တော်တော်စွာတဲ့မိန်းမ. . .

"ခလေးလေးတူမကို. . ."

"ပြောဖို့မလိုဘူးဘို. . . သူပြောတာမှန်ကာပဲ။ သား ဒီကိုရောက်နေတာ တစ်လကျော်နေပြီ။ အိမ်အလုပ် ဘာကူလုပ်ဖူးလဲ။ ပြန်စဉ်းစားစမ်း။ ပိုပိုက ငယ်ငယ်လေးကတည်းက. . . အလုပ်ကို ဆောင့်စေ့အောင်လုပ်တတ်တာ။ ဒီလိုပြောလို့ မျက်နှာလိုက်တယ် တွေးနဲ့။ သူ့ခမျာ တစ်နေ့လုံး duty ဝင်ခဲ့ရတာ နားချင်မှာပေါ့။ ရှာတဲ့အချိန်လေးမှာ အိမ်ကို နေချင့်စဖွယ်ဖြစ်အောင် ရှင်းထားတာ သားအမြင်ပဲ။ သူ့နှုတ်က မပြောပေမယ့် ပတ်ဝန်းကျင်က အားလုံး သိတယ်။ ညနေက ပိုပိုဈေးဝယ်ပြီးပြန်လာတာ သားက မသယ် ဘူးဆို၊ ဆရာဝန်မမောင်လေးက တော်တော်ရိုင်းတယ်၊ အလိုက် မသိဘူးဆိုပြီး အဝေဖန်ခံရတာ ပိုပိုပဲနစ်နာတယ်။ နောက်ကိုဆင် ခြင်ပါ။ အန်တီလေး ဒါပဲပြောချင်တယ်"

"အန်တီလေးက. . . သူ့ကို ကျွန်တော့်ထက်ပိုချစ်လို့ ဒီ လောက်. . ."

"ဘာမှမဆိုင်ဘူးဘို. . . အန်တီလေးနဲ့ပိုပိုရင်းနှီးတာ အစ



www.burmeseclassic.com

www.burmeseclassic.com



နှစ်တောင်မရှိသေးဘူး။ သားက ငယ်ငယ်ကလေးတည်းက အန်တီလေးလက်ပေါ် ကြီးလာခဲ့တာ။ ဒီစကား ဘယ်တော့မှထပ်မပြောမိပါစေနဲ့။ ယောက်ျားလေးဆိုတာ ဆိုခဲစေမြဲစေရှိရတယ်။ ခု သားက နှုတ်သီးကောင်းလျှာပါး အော်ကြီးဟစ်ကျယ်နဲ့ပြောဆိုနေတာ၊ ရှက်တတ်ရင် လဲသေဖို့တောင်ကောင်းတယ်"

"ကဲ. . . ခိုင်ရေ ရေချိုးကြစို့"

အန်တီလေးကိုယ်တိုင် မျက်နှာတင်းတင်းနှင့်ပြောတာမို့ သူ တော်တော်လေးစိတ်မကောင်းဖြစ်သွားမိသည်။ ထမင်းစားကြတော့ သူမကဘာမှမဖြစ်သလိုပင် ပုံမှန်မျက်နှာဖြင့် ထမင်းပွဲပြင်ဆင်ပေးလေ၏။

"ပိုပို. . . ဦးဇော်ရှိုင်းနဲ့ရင်းနှီးလား"

"ဘာဖြစ်လို့လဲဦးဇော်"

"ဈေးထဲမှာ သတင်းကြားလာလို့ပါ"

"ဘာသတင်းလဲဦးဇော်ရဲ့"

"ဒီလူ၊ သမီးကို မျက်စိကျနေပြီတဲ့။ အဲဒါသတိထားနော်။ ဒီလူက မုဆိုးဖိုလိုလို၊ တစ်ခုလပ်လိုလို နာမည်ထွက်ပြီးသား။ သူ နားကပ်နေတဲ့မိန်းမတွေအများကြီးရှိတဲ့ထဲကမှ သမီးကိုနာမည်တပ် ပြောတာတော့ သိပ်မကောင်းဘူး။ အသွားအလာဆင်ခြင်ပါ"





"ပိုက ဦးလေးဩမိတ်ဆက်ပေးလို့ သိရုံတင်သိတာပါ ဦးဇော်ရဲ့။ ကျွတ်. . . ကြောက်စရာကောင်းလိုက်တဲ့ပါးစပ်တွေပါလား။ ဒီညနေပဲ စတွေ့ဖူးတယ်။ သတင်းကပျံ့နေပြီ"

"သဘာဝလေ သမီးရယ်။ နှုတ်ဆိုတာ အထိန်းရအခက်ဆုံးမဟုတ်လား"

သူမ၊ သက်ပြင်းတစ်ချက်ကိုသာ ခပ်လေးလေးချလိုက်၏။ စားလက်စထမင်းကို ရပ်လိုက်ရတော့သည်။

စိတ်ရှုပ်လိုက်တာနော်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း ( ၃ )

မနက်စောစောထ၏ သူမ မနေ့က မီးရှို့သည့်အမှိုက်ပုံကို သူ မီးရှို့လိုက်၏။ အိမ်ထဲပြန်ဝင်ခဲ့တော့ သူမက မီးဖိုခန်းမှာ ပြင်ဆင်ချက်ပြုတ်နေလေပြီ။ ရေချိုး၍ဆင်းလာတော့ ထမင်းစားခန်းမှာ လေးလေးတို့ပါ ရောက်နေလေ၏။

"ဒီနေ့ Monday ပဲ. . . သမီး duty ရှိလား"

"duty တော့ မရှိပါဘူးဦးဖော်. . .၊ လူနာလည်း ပါးလို့ပါ။ ဒါပေမဲ့ ရန်ကုန်ကိုဖုန်းဆက်ဖို့ကိစ္စရှိတယ်။ ပိုခေါ်နေတာ ကြာပြီ။ ဖုန်းက ဆက်မရဘူး"

"ဟုတ်တယ်. . . ဆေးရုံကဖုန်းက သိပ်မကောင်းဘူးသမီး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့။ ဒေါက်တာညိုဝင်းနောင်တောင်မှ တစ်ခါတစ်ခါ ဦးဇော်ရှိန်းဆီမှာ လာဆက်ရတယ်။ စာတိုက်က ပို့ဝေးတာကိုး"

"ဟင်. . . ဒုက္ခပါပဲ၊ ပို့က ဆေးမှာတာ အရေးကြီးလို့ ဦးဇော်ရဲ့"

"ဘို့ကိုအဖော်ခေါ်သွားပါလား ပိုပို"

"နေပါစေတော့. . . ပို့ စာတိုက်ကိုပဲသွားတော့မယ်။ မြင်းလှည်းတွေရှိတာပဲဟာ"

"ဝေးတယ် ပိုပိုရဲ့"

"ရပါတယ် အန်တီခိုင်"

"သမီးအတွက် ဆိုင်ကယ်ဖြစ်ဖြစ်စက်ဘီးဖြစ်ဖြစ် တစ်ခုခုတော့ ဝယ်ပေးမှပါပဲ"

"ဆိုင်ကယ်ကြီးတော့ မစီးရဲပါဘူး ဦးဇော်ရယ်"

"ဩော်. . . သမီးကလည်း ဘို့ကိုကြိုပို့လုပ်ခိုင်းမှာပေါ့"

သူ အခန်းတံခါးဝင်လာခဲ့တော့ သူမက ခေါက်ဆွဲကြော်ကို ပန်းကန်ထဲသို့ထည့်ပေးလေ၏။

"ဟာ. . . ခေါက်ဆွဲကြော်ပါလား။ ပွတာပဲ"

"အေး. . . မင်းအကြိုက်ချက်ကျွေးတာ။ အစ်မကိုကျေးဇူးတင်။ ပိုပို စိတ်ရှည်ရှည်နဲ့ကြော်ထားတာ။ ခေါက်ဆွဲခြောက်ကို





ရေနွေးဖျောပြီးမှကြော်ရတာ ဘယ်လောက်အလုပ်ရှုပ်တယ်ထင်လဲ"

သူ နှာခေါင်းရှုံ့ပြလိုက်တာကို သူမက မမြင်ချင်ယောင်ဆောင်လိုက်လေ၏။ အိမ်နေရင်း အဝတ်အစားခပ်လတ်လတ်နှင့်ပင်သူမ၏ရှင်းသန့်နေမှုက သိသာစေလေသည်။ မျက်နှာထက်မှာသနပ်ခါးရေကျဲလေး လူးထား၏။ ဆံပင်က ထုံးစံအတိုင်း ကလစ်မြှင့်ခေါက်ညှပ်ထား၍ အခွေလေးတွေက ပြေကျနေလေသည်။

"ဘို. . . မမနဲ့အဖော်လိုက်သွား"

"ဟာ. . . ပျင်းစရာကြီး။ ဘယ်ကိုလဲ"

"စာတိုက်ကိုလေ"

"အဝေးကြီးပဲ. . . နေပူကပူနဲ့။ မလိုက်ချင်ပါဘူး"

"သွားကလည်းကွယ်. . ."

"နေပါစေဦးဇော်. . . ပို့ဟာပို့သွားမယ်။ နေမပူတုန်း သွားတာပဲကောင်းမယ်ထင်တယ်"

သူမ ပိုက်ဆံအိတ်နှင့်ထီးကိုယူ၍ ထွက်လာခဲ့သည်။ ဈေးဆိပ်မြင်းလှည်းဂိတ်မှာရပ်စောင့်စဉ် ဂျစ်ကားတစ်စီးက ရှေ့မှာလာထိုးလေ၏။

"ပို. . . ဘယ်သွားမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲတင်းတင်းခေါ်လိုက်သံကြောင့် သူမ လန့်ဖျပ်ပြီးမော့ကြည့်လိုက်စဉ် ကားပေါ်မှ ဦးဇော်ရှိန်း ဆင်းလာလေသည်။ အမြပင် ရှီးစမိုးကျကျဝတ်ဆင်တတ်သဖြင့် ကြည့်လိုက်တိုင်း ရှိရင်းစွဲအသက်ထက် နုပျိုနေ၏။

"ဟို. . . စာတိုက်ပါ"

"စာတိုက်ကို ဘာသွားလုပ်မလို့လဲဗိုရဲ့"

"ကိစ္စရှိလို့ပါ"

"ဘာကိစ္စလဲ. . . သိခွင့်ရှိမလားပို"

သူမစိတ်ပျက်သွားမိသည်။ အမယ်လေးနော်၊ ယောကျ်ားကြီးတန်မဲ့ စပ်စုနေလိုက်တာများ အမြင်ကတ်စရာကောင်းလွန်းလှသည်။

"ပို့ကိုကြည့်ရတာ ကိုယ့်ကိုစိမ်းနေသလိုပဲ"

ဗုဒ္ဓေါ. . . စကားပြောနေလိုက်တာများ တရင်းတနှီးပါပဲလား။ ဘယ်တုန်းကများ ရင်းနှီးဖူးတာမှန်းမသိ။ စိတ်အိုက်လိုက်တာနော်။

"ဒီအချိန်မြင်းလှည်းတွေရှားတယ်ပိုရဲ့။ နေ့လယ်လောက်မှ ပြန်ရောက်ကြမှာ။ ပို့သွားချင်ရင် ကိုယ်လိုက်ပို့ပေးမယ်လေ"

"နေပါစေရှင်. . . ရပါတယ်"





"ပိုကလည်းကွယ်. . . စိမ်းလိုက်တာ"

သူမမျက်နှာက ပျက်ချင်လာပြီ။ ဈေးထဲမှလူတွေက ကွက်ကြည့်ကွက်ကြည့်လုပ်နေလေသဖြင့် စိတ်ကတိုလာမိသည်။ လမ်းထောင့်ဘက်မှ ကာကီရောင်လင့်ရှိဘာတစ်စီးပေါ်လာ၏။

"တီ. . . တီ"

"မမကလည်း ကျွန်တော့်ကိုမစောင့်ဘူး။ စိတ်ကြီးပဲ, လာသွားစို့"

ဘာမပြောညာမပြော စကားရောဖောရောနှင့် ပြောချလိုက်သည့်သူ့ကို ကြောင်စီစီပြန်ကြည့်နေစဉ် သူက သူမလက်ကိုဖျတ်ခနဲလာဆွဲခေါ်လိုက်လေသည်။

"သွားမယ်လေ, အချိန်မရှိဘူး။ နေပူလာရင် မမပဲပူမှာ"

သူဆွဲခေါ်ရာနောက် လိုက်ခဲ့စဉ် နောက်ငါးမှတက်ခေါက်သံကိုကြားလိုက်ရသဖြင့် သူမကျောထဲစိမ့်သွားမိသည်။

ဘုရားရေ, ဒီလူကြီး ငါ့အပေါ်မရိုးသားတာ တကယ်ပါပဲလား။

"သူနဲ့မရောပါနဲ့လို့ လေးလေးသေချာမှာထားရဲ့သားနဲ့ ဘာဖြစ်လို့စကားရပ်ပြောနေတာလဲ"

"ဟဲ့! ငါပြောချင်လို့ပြောနေတာမှမဟုတ်ဘဲ။ မြင်လည်း



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေတုန်း ရောက်လာတာကိုး။ မပြောလို့ဖြစ်မလား"

"လေးလေးကြိုက်ရင် မရောနဲ့ပေါ့"

"ဩော်. . . ခက်တော့တာပဲ။ ပြောရဆိုရကျပ်လိုက်တာ"

"ခင်ဗျား ညီမြသွားမလုပ်နဲ့နော်. . . ဟိုလူက စားနေကျ ကြောင်ဖားကြီး"

"ငါသိတယ်. . . လျှာမရှည်နဲ့"

"သိရင်ရှောင်ပေါ့၊ ဒီလောက်ကြီးသတိပေးထားရဲ့သားနဲ့ ပိုက်ကိုသွားမတိုးနဲ့"

"နင်နော်. . . ငါ့ကိုဘာမှတ်နေလဲ။ တော်ပြီ. . . ကားရင် ပေး။ ငါဆင်းမယ်. . ."

"လမ်းမှာ မြင်းလှည်းတစ်စီးမှမရှိဘဲ ခင်ဗျား ဘာနဲ့သွား မှာလဲ"

"ငါ့မှာ အမေမွေးလာကတည်းက ခြေနှစ်ချောင်းပါလာ တယ်။ ကဲ! ခြေလျင်လျှောက်မယ်။ ရပ်ပေး. . ."

သူကျိတ်ပြုံးလိုက်မိ၏။ အာဂမိန်းမပဲ။ မာနက မိုးထိလှ နေသလားထင်ရသည်။ နည်းနည်းမှအလျှော့မပေးပါလား။

"လေးလေးက မြန်မြန်သွား၊ မြန်မြန်ပြန်ခဲ့လို့မှာလိုက် ကျွန်တော်တို့ပြန်လာမှ သူအလုပ်သွားရမယ်တဲ့"





သူမ ဘာမှမပြောဘဲ မျက်နှာကိုတစ်ဖက်သို့လွှဲထားလိုက် သည်၊ လူ့ခွစာလေး. . . သူကပဲ ဆရာလုပ်ချင်နေတယ်။ စာတိုက် ရောက်တော့ အိမ်ကိုခေါ်သော်လည်းမရသဖြင့် စိတ်တိုလာသည်။ အမေတို့ဘယ်သွားကြပါလိမ့်။ မထူးတဲ့အဆုံး မိမောင်ဆီကိုသာ ဆက်လိုက်တော့၏။

"တူ. . . တူ. . ."

"ဟဲလို. . ."

"မောင်လား. . . မ,ပါ"

သူ တွန့်ခနဲဖြစ်သွား၏။

ပြောတော့ဖြင့် ဆေးမှာဖို့အကြောင်းပြပြီး ခုတော့ ရည်း စားနဲ့ခိုးပြီး စကားပြောလို့ပါလား။ ဒီအပျိုကြီးလေးဟာ ပေါက်ချား ချင်ဘူးပြောပြီး ရည်းစားတော့ထားတတ်ပါလား။

"အိမ်ကိုဖုန်းခေါ်မရလို့ ဆက်လိုက်တာ။ အင်း. . . မ, ဆေးတွေမှာမလို့။ Packing ထုတ်ပြီး အဝေးပြေးကားနဲ့ထည့်ပေး လိုက်နော်။ အင်း. . . ဆေးရုံဂိတ်ပဲတန်းပို့လိုက်။ အဲဒါအဆင်ပြေ တယ်။ အိမ်ဆိုရင် ရွာရခက်မှာစိုးလို့နော်။ ဆေးတွေလိုက်မှတ်ပေး နော် စာရွက်အရင်ယူ. . . သေချာမှတ်"

သူမက ဆေးအမည်တွေ တစ်ခုပြီးတစ်ခုရွတ်ပြနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ မလှမ်းမကမ်းမှာရပ်စောင့်နေမိပြီး သူမကိုမျက်စောင်းခဲနေမိသည်။ တော်တော်ကဲတဲ့အပျိုကြီးလေးပဲ. . . သူ့ရည်းစားနဲ့ကျ အသံကချိုလို့။ သူ့ကိုကျ ဘောက်ပြောပြီး တစ်ခါမှချိုသာသည်မရှိ။

နေဦး. . . တစ်ရက်လောက် ဆေးရုံကိုလိုက်သွားကြည့်ဦးမှပဲ။ လူနာတွေကို ဒီလိုသာဆက်ဆံရင် အားလုံးနှလုံးရပ်ပြီးသေကုန်မှာ။

"ရပြီလား. . . (၂၉)မျိုးနော်၊ သေချာပြန်ရေကြည့်ဦး။ ကိုက်ရဲ့လား. . . ဟုတ်လား. . . ဒါဆိုဒါပဲ။ ဟင်. . . သတိလား၊ ရတာပေါ့. . . မမေ့ပါဘူးမောင်ရယ်. . . တကယ်ပြောတာ. . . ဒီမှာ အခုလောလောဆယ်တော့ အလုပ်သိပ်မရှုပ်သေးပါဘူး။ ဖုန်းမဆက်နဲ့. . . အဆင်မပြေဘူး၊ စာပဲရေးလိုက်နော်၊ မဟုတ်ပါဘူး။ မ,ရှာတွေထဲဆင်းဖို့ကိစ္စတွေ ရှိနေလို့ပါ။ အင်း. . . ပြန်ရေးမှာပေါ့။ ဒီလောက်တော့ အချိန်ရှိပါတယ်။ ဟုတ်တယ်. . . အဝေးကြီးလာဆက်ရတာ. . . လိုက်ပို့ပေးကယ်။ မောင်လေးဆိုပါတော့. . . အင်း အင်း. . . ဒါပဲနော်"

သူမ, ဖုန်းဖိုးပေး၍ထွက်လာကာ ကားပေါ်တက်လိုက်၏။ သူက ကားကိုစက်နှိုး၍ ခပ်ကြွမ်းကြွမ်းလေးမောင်းလိုက်သဖြင့် သူမ အလန့်တကြားအော်လေသည်။





"ဟဲ့. . . ဖြည်းဖြည်းမောင်းလေ။ နင်သေချင်ပေမယ့် ငါ သေနိုင်သေးဘူး"

"ဘာလဲ. . . ယောက်ျားမရမှာစိုးလို့မဟုတ်လား"

"ကြည့်စမ်း. . . ရိုင်းပြန်ပြီ။ အဲဒါ. . . အကြီးကိုပြောစရာ ဘူး"

"ပြောမှာပေါ့. . . ခင်ဗျားရည်းစားဆီ ဖုန်းဆက်တာမှန်း သိရင် လိုက်မပို့ပါဘူး"

သူမမျက်ခုံးနှစ်ဖက် ပင့်သွားရသည်။

ဘုရားရေ. . . မိမောင်နဲ့ပြောတာကို သူမရည်းစားလို့ ထင်သွားပါရောလား။ ကောင်းရော. . . ဘယ်လိုတုံးလေးပါလိမ့်။ ... သားစကားတစ်ခုမှမပါပါဘဲ ထင်ရာစွတ်ပြောနေပြန်ပြီ။

"ဆေးမှာဖို့ဆက်တာပဲဟာ"

"မှာလည်းကောင်းကောင်းမှာပေါ့ဗျ။ နာမည်ခေါ်ရင် ဘာ ... မှာမို့လို့လဲ။ နားကြားပြင်းကပ်တယ်. . တကတည်း"

"ဟဲ့. . . ငါ, ...ာမည်ခေါ်တာပဲဟာ"

"နာမည်က မောင်လို့ရှိမလား။ ညာပြောမနေနဲ့. . . ဘယ် ... ယောက်ျားလေးမှ မောင်လို့နာမည်မရှိဘူး"

ဟင်းနော်. . . စိတ်ရှိလက်ရှိ ပိတ်သာခေါက်လိုက်ရရင်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတော့ပေါက်တော့မှာပဲ။ ခွေးနာလေး. . .။

"ဈေးထဲမှာ ခဏရပ်ပေးဦး"

"ဘာလုပ်မလို့လဲ. . . အသွားတုန်းက စကားပြောရတာ မဝလို့ အပြန်ထပ်ပြောဦးမလို့လား။ တွေ့ချင်ရင် အိမ်ထဲကိုတစ်ခါတည်းပို့ပေးမယ်. . . ဒါပဲ"

"နင်. . . နင်. . . မမိုက်ရိုင်းနဲ့ ဥက္ကာဘို။ ငါ့, နင့်ထက် အသက်အများကြီး,ကြီးတယ်ဟဲ့"

သူမအော်လိုက်ရင်း မျက်ရည်ပေါက်ခနဲကျသွားသဖြင့် သူ ထိတ်ခနဲဖြစ်သွားမိသည်။ ဒုက္ခပါပဲ. . . ပြောတာလွန်သွားလေပြီ။ သူမယောက်ျားတွေနဲ့ပတ်သက်နေတာကို သူ ဘာဖြစ်လို့မနှစ်သက်ရတာလဲ။ သူ့ကိုယ်သူတောင် မတွေးတတ်တော့ချေ။

"Sorry... ကျွန်တော်လွန်သွားတယ်။ ခင်ဗျား ဘာဝယ်မလို့လဲ"

"ဘာမှမဝယ်တော့ဘူး. . . အိမ်ကိုပဲမောင်းတော့"

"အပျိုကြီးတွေများ. . . အမျိုးမျိုးပဲ"

သူမထံမှမျက်စောင်းတစ်ပွင့်ကို သူ့ရလိုက်သဖြင့် ကျိတ်ပြုံးလိုက်မိ၏။ ငိုထားတာတောင် ကြည့်ကောင်းသည့်မျက်နှာလေးပါလား။





မီနဲ့များ ကွာပါ့။ ရော်. . . ခက်တော့တာပဲ၊ သူမ ငိုတာနှင့် သူချစ်သူကိုသတိရမိပြီး ဘာကြောင့်များ နှိုင်းယှဉ်မိတာပါလိမ့် နော်. . .။

အိမ်ကိုပြန်ရောက်တော့ လေးလေးက ကားပေါ်ချက်ချင်း ထက်မောင်းသွားလေသည်။ အန်တီလေးက ညှော်ခန်းမှာ ပန်းအိုး အလှပြင်နေရာမှ လှည့်ကြည့်လာ၏။

"ဟဲ့. . . ရန်ဖြစ်လာပြန်ပြီလား. . . တစ်ယောက်က အငိုမျက်နှာ၊ တစ်ယောက်ကလည်း သုန်မှုန်လို့"

"မဖြစ်ဘဲနေမလား အန်တီလေးရဲ့. . . အန်တီလေးတူမ [illegible] ဟိုလူကြီးနဲ့စကားရပ်ပြောနေတာကိုး"

"ဟယ်. . . ဘယ်ကလူကြီးလဲ"

"ဘယ်သူရှိမှာလဲ. . . ဟိုကြောင်ဖားကြီးကိုပြောတာ"

"အင်း. . . အသက်ရှည်ဦးမယ်။ အခုလေးတင်ပဲ အန်တီ [illegible]တို့ကို ညနေစာကျွေးပါရစေဆိုပြီး လာဖိတ်သွားတယ်"

"အာ. . . မသွားချင်ပါဘူး အန်တီနိုင်ကလည်း၊ ရှုပ်ရှုပ် [illegible]ယှက်"

"တွေ့လား. . . အဲဒါကြောင့် ခင်ဗျားကိုသွားမရေး[illegible] [illegible]ပါ"



www.burmeseclassic.com

www.burmeseclassic.com



"နင်၊ ရှည်ပြန်ပြီ"

"ကဲ. . . တော်ကြပါတော့ဟယ်။ နင်တို့နှစ်ယောက်ဟာ တွေ့လိုက်ရင် ခွေးနဲ့ကြောင်အတိုင်းပဲ. . . ကိုက်နေကြ"

"ဟာ. . . ကျွန်တော်မှ ကြောင်,မချစ်ဘာ အန်တီလေးရဲ့"

"ဒါဆို နင်ခွေးပေါ့"

"ခင်ဗျားနော်"

သူမ,နိုင်သွားသဖြင့် လှစ်ခနဲပြုံးလိုက်မိ၏။

ခဏလေးပင်ဖြစ်သော်လည်း မျက်ဝန်းထက်မှ လက်ခနဲ တောက်ပသွားသည့်အလင်းတန်းနှင့်အတူ နှုတ်ခမ်းလေးတွန့်၍ ပြုံးလိုက်သည့်အပြုံးလေးက သူ့ရင်ထဲမှာ ဖြောင်းဆန်သွားစေလေ တော့သည်။

ဘုရားရေ. . . ငါဘာဖြစ်တာပါလိမ့်။

"ဘိုကလည်းလေ. . . အန်တီလေး ဒီလောက်ဆုံးမနေ ကြားက စကားပြောသိပ်ရင့်တာပဲ။ မမလို့ခေါ်ဖို့ သင်တာလည်း မရ"

"ဒါဆို သူလည်း ကျွန်တော့်ကို မောင်လို့ခေါ်မှပေါ့"

"ဟဲ့. . ."





"အဲဒီလိုခေါ်မှ ကျွန်တော်လည်းခေါ်နိုင်မယ်"

"ကြည့်စမ်း. . . တင်တင်စီးစီး၊ မခေါ်နိုင်ဘူး"

"ဘာဖြစ်လဲဗျ. . . ကိုယ့်မောင်လေးအရွယ်ပဲဟာ။ ဒါမှ ...ရှိလုပ်ပေးနိုင်မယ်။ နို့မို့ ခင်ဗျား ကြောင့်စာမိမှာ"

"လုံးဝမကြောက်ဘူး"

"ဘယ်ကြောက်မလဲ၊ သူဌေးကတော်ဖြစ်မှာကိုး။ နံပါတ် ... (၉)လား (၁၀)လားမသိ"

"ခွေးနာ. . . အဲဒါ နင့်ညီမသွားပြော"

"ဟဲ့. . . ပြောနေရင်းကြားထဲက ငါခေါ်ခိုင်းသလိုမခေါ် ... နင်တို့နှစ်ယောက်ကိုတွေ့တဲ့နေရာမှာ ငါ ဗိုက်ခေါက်ဆွဲလိမ် ...နော်။ ဒါပဲ. . . မလုပ်ဘူးမထင်နဲ့"

"ကျွန်တော်က ဗိုက်မှာ အဆီပိုမှမရှိတာ. . . Never ...nd"

"ဩော်. . . ငါ့ကျ, ရှိတယ်ထင်လို့လား"

"မရှိဘူးလား"

သူမမျက်နှာ ရဲခနဲဖြစ်သွား၏။ ခွေးကောင်လေး. . . မေး ...ခမေးသင့် ဘာမှနားမလည်ဘူး။ အဒေါ်ရှေ့လည်း ပြောခ ...တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ညနေမသွားရင်လည်း မကောင်းဘူးပိုပို။ ဆရာဝန်ကြီးပါ ဖိတ်ထားတော့ သွားမှကောင်းမယ်။ အဲဒါ အဆင်ပြေအောင်ပြောဆိုဦး"

"စိတ်ရှုပ်လိုက်တာနော်. . . မတွေ့ချင်ပါဘူးဆိုမှ"

"အဲဒါဆို ခေါင်းကိုက်လိုက် မ. . . ကျွန်တော်နဲ့ ဆိုင်ကယ်လျှောက်စီးကြမယ်"

"ဟင်. . . ဆိုင်ကယ်က ဘယ်မှာလဲ"

"လေးလေး သွားဝယ်နေပြီလေ။ ဒါပဲနော်. . . မောင်လို့ခေါ်မှ ကြိုပို့လုပ်ပေးမှာ"

"ဝေးသေး. . ."

သူမ **အခန်းထဲဝင်သွားသဖြင့်** သူ တစ်ဖက်ကိုလှည့်လိုက်စဉ် သူ့ဗိုက်ကို **အန်တီလေး**က ဆွဲလိမ်လိုက်လေ၏။

"အား. . . ကျွန်တော် မ,လို့ခေါ်တယ်လေ အန်တီလေးရဲ့"

"ဟင်. . . နင်ခေါ်တာ. . . ရိုးရိုးသားသားမှမဟုတ်ဘ ကောင်းလား. . .။ ကိုဇော်သိရင် နင်နာမယ်"

"အန်တီလေးတို့ပဲ ပြေလည်စေချင်တယ်ဆို"

"အဲဒါမောင်နှမလိုဆက်ဆံခိုင်းတာလေ။ နင့်ကို ဒီအဆ ပြောင်းခိုင်းတာမဟုတ်ဘူး။ ငါ့ကိုမျက်နှာပူအောင်မလုပ်နဲ့ ချေး





"အားလားလား. . . နာတယ်အန်တီလေးရဲ့။ အဆင်ပြေအောင် ပြောပြန်တော့လည်းတစ်မျိုး. . . ဝွပဲ"

"မရဘူး. . . မ,လို့မခေါ်နဲ့. . . 'မမ'လို့ခေါ်၊ 'မောင်လေး' လို့အခေါ်ခံ. . . ဒါပဲ"

"ခေါ်တတ်ဘူး. . . 'မ' ပဲ. . . 'မောင်' ပဲ"

ဒေါက်ခနဲခေါက်လိုက်သဖြင့် သူ့ခေါင်းထဲ ပူသွားရသည်။ ာနေသည့်ကြားထဲ ရယ်ချင်စိတ်က တားမရသဖြင့်အော်ရယ်လိုက် ၏။ အင်း. . . စိတ်ချမ်းသာသလိုပါပဲလား။

ညနေစောင်းတော့ လေးလေးဝယ်လာသည့်ဆိုင်ကယ်ကို ထဲမှထွက်ကာ စမ်းမောင်းကြည့်လိုက်၏။

OK ပဲ. . . ဒါမှလျှောက်လိမ့်ဖို့ ဘီးရပြီ။

ဆိုင်ကယ်ကို ကားဂိုဒေါင်ထဲထည့်သိမ်းပြီး အိမ်ထဲဝင် ်စဉ် ဧည့်ခန်းထဲထွက်လာသည့်သူမကိုမြင်လိုက်ရသည်။ အဝါ ရောင်ဝမ်းဆက်လေးနှင့်မို့ ပိုနုပိုလှနေသဖြင့် သူ အူတိုသလိုဖြစ် သွားရ၏။

"ဟာ. . . လက်ပြတ်ကြီးမဝတ်နဲ့လေ"

"ဘာဖြစ်လဲ. . . ဒီလောက်အိုက်နေတာကို"

"အဲဒါမှ မ,လက်မောင်းကိုမြင်ပြီး ဟိုလူကြီးက ကိုက်စား



www.burmeseclassic.com

www.burmeseclassic.com



ချင်စိတ်ပေါက်လာမှာ။ ပြန်လဲ. . .”

“ဘာဖြစ်လဲဘိုရယ်. . . ပိုပိုဝတ်တာ မရိုင်းပါဘူး”

“ရိုင်းလို့ပြောတာမဟုတ်ဘူးလေ အန်တီလေးရဲ့။ ဟိုက ပိုပြီးဖွတ်ကပ်လာမယ်”

“ကဲ. . . ကဲ. . . သမီး တခြားဝတ်စုံနဲ့သွားလဲလိုက်။ ဘို ပြောတာဟုတ်တယ်”

“ဟုတ်ကဲ့ပါအဖေ. . . နင်ပဲသိ နင်ပဲပြော။ သိလား”

သူ့ကိုရန်လှည့်ထောင်လိုက်သဖြင့် ဦးဇော်တို့က ပြုံးလိုက် လေ၏။ အင်း. . . တည့်ပြန်တော့လည်း သူတို့ဟာသူတို့အဆင်ကို ချောလို့ပါလား။

သူမ ပြန်ထွက်လာတော့ ပါတိတ်ငှက်ခါးရောင် ဝတ်လာ သဖြင့် သူသက်ပြင်းချလိုက်မိ၏။ ဒါတောင် နှုဖက်နေသည့်မျက်နှာ လေးက ဖုံးဖိမရပါလား။

ကားရပ်သွား၍ သူမဘက်မှတံခါးကို ဦးဇော်ရှိုင်းက အသင့်ဖွင့်ပေးလိုက်သည်။ သူ့မျက်နှာ ကွက်ခနဲပျက်သွားရသည်။ ထမင်းစားပွဲမှာ ဒီလူကြီးတော့ သူ့လက်သီးစာ အကျွေးခံရတော့ မှာပဲ။

“မျှော်လိုက်ရတာဗျာ. . . လာမှလာပါ့မလားလို့။ ဆရာ





န်ကြီးက ရောက်နေပြီဗျ”

ဦးဇော်ရှိုင်းက နှုတ်ကပြောနေသော်လည်း မျက်လုံးများ က သူမထံ၌သာရှိနေသဖြင့် သူက သူမလက်ကို ဖျတ်ခနဲဆွဲကိုင် သားလိုက်ပါသည်။

“ဆရာမလေးရဲ့မောင်လေးက ဆရာမလေးကိုတော်တော် ချစ်ပုံရတယ်နော်. . . ဟင်းဟင်း”

“ချစ်တာပေါ့ဗျ. . . ဒီမောင်နှမပဲရှိတာ”

သူ, ဘုပြောလိုက်သဖြင့် သူမ မသိမသာလေးပြုံးလိုက်မိ ၍ သူက သူမလက်ကိုဖျစ်ညှစ်လိုက်လေ၏။

မပြုံးနဲ့လေ. . . ပြုံးတာမြင်သွားရင် ဟိုက ပစ်ကျတော့ မှာပဲ မ,ရာ။

ထမင်းဝိုင်းက စိုစိုပြည်ပြည်နှင့် ဟင်းမျိုးစုံလင်လှသည်။ ဦးဇော်ရှိုင်းက သူမရှေ့တည့်တည့်ခုံတွင် ဝင်ထိုင်လိုက်ပြီး ဆရာဝန် ကြီးကို ဦးတည်၍တည်ခင်းကာ သူမပန်းကန်ထဲသို့ ဟင်းမျိုးစုံကို ကြောခဏထည့်ပေးနေတော့၏။

“စားပါနော် ကိုမြင့်ဇော်။ ဆရာမရော. . .”

“ဟုတ်ကဲ့”

“ဟိုလေ. . . ဆရာမလေးက မောင်ဘိုကို မောင်လေး



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်တော့်ကို အစ်ကိုမတော်နိုင်ဘူးလား. . . အစ်ကိုကြီးလို့ ခေါ်ပါလားဗျာ"

"ရှင်"

ပေါ်တင်ကြီးပြောချလိုက်သဖြင့် သူမဟော်ဒတော်မျက်နှာ ပူသွားမိသည်။ ဆရာဝန်ကြီးက နှုတ်ခမ်းစေ့၍ပြုံးလေ၏။ သူက သူမခြေဖျားလေးကို ဆတ်ခနဲနင်း၍သတ်ပေးလိုက်ရပြန်သည်။

"ဦးဇော်ရှိုင်းနဲ့ သမီးပိုပိုက အသက်ဘယ်လောက်ကွာသလဲ"

"ဟိုလေ. . . ဆယ်နှစ်ကျော်တယ်ထင်တာပဲ ဆရာကြီးရဲ့"

"အေး. . . ခေါ်လို့ဖြစ်တာပဲ။ ခေါ်လိုက်ပါသမီးရဲ့"

သူမဘာမှမပြောဘဲ ခေါင်းကိုငုံ့ထားလိုက်မိသည်။ ဒုက္ခပါပဲနော်. . . ဒီလူကြီးကလည်း ကြိုက်မရှက်ငိုက်မရှက်ပါပဲလား။ သူမခြေဖျားကို သူ မကြာခဏနင်းနေသဖြင့် မျက်စောင်းလှမ်းထိုးလိုက်တော့ သူက မျက်လုံးပြူးပြလေ၏။

ရော်. . . နေရင်းထိုင်ရင်း ဒေါသတွေဖြစ်နေပါကလား ဥက္ကာဘိုရယ်။

"ကျွန်တော်ပြောထားတဲ့ကိစ္စရော ဘယ်လိုလဲဆရာကြီး"

"အင်း. . . စာကြည့်တိုက်ဆိုတော့ ကျောင်းဝင်းထဲဖွင့်တာ





ကောင်းတာပေါ့။ ဆရာမနဲ့ကိုင်ပင်ပါ ဦးဇော်ရှိုင်းရဲ့။ ဆရာမက ကျောင်းအုပ်ကြီးကို ပြန်တင်ပြမှာပေါ့"

"ဘာကိုလဲ ဆရာကြီး"

"ဩော်. . . ဦးဇော်ရှိုင်းက မြို့ခံလူတွေကို ဗဟုသုတတိုးအောင်လို့ စာကြည့်တိုက်ဖွင့်ချင်တယ်ပြောလို့ပါဆရာမရဲ့"

"ဟုတ်လား. . . ကောင်းသားပဲ"

"ဆရာမလေးတို့ဖတ်ချင်လည်းဖတ်လို့ရအောင် ဗဟုသုတ ဆောင်းပါးတွေရော၊ သတင်းစာတို့၊ ဂျာနယ်တို့၊ နောက် အင်္ဂလိပ် စွဲဇင်းတို့ အစုံဝယ်တင်မှာပါ"

"အင်မတန်သင့်တော်တာပေါ့ ဦးဇော်ရှိုင်းရယ်။ ဒါ မွန် မြတ်တဲ့အလုပ်တစ်ခုပဲ။ လေးစားပါတယ်ဗျာ"

လေးလေးဝင်ပြောလိုက်သဖြင့် သူ့မျက်နှာရှုံ့တွသွားစဉ် သူအေမှတ်မထင်ပြုံးလိုက်မိသည်။ ဦးဇော်ရှိုင်းက သူမမျက်နှာကို စိုက်ကြည့်နေလေပြီ။

အို. . . ဒုက္ခပါပဲ။ ဒီလူကြီးကလည်း လူကြီးတွေရှေ့မှာ ဆောင် အကြည့်ရဲလိုက်တာနော်။

ထမင်းစားပြီးထပြန်တော့ ကားနောက်ခန်းမှာ သူနှင့်တိုး တိုက်ကျိတ်ကျိတ်ရန်ဖြစ်လာခဲ့ရ၏။ ဦးဇော်တို့ကြားမှာစိုး၍



www.burmeseclassic.com

www.burmeseclassic.com



တဆိတ်ရန်လုပ်ရသဖြင့် ရယ်လည်းရယ်ချင်၊ စိတ်လည်းတိုရလေသည်။

အဲဒီကောင်လေးဟာ ဟုတ်ကိုမဟုတ်တော့ပါဘူး။ ဘာမှန်းကိုမသိနိုင်တော့ပါလား။



အခန်း ( ၄ )

ထမင်းချိုင့်နှင့်အိတ်ကို ခြင်းတောင်းထဲ ထည့်သယ်လိုက်ပြီး နောက်ခုံပေါ်တက်ထိုင်လိုက်သည်။ သူက ဆိုင်ကယ်ကိုစက်နှိုးလိုက်လေ၏။

"ကြောက်တတ်ရင် ခါးကိုဖက်ထား"

"လုံးဝပဲ"

"ဒါဆိုလည်းရတယ်လေ"

သူ လီဗာကုန်တင်၍ ဓွတ်မောင်းတော့ သူမကိုယ်လေးက သူ့ကိုတိုးကပ်လာလေ၏။

"ဘိုး . . ငါ့ကြောက်တယ်, ဖြည်းဖြည်းဟဲ့။ သေကုန်မှာ



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ"

"မောင်လို့ခေါ်လေ"

"ခေါ်နိုင်ဘူး"

"ဘာလဲ. . . အဆက်ကြီးကိုသတိရသွားလို့လား"

"အေး. . . ဟုတ်တယ်ဟေ့. . . ဟုတ်တယ်"

"ဘာဖြစ်လဲ. . . အလွမ်းပြေခေါ်ပေါ့"

"အံမာ. . . ငါ့ကိုမျက်နှာများတဲ့မိန်းမမှတ်နေလား၊ မရဘူး"

သူ စက်ရှိန်ကိုပြန်လျှော့လိုက်ပြီး ပြုံးလိုက်မိသည်။ သူမနှင့်တွဲရတာ စိတ်ထဲမှာအလိုလိုကြည်နူးလာရသလိုပါပဲလား။ ဆေးရုံရောက်တော့ သူက ဆိုင်ကယ်ကိုသော့ခတ်ကာ ဆင်းလိုက်သဖြင့် သူမမျက်လုံးပြူးသွားလေ၏။

"ဟဲ့. . . မပြန်ဘူးလား။ ညနေငါးနာရီမှ လာကြိုလေ"

"ပြန်မှာပေါ့ ဘယ်လိုဖြစ်နေတာလဲ၊ ဆေးရုံထဲမှာ ပိုးပန်းတဲ့လူရှိလို့လား"

"ပြောပြန်ပြီ ပေါက်ကရ. . . ဆေးနံ့တွေမွှန်တဲ့နေရာကို လိုက်စပ်စုချင်ရပြန်ပြီ"

သူ့ ဘာမှမပြောဘဲ သူမနှင့်ယှဉ်၍ ဆေးရုံထဲဝင်လာခဲ့





သည်။ သူမက ရုံးခန်းထဲဝင်၍လက်မှတ်ထိုးကာ ဒီမနက်ဆေးတိုက်ရမည့်လူနာတွေကိုသေချာစစ်ဆေးပြီး ကော်ဖီနှင့်ပေါင်မုန့်ကျွေးကာ ဆေးတိုက်လေ၏။

"ဗိုက်ထဲမှာ ဘယ်လိုနေသေးလဲအမေ၊ အောင့်သေးလား"

"မအောင့်တော့ပါဘူး ဆရာမလေးရယ်၊ ဆရာမလေးရဲ့ မျက်နှာကိုမြင်လိုက်တာနဲ့ ဝေဒနာတွေ ဘယ်ပြေးကုန်လဲမသိဘူး"

"ဟင်းဟင်း. . . ဒါဆို အမေ နောက်နေ့ ဆေးရုံကဆင်းလို့ရပြီ။ ဘယ်ရွာကိုပြန်ရမှာလဲရှင်"

"အနောက်ဘက်ပိုင်းပါ"

"ဩော်. . . သိပ်မဝေးပါဘူး။ အိမ်ကလာကြိုမှာလား"

"မှာတော့မှာထားတာပဲဆရာမလေးရဲ့။ အိမ်မှာက လူကြီး ဘူး။ မြေးလေးဖိုးကျော်ပဲ လာမှာထင်ပါရဲ့"

"သူလာတော့ အထုပ်အပိုးတွေ. . . သယ်ခိုင်းလိုက်ပေါ့။ မြင်းလှည်းမှာထားပေးမယ်နော်"

"ကျေးဇူးတင်ပါတယ်ဆရာမလေးရယ်"

"မြင်းလှည်းမရလည်း နေပါစေ အမေကြီး။ ကျွန်တော် တယ်နဲ့လိုက်ပို့ပေးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . လူကြီးကိုသွားနောက်မနေနဲ့လေ။ ငရဲကြီးတော့မှာပဲ"

"ဆရာမလေးရဲ့မောင်လေးလား"

"ဟုတ်ကဲ့"

"ချောချောလေးနော်"

သူက သဘောတကျဖြင့် ရယ်လိုက်မိ၏။ စစ္စတာကြီးက ဆေးလိုက်ထိုးရာမှ ပြန်လှည့်လာကာ သူမအနီးသို့ရောက်လာလေသည်။

"Field ဆင်းဖို့နီးပြီ ပိုပို။ ဒေါက်တာမင်းရဲနောင် ဒီတစ်ပတ်ထဲ ရောက်လာလိမ့်မယ်တဲ့"

"အာ. . . စစ္စတာနော်။ သူ့ရဲ့ရှေ့မှာတော့ . . . ကျွန်မကို မနောက်ဖို့ ကြိုတောင်းပန်ပါတယ်။ သူနဲ့ကျွန်မက သိပ်တည့်တာ မဟုတ်ဘူးရှင့်"

"ဒေါက်တာမင်းရဲနောင်ဆိုတာ ဘယ်သူလဲစစ္စတာ"

"စပ်စုပြန်ပြီ"

"ဆရာဝန်ကြီးရဲ့တူလေ, သားရဲ့။ မင်းမမနဲ့သူငယ်ချင်းတွေပေါ့"

"ဟုတ်လား မ, ဟွန်း. . . နောက်တစ်ယောက်လာပြန်ပြီ





ဘင်ပါရဲ့။ ဘယ်သူနဲ့အရင်ငြိမလဲတော့မသိပါဘူး"

"ဟဲ့ . . . ဘာငြိတာလဲသားရဲ့"

"ကျွန်တော့်လက်သီးနဲ့ပြောတာ စစ္စတာရေ့"

"ဩော် . . . ဒီလိုလား။ ဟင်း ဟင်း. . . အစ်မရှိတဲ့မောင်တွေက ဒီလိုပါပဲသားရယ်။ သူတို့သာ သူများနှမကြိုက်ချင်ကြိုက်မယ်။ သူတို့နှမတွေအစ်မတွေကျတော့ သိပ်တိုတာ"

စစ္စတာအပြောကြောင့် သူ့မျက်နှာရှုံ့မဲ့သွားရသည်။ ခက်တာပဲ. . . အားလုံးက သူနှင့်မကို မောင်နှမဝမ်းကွဲလို့ပဲယူဆထားကြတာကိုး။ သူမ လူနာတွေအပေါ်ဆက်ဆံနေပုံကိုက ကြည်နူးစရာကောင်းလှ၏။ ဩော် . . . စေတနာရှင်ဆရာဝန်မလေး၏ကရုဏာမျက်ဝန်းများက အသက်ဝင်လွန်းလှပါလား။

"ဒေါက်တာရေ. . . မွေးလူနာရောက်လာလို့"

"ဟဲ့. . . နော်အယ်ဒိုရော"

"Theatre ထဲရောက်နေတယ်စစ္စတာ"

"ဟုတ်သားပဲ"

"ရတယ်, ကျွန်မပဲမွေးပေးမယ်။ မွေးရေ. . . မွေးခန်းထဲရောက်နေပြီလား"

"ဟုတ်ကဲ့ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . ဘို့၊ နင်လိုက်လို့မရဘူးနော်"

"ဒီလောက်တော့ . . . ကျွန်တော် နားလည်ပါတယ်မရဲ့၊ ကလေးထင်နေလား"

စစ္စတာက သူ့အပြောကြောင့် ရယ်လိုက်လေ၏။ သူမ မွေးခန်းထဲဝင်၍ မွေးလူနာကိုကြည့်ရတော့သည်။ အင်း . . . သူမ အတွက်တော့ ဒီဆေးရုံမှာ ဦးဆုံးမွေးပေးရမည့်မွေးလူနာပါလား။ တအောင့်အကြာမှာ အူဝဲအော်သံလေးနှင့် ကလေးလေးက သူမ လက်ထဲရောက်လာ၏။ ချက်ကြိုးကိုသေချာချည်၍ မမွေး၏အကူ အညီဖြင့်သန့်ရှင်းရေးပြုလုပ်ကာ အနှီးဖြူလေးထုပ်လျက် သယ်လာ ခဲ့သည်။

"ဘာလေးလဲ၊မ"

"ယောကျာ်းလေး"

သူ ကလေးကိုငုံ့ကြည့်လိုက်တော့ ဖြူဖြူဖွေးဖွေးဝတုတ် လေးဖြစ်နေလေ၏။ ဆံပင်တွေက နက်မှောင်ကာ မျက်နှာလေးက ပြည့်ဖောင်းနေလေသည်။

"ဟား . . . ဟား . . . ဟား . . . ဖိုးလမင်းကြီးကျနေတာ ပဲ။ တစ်တုံးတစ်ခဲကြီးပါလား"

"အေး . . . မင်းအစ်မကို ကိုယ်တိုင်မွေးခိုင်းပေါ့"





"အာ . . . စစ္စတာကတော့ လုပ်ပြန်ပြီ"

"ဘာလဲ . . . သဘောမတူဘူးလား။ သူတို့ချင်း ဆရာဝန် တွေပဲလေ။ ဒေါက်တာမင်းရဲနောင်ကိုယ်တိုင် မွေးပေးမှာပေါ့"

"ဟာဗျာ . . . သဘောမတူနိုင်ပါဘူး"

မွေးလူနာကိုရွှေ့အပြီးမှာ ကလေးကို မိခင်ဘေးမှာ သွား ထားလိုက်ပါ၏။ ဆရာဝန်ကြီးက Round လှည့်ရာမှ မွေးခန်းထဲဝင် လာလေသည်။

"ဒီနေ့ ဘယ်လူနာစုံလို့ပါလားဟေ့"

"ဟုတ်ပါ့ဆရာကြီးရေ . . . ဒီမှာ ပိုပို့မောင်က လိုက်လှေ့ နေလေရဲ့"

"ဘာလေးလဲသမီး . . . ဘယ်နှပေါင်ရှိလဲ"

"ယောကျာ်းလေးပါ ဆရာကြီး . . .။ ဆယ်ပေါင်နဲ့ နှစ် အောင်စ"

"ဟော . . . နည်းနည်းနောနောကြီးမဟုတ်ပါလား။ မအေ သေးသေးလေး . . . နို့တော့နိုင်တော့မှာပဲ"

"တတ်နိုင်သရွေ့ မိခင်နို့ကို လေးလတော့တိုက်နော် . . . လေး။ နောက်မှ နွားနို့ကူပေါ့"

"ဟုတ်ကဲ့ပါဆရာမ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ . . ရဲနောင် အခုပဲဖုန်းဆက်တယ်။ မနက်ဖြန် ရောက်မယ်တဲ့။ ဆရာလည်းပြောလိုက်တယ်။ ဒီရောက်ရင် အံ့သြစရာတစ်ခုပြမယ်လို့ . . သူက ဘာမှန်းမသိရသေးဘူး။ ကြိုအံ့သြနေပြီ။ ဘယ်လိုလဲမောင်ဘို . . ဦးဇော်ရှိုင်းနဲ့သဘောမတူရင် ဆရာတူနဲ့ရော သဘောတူမှာလား"

"မတူပါဘူး . . မ,မှာ ပိုင်ရှင်ရှိတယ်"

"ဟေ . . ဘယ်သူတုန်း"

"မ,ပဲသိမှာပေါ့ ဆရာကြီးရဲ့"

"ဟာ . . သမီးက ဝှက်ဖဲနဲ့ပါပဲလားကွ . . ဟေ"

သူမဘာမှမပြောဘဲ ပြုံးရုံသာပြုံးလိုက်မိသည်။

အင်း . . တစ်မျိုးထင်သွားပြန်တော့လည်း အေးတာပါလေ။ ခဏအကြာမှာ သူပြန်သွားတော့မှပဲ သူမ,နားရတော့သည်။ လူနာတွေ နေ့လယ်အိပ်ချိန်မှာ ထမင်းဘူးဖွင့်စားရန်ပြင်စဉ် နာနေခန်းထဲသို့ ကောင်လေးတစ်ဦးရောက်လာလေ၏။

"ဒေါက်တာလှလွန်းပိုရှိပါသလားခင်ဗျာ"

"ရှိပါတယ်။ ပိုပိုရေ . . ဒီမှာရှင့်ကိုလာမေးနေတယ်"

"ကျွန်မ လှလွန်းပိုပါ . . ဘာကိစ္စရှိလို့ပါလဲရှင်"

"ကျွန်တော့်ကို သူဌေးမင်း လူကြုံပါးလိုက်လို့ပါဆရာ





ရာမအတွက်တဲ့"

"ဟင် . . ဘာတွေလဲ"

ရုံးခန်းထဲမှ ဆရာဝန်တွေရော၊ Nurse တွေပါ စိတ်ဝင်စားပြုံလာလေ၏။ သူမစားပွဲပေါ် တင်လိုက်သည့်ချိုင့်နှင့် ဘူးကိုသည့်၍တော်တော်စိတ်ညစ်သွားမိသည်။ ဦးဇော်ရှိုင်းကတော့ လုပ်လိုက်လေပြီ။

"ကျွန်မ, မလိုချင်ပါဘူး . . ပြန်ယူသွားပါနော်"

"ကျွန်တော်ပြန်မယူချင်ပါဘူးခင်ဗျ။ သူဌေးမင်းစိတ်ကိုတော်သိလို့ပါ။ ယူထားလိုက်ပါဆရာမရယ်။ ရှိကြီးခိုးပါရဲ့"

"ဟင်း . . ခက်တာပဲ။ ကဲ . . ကဲ . . ဒါဆိုလည်းထား ဒါပေမဲ့ သူ့ကိုပြောဖြစ်အောင်တော့ပြောလိုက်ပါနော်။ နောက်ဘာမှမပို့ပါနဲ့ . . တောင်းပန်ပါတယ်လို့။ အခုတောင်မှ အားနာယူလိုက်တာ"

"ဟုတ်ကဲ့ပါဆရာမ . . ကျေးဇူးတင်ပါတယ်ဗျာ။ ညနေကျွန်တော် ချိုင့်ပြန်လာယူပါ့မယ်"

"ဒါဆို အိမ်မှာပဲ လာယူလိုက်ပါရှင်"

"ဟုတ်ကဲ့ခင်ဗျာ . . ကျွန်တော်ပြန်လိုက်ပါဦးမယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက မြင်းလှည်းဖြင့် ဆေးရုံဝင်းထဲမှပြန်ထွက်သွားလေသည်။ သူမထမင်းစားချင်စိတ်ပင် ပျောက်သွားမိ၏။ ငါ့နှယ်နော်. . . ဒီနှစ်ထဲမှာမှ ဒီအနှောင့်အယှက်က ဘယ်ကနေဘယ်လိုဝင်လာတာလဲမသိ။ အိမ်ကချာတိတ်က တစ်မျောင့်။ ဒီလူကြီးက တစ်မျိုး. . .။

"ဘာတွေလဲပိုပို"

"ဖွင့်သာကြည့်တော့ မမူရေ. . ပိုလည်းမသိဘူး။ အားလုံး ဝေသာစားကြတော့။ ဪ. . ဆရာကြီးဖို့ အရင်ဦးဖယ်ပေးပါဦး"

"အေးအေး. . . ငါသွားပို့ပေးမယ်ဟေ့"

စစ္စတာက သူ့ခန္ဓာကိုယ်ဝဝဖိုင့်ဖိုင့်ကြီးနှင့်မလိုက်အောင်ပင် ဖျတ်ခနဲရောက်လာပြီး ဒေါက်တာမူမူအေးနှင့် လှန်လှောဖွင့်ထည့်၍ မုန့်ဘူးထဲမှကိတ်မုန့်ကို ခပ်ရွယ်ရွယ်လှီးကာ ပန်းကန်ပြားနှင့်ထည့်သွားလေသည်။

"ဘာတွေလဲစစ္စတာ"

"ဆင်ဖြူတော်မှီပြီး ကြံစုပ်ရတာ ဆရာကြီးရေ့"

"ဟေ. . . ဘယ်သူက ဘယ်သူ့ဖို့ပို့တာလဲ"

"သူဌေးမင်းက ပိုပို့ဖို့တဲ့"





"ဟင်းဟင်း. . . ဒီသူဌေးက တယ်ဖွဲ့ကြီးလှပါလား။ ငါ့တူနဲ့တော့ ထိပ်တိုက်တွေ့တော့မှာပဲ"

"ဘာပြောကောင်းမလဲ. . . ပွဲကြီးပွဲကောင်းပေါ့ဆရာကြီးရယ်"

သူမ Plan ဆွဲထားတာကို ပြရန်ရောက်လာစဉ် ဆရာဝန်ကြီးစကားကြောင့် ခြေလှမ်းက အလိုလိုရပ်သွားရ၏။ ဒီမျက်နှာသော့ ကြာရင်ပူရှိမကာ၊ လောင်တော့မှာပါလား။

"ဟော့. . . သမီးပိုပိုဝင်ခဲ့လေ။ ဘာရပ်လုပ်နေတာလဲ"

"ဟုတ်ကဲ့ဆရာကြီး"

သူမ ဆရာကြီးရုံးခန်းထဲဝင်၍ စားပွဲရှေ့ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပါသည်။

"စစ္စတာပါ တစ်ခါတည်းဖတ်လိုက်ပါနော်"

"အေးပါ"

စစ္စတာနှင့်ဆရာဝန်ကြီးတို့ တစ်ရွက်စီ ယူကြည့်လိုက်ပြီး ဆရာဝန်ကြီးက ခေါင်းညိတ်လိုက်လေ၏။

"သမီးစီစဉ်ထားတာ မဆိုးပါဘူး။ ရဲနောင်လာကော့မှ ထိုင်ပင်ပြီး အတည်ပြုကြတာပေါ့နော်"

"ဟုတ်ကဲ့. . . ကျွန်မက ဖြစ်နိုင်ရင် သင်တန်းဖွင့်ချင်တာ



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ခက်တာက ဒီအသက် (၂၀)ဝန်းကျင်မိန်းကလေးတွေက ဒီကို လာနိုင်ပါ့မလား စဉ်းစားရသေးတယ်"

"ပိုပို က ဘယ်လိုလုပ်ချင်တာလဲ"

"သုံးလသင်တန်းမျိုးပေါ့. . .။ (၁၀)ယောက်တစ်သုတ် လောက်ဆို နိုင်မှာပါ။ နို့မို့. . . နော်အယ်ဒိုနဲ့ နန်းရွှေရည် အရမ်း ပင်ပန်းမှာ"

"Nurse သင်တန်းပေါ့. . . မဆိုးပါဘူး။ ရွာထဲမှာ အရင် စည်းဝေးကြည့်ကြတာပေါ့"

"နေပါဦးသမီးရဲ့. . . တစ်ပတ်ခြား ရွာတွေသွားဖို့စာရင်း မှာ သမီးက များလှချည်လား"

"ဟိုလေ. . . ကျန်တဲ့သူတွေ ပင်ပန်းမှာစိုးလို့ပါ"

"သမီး, လဲသွားမှာပေါ့။ မဖြစ်ပါဘူး. . . ရဲနောင်နဲ့ ခွဲယူပါ။ မနက် သူရောက်လာမှ ဒါတွေပြလိုက်မယ်။ ထားခဲ့ပါသမီး"

"ဟုတ်ကဲ့ပါဆရာကြီး"

စစ္စတာနှင့် သူမ အခန်းပြင်ဘက်သို့ ပြန်ထွက်လာခဲ့၏။ စစ္စတာက သူမလက်မောင်းလေးကို အသာလှမ်းကိုင်လိုက်ပါသည်။

"ဆရာကြီးတို့တူအရီးကို ထမင်းချိုင့်ပို့ဖို့ အစီအစဉ်ဆွဲပေး ပါလားပိုပို"





"ရှင်! ဆရာကြီးက ဇနီးမရှိဘူးလား"

"အမယ်လေးတော်. . . ကျုပ်တို့ဆရာကြီးက လူပျိုကြီး ရှင့်။ သူ့အိမ်မှာခိုင်းဖို့ ကောင်လေးတစ်ယောက် ပို့ထားတာပါပဲ။ ချက်ပြုတ်တာ အဆင်မပြေလို့တဲ့။ အဲဒါနဲ့ စစ္စတာလည်း ထမင်း ချိုင့်ပို့နေတာ။ ဆရာကြီးက အရမ်းအားနာနေပြီ။ အခုနှစ်ယောက် တဖြစ်လာတော့ ပိုဆိုးပြီပေါ့"

"အင်း. . . မနက်စာကို ပိုတို့ချိုင့်ထဲ ထည့်လာပေးလို့ဖြစ် ပါတယ်။ ညနေစာကိုတော့ ပို့ရမှာပေါ့"

"ဆရာကြီးမှာ ကားရှိတယ် ပိုပိုရဲ့။ ညနေကို စစ္စတာတို့ အဆောင်တစ်လှည့်၊ ပိုပို့အိမ်တစ်လှည့် လာစားခိုင်းရင်ရော"

"ဟယ်. . . ကောင်းပါ့မလား"

"လမ်းလျှောက်လာလည်းဖြစ်တာပဲ၊ အညောင်းတောင် ပြေသေးတယ်"

"ပို. . . အန်တီခိုင်တို့နဲ့ ပြန်တိုင်ပင်လိုက်ဦးမယ် စစ္စတာ နော်"

"မအေးအေး. . ."

ညနေစောင်းတော့ သူလာကြိုသည့်ဆိုင်ကယ်ဖြင့် အိမ်သို့ ပြန်ခဲ့၏။ အရင်လို ဘုဘောက်မကျတော့သော်လည်း သူမကိုတော်



www.burmeseclassic.com

www.burmeseclassic.com



ဝင်စားသလိုလို အူလိုက်တိုတတ်သော ဤကောင်လေးအား သူမ နားလည်စပြုလာပေပြီ။ ဩော်. . . ငယ်ရွယ်လွန်းသူတို့ရဲ့စိတ်ဟာ ဒီလိုပဲ မတည်ငြိမ်တတ်တာ သဘာဝပေပဲကိုး။

ည ထမင်းဝိုင်းမှာ ထမင်းသုပ်နှင့် ဘူးသီးဟင်းခါး၊ ငါး ခြောက်ထောင်းကြော်နှင့်မို့ ထမင်းစားမြိန်ကြပါ၏။ သူကတော့ စားကောင်းသည့်အရွယ်မို့ အစားအများဆုံးပင်။

"ဆရာဝန်ကြီး ဒီမှာလာစားတော့ ပိုပြီးဖွယ်ဖွယ်ရာရာ စားရတာပေါ့သမီးရဲ့။ ချိုင့်ထဲထည့်ပို့တာထက် ပိုပြည့်စုံတယ်"

"ညနေဘက် လာစားကြပါစေ ပိုပို။ အန်တီတို့ နေ့တိုင်း ကျွေးနိုင်ပါတယ်"

"အဲဒါဆို စစ္စတာက စိတ်မကောင်းဖြစ်မှာပေါ့ အန်တီခိုင် ရဲ့"

"ဒီလိုလုပ်လေ. . . မနက်ပိုင်းကို စစ္စတာက ကျွေးပါစေ၊ သမီးက ဟင်းပိုထည့်သွားပေးလိုက်။ ဒါဆိုအဆင်ပြေမှာပေါ့"

"ဟုတ်ကဲ့ ဦးဇော်"

"ဆရာဝန်ကြီးလာတော့ ဟိုဒေါက်တာပါ ပါလာမှာပေါ့"

"ပါမှာပေါ့ သားရဲ့. . . ယောက်ျားတွေပဲနေတဲ့အိမ် အစား အသောက် ဘယ်အဆင်ပြေမှာလဲ"





"ဟင်း. . . ဒါဆို နေ့တိုင်းဝင်ထွက်နေမှာပေါ့။ အန်တီလေး ကလည်း မနိုင်လိုက်တာ"

"ဟဲ့. . . အဲဒါက ဘာဖြစ်ပြန်တာတုန်း"

"ဘိုရေ. . . ဒီအိမ်မလာလည်း မင်းမမနဲ့ ဆေးရုံမှာ နိစ္စ ဓူဝတွေ့နေရမှာပဲ။ သိပ်စိုးရိမ်မနေနဲ့"

သူ့မျက်နှာရှုံ့တွသွားတော့ ဦးဇော်နှင့်အန်တီက ကျိတ်ပြုံး လိုက်ကြ၏။

"အင်း. . . ဦးဇော်ရှိုင်းထက်စာရင်တော့ တော်သေးတာ ပေါ့"

"အေး. . . အဲဒီလူရဲ့ရန်ကလည်း ကြည့်ရှောင်ဦး မိပိုရေ"

"နောက်ကျနေပြီလေးလေးရေ. . . ဒီနေ့ပဲ သူ့ပိုးပန်းစာ တွေ စားပြီးနေပြီ"

"အံမာ! ငါမစားပါဘူး"

"မ, စားစားမစားစား. . . သူက စားတယ်ပဲထင်မှာပေါ့ တွန်း"

"ဟော. . . အိမ်ရှေ့မှာ Bell သံကြားတယ်"

အန်တီခိုင် ထထွက်သွားစဉ် သူမက စားပြီးသားပန်းကန် တွေကိုဆေးလိုက်၏။ သူက သူမဆေးပြီးသားပန်းကန်တွေကို ခင်



www.burmeseclassic.com

www.burmeseclassic.com



ထက်မှာစီ၍ တင်ပေးလေသည်။ ဒီလိုတော့လည်း လိမ္မာသွားပါလား။

"မိပို. . . လူကိုယ်တိုင်ရောက်လာတာဟေ့"

"ဟယ်. . . ဒုက္ခပါပဲ"

"နေနေ. . . ကျွန်တော်ကြည့်ရှင်းလိုက်မယ်"

သူ ဧည့်ခန်းဆီထွက်လာစဉ် အန်တီလေးက ဦးဇော်ရှိုင်းကို ထိုင်ခုံမှာ ထိုင်ဧည့်ခံနေလေ၏။

"ဟော. . . အစ်ကိုကြီးပါလား"

"အေး. . . ညီလေး"

မှိုရသလိုဖြစ်သွားသည့် မျက်ခွက်ကြီးကိုကြည့်၍ သူ ဒေါ်ဖောင်းသွားမိ၏။ ဟန်ကိုယ့်ဖို့လေ. . .။

"မ, ပြောတယ်. . . မနက်က ဟင်းတွေမုန့်တွေလာပို့တယ်တဲ့။ အဲဒါအားနာလိုက်တာ. . . နောက်မပို့ပါနဲ့ တောင်းပန်ကြောင်း ပြောပေးပါတဲ့။ မ,က ဆေးသောက်ပြီး အိပ်နေပြီအစ်ကိုကြီးရဲ့"

"ဟင်. . . နေမကောင်းဘူးပေါ့"

"အင်းပေါ့. . . အစ်ကိုကြီးကျွေးတာစားပြီး မတည့်လို့ဖြစ်တာနေမှာ"

"အို. . . ဖြစ်ရလေ, ဒီလိုမှန်းသိရင် မပို့ပါဘူးဆရာမရယ်





ကျွန်တော်တောင်းပန်ကြောင်း ပြောပေးပါနော်"

"ဟုတ်ကဲ့. . . အစားစုံသွားလို့ဖြစ်သွားတာပါ။ ကျွန်မက ဦးအားနာတာပေါ့ရှင်"

"ရပါတယ်. . . ကျွန်တော်လာသွားကြောင်း ပြောပေးပါနော်။ ပြန်လိုက်ပါဦးမယ်. . .။ ညီလေးလည်း အိမ်ကိုလာလည်ပါဦး။ ဖုန်းဆက်ဖို့ကိစ္စရှိရင်လည်း လာပါ။ အားမနာပါနဲ့"

"ဟုတ်ကဲ့အစ်ကိုကြီး"

ဦးဇော်ရှိုင်း ထပြန်သွားတော့ သူက ပွစိပွစိရေရွတ်ပြီး နောက်ဖေးကို ပြန်ဝင်လာသည်။ သူမ,သက်ပြင်းကိုသာ ခပ်ဖွဖွချလိုက်ရ၏။ မလွယ်ပါလားနော်. . .။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း ( ၅ )

မြင်းလှည်းပေါ်မှဆင်း၍ ပစ္စည်းတွေချလိုက်၏။ ရန်ကုန် ...မ်းကြုံတင်ပေးလိုက်သည့်သေတ္တာကိုပါ သယ်ချလိုက်သည်။ ...မှအလုပ်သမားတွေ လာပိုင်းကူသယ်ပေးသဖြင့် သူဒီအတိုင်း ...ခဲ့၏။ လေးလေးက အခန်းဝမှကြိုလင့်နေလေပြီ။

"Morning လေးလေး"

"Morning သား၊ ဈေးတာ စောသားပဲ။ ဦးဆုံးကား ...သင်တယ်"

"ဟုတ်ကဲ့. . . အဲဒီမှာ အဝေးပြေးကားပေါ်က လမ်းကြုံ ...လိုက်တဲ့သေတ္တာ ပါလာတယ်လေးလေး"



www.burmeseclassic.com

www.burmeseclassic.com



"အေးအေး. . . အဆင်သင့်လိုက်တာ။ ဪ. . . သမီး မမွေးရေ. . . စစ္စတာတို့အုပ်စုအားရင် ဒီဘက်ကို ခဏလာခဲ့ပါလို့။ သမီးပိုပိုကိုပါပြောလိုက်. . . ဆေးသေတ္တာရောက်ပြီလို့နော်"

"ဟုတ်ကဲ့ပါဆရာကြီး"

သူ ရုံးခန်းထဲမှာမထိုင်ဖြစ်သေးဘဲ နံရံမှာချိတ်ထားသည့် အရာတွေကို လှည့်ပတ်ကြည့်နေမိ၏။

A good action is never lost, it is a treasure laid up and guarded for the doer's need.

Calderon...

ကောင်းမွန်သည့် လုပ်ဆောင်မှုသည် ဘယ်တော့မှ အချည်းနှီးမဖြစ်။ ထိုလုပ်ဆောင်မှုကို ပြုလုပ်သူသည် လိုအပ်သည့်အချိန်၌ အသုံးပြုရန်ရည်ရွယ်၍ လုံခြုံအောင်သိမ်းထားသည့်ရတနာပင်ဖြစ်သည်။

ကယ်လ်ဒီရွန်





'Indecision and delay are the parents of failure.

George Canning.'

ဆုံးဖြတ်ချက်မချနိုင်ခြင်းနှင့် နှောင့်နှေးခြင်းသည် ရှုံးနိမ့်မှုကိုမွေး[...]ပေးသည့်အမိနှင့်အဘဖြစ်သည်။

ဂျော့ချ်ကန်နင်

'In all things, success depends upon previous preparation, and without such preparation there is sure to be failare.

Confucius'



www.burmeseclassic.com

www.burmeseclassic.com



အရာအားလုံး၌ အောင်မြင်မှုသည် ကြိုတင်ပြင်ဆင်မှုအပေါ် မူတည်သည်။ ဤသို့ကြိုတင်ပြင်ဆင်မှု ရှိမထားလျှင် ရှုံးနိမ့်ရန်မှာ ကျိန်းသေလှသည်။

ကွန်ဖြူးရှပ်

ဆော့ပင်ဖြင့်ရေးသားထားသည့် လက်ရေးရှည်မျော့မျော့လေးများက ဤစာတမ်းများကို မဖတ်,ဖတ်ချင်အောင် စွဲဆောင်နိုင်လွန်းနေလေ၏။

"ဒါ. . . ဘယ်သူ့လက်ရေးများလဲလေးလေး"

"လာမှာပေါ့သားရယ်. . . ဟော. . . စစ္စတာ, ဒီမှာ ဆရာတူရောက်နေပြီ။ အားလုံးကိုကြိုပြောထားလို့ သိပြီးသားပါနော်။ ဒါက စစ္စတာနော်အဲလာ၊ ဒေါက်တာမူမူအေး၊ ဒေါက်တာ နန်းကြာညို၊ Midwife နော်အယ်ဒိုနဲ့ နန်းရွှေရည်၊ Nurse မမွှေးအုံ၊ မခင်ပြုံးမွန်၊ နော်အက်စတာနဲ့ နော်ရှီးလာပါ"

"ဟုတ်ကဲ့ခင်ဗျာ. . . တွေ့ရတာ ဝမ်းသာလွန်းလို့ အားနည်းနေသလိုပဲ"

ဆရာဝန်တွေရော၊ Nurse တွေပါ ပြုံးလိုက်မိကြသည်။ ဆရာဝန်လေးက ငယ်ငယ်ချောချောလေးမို့ ဆေးရုံမှာ နာမည်ကြီး





မည်မှန်း တွက်လိုက်ကြပါ၏။

"ပိုပိုရော. . . စစ္စတာ"

"လာပါလိမ့်မယ်ဆရာကြီး၊ ရင်ကျပ်နေတဲ့လူနာကို ဆေးတိုက်နေလို့ပါ"

"ဪ. . . Nurse တွေကိုမခိုင်းဘဲနဲ့"

"အဲဒီလူနာက ခေါင်းမာတယ်ဆရာကြီးရဲ့"

ဒေါက်တာညိုဝင်းနောင် ပြုံးလိုက်၏။ Corridor မှ ခြေသံအရှုပ်ရှုပ်ကြားလိုက်ရသဖြင့် သူ အခန်းဝသို့ လှည့်ကြည့်လိုက်ပါသည်။ အပြာနုရောင်ပါတိတ်အောက်မှ စလစ်ပါအဖြူကလေး စီးထားသည့်ခြေချောင်းဖွေးဖွေးလေးကို အရင်မြင်ရပြီး လှစ်ခနဲပေါ်လာသည့်လစန္ဒာ. . .။

"ဪ. . . ဘယ်သူများလဲလို့, လှလွန်းပိုကိုး။ ဘယ်လိုလဲ ခုထိမစွံသေးဘူးလား"

သူမမျက်နှာရဲခနဲဖြစ်သွားပြီး အလိုက်မသိ စ,လိုက်သည့် သူ့ကိုမျက်စောင်းခဲလိုက်၏။ ကြည့်. . . လူရှေ့သူရှေ့မရှောင် မြင်ဘာနဲ့ ဒေါက်စဖြုတ်ပြီ။ အဲဒါတွေကြောင့် သင်းနဲ့အကြောမတည့်တာ။

"အဲဒါ, ရှင်နဲ့မဆိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဆိုင်ဘဲနေမလား. . . မင်း၊ ကိုယ့်သူငယ်ချင်းကို ကဗျာရေးပို့လိုက်တာ၊ ဒီကောင် ခုထိသိမ်းထားတုန်းနော်"

"ကြည့်စမ်း. . . ပေါက်ကရပြောပြန်ပြီ။ အဲဒါ ရှင့်သူငယ်ချင်းက ရေးပေးပါဆိုလို့ရေးပေးလိုက်တာရှင့်။ အဲဒီညဏ်ဝင်းဟာ မရှင်းမရှင်းသိပ်လုပ်ချင်တာပဲ"

"မသိပါဘူး. . . မင်းမစွံတာနဲ့ ကိုယ့်သူငယ်ချင်းလေးလုံးကို အရင်ဆုံးစာလာပေးတယ်ထင်တာပေါ့. . . ဟင်းဟင်းဟင်း"

သူမက မျက်နှာကို ခပ်တင်းတင်းထားလိုက်ပြီး ဆရာကြီးဘက်ကို လှည့်ပြောလိုက်ပါ၏။

"ဆရာကြီး. . . ကျွန်မမှာလိုက်တဲ့သေတ္တာ ရောက်လာပြီဆို"

"ရောက်ပြီမလေသမီးရဲ့. . . သားသယ်လာခဲ့တာပဲ"

"တန်ဆာခက ဈေးကြီးတယ်နော်"

"ဘယ်လောက်တောင်တောင်းမှာလဲ ဒေါက်တာ။ (၁၅၀၀)တော့ မဖြစ်လောက်ဘူးထင်ပါရဲ့"

"ကျွန်တော်က သူလိုချင်တာကို ဘယ်တော့မှမပေးပါဘူး စစ္စတာရဲ့"

"ရဲနောင်၊ ဒါကျောင်းမဟုတ်ဘူးနော်။ နှင့်အပြောအဆို





ဆင်ခြင်ပါ"

"ဟင်းဟင်း. . . သားက ခင်လို့စတာပါသမီးရယ်၊ စိတ်ဆိုးပါနဲ့။ သမီးပိုကို (၁၅၀၀) ပေးချင်တဲ့သူ ဒီမှာရှိနေပြီသားရေ"

"ဟော. . . တယ်ဟုတ်ပါလား"

"မဟုတ်နဲ့. . . မြို့မျက်နှာဖုံးဆူဌေးဖြစ်ပေမယ့် မှဆိုးဖိုဆိုလား၊ တစ်ခုလပ်ဆိုလားအသံထွက်နေတာ ဒေါက်တာရဲ့"

"ဒါပေါ့လေ. . . သူ့ရုပ်နဲ့တန်ရာကို ရမှာပေါ့ဗျ"

သူမခြေတစ်ဖက်ဆောင့်၍ သေတ္တာကိုမနိုင်မနင်းမ,လိုက်သဖြင့် သူက ကမန်းကတန်းဝိုင်းကူသယ်ပေးလိုက်ပါ၏။

"ဖယ်ဖယ်. . . ရတယ်"

"မနိုင်လို့ပြုတ်ကျရင် ဆေးတွေ အလကားဖြစ်ကုန်မယ်လွန်းပို့။ ဒါသလေးကိုလျှော့ပေး. . . ကိုယ်သယ်ပေးမယ်"

"ပြီးတာပဲ. . ."

သူမက ရှေ့ကနေ ဘောက်ဆတ်ဘောက်ဆတ်ထွက်သွားသဖြင့် သူ သေတ္တာမ,လျက် လိုက်လာခဲ့သည်။ သူတို့နှစ်ယောက်ကိုကြည့်၍ အားလုံးကျိတ်ရယ်နေကြလေပြီ။

အဲဒီလှလွန်းပိုဟာ သိပ်စလို့ကောင်းတဲ့မိန်းကလေးမဟုတ်သား။ မျက်နှာက အမြဲတည်လွန်းနေ၍ အမြင်ကပ်ကပ်ဖြင့် ဝိုင်းစ



www.burmeseclassic.com

www.burmeseclassic.com



ကြရင်း ရင်းနှီးခဲ့ဖူးတာ။ ဒါပေမဲ့ သူမကြည်ကြည်နူးနူးလေးများ ပြုံးလိုက်ရင် မြင်ရသူအသည်းကို ကြွေကျသွားစေအောင် ဘဝင်ခိုက်စေတာလေ။ အင်း. . . သူမအပြုံးကို သူငွေးမြင်သွားလို့ထင်ပါရဲ့။

တစ်ဖက်ခန်းကိုရောက်တော့ သူမက စားပွဲခုံကို ပုတ်ပြလိုက်ပြီး သေတ္တာကို တင်ခိုင်းလိုက်ပါ၏။

"ဒီမှာ,တင်. . ."

"တန်ဆာခ အကြွေးမှတ်ထားလိုက်ပြီနော်"

"ခုချက်ချင်းတောင်းရင်လည်း ပေးနိုင်တယ်။ လျှာရှည်မနေနဲ့"

"တကယ်လား, လူကြားထဲမတောင်းရဲဘူးမထင်နဲ့နော်"

"ဩော်. . . မြင်းလှည်းခပြန်တောင်းတာပဲ ရှက်စရာမရှိဘူး. . . ပြော"

"ကိုယ်တောင်းမှာ ပိုက်ဆံမှမဟုတ်တာ လုလွန်းပိုရဲ့"

"ရှင်နော်. . . အဲဒါဘာစကားကြီးလဲ"

နောက်မှလိုက်ဝင်လာသည့် စစ္စတာရယ်မောလိုက်သံက အကျယ်ဆုံးပင်။ ထမင်းစားချိန်မို့ ထမင်းချိုင့်တွေ ဖွင့်ကြချိန်မှာ သူမက စက္ကူသေတ္တာကို စ,ဖောက်နေလေ၏။

ပုံးထဲမှဘောက်ချာနှင့် ဆေးစုံမစုံသေချာစစ်ပြီးမှ အ[illegible]





[illegible]ဒီယံဗီရိုထဲ ဆေးတွေထည့်သိမ်းလိုက်ပါသည်။

"ဒေါက်တာ, ဆရာကြီးနဲ့သွားစားမလား၊ ဒါမှမဟုတ် ဒီမှာ[illegible]စားမှာလား"

"ကျွန်တော်, လုလွန်းပိုရဲ့ချိုင့်ပဲစားမယ် စစ္စတာ"

"ရှင့်ကိုကျွေးဖို့ ကျွန်မဘာမှပိုမထည့်လာဘူး"

"နည်းနည်းပါးပါးလေးတောင်. . . မသဒ္ဒါဘူးပေါ့။ ဟုတ်[illegible]လား"

"ဟုတ်တယ်"

"တစ်ဇွန်းတစ်လေပဲစားမယ်လေကွာ. . . မောလာတာ [illegible]မောပြေအောင်မပြုစုဘူး"

"ပိုပိုဝယ်အားတဲ့သံပရာဖျော်ရည်လေး ဖျော်ပေးမယ်လေ [illegible]ါက်တာ"

"နေပါစေမမူ. . . ကျွန်တော်က သူ့ထမင်းပဲစားချင်တာ [illegible]"

"အငတ်. . . ရော့. . . စား"

"ဟာ. . . ဒီလိုဆောင့်ကြီးအောင့်ကြီးကျွေးလို့ ဘယ်ရမှာ [illegible]"

"ရဲနှောင်. . . ရှင်နော်"



www.burmeseclassic.com

www.burmeseclassic.com



"လှလွန်းပိုက အရင်အတိုင်းပဲနော်. . . တစ်ခန်းရှိစိတ်ဆိုး တတ်တုန်းပဲ"

"ဒီလောက်လှုံက်စနေတာ ဒေါ်သမထွက်ဘဲ ရှိပါ့မလား။ စိတ်မဆိုးစေချင်ရင် မစနဲ့ပေါ့။ စကားလည်းမပြောနဲ့. . . ဒါပဲ"

"Please တစ်ဖွန်းပဲခွံ့ကွာ. . . ကိုယ့် လေးလေးနဲ့ပဲသွား စားပါ့မယ်"

"ရှင့်မှာ လက်မရှိဘူးလား"

"ဖုန်တွေသဲတွေ ပေနေတယ်လေကွာ။ မင်းသေတ္တာ ကူ သယ်လာပေးတဲ့မျက်နှာလေးကိုငဲ့ပါ"

သူမမျက်စောင်းခဲလိုက်ပြီး ကြက်သားပြုတ်ကြော်ကို ပါး ပါးလှီး၍ ပြန်ကြော်ထားသည့်ဟင်းနှင့် တစ်ဇွန်းခွံ့ကျွေးလိုက်တော့ ရယ်သံခပ်အုပ်အုပ်ကိုကြားလိုက်ရသည်။

"Thanks"

"စားကောင်းလားဒေါက်တာ"

"ကောင်းတာပေါ့ဗျ။ စေဟနာမပါတဲ့အစားအသောက်က ပိုပြီးအရသာရှိတယ်တဲ့စစ္စတာရဲ့"

"အပြောကိုနည်းနည်းလျှော့နော် ဒေါက်တာ။ ညနေတိုင်း ပိုပို့အိမ်မှာ ထမင်းသွားစားရမှာ၊ တော်ကြာလုပ်ကြံခံနေရမယ်"





"ဟုတ်လားလှလွန်းပို။ မင်းလုပ်ရက်ရင် ကိုယ်ခံရဲပါတယ်"

သူမ သူ့ကိုဘာမှပြန်မပြောမနေဟော့ဘဲ စစ္စတာတို့ဝိုင်း ဆီသို့ ချိုင့်ယူ၍ကူးခဲ့တော့သည်။ သူ့ကျိတ်ပြုံးလိုက်ပြီး လေးလေး ခန်းဘက် ပြန်ကူးခဲ့လေ၏။

"သိတယ်. . . သင်းရောက်လာတာနဲ့ မျက်စိလည်းနောက်၊ ခေါင်းလည်းပူတယ်၊ စိတ်ညစ်လိုက်တာနော်"

"ပိုပိုရေ. . . ဒေါက်တာနဲ့ဦးဇော်ရှိန်းကို ထိပ်တိုက်မတိုး မိအောင် ဂရုစိုက်နော်။ တော်ကြာ မလိုလားအပ်တာတွေဖြစ်ကုန် မယ်"

"ဖြစ်လည်းအေးတာပဲ စစ္စတာရဲ့"

"ဟယ်. . . ပိုပိုကလည်း"

"မမှုနော်. . . လိုက်နာမနေနဲ့၊ ပိုနဲ့သူက သူငယ်ချင်းတွေ။ ချိတ်ချင်ရင်ကြိုပြော. . . ရှောင်ပေးမယ်"

"မလုပ်ပါနဲ့. . . ဆရာကြီးကအစ ပိုပိုနဲ့သူ့ကိုသဘောတူ နေတာလေ"

"ရှူး. . . ဒီစကားဒီမှာတင်ရပ်ပါ။ သင်းက နဂိုကမှ ဖွသွား ထင်ရောက်နေရတဲ့ကြားထဲ. . . မီးနဲ့ခေါင်းနဲ့ဆောင့်မိမယ်"

ထမင်းဝိုင်းမှာ ရယ်သံတွေထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းအထိ သူမဆေးကုပေးတာကို လိုက်ကြည့်ပြီး ဝေဖန်နေသဖြင့် လူနာတွေရှေ့မှာ ဒေါသတွေကို ပြန်မျိုချနေရသည်။

သင်းတော့နော်, ကျောင်းတုန်းကစိတ်နှင့်ဆို ခေါင်းပေါက်လောက်ပြီ။

"တီ. . . တီ"

"ဟော! မောင်လေးလာကြိုပြီထင်တယ်ပိုပို"

"ကြားတယ်စစ္စတာ, ဒီမှာ Remark ရေးနေလို့. . . ခဏလေး"

သူက သူမစားပွဲခုံပေါ်သို့ တင်ပါးလွှဲတက်ထိုင်လိုက်စဉ် အခန်းထဲသို့ လူရွယ်တစ်ဦးဝင်လာလေ၏။

"မ. . . ပြန်မယ်လေ"

"အေး. . . ခဏလေး။ ဒီမှာပြီးတော့မယ်"

"သားဘိုရေ. ဒါ. . . ဒေါက်တာမင်းရဲနောင်လေ။ ဒေါက်တာ, ဒါ. . . ပိုပို့မောင်လေးဥက္ကာဘိုတဲ့"

"ညီက တော်တော်ငယ်သေးတာပဲ။ ဘယ် Year ရောက်ပြီလဲ"

"E - major second year ပါ။ ဟာ. . . မ,ကလည်း





ပြီးသေးဘူးလား"

"ပြီးပါပြီဟယ်. . . ဘယ်လိုဖြစ်နေတာလဲ။ အိမ်ကထွက်ပြေးပါဘူး"

"အိမ်က ထွက်မပြေးမှန်းတော့သိတာပေါ့။ ဒီကိုလာရင်း လမ်းမှာ ကြောင်ဖားကြီးနဲ့တွေ့ခဲ့သေးတယ်နော်"

"ဟယ်! ကျွတ်. . . စိတ်ရှုပ်လိုက်တာ"

"အဲဒါကြောင့် မြန်မြန်လုပ်လို့ပြောနေတာပေါ့"

"ရဲနောင်. . . ရှင်, ဆရာကြီးနဲ့ ညနေ ၆ နာရီအရောက် လာခဲ့နော်"

"မင်းကြိုနေမှာလား"

သူမမျက်လုံးပြူး၍ သူ့ကိုကြည့်လိုက်ပြီး အိတ်ကိုကောက်ဆွဲလိုက်တော့ ဘိုက ထမင်းချိုင့်ကိုယူလိုက်သည်။

"လှလှန်းပို"

"ဘာလဲ"

"ဟင်းဟင်း. . . မခေါ်ရတာကြာပြီမို့ ခေါ်ကြည့်တာ"

"အရှူး"

ဘို မအောင့်နိုင်တော့ဘဲ ရယ်လိုက်မိသည်။ ဒီဆရာဝန်နှင့် မတ က သူ့လိုပဲ နောင်ဂျိန်သမားတွေပဲကိုး. . .။



www.burmeseclassic.com

www.burmeseclassic.com



"သွားလိုက်ပါဦးမယ် ဒေါက်တာ"

"ကောင်းပြီ. . . ညီ"

သူမနှင့်ဥက္ကာဘို နှစ်ယောက်တွဲ ယှဉ်ထွက်သွားတာ အနောက်မှလှမ်းကြည့်နေမိ၏။ လှလွန်းပို. . . မင်းမောင်လေး ဝမ်းကွဲတောင်မှဟုတ်ရဲ့လားကွာ. . .။

အလှူမိနိုယံဗီရိုဘေးမှာကပ်ထားသည့် လက်ရေးရှ မျောမျောလေးတွေကိုတွေ့လိုက်ရပြန်သည်။

"The hand that rocks the cradle, rule the world ဆိုပါလား"

(ပုခက်လွှဲသောလက်သည် ကမ္ဘာကိုအုပ်စိုးနိုင်၏)

သူ့, တစ်ချက်ပြုံးလိုက်ပြီး Pen stand ထဲမှ ဆော့ပင် ယူ၍ အောက်နားမှာ ကပ်ရေးလိုက်မိ၏။

Woman often changes, foolish the ma who. trusts her.

Franc





(မိန်းမသည် ခုတစ်မျိုး တော်ကြာတစ်မျိုးဖြစ်၏။ သူမအား ကြည်ကိုးစားသူသည် မိုက်မဲသူဖြစ်း၏။

(ဖရန်စစ်)

ချက်ပြုတ်ပြီးစီးမှ ရေချိုးကာ သနပ်ခါးရေကျဲလေးလူး တ်ပြီး ခပ်လတ်လတ်ဝတ်စုံကိုသာ ရွေးဝတ်လိုက်၏။ ထမင်းစား န်းမှာ ထမင်းပွဲပြင်နေစဉ် ဆရာကြီး၏ကားဝင်လာသံကို ကြား တ်ရသည်။

"မင်္ဂလာပါဆရာကြီး"

"မင်္ဂလာပါဆရာမရေ. . . အင်း. . . နေ့တိုင်းလာစားရ ဆိုတော့ အားလည်းနာ၊ မျက်နှာလည်းပူရတာပေါ့"

"တကူးတကကြီးချက်ပြုတ်တာမျိုးမှမဟုတ်တာဘဲဆရာ းရယ်။ အိမ်မှာချက်နေကျလိုပဲချက်တာပေါ့ဗျာ။ သားဘို. . . င်းမမရော"

"ထမင်းပွဲပြင်နေတယ်လေးလေး"

သူမက သံပရာရည်နှစ်ခွက်ဖျော်၍ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟော! လှလွန်းပိုဟာ အပျိုကြီးလေးမပြောရဘူး။ အဝါ ရောင်ဖျော့ဖျော့ကိုသိပ်ကြိုက်သလို၊ ဝတ်လိုက်တိုင်းလည်း ခါတိုင်း နှင့်မတူ ပိုနုပိုလှသွားတာပါပဲလား။

"ဒါ. . . ကျွန်တော့်တူလေ, ဦးမြင့်ဇော်"

"ဟုတ်ကဲ့. . . သမီးမိပိုနဲ့သူငယ်ချင်းဆို"

"ဟုတ်ကဲ့ခင်ဗျ"

"ဒါဆို ရန်ကုန်အိမ်သိမှာပေါ့"

"သိပါတယ်. . . ဒါပေမဲ့ သူက ရန်ကုန်မှာမှ အနေမများ တာအန်ကယ်ရဲ့။ နယ်တကာလျှောက်လိမ့်နေတာလေ"

"အမောပြေအအေးလေးသုံးဆောင်ပါဦး ဆရာကြီး"

"အေးအေး. . . သမီး"

"ကိုယ့်ကိုတော့ အအေးနဲ့ကြိုပိတ်လို့မရဘူးနော်။ အစာ ကြီးတာသိတယ်မဟုတ်လား"

"ကျွန်မ ထမင်းတွေရောဟင်းတွေပါ ပို့ချက်ထားပါတယ် နော်. . . အဝသာစားပါ"

"သမီးတော့ ပင်ပန်းတော့မှာပဲ"

"ရပါတယ်ဆရာကြီးရဲ့။ ဒါ ကျွန်မနေ့စဉ်လုပ်နေကျအလုပ် တွေပါ"





"သမီးပိုက ငယ်ငယ်ကတည်းက အိမ်အလုပ်သိမ်ဝါသနာ ပါတာဆရာကြီးရဲ့။ မျက်စိရှေ့အမြင်မတော်ရင် ထလုပ်လိုက်တာ ပဲ။ အဲဒါသူ့အကျင့်ပါ"

သူ, သူမကို ဖျတ်ခနဲကြည့်လိုက်တော့ သူမက မျက်နှာလွှဲ သွားလေ၏။ ထမင်းဝိုင်းမှာထိုင်လိုက်တော့ ကြက်သားဆီပြန်၊ သီး ချဉ်ရည်ဟင်း၊ ငါးဆုပ်ဟင်း၊ ကန်စွန်းရွက်ကြော်၊ ပန်းဂေါ်ဖီကြော် နှင့် ငါးပိရည်ဖျော်၊ သခွားသီး၊ ခရမ်းပြုတ်သီး၊ ရှောက်ရွက်၊ ဘူး ညွန့်ပြုတ်တို့စရာအစုံနှင့်မို့ စားမြိန်ပါသည်။

ဆရာကြီးက ခေါင်းတညိတ်ညိတ်နှင့် စားကောင်းကြောင်း ထောက်ခံလေ၏။

"သမီးက ဘာဖြစ်လို့တစ်ခါတည်းဝင်မစားတာလဲ"

"ကျွန်မ, မဆာသေးလို့ပါဆရာကြီး"

"မသိပါဘူး. . . ရဲနှောင်ပါလို့ ရှက်ပြီးမစားတာလားလို့"

"ဟင်. . . မဟုတ်ပါဘူးဆရာကြီးရဲ့။ သူနဲ့ကျွန်မက သူ ငယ်ချင်းတွေပဲဟာ။ ဘာရှက်စရာရှိလို့လဲ"

သူက လက်ကိုဆပ်ပြာနှင့်ဆေးနေရင်းမှ ပြုံးလိုက်မိ၏။ ဧည့်ခန်းမှာပြန်ထိုင်တော့ ပန်းသီး၊ လိမ္မော်သီးနှင့် မာလကာသီးတို့ ခွဲစိပ်ထားပြီး ပန်းကန်ပြားထဲ သေသပ်စွာပြင်ထားသည့်အချိုပွဲနှင့်



www.burmeseclassic.com

www.burmeseclassic.com



ညှော်ခံပြန်၏။

"နေ့တိုင်း ဒီလိုမကျွေးပါနဲ့သမီးရယ်"

"အိမ်မှာ ဒီလိုပဲစားနေကျပါဆရာကြီးရဲ့၊ ဘာမှမဖြစ်ပါဘူး. . . သုံးဆောင်ပါရှင့်"

"ဩော်. . . သမီးရေ၊ အဲဒီဗီရိုပေါ်ကအထုပ်ကို အခန်းထဲယူသွားဦးနော်"

"ဘာထုပ်ကြီးလဲ အန်တီခိုင်ရဲ့"

"ဦးဇော်ရှိုင်း လာပို့သွားတာလေ"

"အာ. . . လုပ်ပြန်ပြီ။ အန်တီခိုင်က ဘာဖြစ်လို့ယူလိုက်တာလဲ။ ဒုက္ခပါပဲ"

"အန်တီလည်း ငြင်းတာပဲသမီးရဲ့. . . ဆောင်းတွင်းဝတ်ဖို့ အနွေးထည်လှလှလေးတွေဆိုပြီး အတင်းပေးသွားလို့ပါ။ သိ လည်းမငြင်းရဲဘူးသမီးရယ်။ ဒီမြို့မှာက သူလက်နဲ့ကင်းတာ ဘာ မှမရှိသလောက်ပဲ၊ အလိုက်သင့်လေးတွေပေါင်းပေါ့"

သူ မျက်ခုံးနှစ်ဖက်မြင့်တက်သွားရသည်။ စစ္စတာတို့ပြေ တုန်းက ဝိုင်းစနေသည်ပဲထင်ခဲ့တာ။ ခုတော့ တကယ်ဖြစ်နေပါ လား။ သူမမျက်နှာက ပြုတော့မည့်မိုးလို ညို့မှိုင်းမှိုင်းလေးဖြစ် ၏။





"အန်တီလေးကလည်းဗျာ. . . မ၊ ထမင်းစားပျက်ဦးမယ်။ ာက်မှပြောတာမဟုတ်ဘူး"

"အေး. . . အန်တီလေးလည်း မေ့သွားမှာစိုးလို့ပါဟယ်"

"အင်း. . . သူက မြို့ခံလူဆိုတော့လည်း ခက်သားလား။ းရုံကမီးစက်တွေ၊ ရေစက်တွေကိုလည်း သူပဲလှူထားတာလေ။ ျက်နှာတွေလည်းကြည့်ရသေးတယ်"

"ကျွန်တော်ကတော့ အတတ်နိုင်ဆုံး မိပိုကိုရှော ာချင် ာပဲ။ ဒီလူက နာမည်ခပ်ပျက်ပျက်မဟုတ်လား"

"သမီးကလည်း မိဘပေးစားတာကို ယူမှမယူပဲကိုး။ ခု ာ့ဒုက္ခဖြစ်တာပေါ့"

"ဟာ. . . လှလွန်းပို့ မင်းကို အန်တီတို့ဘယ်သူနဲ့မြန်းသေး "

"ကြည့်. . . စပ်စုပြန်ပြီ။ အဲဒါရှင့်အပူလား"

"ဟ. . . သူငယ်ချင်းတွေပဲဟာ၊ သိသင့်လို့ပေါ့"

သူမက မျက်စောင်းခဲပုံက်ပြီး နှုတ်ပိတ်နေသဖြင့် သူပိုစ ာသည်။

"ဘယ်သူလဲ. . . ညာဏ်ဝင်းနဲ့လား"

"သေပါလား. . . ဦးမြင့်မိုရ်ရဲ့သား အာကာမြင့်မိုရ်နဲ့ပေ



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဘောခွစ်သား အင်ဂျင်နီယာကိုတောင် ဖြင်းန
လား။ မင်းကော်တော်ညွှံ့သေးတာပဲ"

"ရှင့်ညီမနဲ့ပေးစားပါလား. . . လူကိုဘာမှတ်နေလဲ"

သူ့သဘောတကျရယ်လိုက်စဉ် bulldog ကြီးက သူမခြေ
ထောက်ကိုလာနမ်းလေ၏။

"ဂျက်. . . ဆာပြီနဲ့တူတယ်ဘို။ သွားကျွေးလိုက်ဦး"

"ဟုတ်ကဲ့. . . ကျွန်တော်တို့လည်းစားစို့လေ"

"စားချင်စိတ်လည်း မရှိတော့ပါဘူးဟယ်၊ စိတ်ညစ်လွန်း
လို့"

လေးလေးမတ်တတ်ထရပ်လိုက်တော့ သူပါထရပ်လိုက်
၏။ သူမက စေ့ထားသည့်အရှေ့တံခါးကို အသာဆွဲဖွင့်ပေးလိုက်
လေသည်။

"ပြန်လိုက်ဦးမယ် ဦးမြင့်ဇော်ရေ. . . ကျေးဇူးအများကြီး
တင်ပါတယ်ဗျာ"

"ရပါတယ်ဆရာကြီးရယ်. . . မလိုပါဘူး"

"Monday meeting ထိုင်ကြစို့သမီးရေ"

"ဟုတ်ကဲ့ပါဆရာကြီး"

သူမက သူတို့ကားပေါ်တက်သည်အထိလိုက်ပို့သဖြင့် ဓ





ဆောင်အောက်မှာ အသားလေး ပိုဝင်းဝါနေသည်ကို မြင်နေရသည်။
အေညာ်နဲ့အင်မတန်လိုက်ဖက်လှသည့်မိန်းကလေးပါလား လှလွန်း
ရှိရယ်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com







## အခန်း ( ၆ )

"ဒါဖြင့် ဘိုက second year ကျတာပေါ့"

"မပြောချင်တော့ပါဘူး ပိုပိုရယ်. . .။ သူပိုးနေတဲ့ကောင် ...သားက ငြင်းလိုက်တာကို အသည်းတွေကွဲပြီး လေသွားလို့ ဖြစ် ...တာပဲ။ အဲဒါ ဆက်မတက်ဘူးလုပ်နေလို့ အန်တီက ဒီကိုချော့ ...လိုက်တာ။ ကျောင်းတွေအပ်ချိန်ရောက်နေပြီ။ ခုထိမလှုပ်သေး ...

"ခက်တာပဲ. . . ဒီကလေးဟာ အသက်ငယ်တုန်းလေး စာ ...စားချင်ဘူး"

ဘိုက postman လာပေးသွားသည့်စာအိတ်လေး...



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။

"သို့ . . . ဒေါက်တာလှလွန်းပို၊ မှ . . . မောင်ဆိုပါလား။ ဟာ . . . ဒါ မ,ချစ်သူရဲ့စာပေါ့။ ဟင်းနော် . . . ဖောက်ဖတ်ချင်လာပြီ"

မျက်နှာမှုန်မှုန်ဖြင့် ဝင်လာသည့်ဘို့ကို သူမ,လှမ်းကြည့်လိုက်၏။ ဘို့လက်ထဲမှာက စာအိတ်ဖြူလေးတစ်လုံး။

"ဟယ် . . . ဘယ်ကစာလဲ"

"ရန်ကုန်က"

"ငါ့စာလား"

"မောင့်စာဗျ . . . မောင့်စာ"

သူမမျက်နှာပြုံးရွှင်သွားပြီး လက်ကမ်းပေးလိုက်တော့ ဘို့က စာအိတ်ကို လက်နောက်ပစ်၍ဝှက်လိုက်လေသည်။

"ဟဲ့ . . . စိတ်မပုတ်နဲ့လေ။ ပေး . . ."

"မ,ပေးဖတ်မယ်ဆိုမှပေးမယ်"

"ဖတ်စရာလား . . . သူများစာကို"

"ဒါဆိုမပေးဘူး"

"ဘယ်သူဆီကစာလဲ သမီးပို"

"မိမောင်ဆီကပါ ဦးဇော်ရယ်။ ဒီကောင်လေး လိုက်





နေတာပါ"

"ဘယ်ကမိမောင်လဲ"

"ငါ့ညီမဝမ်းကွဲဟေ့။ ကဲ . . . ပေး"

"တကယ်နော်"

"ဪ . . . ညာစရာလား။ ပေးပါဆို"

ဘို့က အဲဒီတော့မှပင် စာအိတ်ကိုကမ်းပေးလိုက်လေ၏။ သူမ,စာအိတ်ကိုယူလိုက်ပြီး ဘို့ကိုပြောလိုက်လေသည်။

"ဘို့ . . . စာမေးပွဲဆက်ဖြေဖို့ ညတိုင်းစာသင်ရမယ်။ ည ၉)နာရီကနေ (၁၁)ထိ။ ကြားလား . . ."

"ဟာ! မသင်ချင်ပါဘူး, ပျင်းစရာကြီး။ အိမ်မှာပွမ်လွန်းသို့ နားအေးပါးအေးလာအနားယူပါတယ်ဆိုမှ"

"အေးနေလို့ဖြစ်မလား . . . Assignment တွေတင်နေရပြီ။ ယောက်ျားလေးဖြစ်ပြီး အပျင်းကြီးမနေနဲ့။ အချိန်တန်အရွယ်ရောက်ရင် မိန်းမက ယူချင်ဦးမှာ။ ကိုယ်က ပညာမတတ်၊ စီးပွားဥစ္စာမရှာတတ်ရင် ဘာနဲ့လုပ်ကိုင်ကျွေးမှာလဲ။ စဉ်းစား . . ."

"သူဌေးသမီး ရှာယူမှာပေါ့ဗျ"

"ရမယ် . . . တစ်နေ့ ထမင်း (၁၀)ဘူးလောက်စားတဲ့ [illegible] နှင့်ပြန်ကြိုက်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"အာ. . . မ,နော်. . . မဦးမချွတ်"

သူမ ပြုံးလိုက်မိပြီး အခန်းထဲဝင်၍ ခုတင်ထက်လှဲချလိုက်ပါ၏။ စာအိတ်လေးကိုအသာဖြဲ၍ စာကိုဖွင့်ဖတ်လိုက်သည်။ မိမောင်၏လက်ရေးဝိုင်းဝိုင်းလေးများက အစီအရီ. . .

မ...

မ,မှာလိုက်တဲ့ဆေးတွေ အခုရောက်လောက်ပြီထင်ပါတယ်။ ရရင် ဖုန်းပြန်ဆက်ဦးနော်။ မ,အတွက် ဖုန်းဆက်ရတာခက်တယ်ဆိုလို့ စာရေးလိုက်တာ။ မောင်စာရေးပျင်းတာ မ,အသိဆုံးပဲ။ ဒယ်ဒီနဲ့မာမီလည်း နေကောင်းတယ်။ ဘဘနဲ့ ကြီးမေလည်း ကျန်းမာပါတယ်။ မကို သူတို့စိတ်နေကြတာပဲတဲ့။ ကိုအာကာက မ, ရှိတဲ့မြို့သစ်ကိုအလည်လာခဲ့မယ်လို့ပြောတယ်။ သူက မိဘပေးစားမှ မ,ကိုတွေ့ဖူးတာမဟုတ်ဘူးတဲ့။ မ, ဆေးကျောင်းတက်နေစဉ်ကတည်းက သူလာကြည့်ဖူးတယ်လို့ပြောတာပဲ။ ဖွဲ့ကတော့ မသေဘူးနော်။ မောင်လည်း Final ဖြေပြီးရင် မ,နောက်လိုက်ခဲ့မယ်။ မ,လုပ်တွေတဲ့မုန့်တွေဆို အရမ်းလွမ်းတာပဲသိလား။ လေးလေးနဲ့အန်တီကိုပါ သတိရတယ်လို့ပြောပေးပါ။ တွေ့မှပဲ စကားတွေတစ်ပုံကြီးပြောကြတာပေါ့နော်..

မရဲ့...

မိမောင်





"အမယ်လေးနော်. . . ဒီကလူကြီးကြောင့် စိတ်ရှုပ်နေပါတယ်ဆိုမှ ကိုအာကာကလည်းလာဦးမယ်တဲ့။ ကျွတ်. . . စိတ်နဲ့ငါနဲ့ညစ်လိုက်တာနော်"

သူမ စာအိတ်လေးကို အံဆွဲထဲထည့်သိမ်းလိုက်ပြီး ရေချိုးလိုက်၏။ ညနေ ရွှေတောင်ခေါက်ဆွဲလုပ်စားမှာမို့ ဈေးသွားဦးမှပဲ။ သနပ်ခါးလိမ်း၊ အဝတ်အစားလဲ၍ထွက်လာတော့ ဘိုက ရှိမနေချေ။

"အန်တီခိုင်. . . ဘိုရော"

"ဒီနားဆိုပြီး လိမ့်သွားတာပဲသမီးရဲ့။ ဘာလုပ်မလို့လဲ"

"ကြက်သားသွားဝယ်မလားလို့"

"အန်တီပဲ လိုက်ခဲ့မယ်လေ"

"ရပါတယ်, အန်တီခိုင် ပင်ပန်းပါတယ်. . . နားပါ။ ပိုပြည်းဖြည်းပဲလျှောက်သွားလိုက်မယ်"

"အေးအေး. . ."

သူမ ဈေးခြင်းတောင်းလေးဆွဲ၍ ထွက်လာခဲ့၏။ ကြက်ရှယ်တော်၊ အသားလတ်လတ်တစ်ရောင်ကို ချိန်ခိုင်းလိုက်သည်။ ကြက်သွန်မြိတ်နှင့် အခြားကုန်ခြောက်များဝယ်အပြီးမှာ ဈေးခြင်းပြည်းပြည့်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဈေးထဲမှထွက်ရန်ပြင်စဉ် ဈေးထိပ်မှာရပ်ထားသည့်ဂျစ်ကားကြောင့် သူမ ထိတ်ခနဲဖြစ်သွားမိ၏။

ဘုရားရေ. . . ဦးဇော်ရှိုင်းကားထင်ပါရဲ့။ ပြဿနာပါပဲ။

ဈေးနောက်ဘက်မှ တရှည်တလျားတွေ့ ထွက်လိုက်မှ ကားနှင့်ခပ်ဝေးဝေးရှေ့ကို ကြိုရောက်သွား၏။ သက်ပြင်းကို ခပ်ဖွဖွလေး တိတ်တခိုးချလိုက်ပြီး လမ်းမပေါ်ဖြတ်တက်လိုက်စဉ် ဆိုင်ကယ်တစ်စီးက ပွတ်မောင်းသွားလေသည်။

"အမယ်လေး"

အလန့်တကြားဖြင့် အနောက်ကိုပြန်အဆုတ် ခဲနင်း၍ လူက ပုံလျက်သားလဲကျလေ၏။

တော်တော်ရမ်းတဲ့ဆိုင်ကယ်ပါလား။

ဆိုင်ကယ်က ခပ်လှမ်းလှမ်းရောက်မှ ပြန်ကွေ့မောင်းလာလေသည်။

"ကြည့်စမ်း! ရဲနောင်၊ လမ်းပေ မှာ ခပ်ကြမ်းကြမ်းမောင်းရအောင် ရှင့်အဘပိုင်တဲ့လမ်းထင်နေလား"

"ကိုယ့်လမ်းကိုယ်သွားတာမမှားဘူး လှလွန်းပို. . . မင်းက လမ်းကို တောင်မကြည့်မြောက်မကြည့်ဖြတ်ကူးတာကိုး"

သူမ လဲနေရာမှထလိုက်စဉ် ဂျစ်ကားက နံဘေးသို့ ဝူးခနဲ





ရောက်လာလေ၏။ ဒုက္ခပါပဲ. . . မတွေ့ချင်လို့ရှောင်ပါတယ်ဆိုနေမှ သင်းကြောင့် လာတိုးရပြီ။

"ပို ဘာဖြစ်သွားလဲ"

"ဟင့်အင်း. . . ဘာမှမဖြစ်ပါဘူး"

"မင်းက ဆိုင်ကယ်မောင်းတာ တော်တော်ရမ်းလှချည်သားကွ"

"ဒါ. . . ကျွန်တော်ဖြေရှင်းရမယ့်ကိစ္စပါ။ ခင်ဗျားနဲ့မဆိုင်ပါဘူး"

"ဘာလို့မဆိုင်ရမှာလဲ၊ ပိုနဲ့ငါ အများကြီးသက်ဆိုင်တယ်"

သူမျက်ခုံးအစုံပင့်တက်သွားရသည်။ အင်း. . . လေးလေးပြောတဲ့ ဦးဇော်ရှိုင်းဆိုတာ ဒီငနဲကြီးထင်ပါရဲ့။

"ကျွန်မဘာမှမဖြစ်ပါဘူးဦးဇော်ရှိုင်းရယ်။ ပြဿနာမဖြစ်ချင်ပါနဲ့"

"ဒါဖြင့်လည်း သွားကြစို့လေပို။ လာ. . . ကိုယ်လိုက်ပို့ပေးမယ်။ တက်. . ."

"နေပါစေ. . . ကျွန်မ"

"ပိုကလည်းကွယ်. . . ခြေထောက်နာသွားလေယ် မဟုတ်ဘူး။ လမ်းလျှောက်ရတာ ပိုပင်ပန်းတယ်။ လာပါ. . ."



www.burmeseclassic.com

www.burmeseclassic.com



ဦးဇော်ရှိန်းက သူမဆွဲခြင်းတောင်းကို လှမ်းဆွဲလိုက်သဖြင့် သူမလက်ကိုပါ အုပ်ကိုင်ပြီးသားဖြစ်သွား၏။ သူမမျက်နှာ ရဲခနဲ ဖြစ်သွားပြီး လက်ကိုရုန်းလိုက်သော်လည်း မရတော့ချေ။

"သူ မလိုက်ချင်တာကို အတင်းဖွတ်ခေါ်လို့မကောင်းဘူး ထင်တယ် လူကြီးမင်းရဲ့"

"ဒါ ငါ့ကိစ္စပါ"

"ရဲနောင်"

"ကိုယ့်ဆိုင်ကယ်နဲ့ပဲလိုက်ခဲ့ပါ လှလွန်းပို့. . . အန်တီမျှော် နေလောက်ပြီ"

"ပို့. . . ကိုယ်နဲ့ပဲလိုက်မှာမဟုတ်လား"

သူ့ ဆိုင်ကယ်ကိုဒေါက်ထောက်၍ဆင်းလိုက်ပြီး သူမအနီး သို့လျှောက်လာ၏။ မြင့်မားလွန်းသည့်သူ့အရပ်က ဦးဇော်ရှိန်း ထက်တောင် သာနေပါရောလား။

"လှလွန်းပို့နဲ့ ကျွန်တော်နဲ့က ငယ်သူငယ်ချင်းတွေပါ။ မှခင်မင်ဖို့ကြိုးစားတဲ့သူမဟုတ်ဘူး။ ဒီတော့ သူ့ ဘယ်သူနဲ့လိုက် မလဲဆိုတာကိုတွေးတတ်တယ်"

"မင်း. . ."

"ကျွန်မ. . . ရဲနောင်နဲ့ပဲလိုက်သွားပါရစေ ဦးဇော်ရှိန်း





နောက်ဖြန် Meeting ကိစ္စလည်း တိုင်ပင်စရာရှိလို့ပါ"

ဦးဇော်ရှိန်း သူမလက်ကိုလွှတ်ပေးလိုက်၏။ မျက်လုံးများ က သူ့ကိုစူးစိုက်ကြည့်နေလျက်သား။

သူက နှုတ်ခမ်းတွန့်ရုံပြုံးလိုက်ပြီး ဆိုင်ကယ်ကိုဒေါက်ဖြုတ် ၍ စက်နှိုးလိုက်ပါသည်။

"လှလွန်းပို့. . . ကိုယ့်ပခုံးကိုကိုင်တာ ပိုအဆင်ပြေမယ် ထင်တယ်"

"ကိုင်ချင်ဘူး"

"ဒီလူကြီးထပ်နှောင့်ယှက်ရင် ကိုယ်, မိုင်ကုန်တင်မှာနော်"

"ကျွတ်! "

သူမဘာမှထပ်မပြောတော့ဘဲ ဈေးခြင်းကို ပေါင်ပေါ်တင် ၍ လက်တစ်ဖက်ကထိန်းပြီး ညာလက်ကို သူ့ပခုံးပေါ်ဖွဖွသာတင် လိုက်စဉ် ဆိုင်ကယ်က ဝူးခနဲမောင်းထွက်လေပြီ။

အိမ်ကိုပြန်ရောက်တော့ ဘိုက သူမတို့နှစ်ဦးကို ပြူးကြည့် ကြည့်လေ၏။

"ဟယ်. . . ဘယ်လိုဖြစ်လာတာလဲပိုပို"

"ချော်လဲတာအန်တီခိုင်။ ကျွတ်ကျွတ်. . . နာလိုက်တာ"

"ခြေဆစ်လည်သွားတယ်နဲ့တူတယ်လှလွန်းပို့. . .



www.burmeseclassic.com

www.burmeseclassic.com



ဆေးလူးပေးမယ်"

"နေပါစေ. . . ရတယ်"

"ဟ. . . လေသံက မာလှချည်လား။ ဘာလဲ. . . ဂျစ်ကား နဲ့ လိုက်ရလို့လား။ ဟိုက ပွေ့ချီမတတ်ပြင်နေလို့လည်း ခေါ်ခဲ့ရ သေးတယ်။ သူကပဲ မကျေမနပ်"

"ဒါ. . . ရှင့်ကြောင့်ပဲဖြစ်တာလေ။ ကျွန်မဟာကျွန်မ သူ မမြင်အောင်ရှောင်နိုင်ရဲ့သားနဲ့ ရှင်လုပ်လို့ပြဿနာမဖြစ်တာ ကံ ကောင်း"

"ဘာဖြစ်လဲ. . . ဒီလူကြီးလောက်များ ဂရုစိုက်စရာလား"

"ဩော်. . . ကောင်းမလားရှင့်။ နဂိုကမှ သူနဲ့ပတ်သက် ပြီး ကျွန်မနာမည်ထွက်နေတာ။ တော်ကြာ ဒီ့ထက်ပိုဆိုးသွားမှာ ပေါ့"

အန်တီခိုင်က ဆေးသေတ္တာယူလာပြီး မျက်လုံးပြူးသွား လေ၏။

ဘိုက ညှော်ခန်းခပ်လှမ်းလှမ်းရှိ ခုံမှာဝင်ထိုင်လိုက်သည်။

"ဦးဇော်ရှိန်းနဲ့တွေ့ခဲ့လို့လား"

"အင်း"

"သူနဲ့တော့ ပြဿနာမဖြစ်အောင်ရှောင်ပါ မောင်ရဲ့ရယ်





ကောင်းပါဘူး"

"သူ့ကိုက ပြဿနာရှာချင်တာပါ အန်တီရယ်။ အန်တီတို့ ပြောတုန်းက ဒီလောက်အထိ ကျွန်တော်ယင်ကိုမထင်ထားတာ။ လူကြီးရဲ့မျက်လုံးတွေက လှလွန်းပိုကိုဝါးစားတော့မလိုပဲ"

"အဲဒါကြောင့် သူ့ကို ကြောင်ဖားကြီးလို့ ကျွန်တော်ခေါ် ဘာပေါ့အစ်ကိုရ"

"အေး. . . ညီပေးထားတဲ့နာမည်နဲ့အံကိုက်ပဲ"

သူတို့နှစ်ဦးသား ရယ်မောလိုက်ကြစဉ် သူမက ခုံမှာထိုင် ၍ ခြေထောက်ကိုငုံ့ကြည့်လိုက်သည်။ တော်တော်ရောင်လာတာ . . .။

"ကဲပါ လှလွန်းပိုရယ်. . . ကိုယ့်ကြောင့်ဖြစ်ရတာ ကိုယ့် တာဝန်ပိုရှိပါတယ်။ ကိုယ်လုပ်ပေးမယ်"

"ဩော်. . . နေပါစေဆိုမှပဲ"

"ဘာလဲ. . . ဇနဲ့ကြီးမှာစိုးလို့လား၊ သူငယ်ချင်းတွေပဲဟာ။ ဒီတော့. . . မင်းပဲ သူများတွေကိုဆေးကုပေးနေရတာ။ ဒီတစ်ခါ နာပြန်လုပ်အလှည့်ပေါ့။ ငြိမ်ငြိမ်နေ"

သူက ပြောပြောဆိုဆို ခြေထောက်ကိုအသာစမ်းလိုက်ပြီး တစ်ခနဲဆွဲလှည့်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အား . . . သေပါပြီ"

"ဘာဖြစ်သွားသေးလဲပို။ လာ . . . ကိုယ်, ကားပေါ် ချီတင်ပေးမယ်။ သိလား . . ."

သူက ခေါ်းလှုပြီး ပတ်တီးစည်းနေရာမှ ဦးဇော်ရှိုင်းလေသံဖြင့် ထဖောက်လိုက်သဖြင့် သူမ, သူ့လက်မောင်းကို ဖြန်းခနဲရိုက်လိုက်၏။

"ကဲ . . . စ,စရာလား"

"ဟင်းဟင်း . . . တော်ကြာ ညအိပ်မက်ထဲမှာ သူ့မျက်လုံးပြူးကြီးကို အကြွင်နာကြည့်လေးအဖြစ် ပြန်မြင်နေဦးမယ်"

"သေလိုက် . . . လဲပြီးသေလိုက်၊ ဟင်း . . ."

အန်တီခိုင်က ဈေးခြင်းတောင်းကို နောက်ဖေးသို့ယူသွားရာမှ လှည့်ပြောလိုက်သည်။

"ကြက်သားပြုတ်မယ်မဟုတ်လားပိုပို"

"ဟုတ်ကဲ့အန်တီခိုင်၊ ချင်းနည်းနည်းနဲ့ စပါးလင်ထုပြီးထည့်ပါနော်။ ညီနဲ့ပျောက်အောင်လို့"

"အေးအေး . . ."

သူက ရေချိုးခန်းထဲမှာ လက်ဆေးပြီး ပြန်ထွက်လာကာ မီးဖိုခန်းဝမှာရပ်၍ အန်တီ့ကိုလှမ်းပြောလိုက်ပါသည်။





"လုလွန်းပိုကိုယ်စား ကျွန်တော်ဝိုင်းကူလုပ်ပေးမယ်လေ အန်တီ"

"နေပါစေမောင်ရဲရယ် . . . အန်တီလုပ်တတ်ပါတယ်။ သူ့တော်ကပဲပြောပါစေ . . . ဘို့ကိုပဲကူလုပ်ခိုင်းမှာပေါ့။ ဟိုကောင်လေးသာခဲ့၊ အစားဆိုထိပ် . . . အလုပ်ဆိုဘိတ် . . . ရေသာခိုလေး"

ဘိုက မျက်နှာကိုရှုံ့တွလိုက်ပြီး မီးဖိုခန်းထဲဝင်သွားလေ၏။ သူ, အိမ်ရှေ့ပြန်ထွက်လာပြီး စားပွဲပေါ်ရှိ မဂ္ဂဇင်းစာအုပ်ကိုဆွဲယူလိုက်စဉ် စာအိတ်တစ်အိတ်က ဒေါက်ခနဲကျလာလေသည်။

"ဟော"

"ဟယ် . . . အဲဒီစာ ဘယ်လိုလုပ်ပြီးဒီထဲရောက်နေတာလဲ။ ဒီသူမတ်တာပဲနေမယ် . . . ပေးပေး"

"မောင်ဆိုပါလား . . . ကိုယ့်သူငယ်ချင်းက တယ်ဟုတ်နေပါလား"

"ကျွန်မ Cousin ရဲ့စာပါ"

"မယုံဘူးနော်"

"ပေးပါရဲနော်ရယ် . . . ရှင်နဲ့မဆိုင်တာမရှုပ်နဲ့"

"အဲဒီလိုတားလေ ပိုစိတ်ဝင်စားလေပဲ။ ကဲ . . . ကိုယ်ယူသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . . ရဲနောင်"

သူက တကယ်ပဲ စာအိတ်ကို အကျီအိတ်ကပ်ထဲထည့်ယူ၍ ဆိုင်ကယ်ပေါ်တက်မောင်းသွားတော့သည်။

❦ ❦ ❦



## အခန်း ( ၇ )

"ဟင်. . . ဒါဘယ်သူရေးသွားတာလဲ"

"ဒေါက်တာလေ ပိုပိုရဲ့. . . စနေနေ့ကတည်းက ရေးသွား တာ"

"ကြည့်စမ်း. . . နေရာတကာသိပ်ပါတာပဲ။ အမြင်ကပ်ဖို့ ကောင်းလိုက်တာ"

"ဒေါက်တာက ပျော်ပျော်နေတတ်တာပါပိုပိုရယ်"

"မမှုလည်းနော်. . . မရိုးတော့ဘူးထင်ပါရဲ့။ သူ့ရှေ့က ဆီးကာဆီးနဲ့"

"ဟယ်. . . တိုးတိုး! ကြားသွားမှဒုက္ခ"



www.burmeseclassic.com

www.burmeseclassic.com



"ရောက်နေပြီလား"

"အင်း"

"တွေ့မယ်"

သူမ, တစ်ဖက်ခန်းသို့ထွက်လာတော့ သူနှင့်ဆရာဝန်ကြီး က စာရွက်တွေနှင့်အလုပ်ရှုပ်နေလေ၏။

"သမီးလာလေ. . . ဘာပြောချင်လို့လဲ"

"သူနဲ့ပြောမလို့ပါဆရာကြီး"

ဒေါက်တာညိုဝင်းနောင်၏မျက်နှာမှာ အမိပ္ပာယ်ပါသည့် အပြုံးတစ်ခုဖြစ်သွားသဖြင့် သူမရဲ့မျက်နှာ ပန်းရောင်သွေးသွား ၏။

"လာပြောလေ. လုလွန်းပို"

"ဟင့်အင်း. . . နောက်မှ"

"ဘာလဲ. . . လေးလေးကြားမှာစိုးလို့လား"

"ရှင်နော်. . . ပေါက်ကရတွေလျှောက်ပြောမနေနဲ့။ တော ကြာ ဆရာကြီးပါ တစ်မျိုးထင်နေမယ်"

"မင်းလုပ်ပုံက ဒီလိုပဲထင်စရာဖြစ်နေတာကိုး"

ဆရာဝန်ကြီးက ထိန်းထားသည့်ကြားမှ ဟက်ခနဲရယ် လိုက်လေ၏။





သူမ သူ့ကိုမျက်စောင်းခဲလိုက်တော့ သူက ခပ်ပြုံးပြုံးပင်။

"ဟင်းဟင်း. . . သမီးရေ. . . ညနေငါးနာရီ Meeting ရှိ ယ်လို့ အားလုံးကိုပြောလိုက်ပါ"

"ဟုတ်ကဲ့"

သူမထွက်သွားတော့ သူက စာရွက်တွေကို သေချာထပ် းလိုက်ပြီး အနောက်မှလိုက်လာခဲ့သည်။ ပုစွန်ဆီရောင်ပေါ်မှာ ရွက်စိမ်းလေးတွေကျဲထားသည့်ဝတ်စုံလေးနှင့် နုပျိုနေသည့်သူမ အခန်းဝမှာ ခဏရပ်ကြည့်နေပြီးဝင်လာခဲ့၏။ သူမ,စာင့်ရေးနေ ည့် စားပွဲပေါ်လက်ထောက်၍ အသံပေးလိုက်သည်။

"ကဲ. . . ပြော"

သူမက ဖျတ်ခနဲမော့ကြည့်လိုက်ပြီး အံဆွဲထဲဖြုတ်သိမ်း းသည့်စာရွက်ကိုထုတ်ပြလိုက်သည်။

"ဘာလဲ. . . ဩော်. . . အဲဒါဘာဖြစ်လို့လဲ"

"ရှင်. . . ကျွန်မကိုအနှောင့်အယှက်မပေးရရင် မနေနိုင် း ရဲနောင်။ ကျောင်းတက်တုန်းကတော့ ထားပါတော့၊ အခု န်းခွင်ဝင်နေပြီ။ ကိုယ့်ဂုဏ်ငြွေနဲ့ကိုယ်နေပါလား။ ဒီမှာဆရာ ့, Nurse တွေရှိတယ်။ အထူးသဖြင့်. . . ဆရာကြီးကိုတော့ ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့ ခပ်တိုးတိုးရယ်လိုက်ပြီး စားပွဲပေါ် တင်ပါးလွှဲထိုင်လိုက်စဉ် သူမက စာရွက်ကိုဖြိုခနဲဖြဲလိုက်လေ၏။

"ခက်တာပဲ လှလွန်းပို၊ ကိုယ်က မင်းကိုစတွေ့မိကတည်းက အရမ်းကိုစချင်တာ။ မင်းဒေါသတွေထွက်လာတဲ့မျက်နှာလေးက တော်တော်ကြည့်ကောင်းတယ်သိလား။ မင်းကိုစပြီးရင် ဘော်ဒါ[illegible]တွေနဲ့ပြောပြောပြီး ကြည်နူးရတာအမှန်ပဲ။ မင်းမျက်နှာက အရမ်းကိုတည်လွန်းတော့ လူတိုင်းက စိတ်ဝင်စားမှုရှိတယ်။ မင်းပြုံးတာကို ရှားရှားပါးပါး ကိုယ်တစ်ခါပဲမြင်ဖူးတယ်လှလွန်းပို။ အဲဒီနေ့[illegible]က မင်း, ဖက်ဖူးရောင်ဝမ်းဆက်လေး ဝတ်လာတဲ့နေ့ပဲ"

"ကျွတ် . . . မဆိုင်တာတွေ လျှောက်ပြောမနေနဲ့ ရဲနောင်[illegible]တဲ့ . . . မနေ့က ကျွန်မညီမရဲ့စာရော"

"ကိုယ် မပေးတော့ဘူးလေ။ တော်ကြာ မင်းစိတ်ကူးတွေ[illegible]ကျိတ်ယဉ်နေရင် ဘယ့်နှယ့်လုပ်မလဲ။ မဟုတ်ဘူးလား"

"ရှင် တဆိတ်လွန်လွန်းနေပြီ။ ဒါ ကျွန်မ personal [illegible]ပါ . . ."

"မင်း . . . သူ့ကိုစိတ်ဝင်စားလို့လား လှလွန်းပို"

သူမ, သူ့ကိုဘာမှပြန်မပြောတော့ဘဲ ရန်ရှောင်လိုက်[illegible]အကောင်းဆုံးမို့ နားကျပ်ကိုယူ၍ ထရပ်လိုက်၏။





"မပို . . . ဆရာကြီးက ဖုန်းလာနေတယ်တဲ့"

"ဟုတ်လား . . . ကျေးဇူးပါပဲမွေးရယ်"

သူမ, အခန်းထဲမှ ခပ်သွက်သွက်ထွက်လာခဲ့ပြီး ဆရာဝန်ကြီးရုံးခန်းထဲသို့ဝင်လာခဲ့သည်။

"ဟဲလို"

"ပိုလား . . . ကိုယ်ပါ, အာကာမြင့်မိုရ်"

"ဟင် . . . ရှင်ဘာကိစ္စနဲ့ဆက်တာလဲ"

"ကိစ္စရှိမှဆက်ရမှာလားကွာ။ ကိုယ်နဲ့ပိုရဲ့ဆက်နွယ်မှုကို [illegible]သားရဲ့သားနဲ့။ ဘာလို့စိမ်းသက်တဲ့စကားတွေ ပြောနေရတာလဲ"

"ဒါအလုပ်ချိန်ကြီးနော် ကိုအာကာ။ ကျွန်မ operation [illegible]စရာရှိတယ်"

"ကိုယ်နားလည်ပါတယ်ပို။ မိမိကျောင်းပိတ်ရင် ကိုယ့်ပို[illegible]တဲ့မြို့သစ်ကိုအလည်လာပါရစေ။ ပို့ကို ကိုယ်အရမ်းလွမ်းနေ[illegible]အမှန်ပဲ။ ပိုက နေနိုင်ရက်တယ်ကွာ"

သေလိုက်ချင်တာနော် . . . ဘယ်လိုဖြစ်ပြီး ဒီကိစ္စတွေက[illegible]သိ ပြုကျနေတာလဲ။ လူက နဂိုကတည်းက ခပ်အေးအေးသာ[illegible]တ်ခဲ့တာ။ အခုလို စိတ်ရှုပ်စရာတွေ ဘာတစ်ခုမှ ရှိခဲ့ဖူးတာ[illegible]တ်။



www.burmeseclassic.com

"ပို"

သူမ ပြန်မထူးဘဲ ငိုင်နေမိစဉ် လက်ထဲမှဖုန်းကို သူက ရုတ်တရက်ယူ၍ ပြောလိုက်ပါသည်။

"ဒေါက်တာလှလွန်းပို Operation Theatre-ထဲရောက်နေပါပြီခင်ဗျာ"

တစ်ဖက်မှဖုန်း ဂလောက်ခနဲချသွားမှ သူ, ဖုန်းကိုပြန်ချလိုက်၏။ သူမ, ရပ်နေရာမှ လှည့်ထွက်လိုက်စဉ် သူက သူမလက်တစ်ဖက်ကိုလှမ်းဆွဲထားလိုက်လေသည်။

"ရဲနောင်. . . ရှင်"

"ကိုယ်. . . စာပြန်ပေးမလို့ပါ လှလွန်းပို။ စိတ်မဆိုးပါနဲ့ရော့"

လက်ထဲထည့်ပေးလိုက်သည့်စာအိတ်လေးကို duty coat အိတ်ကပ်ထဲထည့်လိုက်ပြီး လှည့်ထွက်လာခဲ့သည်။ စိတ်ရှုပ်ထွေးမှုကြောင့် သူမမျက်မှောင်ကိုကြုတ်ထားမိသဖြင့် လူနာတွေက သူမကို အပိုစကားမပြောရဲဘဲ မျက်နှာငယ်လေးတွေနှင့်မော့ကြည့်နေပေ၏။

"ဆေးကခါးတယ်. . . အန်တီဒေါက်တာရဲ့"

"ခါးပေမယ့် ဆေးသောက်မှ သမီးရောဂါပျောက်မှာပေါ့





ပါမှကျောင်းပြန်တက်နိုင်မှာလေ။ နောက်ကို ယင်နားစာတွေ မစားရဘူးနော်။ အသုပ်စားချင်ရင်. . . အိမ်မှာ မေမေ့ကိုလုပ်ကျွေးခိုင်း။ အချဉ်ရည်အတွက် မန်ကျည်းမှည့်ကိုရေနွေးနဲ့ဖျော်. . . ကြားလား"

"ဟုတ်ကဲ့"

ကလေးက သူမမျက်နှာကိုကြည့်ပြီး ခေါင်းညိတ်ပြလိုက်သဖြင့် စိတ်ထဲမှာ တစ်မျိုးလေးဖြစ်သွားသည်။ ခါတိုင်းရက်တွေက ဒီကလေးမလေးရဲ့မျက်နှာက ဒီလိုမှမဟုတ်တာဘဲ။

"ဆရာဝန်တစ်ဦးရဲ့မျက်နှာဟာ. . . ဆေးမကုသသေးခင် လူနာရဲ့ရောဂါတစ်ဝက်ကို သက်သာအောင်ပြုလုပ်နိုင်စွမ်းရှိရသယ်"

"ကိုယ့်လူနာ ကိုယ်ကုပါလား"

"ကိုယ်က Operation ဝင်ရမှာလေ လှလွန်းပိုရဲ့။ မင်းသာလည်းညာတတ်နေပြီနော်"

"မှသားမပါ လက်ာမချောတဲ့။ ရှင်ကြားဖူးတယ် မဟုတ်လား"

"ဟင်းဟင်း. . . အရှောင်အတိမ်း ဂျက်ဆီဂျိန်းက နိုဝင်ဘာမှာ ရှောင်လို့ရမယ်များထင်နေလား"

"ရဲနောင်. . . ရှင် နေရာတကာသိပ်ပါတာပဲနော်"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လို့လား လှလွန်းပိုရဲ့။ ကိုယ့်အထင်တော့ မင်းနဲ့ပတ်သက်ပြီးမှ ပါတာလို့ထင်တာပဲ"

မွှေးက တိတ်တိတ်လေးခိုးရယ်နေလေပြီ။ သူမ ... စောင်းထိုးလိုက်ပြီး ခုတင်တစ်ခုမှတစ်ခုဆီကို့ လူနာ...ကို ... ဆေးကြည့်ရှုပေးနေ၏။ သူက နောက်မှတကောက်ကော...ပါလာလေသည်။

"ကျွတ်! ဘယ်လိုဖြစ်နေတာလဲ"

"မင်းက မျက်နှာကြီးပုပ်ထားတော့ patient တွေရဲ့မျက်နှာဆီးရွက်လောက်ပဲရှိတော့တယ်လှလွန်းပို။ မင်းမျက်နှာကြည်အောင် ကိုယ်ဘာလုပ်ပေးရင်ကောင်းမလဲလို့ စဉ်းစားနေတာပါ"

"ကိုယ်ခွဲရမယ့်လူနာရဲ့ရောဂါကိုတော့ မစဉ်းစားဘဲနဲ့"

"ကိုယ် Drip သွင်းထားပြီးမှလာတာပါ လှလွန်းပိုရဲ့။ ... မှာ Nurse အဆင်သင့်စောင့်နေပြီးသား။ ပူစရာမလိုပါဘူး"

"Best Harte ရဲ့ စကားဘစ်ခွန်းကြားဖူးလား ရဲနောင်... Slow to argue, but quick to act... (ငြင်းခုံရန်နှေး၍ လုပ်ဆောင်ရန်မြန်ပါ) တဲ့"

"ဟင်းဟင်း . . . ကိုယ်က Charles Baudclaire ရဲ့ ဆောင်ပုဒ်ကို လက်ကိုင်ထားတာလေ လှလွန်းပိုရဲ့။ A multitu...





...of small delights constitute happiness. (စိတ်ကြည်နူး...ကလေးများသည် ပျော်ရွှင်ချမ်းမြေ့မှုကိုဖြစ်စေပါစေသည်) တဲ့လေ"

"ဩော်. . . ဒါဖြင့် ရှင်က ကျွန်မကိုအပျော်လို့သဘော...ထားနေတာပေါ့လေ"

Corridor မှာရပ်၍ ရန်တွေ့လိုက်သည့်သူမမျက်နှာကို သူ...စိတ်ကြည့်၍ပြုံးလိုက်မိ၏။

"No, no မင်းလိုမိန်းကလေးမျိုးကို ဘယ်သူက အတည်...သဘောမထားတာရှိလို့လဲ။ အဲဒီအထဲမှာ ကိုယ်ကထိပ်ဆုံးက"

"ရဲနောင်"

သူ, ဟက်ခနဲရယ်၍ Theatre ထဲဝင်ရန် ဝတ်စုံလဲခန်းထဲ...ဝင်သိုက်တော့သည်။

သူမ ဒေါသတွေထွက်လျက် ကျန်ရစ်ခဲ့ရ၏။ ကြည့်စမ်း! ...မင်းဟာ ဆရာကြီး ပ,စားပေးတာနဲ့ ရောင့်တက်လာပြန်ပါရော...လား

ညနေ Meeting ထိုင်တော့ plan ဆွဲထားသည့်စာရွက်တွေ...ပြီးမှာ သူမမျက်လုံးပြူးသွားရသည်။ ဗုဒ္ဓေါ. . . သူမ,သွား...ချက်တွေတိုင်းမှာ သူ့အမည်က အမြဲပါနေပါရောလား။

"ကဲ. . . အားလုံးစိတ်ကြိုက်ဖြစ်မယ်ထင်ပါတယ်။ ဆရာ...



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တာက ကျန်းမာရေးနဲ့ပတ်သက်ပြီး ရွာသူရွာသားတွေ ဗဟု သုတမနည်းအောင် စီမံပေးချင်တာပါ။ သင်တန်းဖွင့်ဖို့ကို ဒီအထိ သူတို့လာဖို့မလွယ်ဘူး။ ဒီတော့ အနီးဆုံးရွာမှာ သင်တန်းသွားပေး ကြရမှာပဲ။ အဲဒီတော့ နေ့တိုင်းမသွားနိုင်လို့ အလှည့်ကျသွားတဲ့ အခါ တစ်ယောက်နဲ့တစ်ယောက် ရင်းရင်းနှီးနှီးနဲ့အချိတ်အဆက်မိ ပါစေ။ ဟုတ်ပြီလား"

"သွားတာက ဖြစ်ပါတယ်ဆရာကြီး . . . မှုတို့သွားရတဲ့နေ့ တွေမှာ ကားဘယ်သူမောင်းပို့မှာလဲ"

"အဲဒါ ဦးဇော်ရှိုင်းစီစဉ်ပေးလိမ့်မယ်။ ဒီကိစ္စကိုလည်း သူ ပဲ အဆင်ပြေအောင်လုပ်ပေးတာ"

သူမနှာခေါင်းလေးရှုံ့သွားတော့ စစ္စတာက သူမ၏လက် ဖမိုးလေးကို ဖတ်ခနဲရိုက်လိုက်လေသည်။ ဒီလူကြီး ပါလာပြန်ပါပြီ။

"အဓိက,က သားဖွားသင်တန်း၊ မြွေဆိပ်ဖြေနည်းသင် တန်း၊ ဝမ်းရောဂါနဲ့ ငှက်ဖျားရောဂါကာကွယ်ဖို့ သင်တန်းတွေပဲ အစီအစဉ်တကျလုပ်ပါ"

အစည်းအဝေးပြီးတော့ သူမ,ပြန်ချိန်က (၇)နာရီကျော် နေလေပြီ။ ဘိုကိုနောက်ကျမည်လို့သာ ကြိုပြောထားသဖြင့် အချိန် အတိအကျသိမည်မဟုတ်။





သူမ ခြင်းတောင်းလေးယူ၍ ဆေးရုံမှထွက်လာစဉ် နောက် လိုက်လာသည့်ခြေသံတဖျပ်ဖျပ်ကို ကြားလိုက်ရသည်။

"လှလွန်းပို . . . မင်းတစ်ယောက်တည်း ပြန်လို့မဖြစ်ဘူး နော်"

"ကျွန်မမှာ အမေမွေးကတည်းက ခြေနှစ်ချောင်းပါလာပြီး သား။ ကိုယ့်ဟာကိုယ်လမ်းလျှောက်ပြန်လို့ရတယ်။ ရှင်နေရာတကာ ဝင်ပါမနေနဲ့"

"သူငယ်ချင်းသံယောဇဉ်နဲ့ပဲဖြစ်ဖြစ်၊ ဘယ်လိုနည်းနဲ့ပဲဖြစ် ဖြစ် ကိုယ်ပူပန်ခွင့်ရှိပါတယ်လှလွန်းပို"

"ဒီမှာရဲနောင် . . . ကျွန်မနဲ့ပတ်သက်လာရင် ရှင့်အတွက် အန္တရာယ်ရှိတာကို ရှင်မမေ့နဲ့။ တော်ကြာ ထိပ်ပေါက်ခေါင်းကွဲဖြစ် နေမှ သနားမယ့်သူမရှိဘဲဖြစ်နေမှာ"

"ရော် . . . ကိုယ်က ကိုယ့်ကိုစိုးရိမ်ပေးမယ့်သူ တစ်ယောက် မရှိဘူးလို့ထင်ထားတာ။ အခုလိုစိုးရိမ်ပေးတဲ့အတွက် ကျေးဇူးပါ လှလွန်းပို"

"ရှင်နော် . . . ဒီလောက်ပြောနေတာတောင်မှ"

"ကိုယ်က စေတနာနဲ့ပြောနေတာပါလှလွန်းပိုရဲ့။ ခုနကပဲ ဘိုစောင့်ကောင်လေး ပြောသွားတယ်။ လမ်းဆုံမှာ ဦးဇော်ရှိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကားရပ်ပြီးစောင့်နေတယ်တဲ့"

သူမခြေလှမ်းလေး ရပ်သွားရသည်။

ဒုက္ခပါပဲ၊ ဒီလူကြီးနဲ့တော့ မဆုံချင်ပါဘူးဆိုနေမှ။

ကျွတ် . . . ခက်လိုက်တာနော်။

"ကဲ . . . ဘယ်လိုလဲ"

"လိုက်ပို့ရှင် . . . လိုက်ပို့"

သူမ ဆောင့်ဆောင့်အောင့်အောင့်လေး ပြောလိုက်မိတာ ကိုတောင် စိတ်မခုအဲ တီးတိုးရယ်နေသည့်သူ့ကို မျက်စောင်းခဲ လိုက်မိပြီး သူ့ဆိုင်ကယ်ပေါ် တက်ထိုင်လိုက်ရသည်။ ငူးခနဲမောင်း ထွက်လိုက်သည်မို့ သူမ လန့်ဖျပ်ပြီး သူ့ပခုံးကိုကိုင်လိုက်စဉ် သူ့ထံ မှ ရယ်သံသဲ့သဲ့ကိုကြားလိုက်ရ၏။

ဆိုင်ကယ်က လမ်းဆုံကိုဖြတ်စဉ် ဘာဂျစ်ကားမှ မတွေ့ တာမို့ သူ လူလည်ကျပြီမှန်းရိပ်မိသဖြင့် သူမ သူ့ခါးကို ဆွဲဆိတ် လိုက်စဉ် ဆိုင်ကယ်က အနည်းငယ်ယိမ်းသွားရ၏။

"အား . . . သေတော့မှာပဲ၊ ဘယ်လိုလုပ်လိုက်တာလဲ လ လွန်းပို။ မင်း, ပိုင်စိုးပိုင်နင်းလုပ်တာ အရေးမကြီးဘူး။ ကိုယ်, မိန်း မရသေးဘဲ မသေချင်သေးဘူးနော်"

"အံမာ! ဘာပိုင်စိုးပိုင်နင်းလဲ၊ ရှင်ပြောတော့ လမ်းဆုံမှာ





သူ့ကားရှိတယ်ဆို၊ ဘယ်မှာလဲသူ့ကား . . . လူကိုညာပြောပြီးတော့ များ . . ."

"ဟ . . . သတင်းက ခိုင်လုံပြီးသားပါကွ။ တော်ကြာ မင်း အိမ်မှာရောက်နေရင် ဘယ့်နှယ့်လုပ်မလဲ"

"ဧည့်ခံလိုက်ရုံပေါ့"

"တကယ်လား"

သူမအသံတိတ်သွားသဖြင့် သူကျိတ်ပြုံးလိုက်မိသည်။ ဒီ ကြီးကိုတော့ သူမ,လန့်နေမှန်းသိသည်မို့ သူမကို စ,ရတာ သူတစ် း(သ)နေခြင်းပင်။

ဩော် . . . လှလွန်းပို . . . လှလွန်းပို။ ပိုးပန်းစကားပြော ဘယ်ယောက်ျားမဆို ကန်တော့ဆွမ်းလောင်းခဲ့သမျှ အခုတော့ ကောင်းကောင်းကြုံနေရပါလားလေ။

ခြံထဲကွေ့ဝင်လိုက်စဉ် တကယ်ပဲ ဦးဇော်ရှိန်းကားရောက် သည်မို့ သူမမျက်နှာငယ်လေးဖြစ်သွား၏။ သူက ဒက်ကိုမရပ် ဆိုင်ကယ်ကိုကွေ့လိုက်စဉ် သူမထံမှအသံလေးထွက်လာသည်။

"ရဲနောင်"

"ပြော"

"ထမင်းစားမှာမဟုတ်လား . . . မပြန်နဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ကိုယ်မှရေမချိုးရသေးတာ"

"ဒီမှာပဲချိုး"

"အဝတ်အစားမှအပိုမပါလာတာ လှလွန်းပိုရဲ့"

"ဦးဇော်အဝတ်တစ်စုံ ယူဝတ်ပေါ့"

"အိမ်မှာ တစ်ခါတည်းအိပ်နိုင်းတော့မှာလား"

သူမထံမှ လှပသည့်မျက်စောင်းတစ်ပွင့်ရလိုက်သဖြင့် သူ သဘောတကျရယ်လိုက်မိသည်။ အဲဒါလေးတွေကိုက သူမမှာတစ် မျိုးလေးဆွဲဆောင်မှုရှိနေတာလေ။

"ဦးဇော်ရှိုင်းကို အဲဒီလိုမျက်စောင်းသွားမထိုးလိုက်နဲ့နော် ဟိုလူကြီး တစ်ခါတည်းပစ်ကျသွားလိမ့်မယ်"

"ဟွန်း! ထိုးစရာလား။ ကဲ. . . အိမ်ထဲဝင်မယ်"

"ဖြည်းဖြည်းပေါ့. . . အပြင်မှာကြာနေလေ၊ သူ့သဲသဲ ပိုနိုင်မာလေပဲဟာ"

"အေး. . . ရှင်အူပွင့်မှာကိုလည်း တွေးပူဦး"

"စိုးရိမ်ပြန်ပြီပေါ့"

"ရဲနှောင်နော်"

ရယ်ရယ်ပြုံးပြုံးဖြင့် အိမ်ထဲဝင်လာသည့်သူမတို့ကို ဦးဇော် ရှိုင်းက မှန်ကုပ်ကုပ်ဖြင့်ကြည့်လိုက်လေ၏။





အန်တီခိုင်က မျက်နှာရိပ်မျက်နှာကဲပြသော်လည်း သူမ သိချင်ယောင်ဆောင်လိုက်မိသည်။ ဘိုက ခန္ဓာကိုယ်ပိန်သွယ်သူမို့ ဦးဇော်အဝတ်အစားတစ်စုံကိုပင် သူမ,ယူပေးလိုက်ကာ သူ့ကိုရေ ချိုးခိုင်းလိုက်၏။

"ထမင်းတစ်ခါတည်းဝင်စားသွားပါလား ဦးဇော်ရှိုင်းရယ်"

"နေပါစေဆရာမရယ်. . . အားနာစရာကြီး"

"အားနာရမယ့်လူတွေမှမဟုတ်တာရှင်။ ပိုပိုရေ. . . ဦး ဇော်ရှိုင်းဖို့ပါ တစ်ခါတည်းပြင်လိုက်နော်သမီး"

"ဟုတ်ကဲ့"

သူမ ရေအမြန်ချိုး၊ အဝတ်အစားလဲ၊ သနပ်ခါးလူးကာ ထမင်းစားခန်းထဲဝင်၍ ပွစိပွစိပြောလျက် ထမင်းပွဲပြင်တော့ ဘိုက ကူနေမိသည်။

နှစ်ယောက်ဆုံနေပြီဆိုတော့ မ,ဘာလုပ်လေမလဲမသိ။ သူ ထမင်းစားခန်းထဲဝင်တော့ လေးလေးပါ ရောက်နေလေပြီ။ ဦးဇော် ကတော့ သူမရှေ့တည့်တည့်ခုံမှာဝင်ထိုင်နေတာမို့ သူက သူမဘေးခုံ နေရာယူလိုက်သည်။ ဦးဇော်ရှိုင်းမျက်နှာက ကျေနပ်ပြုံးတို့ဖြင့် ဝေနေလေ၏။ မျက်နှာစုံညီ ထမင်းစားရပြန်ပြီကိုး. . .။

သူ, သူမခြေထောက်ကို ခြေဖျားဖြင့်အသာတို့လိုက်ပြီး ခပ်



www.burmeseclassic.com

www.burmeseclassic.com



တည်တည်ဖြင့်ပြောလိုက်လေ၏။

"ဟာ! ပို. . . ကိုယ်ထမင်းစားမကောင်းလို့ ထမင်းသုပ် ကျွေးမယ်ဆိုပြီးမေ့နေပြီလား။ ပိုပဲအတူတူစားမယ်ဆို"

သူမမျက်နှာတစ်မျိုးလေးဖြစ်သွားသလို ဦးဇော်ရှိန်းမျက်နှာ ကွက်ခနဲပျက်သွားလေ၏။

"မ, ထမင်းသုပ်ရင် ကျွန်တော့်ဖို့ပါ ပိုသုပ်ပေးနော်"

"ဒါဖြင့် ကျွန်မတို့နောက်မှပဲစားကြမယ်လေ။ ဘိုလည်း နောက်မှစားနော်။ စာသင်ဖို့ Ready ဖြင့်ပြီးပြီလား"

"ဟုတ်ကဲ့"

ထမင်းစားပွဲမှ မသိမသာဖြင့် ထရှောင်လိုက်ရသည် သူမ, ကျိတ်ပြုံးလိုက်ရင်း သူ့ကိုကျေးဇူးတင်သွားရသည်။ သင်းတ ခေါင်းလုံး ညက်နီညက်နက်တွေကြီးပဲထင်ပါရဲ့။

ဦးဇော်ရှိန်းက ထမင်းကိုမစားချင်စားချင်ဖြင့်စားပြီး ပြန်သွားလေ၏။ ဒေါက်တာညိုဝင်းနောင်က စကားခဏပြောဆို မှ ပြန်သွားပါသည်။

သူမတို့သုံးဦး ထမင်းလက်ဆုံစားပြီးသွားတော့ ဘိုကို ပြပေးရာ သူကပါဝင်ထိုင်လျက် စာသင်နေသည်ကိုငေးကြည့်နေ ၏။ မျက်လွှာအသာချ၍ Grammer တွေရှင်းပြနေသည့်သူ





မျက်နှာကို ဘိုက တစ်ချက်တစ်ချက်မော့ကြည့်နေသည်မို့ သူ့ရင်ထဲ တစ်မျိုးလေးဖြစ်သွားရသည်။

ကြည့်စမ်း. . . သူကဖြင့် ဒီကောင်လေးကို လှလွန်းပို့ရဲ့ ခေါင်ဝမ်းကွဲလို့ယူဆထားတာ အခုတော့ ဒီကောင်လေးမျက်ဝန်း မရိုးသားသည့်အရိပ်တွေ မြင်နေရသလိုပါပဲလား။ ကိုယ်ရင်ပူ ပြီ လှလွန်းပို။

စိတ်ရှည်လက်ရှည်ဖြင့် စာရှင်းပြနေသည့်သူမကတော့ သူ အကြည့်တွေကိုသတိမထားမိဘဲ စာထဲမှာစိတ်နှစ်လို့။ ဩော်. . . ချစ်ဆိုတာကို တာဝန်တွေကြားမှာ သူမတကယ်မေ့ထားလေရော ထား။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း ( ၈ )

ဆံထုံးကိုသေသေသပ်သပ်ထုံး၍ ကျောက်စိမ်းရောင်ခံမှာ [illegible]ပွင့်ခက်လေးတွေ ခပ်စိတ်စိတ်ကျဲထားသည့် ပါတိတ်ဝမ်းဆက် [illegible]လိုက်သည်။

ရင့်သွားလည်းကောင်းတာပါပဲ။ နို့မို့ ရွာထဲက လူတွေက [illegible] ဆရာဝန်မငယ်ငယ်လေးထင်နေဦးမည်။

"မ. . ."



"ဟင်. . . ဘာလဲ"

"Field ဆင်းမှာဆို. . . ကျွန်တော်လည်း လိုက်ချင်တာ[illegible] [illegible]လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့မှစသွားတော့ ဘာမှအဆင်ပြေဦးမှာမဟုတ်ဘူး ဘို ရဲ့။ နောက်ရက်တွေမှပဲလိုက်လေ. . . နော်"

"မ,က မခေါ် ချင်ဘူးမဟုတ်လား"

"ဟဲ့. . . ဩော်. . . ကလေးကျနေတာပဲ။ ဒါစိတ်ကောက် ရမယ့်ကိစ္စလား"

"အစ်ကိုဆို တစ်ခွန်းပြောတာနဲ့ ခေါ် မှာသေချာတယ်"

"ဘိုရယ်. . . အလုပ်သွားလုပ်ရတာလေ။ လေ့လာရေး ခရီးထွက်နေတယ်များထင်နေသလား။ ငါခေါ်က်မိတော့မယ်နော်"

"မ,က ကျွန်တော့်ကိုဆို အဲဒီလိုပါပဲ။ အစ်ကိုနဲ့ဆို ဘယ် လိုပဲဘုပြောပြော၊ ပြီးရင် အစ်ကိုဖြစ်ချင်တာ, လုပ်ချင်တာကို လိုက် လုပ်ပေးလိုက်တာပဲမဟုတ်လား"

"ဟယ်. . . နင့်စကားကြီးကဘာတုန်း။ ငါ့မှာ ဦးဇော်နိုင် ရန်ကိုရှောင်ရင်း သူ့ကိုမခေါ်မဖြစ်ခေါ်နေရတာ။ ဒီကြားထဲ င ကြောင့် အချောင်သူ့ခေါင်းကွဲမှာလည်း စိုးရသေးတယ်"

"မ, မှန်မှန်ပြောနော်။ အစ်ကို့ကိုစိတ်ဝင်စားနေပြီလား"

သူမမျက်လုံးပြူးသွားပြီး ဘို့ကိုလှည့်ကြည့်လိုက်မိသည် ကြည့်စမ်း! ဒီကောင်လေး ဟုတ်ကိုမဟုတ်တော့ပါဘူး။ ဘာတွေ နေတာပါလိမ့်။





"ဘို. . . ငါ့ကိုအိမ်ကသဘာတူထားတဲ့လူရှိမှန်း-သူသိထား ပြီးသား. . ."

"အဲဒါက အဲဒါပဲဟာ"

"ဩော်. . . ခက်တာပဲ။ ငါတို့က ဆေးကျောင်းကိုအတူတူ တက်ခဲ့ကြတဲ့သူငယ်ချင်းတွေလေ။ (၇)နှစ်(၈)နှစ်တွဲခဲ့တာ နည်းတဲ့ သံယောဇဉ်လား။ တလွဲတွေ တွေးမနေနဲ့"

"အင်းပေါ့. . . ကျွန်တော်နဲ့ရင်းနှီးပါက လပိုင်းပဲရှိသေး ဘာဆိုတော့ ဘယ်တူပါ့မလဲ"

"ဥက္ကာဘို"

သူမမျက်နှာ ရဲရဲနီနေလေပြီ။ ကြည့်ပါဦး. . . သူမကတော့ အန်တီခိုင့်တူမို့ ကိုယ့်မောင်လေးဆိုပြီးသဘောထားနေတာ။ သင်း ဘာ တစ်မျိုးတွေဖြစ်နေပါရောလား။

ဘို့ကိုစူးစူးရဲရဲကြည့်နေရင်း ဒေါသတွေကို ပြန်မျိုချလိုက် ၏၊ အင်း. . . မဖြစ်သေးပါဘူး။ ဒီလိုမျက်နှာမျိုးနဲ့ ရွာတွေထဲ ဘယ်လိုဝင်ရမလဲ။ သူမဘာမှဆက်မပြောတော့ဘဲ အိမ်ထဲမှထွက် သွားခဲ့သည်။

ငါ့မှာတော့ ခြောက်နှစ်ငယ်သည့်မောင်လေးဆိုပြီး ...ခင်စိတ်လေးထားနေတာ၊ ရင်ထဲမှာ နှမျောသလိုလို ...



www.burmeseclassic.com

www.burmeseclassic.com



မသိသည့်ခံစားမှုဖြင့်တန့်နှံ့။

"မ. . ."

". . . ."

"မ. . . ကျွန်တော်လိုက်ပို့မယ်လေ"

သူမ. ခြံတံခါးကိုဖွင့်၍ထွက်လာစဉ် ဦးဇော်ရှိုင်းကား
ဝူးခနဲရောက်လာလေတော့၏။ အမယ်လေးနော်. . . အကုသိုလ်
က အတုံးလိုက်အတစ်လိုက်ကိုဝင်လာတော့တာပါပဲ။

"ပို. . . ဆေးရုံလား။ ကိုယ်လိုက်ပို့ပေးမယ်လေ"

"နေပါစေ ဦးဇော်ရှိုင်းရယ်. . . တကူးတကကြီး"

"အားမနာပါနဲ့ပိုရယ်။ ပြီးတော့ ရွာတွေအထိ ကိုယ်လို
ပို့မှာပါ"

"ဟင်. . . ဦးဇော်ရှိုင်းက မမူတို့အဖွဲ့သွားမှပဲ ကားေ
မှာဆို"

"ဟုတ်တယ်လေ. . . သူတို့အဖွဲ့သွားတော့ ကြုံက်တဲ့
တစ်စီးယူပါစေပေါ့။ ပိုသွားရင်တော့ ကိုယ်ပဲလိုက်ပို့ပါ့မယ်"

သူမသက်ပြင်းတစ်ချက်ကိုသာ ကျိတ်ချလိုက်မိ၏။
ပါပြီ. . . ဒီလူကြီးလိုက်ရင်တော့ ဘယ်လိုမှအလုပ်ကောင်းေ
လုပ်လို့ရမှာမဟုတ်တော့ပါဘူး။ ခက်တော့နေပါပြီ။ ဘယ်လို





ရပ့်။ ခြံထဲမှ ဆိုင်ကယ်ဖြင့်ထွက်လာသည့်ဘိုက သူမအနီးမှာ ရပ်
လိုက်လေသည်။

"မ. . . ကျွန်တော်လိုက်ပို့ပေးမယ်ဆိုနေမှ"

"ကိုယ်, ရွာအထိပို့ဖို့တာဝန်ယူထားတယ်ညီလေးရဲ့။ ရပါ
တယ်. . . လာလေပို. . . ကားပေါ်တက်"

သူမတော်တော်စိတ်ညစ်သွားမိ၏။ လဲသာသေလိုက်ချင်
တော့တာပါပဲ။

"မ. . . အစ်ကိုက ကျွန်တော်နဲ့အတူလာတာမတွေ့ရင်
စိတ်ဆိုးမှာနော်။ အစ်ကိုစိတ်ဆတ်တာကို သိတယ်မဟုတ်လား"

"ကျွန်မ, ဘိုနဲ့ပဲလိုက်ခဲ့ပါ့မယ် ဦးဇော်ရှိုင်းရယ်"

"ပိုရယ်. . . ပို့မောင်လေးက လမ်းကြပ်းတဲ့ရွာထဲအထိ
လိုက်နိုင်မှာမို့လို့လား။ တကူးတကကြီးဖြစ်နေမှာပေါ့"

သူမဘာမှပြန်မပြောနိုင်ခင် အဝေးမှဆိုင်ကယ်တစ်စီးလာ
နေတာကိုမြင်လိုက်ရသဖြင့် ကျိတ်ဝမ်းသာသွားမိ၏။ ဒါ, ရဲနောင်
ရဲ့ဆိုင်ကယ်ပဲ။

သူက ဦးဇော်ရှိုင်း၏ကားရှေ့မှာ ဆိုင်ကယ်ကိုပိတ်ရပ်၍
ဆင်းလာခဲ့၏။ သူမမျက်နှာကိုကြည့်ကတည်းက မကြည်လင်မှု
သိသာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပိုရယ်. . . ကိုယ် ငါးမိနစ်လေးနောက်ကျတာနဲ့ စိ
ကောက်စရာလား။ ကိုယ်, ပို့အတွက် ပန်းတက်ခူးနေလို့ နောက်
နေတာပါကွာ။ လာ. . . ကိုယ်ပန်ပေးမယ်"

သူမအံ့ဩနေစဉ်မှာပင် သူက သူမခေါင်းမှာ သစ်ခွ
ခိုင်လေးကို ပန်ပေးလိုက်လေ၏။ ဘိုနှင့် ဦးဇော်ရှိုင်းတို့က ပါး
ဟောင်းလောင်းဖြစ်နေလေပြီ။

"ကဲ. . . အခုမှပိုပြည့်စုံသွားတာ။ လာ. . . သွားကြ

"ပို့ကို ကိုယ့်ကားနဲ့ခေါ်ဖို့ပြောထားတယ် ဒေါက်တာ
ရဲနောင်"

"ဟာ. . . ပိုနဲ့ကျွန်တော်နဲ့က အရင်းနှီးဆုံးလူတွေပါ
ဇော်ရှိုင်းရဲ့။ ကိုယ့်ချစ်သူကို သူစိမ်းတစ်ယောက်ရဲ့ကားပေါ် ပါ
မှာကို ဘယ်သက်ဆိုင်သူမှ ကျေနပ်မှာမဟုတ်ဘူး။ ဒါကို ခင်
နားလည်မှပေါ့"

ဦးဇော်ရှိုင်းက သူ့ကိုစူးစူးရဲရဲကြည့်၍ တက်ခေါက်လို
လေ၏။ ကားကိုဆောင့်အောင့်မောင်းထွက်သွားတော့မှ သက်
တစ်ချက်ကို သူမ,ချလိုက်လေသည်။ မလွယ်ပါလားနော်. . .
လာတာနဲ့အမျှ ရဲနောင်နှင့်ဦးဇော်ရှိုင်း ပြဿနာပိုကြီးလာ
မှာပဲ။





"သူ့ရန်က မအေးဘူးနော် အစ်ကို"

"ယောကျ်ားပဲညီရယ်. . . လာမယ့်ဘေး ပြေးတွေ့ရုံပေါ့
အဆန်းလုပ်လို့"

"အစ်ကိုတို့ ဒီနေ့ Field ဆင်းမှာမဟုတ်လား။ ကျွန်တော်
လိုက်ချင်တာကို မ,ကမခေါ်ဘူး"

"ဒီနေ့တော့ မလိုက်နဲ့ဦး ညီ။ နောက်နေ့ ကိုယ်တို့ duty
ဆိုင်း လိုက်ခဲ့ပါ။ အခုက အစပျိုးတဲ့နေ့ဆိုတော့ ပြေလည်အောင်
ညှိယူရတာတွေရှိတာမို့လေ. . . နော်"

"တကယ်နော် အစ်ကို"

"အေးပါ. . . ကဲ. . . ဒါဖြင့် ကိုယ်တို့သွားပြီ"

ဘိုက မျက်နှာမှုန်မှုန်ဖြင့် ကျန်ရစ်ခဲ့ရပြီး၊ သူမ, ရဲနောင်
ဆေးရုံသို့ရောက်ခဲ့ရ၏။ Field ဆင်းရမည့် နာ့စ်နန်းရွှေရည်နှင့်
အဖွဲ့က အသင့်စောင့်နေလေပြီ။

"ဟော! ဒီနေ့ တယ်ထူးဆန်းနေပါလားဟော့။ ငိုပိုက ပန်း
ဘာတွေပန်လို့ပါလား"

"ပိုက ပန်းပန်လေ့မရှိပါဘူးစစ္စတာရယ်။ သူ, ယူလာပေး
ပန်လိုက်ရတာပါ"

"ကိုယ်ကိုယ်တိုင် ပန်းပေးတာလို့ ပြည့်ပြည့်စုံစုံပြောမှပေါ့



www.burmeseclassic.com

www.burmeseclassic.com



လှလွန်းပိုရယ်"

"ရှင်ဟာလေ. . . နေရာတကာသိပ်ပါတ္တာပဲ။ ဟိုလူ

ရှေ့မှာမို့ ကျွန်မ,မငြင်းဘဲ ငြိမ်ပေးလိုက်ရတာကို မကျေပ်တိုင်တ

မပြုချင်ပါနဲ့"

"ဒီလိုမှကိုယ်မဝင်ရင် မင်းကို ဟိုဘဲကြီးက ပွေ့ခေါ်တေ

မှာလေ. . . ဒါကိုလည်းတွေးပူဦး"

မမွေးတို့က တီးတိုးရယ်လိုက်ကြသော်လည်း စစ္စတာမ

နှာမှာ စိုးရိမ်မှုက ပေါ်လွင်လာ၏။

"ကြည့်လည်းလုပ်ပါဦး ဒေါက်တာရယ်။ ဒီလူကြီးနဲ့

ကင်းကင်းနေတာ အကောင်းဆုံးပါပဲ။ တော်ကြာ. . . ဒေါက်

ကိုအငြိုးထားပြီး တစ်ခုခုလုပ်နေမှဖြင့်. . ."

"ယောကျ်ားပဲစစ္စတာရယ်။ တုံးတိုက်တိုက်ကျားကိုက်ကို

ပေါ့"

"တွေ့လား. . . စစ္စတာက စေတနာနဲ့ပြောနေတာကို

မလေးမစားလုပ်ပြန်ပြီ"

"စကားနာထိုးမနေပါနဲ့ လှလွန်းပို။ မင်း, ကိုယ့်အတွ

စိုးရိမ်တယ်ဆိုရင်လည်း ပွင့်ပွင့်လင်းလင်းပေါ့"

"ဝေးသေး. . . မြန်မြန်သေ, အေးတာပဲ။ မျက်စိနော





ဘောင် သက်သာတယ်"

"ဟင်းဟင်း. . . ဒါမှ အာ့ကာမြင့်မိုရ်နဲ့အနှောင့်အယှက်

ကင်းကင်း ရွှေလက်ဆက်ရမှာပေါ့လေ"

"ရဲနောင်. . . ရှင်နော်"

သူမဘာမှဆက်မပြောတော့ဘဲ ရှာတွေသွားလျှင် ယူသွား

ရည့်ဆေးသေတ္တာကို သေချာစစ်ဆေး၍ မ,ယူလိုက်ပါ၏။

"ကိုယ်လုပ်ပေးပါ့မယ် လှလွန်းပိုရယ်"

"ရတယ်. . . ဒီလောက်တော့ ကျွန်မလုပ်နိုင်တယ်"

"မင်းမလုပ်နိုင်တာ. . . ဦးဇော်ရှိုင်းနဲ့ပတ်သက်တဲ့ကိစ္စပဲ

ဟုတ်လား"

"ပါလာပြန်ပြီ"

သူမထံမှ မျက်စောင်းတစ်ပွင့်ကိုရအပြီးမှာ သူ, ပုံးကိုလ

ယူလိုက်ပါ၏။ လက်ကိုအုပ်ကိုင်မိသွားသဖြင့် သူမ မျက်နှာရဲခနဲ

ဖြစ်သွားကာ လက်ကိုလွှတ်ပေးလိုက်လေသည်။

သူက မသိချင်ယောင်ဆောင်လိုက်ပြီး ဇလားလေး၏ကား

နောက်ခန်းထဲတင်လိုက်၏။ သူမက မမွေးတို့နှင့်အတူ နောက်ခန်း

ထဲတက်ရန်ရွယ်စဉ် သူက သူမလက်ကိုဆွဲထားလိုက်ပါသည်။

"အာ. . . ဘာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း, ကိုယ်နဲ့ရှေ့ကလိုက်စီးပါ"

"မစီးချင်ဘူး. . . ဖယ်"

"ဆိုင်ကယ်တော့အတူတူစီးပြီး ကားစီးမှ အတူတူမစီး
မင်းကို သူများတွေဘယ်လိုထင်မလဲ"

"ကျွတ်. . . ထင်ချင်သလိုထင်ပါစေရှင်"

"ကိုယ်တစ်ယောက်တည်း စကားပြောဖော်မရှိရင် ကာ
မောင်းရင်း အိပ်ငိုက်မိမှာနော်"

သူမ, သူ့ကိုဆတ်ခနဲကြည့်လိုက်ပြီး သူ့လက်ကိုပုတ်ချလို
၏။ သူက လွှတ်မပေးပါချေ။

"ကဲပါမပိုရယ်. . . ရှေ့ကပဲတက်လိုက်ပါ။ တော်ကြာ
ချိန်မှောင်နေမှ ဟုတ်ပေ့ဖြစ်နေလိမ့်မယ်"

သူမ တက်လက်စခြေထောက်ကို ပြန်ချလိုက်ရပြီး သူ
ခေါ်ရာ ရှေ့ခန်းဆီပါသွားတော့၏။ သူက သဘောကျ၍ ကျိတ်
လိုက်ပြီး ကားဖြင့် တောလမ်းကို ကြမ်းတမ်းစွာဖြတ်သန်းလာ
သည်။

ရွာတွေက တော်တော့်ကိုဝေးလံတာပဲကိုး။ စဝင်ဝင်
ရွာထဲမှလူငယ်တွေကိုစုစည်း၍ သင်တန်းပို့ချမည့်အကြောင်း
ပြောတော့ အင်တင်တင်ဖြစ်နေကြ၏။ ရွာမှာ အသေအပျော





သည့်ရောဂါကိစ္စကို ခေါင်းစဉ်တပ်ပြောမှ နည်းနည်းသဘော
ကျသွား၏။ ရွာထဲမှ ကလေးတွေနှင့်လူကြီးတွေကိုကျန်းမာရေး
ဆေးပေးတော့ မမွေးတို့နန်းရွှေရည်တို့ရှေ့မှာ လူကနည်းနည်း၊
ရှေ့မှာ တန်းစီရပ်နေသည်က တစ်ပြုံတစ်ခေါင်း။

"ဟောတော်. . . လူအုပ်ကိုထပ်ခွဲလိုက်ပါရှင်။ မကုန်ဘဲ
စိုးလို့ပါ။ ကလေးအမေတွေနော်, နောက်တစ်ပတ်မှာ ငါးနှစ်
အောက်ကလေးတွေကို ပိုလီယိုဆေးတိုက်မှာ၊ လာပြဖို့မမေ့နဲ့။
အထိအရောက် လိုက်တိုက်တာ မပျက်မကွက်လာကြပါ။ တော်
. . . ကလေးတွေ ခြေမသန်လက်မသန်လေးတွေ ဖြစ်နေလိမ့်

ရွာမှကလေးတစ်အုပ်က စစ်ဆေးပြီးတာတောင် သူမနား
ပြုံ၍ လာငေးနေသည်မို့ သူက ကားပေါ်မှာ ပါလာသည့်
လုံးထုပ်ကိုဖောက်၍ ဝေပေးကာ လူစုခွဲရလေသည်။ ဖြတ်
ကောင်းသည့်သူ့ကိုကြည့်၍ သူမ,ပြုံးလိုက်တော့ ဆေးကု
သည့်လူနာက သူမကိုငေးငန်ကြည့်နေလေ၏။

"ရပါပြီ. . . ဒီမှာ ဆေးသုံးခွက်စာ ပေးခဲ့မယ်။ နေ့လယ်
ညနေရယ်၊ နောက်နေ့နံနက်ရယ်. . . သောက်နော်။ ကျွန်မ
ပြန်တစ်ခေါက် ထပ်စစ်လို့ အဖျားပျောက်နေရင် ဆေး



www.burmeseclassic.com

www.burmeseclassic.com



စရာမလိုတော့ဘူး၊ ဟုတ်ပြီလား. . . နောက်တစ်ယောက်”

လူနာက ထိုင်နေလျက်မှမထသဖြင့် သူမ,ကြည့်လိုက်တော့ သူမမျက်နှာကိုငေးနေမှန်းတွေ့ရလေ၏။

“ကြီးမေ. . . ပြီးပါပြီရှင်. . . ပြန်လို့ရပါပြီ”

“ဩော်. . . ဟုတ်ကဲ့. . . ဟုတ်ကဲ့ ဆရာမလေး”

သူက ဘေးမှာထိုင်၍ ဆေးကုပေးနေရာမှ ရယ်လိုက်လေ၏။ အဲဒီနေ့ညနေ နေတော်တော်စောင်းမှပြန်ခဲ့ရသည်။ ဒါတောင်မှ စစ်စရာလူတွေ ကျန်နေသေးသဖြင့် မနက်ဖြန် ဦးစားပေးမည်ဟုပြောခဲ့ရလေ၏။



BURMESE CLASSIC .com

## အခန်း ( ၉ )

သင်တန်းတွေ တစ်ပတ်ပြီးတစ်ပတ် သင်ပြပေးပြီးသည့် ...တ်မှာတော့ သူမ, လူရောစိတ်ပါ ပင်ပန်းလျက် အိပ်ရာထဲလဲ ...တော့၏။ ခရီးပါ ပန်းလွန်းသောကြောင့် pressure တွေကျ ...သဖြင့် Drip ချိတ်၊ အကြောဆေးပါ သွင်းရလေသည်။ အန်တီ ...ည်း သုံးလေးညဆက်တိုက်စောင့်ရသဖြင့် ပင်ပန်းလှပြီ။ ည ...မှာ ဘိုပါ သူမအနီးမှာ စောင့်အိပ်မှန်းတော့သိသည်။ လူက ...တော်အားယုတ်သွားတာမို့ လုံးဝမလှုပ်ချင်တော့။ နဖူးပေါ်သို့ ...မ်းကြမ်းအထိအတွေ့ကြောင့် သူမမျက်လုံးအစုံကို ဖွင့်ခန် ...တ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ."

"ပို. . . တော်တော်ဖျားနေတာကိုး။ ကိုယ်လည်း ခရီးထွက်နေလို့ ပို့ဆီကိုမလာဖြစ်ဘူး။ စိတ်မဆိုးပါနဲ့ပိုရယ်. . . ဒီမှာ ပိုစားဖို့ ဓာတ်စာတွေယူလာပေးတယ်၊ သိလား. . . ဟောလစ်လေး၊ အ
ဗာတင်းလေးသောက်. . . ဒါမှအားပြန်ပြည့်မှာ"

လူက အားမရှိရသည့်ကြားထဲ ငိုချင်လာမိသည်။ ဒီလူကြီး ဘယ်အချိန်က အခန်းထဲရောက်လာတာလဲ။ ဘယ်သူမှမရှိကြဘူးလား။ ဦးဇော်ရှိန်းက သူမလက်သွယ်သွယ်လေးကို ဆုပ်ကိုင်လိုက်သဖြင့် သူမ,ရှုန်းလိုက်ပါ၏။

"ကွယ်. . . ပိုကလည်း လက်တွေဒီလောက်အေးစက်နေတာနွေးအောင် ကိုယ်လုပ်ပေးမယ်လေ. . . နော်"

"ဟင့်အင်း"

"မရှုန်းပါနဲ့ ပုံရယ်"

"ဟာ! ခင်ဗျားကြီး ဒါဘာလုပ်တာလဲ"

"ညီလေးကလည်း အလန့်တကြားကွာ. . . မင်းမမ, နေမကောင်းလို့ လာကြည့်တာပေါ့"

"အဲဒါ အိမ်ကလူတွေကိုမေးရင် ပြီးတာပဲမဟုတ်လား ဒီလိုအခန်းထဲဝင်စရာလား။ နားလည်မှုကိုမရှိဘူး"





"ပိုနဲ့ကိုယ်က သူစိမ်းတွေမှမဟုတ်ဘဲ ညီလေးရာ"

"ကျွတ်! ခက်လိုက်တာဗျာ၊ မိန်းကလေးတစ်ယောက်တည်းနေတဲ့အခန်းကို မဝင်သင့်တာကိုပြောနေတာ"

ဆူဆူညံညံအသံတွေကြောင့် အခန်းထဲသို့ အန်တီခိုင်ဝင်လာ၏။ ပြဿနာဖြစ်နေတာကို ဘယ်လိုရှင်းပေးရမှန်းမသိဖြစ်နေ ဆိုင်ကယ်သံကို ကြားလိုက်ရလေသည်။ ဒုက္ခပါပဲ. . . သူနဲ့မှ တိုက်တိုးလေပြီ။

"ညီရေ. . ."

"ကျွန်တော် မ,အခန်းထဲမှာ အစ်ကို"

"ဒီမှာ ကိုယ်ကြက်သားဝယ်လာတယ်. . . လှလွန်းပိုကို ကြက်သားဆန်ပြုတ်နူးနူးလေး ပြုတ်တိုက်ဖို့လေ"

အခန်းဝရောက်စဉ်မှာ မျက်စိမျက်နှာပျက်နေသည့် လူကိုကြည့်ရင်း သူဇဝေဇဝါဖြစ်သွားသည်။

အန်တီက သူ့လက်ထဲမှ ကြက်သားထုပ်ကိုယူ၍ ထွက်သွား၏။ သူက ဦးဇော်ရှိန်းကို စူးခနဲစိုက်ကြည့်လိုက်သည်။ ကြည့် လှလွန်းပိုရဲ့ခုတင်ပေါ် တက်ထိုင်လို့ပါလား။

"ဘာဖြစ်လို့လဲ ညီ"

"ဒီမှာလေ. . . ဘယ်သူမှမရှိတုန်း မ,အခန်းထဲကိုဝင်



www.burmeseclassic.com

www.burmeseclassic.com



လို့ပြောနေတာ"

"ဟာ! ခင်ဗျားရိုင်းလှချည်လား"

"ငါနဲ့ပိုနဲ့က မစိမ်းဘူးရဲနောင်"

"အပိုတွေပြောမနေနဲ့ . . . ကျွန်တော်တောင် ခွင့်ပြုချက် မရဘဲ ဝင်တာမဟုတ်ဘူး။ ပို့ကိုဆေးကုပေးတာတောင် အနုတ်… နေမှ ကုပေးတာ။ ခင်ဗျားလွန်နေပြီနော်"

"ဒါ . . . ငါ့ကိုယ်ရေးကိုယ်တာကိစ္စပါ"

"ခင်ဗျား . . . ပြောနေရင်းက"

သူ ဒေါသထောင်းခနဲထွက်လာပြီး ဦးဇော်ရှိုင်းအင်္ကျီ… ဘတ်စကို ဆတ်ခနဲဆွဲဆုပ်လိုက်စဉ် သူမထံမှ အသံတိုးတိုးထွက် လာလေ၏။

"ရဲနောင် . . . မလုပ်နဲ့"

"ဟာ . . . ဒါသည်းခံရမယ့်ကိစ္စလား လှလွန်းပိုရဲ့"

"မလုပ်ပါနဲ့ဆိုနေမှ"

"တောက်! "

သူ လက်ကိုပြန်လွှတ်လိုက်၏။ ဦးဇော်ရှိုင်းက မဲ့ပြုံး… ချက်ပြုံးလိုက်ရင်း အင်္ကျီကိုပြန်ဆွဲဆန့်လိုက်လေသည်။

"ပို . . . ကိုယ်ပြန်ဦးမယ်။ နောက်မှတွေ့မယ်နော်"



BURMESE CLASSIC .com



ဦးဇော်ရှိုင်းက သူမလက်တစ်ဖက်ကို ဆုပ်ကိုင်၍ ပြော …က်ပြီး သူနှင့်ဘိုကိုပြုံးပြလျက် ထွက်သွားလေ၏။ သူ့ သူမအနီး … ဝုန်းခနဲရောက်သွားလေသည်။

"လှလွန်းပို . . . မင်းကို သူဘာလုပ်သွားသေးလဲ"

"လုပ်စရာလား . . . ဒီမှာ လူကအားမရှိရတဲ့ကြားထဲ ထင် …တွေ စွတ်ပြောမနေနဲ့"

"ဒါဆိုမဆိုးဘူး၊ အော်ဖို့အားတော့ ရှိပါသေးတယ်။ တော် …သေးရဲ့"

"ရဲနောင်နော်"

သူ သက်ပြင်းရှိုက်လိုက်မိစဉ်၊ ဘိုက ရေဇလုံတစ်လုံးနှင့် …ရောက်လာလေ၏။

"ဒါက ဘာလုပ်ဖို့လဲ ညီ"

"ဟိုလူကြီးကိုင်သွားတဲ့လက်ကိုဆေးပေးမလို့ပေါ့ အစ်ကို . . ."

"ဟာ . . . ညီကလည်း ဒါဆို နဖူးပါ ဆေးမှဖြစ်မှာပေါ့"

"ဟင် . . . နဖူးပါကိုင်သွားလို့လား"

"မကိုင်ပဲနေမလား . . . နေမကောင်းဘူးဆိုပြီး ဟိုစမ်းဒီ …တာ့လုပ်မှာပေါ့။ မယုံရင်မေးကြည့်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ မ"

"ငါစိတ်ညစ်လာပြီနော်။ အေးဟယ်. . . အေး"

"တဲ. . . ကိုယ်မပြောဘူးလား။ မင်းဟာလေ. . . ကိုယ့် ကိုကျ ရန်စွယ်တငေါငေါနဲ့ အော်ဖို့အဆင်သင့်၊ ဒီလူကြီးကိုကျ ဘာ မှမပြောရဲဖြစ်နေ. . . ကြာရင် မင်း၊ သူ့အစာဖြစ်သွားလိမ့်မယ် လှုလွန်းပိုရဲ့"

"ရှင့်ပါးစပ်ပိတ်ထား"

"သေမှပိတ်နိုင်မယ်"

"သေပေါ့"

"မိန်းမယူ. . . ကလေးတစ်ဒါဇင်လောက်ရ. . . မြေးမြ တီဖွတ်အထိတော့ အသက်ရှည်ပြီးမှသေပါရစေ လှလွန်းပိုရယ်"

သူ့စကားကြောင့် ဘိုပါ မနေနိုင်ဘဲရယ်လိုက်လေသည် အန်တီက ဆန်ပြုတ်ပြုတ်ပြီးသဖြင့် လာပို့လေ၏။

"ဘိုနဲ့မောင်ရဲ့. . . ဗိုက်ဆာရင် စားနှင့်တော့လေ။ ဆ ဝန်ကြီးလာရင် ကိုဖော်နဲ့အတူစားလိမ့်ပယ်"

"ရပါတယ်အန်တီလေးရဲ့. . . မဆာသေးပါဘူး"

"အန်တီ ဘာလုပ်ဖို့ရှိသေးလဲ"

"အေး. . . ဟင်းချိုအိုးတည်တုန်း"





"ဒါဖြင့် သွားဆက်ချက်လေ. . . ကျွန်တော်၊ သူ့ကိုတိုက် ဆိုက်ပါ့မယ်"

ဘိုက သူမကိုထူ၍ ကျောမှာခေါင်းအုံးဆင့်ကာ ခုပေးပါ ၏။

ဒီလို ကိုယ့်ကိုယ်ကိုမသယ်နိုင်အောင်အထိ သူမ တစ်ခါမှ ျားဖူးသဖြင့် ဝမ်းနည်းအားငယ်စိတ်ကြောင့် မျက်ရည်တစ်ပေါက် က လိမ့်ဆင်းသွားလေသည်။

"ဟာ. . . မ၊ ဘာဖြစ်လို့လဲ"

"ဟင့်အင်း"

"လှလွန်းပို့. . . အားမငယ်ရဘူးလေကွာ။ မင်း ပင်ပန်းခံ ာခဲ့တာ ဒီလောက်တော့ ပြန်ခံရမှာပေါ့။ အစကတည်းက ကိုယ် ပြောခဲ့သားပဲ။ မင်းက တခြားလူတွေကို အရမ်းငဲ့ညှာတာကိုး။ လူ တာ ကိုယ်နိုင်သလောက်ဝန်ကိုပဲ ထမ်းသင့်တာလေ. . . ခဏ ာက် အနားယူတယ်မှတ်ပေါ့"

သူမ၊ မျက်ရည်ကိုသုတ်ရန်ရွယ်စဉ် ဘိုက သူမမျက်ရည် ကို သုတ်ပေးလိုက်လေ၏။ သူ တစ်ချက်ငေးခနဲကြည့်နေလို ည်။ ဘိုက သူမမျက်နှာကို သတိလက်လွတ်ဖြင့် ခဏမျှစိုက် ည့်နေလေ၏။ သူ၊ ဆံပြုတ်ပန်းကန်ကိုမွှေ၍မှုတ်တော့မှ သတိ



www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားပြီး အခန်းထဲမှ ဘိုထွက်သွားလေသည်။

မ,ရယ်. . . အရင်က စကားများရန်ဖြစ်တုန်းကမှ မ, နဲ့ တရင်းတနှီးနေခွင့်ရခဲ့ပါသေးတယ်။ အခုတော့ မ,နားမှာ အစ်ကို ရောက်လာပြီးကတည်းက ကျွန်တော်က ဘေးကို အလိုလိုရောက် သွားရသလိုပါပဲလား။ စာပြတဲ့ညတိုင်း မ,ရဲ့မျက်တောင်တစ်ခတ်ခတ် ပေးကြည့်ပြီး ရင်ခုန်ခွင့်ရခဲ့တဲ့ည၊ စာလုံးတွေရေးပြတဲ့ မ,ရဲ့လက် ချောင်းရှည်ရှည်လေးတွေကို ကိုင်ကြည့်ချင်စိတ်ကို. . . မနည်းမျို ဖျောက်ရတဲ့ညတွေမှာ ကြည်နူးပျော်ရွှင်ခဲ့ရတာ အတိုင်းအဆမဲ့ တကယ်ဆိုရင် မ,နဲ့အနီးဆုံးမှာရှိနေခဲ့တာ ကျွန်တော်ပါ မရယ် ဒါပေမဲ့ မ,က ကျောင်းအတူတက်ခဲ့တဲ့ ကျောင်းနေဖက်သူငယ်ချင်း အပေါ်မှာ ဘာဖြစ်လို့ အလေးသာနေခဲ့တာလဲ။ မ,ပြောတော့ဖြင့် မတည့်ဘူးဆို။ ပြီးတော့လည်း သူနဲ့အမြဲတတွဲတွဲ ရှိနေတတ်တာ မဟုတ်လား။

စိတ်လှုပ်ရှားခဲ့မိတုန်း အချစ်လို့ထင်ခဲ့မိပြီး စာမေးပွဲ ခဲ့တဲ့နှစ်ကို ကျွန်တော် ပြန်မတမ်းတချင်ဇတော့တာ ဘာကြောင့်လဲ သူငယ်ချင်းတွေ စကြနောက်ကြရင်း ခင်မင်ရင်းနှီးခဲ့တဲ့ကောင် လေးကို သေလုမတတ်ချစ်နေမိပြီလို့ ယူဆခဲ့မိတဲ့ခံစားချက်တွေ ခုတော့ဖြင့် အရည်ပျော်ကုန်လေပြီ။





ဆင်ခြင်ရမှာလား. . . ဟင့်အင်း. . . အချစ်ဆိုတာ သိမ်း ဆည်း သိုဝှက်ထားသင့်တဲ့အရာမှမဟုတ်ဘဲ။ ရင်ခုန်ဖက်ဆိုတာ ဘဝရဲ့နှလုံးသားကိုစမ်းကြည့်မှ သိနိုင်မှာပါလေ။ မ,ကိုယ်တိုင် ကုသ ပေးမှသက်သာမယ့်ဝေဒနာသည်ဘဝကို ကျွန်တော် လုံးဝရောက် နေပါပြီ။ ဒါကို မ,သိနိုင်မလား။

BURMESE CLASSIC .com

လေးငါးဆယ်ဖွန်းစားအပြီးမှာ ခေါင်းခါ၍ ဆန့်ပြုတ်ပန်း ကန်ကို လက်ဖြင့်တွန်းလိုက်သဖြင့် ဆန်ပြုတ်ခွံကျွေးတာကို သူ ရပ်လိုက်ရသည်။ လက်သုတ်ပဝါဖြင့် နှုတ်ခမ်းကိုအသာသုတ်ပေး ပြီး ရေကျက်အေးဘူးထဲမှရေကို ခွက်ထဲတစ်ဝက်ငှဲ့ကာ ထိန်း၍ တိုက်လိုက်၏။ လွင့်ကျလာသည့်နဖူးပေါ်မှ ဆံနွယ်ခွေခွေတွေကို သူအသာသပ်တင်ပေးလိုက်မိသည်. သူမ, ရေသောက်အပြီး ခေါင်း အုံးကို မှီလှဲချလိုက်၏။

"လှလွန်းပို. . . စိတ်ဓာတ်တွေ ဒီလောက်မကျရဘူးလေ။ အိပ်ရင် ကိုယ်, ရန်ကုန်ကိုဖုန်းခေါ်ပေးပါ့မယ်"

"ဟင်. . . မေမေတို့သိရင် စိတ်ပူကုန်မှာပေါ့။ မခေါ်ပါနဲ့"

"အန်တီတို့ဆီမဆက်ပါဘူး၊ အာကာမြင့်မိုရ်ဆီကိုဆက် မလို့ပါ"

သူမထံမှ မျက်စောင်းတစ်ပွင့်ကို သူ,ရလိုက်၏။ အောက်



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းကိုကိုက်၍ကြိမ်းတော့ သူရယ်လိုက်မိလေသည်။

"မဆိုးဘူး. . . နေမကောင်းဖြစ်နေတာတောင်မှ မင်းရဲ့ မျက်စောင်းလေးက ဆွဲဆောင်အားရှိသေးတယ်"

"ရဲနောင်နော်. . . အားမရှိရတဲ့ကြားထဲ"

"ဒီစကားကို ဟိုလူကြီးရှေ့ သွားမရွတ်မိစေနဲ့ဦး၊ တော် ကြာ. . . မင်းကိုစွေ့ခနဲပွေ့ချီသွားမှ ဟုတ်ပေ့ဖြစ်ကုန်မယ်"

"ပါသွားလည်းအေးတာပဲ. . . စိတ်ရှုပ်တယ်"

"တကယ်လိုက်ချင်လို့လား. . . ဒါဖြင့် ကိုယ်ပွေ့ချီပြီး ပို့ ပေးမယ်လေ"

"ရှင်နော်. . . တော်တော်ပေးချင်နေ၊ ရှင့်ညီမ မဟုတ် တိုင်း"

"ကိုယ်က အာကာမြင့်မိုရ် အသည်းကွဲသွားမှာစိုးလို့ပါ လူ လွန်းပိုရာ"

"ရှင်မဟုတ်တော့ဘူးနော်. . . ဒီနာမည်ကို ရွတ်နေတာ ခဏခဏပဲ။ ဘယ်လိုဖြစ်နေတာလဲ"

"ဘာလဲ. . . တကယ်ပေါက်ချလာမှာစိုးလို့လား။ ဒါမှ လူကြီးနဲ့ထိပ်တိုက်ရင်ဆိုင်ဖို့ တစ်ယောက်တိုးလာတာပေ့ါ။ အဲ ဆို. . . ကိုယ်တို့ဘက်က သုံးယောက်ရှိပြီ။ အင်အားတောင့်တာပေ့ါ





"အံမယ်. . . တစ်ယောက်ချင်းတော့ မယှဉ်ချင်ဘဲ သူများ တို့ အားကိုးနေပြန်ပြီ"

"ပျော်စေချင်လို့နောက်တာပါ လူလွန်းပိုရယ်. . .။ မင်း အတွက်ဆိုရင် တစ်ကမ္ဘာလုံးနဲ့ယှဉ်ပြိုင်ရလည်း မင်းရဲနောင်တို့ က မဖြုံပါဘူး"

"သိပ်ရူးမနေနဲ့. . . အန်ဟီခိုင်ကြားသွားဦးမယ်"

"နားဖောက်ပြီးသားဖြစ်သွားတာပေ့ါ"

သူမ၊ သူ့လက်ကိုဖျတ်ခနဲရိုက်လိုက်စဉ် သူက သူမ၏အေး တဲ့စက်လက်ကလေးကို ဖမ်းဆုပ်ထားလိုက်လေ၏။ ထို့နောက် ချက်နှာကိုရှေ့တိုး၍ တိုးတိုးလေးကပ်ပြောလိုက်လေသည်။

"ကိုယ်ကိုင်ရင်တော့ မင်းလက်ကို ပြန်မဆွဲလောက်ပါ ဘူးနော်"

"ကျွန်မကို အဆိပ်သာတိုက်လိုက်တော့ရှင်"

သူ တဟားဟားရယ်မောရင်း ထရပ်လိုက်ပါ၏။ လူလွန်း ရယ်. . . မင်းဝေဒနာခံစားနေရချိန်မှာ ခံစားချက်တွေ ပေါ့တိမ် သွားအောင် ဟိုတဲ့စေတနာနဲ့ စိတ်ကြည်အောင်ပြောနေတာတွေကို ခပ်ပေါ့ ပေါ့တွေးလိုက်ပါနဲ့လား။

ကိုယ်ဟာ မင်းရှေ့၊ မင်းဘေး၊ မင်းနောက်မှာ အရိပ်လို



www.burmeseclassic.com

အမြဲကပ်ပါနေချင်တဲ့လူတစ်ယောက်ဆိုတာ မင်းမရိပ်မိဘူးတဲ့လား။ သူငယ်ချင်းအဆင့်က တစ်ထစ်လေးတိုးပြီး မင်းနှလုံးသားလေးကို စောင့်ရှောက်ဖို့ သက်တော်စောင့်လေးဖြစ်ချင်တာ ဘာကယ်ပါကွာ။

သူပြန်သွားတော့ အိပ်ဆေးရှိန်ဖြင့် သူမ အိပ်ပျော်သွားပါ၏။ ညလယ်လောက်မှာ တစ်ရေးနိုး၍ မျက်စိကိုဖွင့်ကြည့်မိတော့ ခုတင်ဘေး Dream bed မှာ အိပ်ပျော်နေသည့်ဘိုကို မြင်လိုက်ရသည်။

သူမ, ခုတင်ပေါ်မှအသာဆင်းကာ စောင်ပါးလေးတစ်ထည်ကို ဘိုကိုယ်ပေါ်မှာ အသာလွှမ်းခြုံပေးလိုက်၏။ ဆတ်ခနဲလန့်နိုးသွားသည့်ဘိုက သူမကိုမော့ကြည့်၍ပြုံးပြလိုက်လေသည်။ ကြည့်စမ်း. . . ဒီကောင်လေးအပြုံးက သူမနှင့်ပတ်သက်လာခဲ့သည့်ကာလတစ်လျှောက်မှာ အလှဆုံးအပြုံးမျိုးဖြစ်နေပါရောလား။

❦ ❦ ❦



# အခန်း ( ၁၀ )

"အောင်,အောင်သေချာကြိုးစားဖြေနော်. . . သုံးနှစ်နဲ့ပြီးမယ့်စာမေးပွဲကို လေးနှစ်တက်ရတာ. . . ဘယ်လောက်နစ်နာဖို့ကောင်းလဲ။ အချိန်ရောလုပ်ပါပင်ပန်းတာ ဘိုအသိပဲ"

ဘိုက ဘာမှပြန်မပြောဘဲ ဖိနပ်ကြိုးချည်နေရာမှ ပြုံးနေသည်။ အဘွားကြီးပေါက်စလေးလို တတွတ်တွတ်ပြောနေသည့်သူမကိုမော့ကြည့်လိုက်တော့ မ,ထံမှ မျက်စောင်းတစ်ပွင့်ကိုရလိုက်သည်။

"ကြည့်ပါလား. . . လူကြီးကပြောနေရင် ဟုတ်ကဲ့တစ်ခွန်းမှမပြောဘူး။ ဘယ်လိုကောင်လေးပါလိမ့်"

www.burmeseclassic.com



"ကတိပေးပါကယ် မ,ရာ။ အောင်ရင် ဆုချဖို့သာ အသင့်ပြင်ထား"

"အံမယ်. . . လိုချင်တာတောင်းစမ်းပါဟယ်။ မပေးနိုင်တာ မရှိစေရဘူး"

"တကယ်နော်. . . နောက်မှ ကျွန်တော်တောင်းတာ မပေးဘူးမငြင်းနဲ့"

"ဟဲ့! ဘာကိုတောင်းမှာမို့လဲ"

ဘိုက ပြုံးစိစိမျက်နှာဖြင့် ထရပ်လိုက်ပြီး မ,ကိုတစ်ချက်စိုက်ကြည့်လိုက်ပါသည်။

"နောက်မှ"

"ကြည့်စမ်း. . . ငါ့ဘို စိတ်ကသိကအောင့်ဖြစ်အောင်လုပ်ဦး"

မ,လှမ်းခေါက်တဲ့လက်ကို ခေါင်းငုံ့ရှောင်၍ ဆတ်ခနဲမော်ကာ ညစ်လိုက်မိ၏။

"ကျန်းမာရေးလည်း ဂရုစိုက်ဦး"

"အဲဒါ မကိုယ်မ, ပြန်ပြောရမှာ။ နေမကောင်းဖြစ်တိုင်း အစ်ကိုပဲ ကိုယ်ဖိရင်ဖိပြုစုနေတာ မနာလိုချင်စရာပဲ"

"ဟဲ့! ရှူး. . . တိုးတိုး။ ဘာတွေလျှောက်ပြောနေတာ





ဘိုရယ်။ ကြားသွားမှ. . . ဟိုက မကျေပ်တိုင်တက်နေဦးမယ်။ နဂိုအတည်းက ကြည့်မရ,ရတဲ့ကြားထဲ"

"သေချာလို့လား. . . မ,ပဲကြည့်မဝဖြစ်နေပြီးတော့"

"ဘိုနော်. . . လူကြီးကို"

ဘိုက မ,လက်ကလေးကို အသာပြန်လွှတ်ပေးလိုက်ပါ၏။ နောက်ကုန်သာပြန်ရမှာ မ,ကိုတစ်စက်ကလေးမှစိတ်မချ။ ဘယ့်နှယ့်လုပ်ရပါ့. . .။

"မ. . . အစ်ကိုလာကြို့မှ ဆေးရုံကိုသွားနော်"

"ကိုယ့်ဟာကိုယ် လမ်းလျှောက်သွားလည်းဖြစ်ပါတယ် ဘိုရယ်၊ တကတည်း. . ."

"ဘာ! စိတ်မချပါဘူး။ ဟိုလူကြီးကို အတတ်နိုင်ဆုံးကြည့်ရှောင်ပါ မ,ရာ။ တော်ကြာ မျှော်လင့်မထားတာတွေဖြစ်ကုန်ရင် ကျွန်တော်ရင်ကျိုးရချည်ရဲ့"

"ပြောပြန်ပြီတစ်ယောက်, ရဲနောင်လည်းဒီအတိုင်းပဲ၊ ငါ ရှောင်တတ်ပါတယ်ဆိုရယ်. . . ဘာမှမဖြစ်ဘူး။ ကဲ. . . သွားတော့ . . . နေမြင့်လာရင်ပူတော့မှာ"

"ကျွန်တော်စာမေးပွဲဖြေပြီးပြန်လာရင် မ,ဆီက တောင်းစရာ ကောင်းမှာနော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ. . ."

"မ,တကယ်ပေးမှာလား. . . ကတိနော်"

"အေးပါလို့ဆို"

ဘိုက လက်တစ်ဖက်ထောင်ပြလျက် ကျောပိုးအိတ်တစ်လုံးနှင့် ခြံထဲမှပြေးထွက်သွားတော့သည်။ ဘယ်လိုကောင်လေးမှန်းကိုမသိတော့ပါဘူး။

နေပြန်ကောင်းခါစမို့ လူကပါးပါးလေးသာကျန်တော့၏။ ဆေးရုံကခွင့်ယူထားတာ နှစ်ပတ်တောင်မှပါလား။ မမူတို့ပင်ပန်းကုန်ကြပြီထင်တယ်။ ရေမိုးချိုး၊ သနပ်ခါးရေကျဲလူး၊ ထမင်းခွံ့ထည့်ကာ ထွက်လာခဲ့သည်။

အဝါနုရောင်ပါတိတ်ဝမ်းဆက်ကြောင့် ကျန်းမာကာအသားကို ပို၍ဖြူစွတ်နေစေပြီလား။ လမ်းတစ်ဝက်အရောက်မှာ နံဘေးသို့ ဂျစ်ကားတစ်စီးထိုးစိုက်လာလေ၏။

"ပို"

သူမ ဆတ်ခနဲလှည့်ကြည့်လိုက်ပြီး စိတ်ပျက်သွားမိသည်။ ဖျားနေတုန်းက ပြဿနာဖြစ်ပြီး ပျောက်သွားရာမှ ယခုပြန်ပေါ်လာပါရောလား။

"ကိုယ်လိုက်ပို့ပေးမယ်လေ"





"နေပါစေ ဦးဇော်ရှိုင်း၊ ကျွန်မကျန်းမာရေးကောင်းအောင် လမ်းလျှောက်ချင်လို့ပါ"

"ပိုကလည်းကွယ်. . . ကိုယ်ခေါ်တိုင်း အမြဲငြင်းနေပါတာပဲ။ ဘာဖြစ်လို့လဲ. . . ကိုယ်က ပို့ကိုကိုက်စားမယ်ထင်နေလို့လား"

"မဟုတ်ပါဘူး, ကျွန်မတကယ်လမ်းလျှောက်ချင်လို့ပါ"

"ဒါဆို ကိုယ်အဖော်လိုက်ပေးမယ်နော်"

စိတ်ကြီးနဲ့ငါနဲ့ ညစ်ရပါလားနော်။ ဒီလူကြီးကို ဘယ်လိုပြောလိုက်မှ ရပ်တန်းကရပ်ပါ့မလဲ။ ဦးဇော်ရှိုင်းက ကားသော့ကိုပိတ်၍ သူမနံဘေးမှပါလာလေ၏။

"ပို့ကို ကိုယ်ပြောစရာရှိတယ်"

"......"

"ပို. . . ကိုယ်, ပို့ကိုလက်ထပ်ပါရစေ"

"ကျွန်မမှာ အိမ်ကသဘောတူထားတဲ့သူ အဆင်သင့်ရှိနေသားပါ ဦးဇော်ရှိုင်း။ အချိန်တန်ရင် သူ့ကိုလက်ထပ်ရမှာပါ။ ... ခင်ဘာမှာ. . . ဒီကိုသူလာလည်လိမ့်မယ်။ သူက အင်ဂျင်နီယာ ... သူလာတော့ ကျွန်မ, ဦးဇော်ရှိုင်းနဲ့မိတ်ဆက်ပေးပါ့မယ်"

"ပိုကကွာ. . . မိဘသဘောတူတာနဲ့ပဲ ခေါင်းညိတ်လိုက်ရ...လား။ နည်းနည်းပါးပါးငြင်းဦးမှပေါ့။ အချစ်မပါဘဲထူထောင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့အိမ်ထောင်ရေးဟာ မတည်မြဲတတ်တာကိုမသိဘူးလား"

အမယ်လေးနော်. . . သူ့အရွယ်ကြီးမှအားမနာ။ အချစ်တွေအသက်တွေပြောနေပုံကိုက မုန်းချင်စရာ။ ဘိုတို့အရွယ်လေးတောင် ဒီလိုကလေးကလား ပျစ်ပျစ်ချွဲချွဲတွေ တစ်ခါမှပြောဖူးတာမဟုတ်။

"ကျွန်မလည်း ငြင်းဆန်ခဲ့တာများပြီရှင့်။ ဒီတစ်ယောက်ကတော့ ဖွဲ့အရှိဆုံးလူမို့ ငြင်းလို့မရတော့ဘူး။ ဒါကြောင့်ပါ"

"ပို့. . . အဲဒီလိုတော့မလုပ်ပါနဲ့။ ကိုယ်က. . . ပို့ကိုစတွေ့ကတည်းက စွဲစွဲလန်းလန်းချစ်နေမိတာပါ"

"ကျွန်မ, ရှင့်ကို ဘယ်လိုမှစဉ်းစားခွင့်မရှိလို့ပါရှင်"

"ရက်စက်လှချည်လား ပို။ ကိုယ့်မှာ ဘာလိုအပ်ချက်တွေများရှိနေလို့လဲ။ ပိုလိုချင်တာမှန်သမျှ အကုန်ဝယ်ပေးနိုင်တဲ့အခြေအချင်း ကိုယ့်မှာအပြည့်ရှိပါတယ်. . . ယုံပါပိုရယ်"

"မေတ္တာကို ငွေနဲ့ပေါက်ပြီးဝယ်လို့မရဘူးရှင့်။ မေတ္တာကို မေတ္တာနဲ့သာ ချိန်ဆက်လဲလှယ်လို့ရတာပါ။ ရှင့်အသက်အမွယ်နဲ့ တင့်တယ်တဲ့မိန်းမတစ်ယောက်ကို ရွေးချယ်လက်ထပ်နိုင်ပါတယ်ရှင်။ ကျွန်မကိုခွင့်လွှတ်ပါ"

သူမ, စကားကိုမြန်မြန်ဖြတ်၍ ခြေကိုလှမ်းလိုက်စဉ်





ဇော်ရှိုင်းက သူမလက်ကို ဖျတ်ခနဲဆုပ်ကိုင်၍ဆွဲယူလိုက်လေ၏။

"အို. . . ရှင် ဒါဘာလုပ်တာလဲ"

"ကိုယ်က တောင်းရင်ပေးမှကြိုက်တယ်လှလွှန်းပို။ မပေးရင်လည်း မရ,ရအောင်ယူတတ်တယ်။ အဲဒါကိုယ့်ဝါဒပဲ"

"ဒီလိုမျိုးတခြားမိန်းကလေးတွေကိုသာရမယ် ဦးဇော်ရှိုင်း။ လှလွှန်းပိုကိုတော့ လုံးဝမရဘူး. . . လွှတ်"

"ကြိုက်တယ်, ကိုယ်ပြောလိုက်တာနဲ့ ခေါင်းတစ်ခါတည်းညိတ်ပြီး ပါလာတဲ့မိန်းမမျိုးတွေနဲ့ပဲ ကြုံလာခဲ့ရတာ။ တစ်ခါတလေအပြောင်းအလဲလေးအဖြစ် ဒီလိုမျိုးလည်းရှိဦးမှပေါ့ လှလွှန်းပို။ ဆိုရင် အရှင်လတ်လတ်ဖျပ်ဖျပ်လူးတဲ့ငါးရဲ့ကမှ ပိုချိုသတဲ့။ ဒီတော့ မင်းရဲ့ငါးရံ့ကိုယ်လုံးလေးကို ဟောဒီလို. . ."

"ရှင်. . . ရှင်. . . မမိုက်ရိုင်းနဲ့နော်. . . လွှတ်"

"ဖြန်း"

"ဟင်! မင်း, ငါ့ပါးကိုရိုက်တယ်ပေါ့"

"ရိုက်တယ်. . . ရိုက်တော့ ရှင်ကဘာလုပ်ချင်လို့လဲ။ ဟင် ရှင်ဘာမှတ်နေလဲ။ လူကြီးလူကောင်းဆိုပြီး အရေးတယူဆက်ဆံတာကို အခွင့်အရေးယူမယ်မကြံနဲ့။ လှလွှန်းပိုက ရှင့်အောက်တွေလိုအပေါစားမဟုတ်ဘူးဆိုတာ မြဲမြဲမှတ်ထား. . .



www.burmeseclassic.com

www.burmeseclassic.com



သူမ ဦးဇော်ရှိုင်းလက်ထဲမှ အားကုန်ရုန်းလိုက်၏။ လ ထဲမှခြင်းတောင်းက လမ်းမပေါ် ဘုတ်ခနဲပြုတ်ကျသွားသည်။ ရှင်းသည့်လမ်းမို့ လမ်းသွားလမ်းလာကင်းနေ၏။ ဘိုသေချာမှာ ရဲ့သားနှင့် တစ်ယောက်တည်းထွက်လာခဲ့တာ မှားပြီလား။

ဦးဇော်ရှိုင်းက ယောကျ်ားအားနှင့်မို့ သူမကို ဆတ်ခနဲပြ ပွေ့ဖက်လိုက်ပြီး သူမပါးပြင်ကိုငုံ့နမ်းလိုက်စဉ် ရက်စက်စိတ်နှင့်ဒေါ ရောကာ လူက တုန်လှုပ်သွားလေသည်။ နားထဲမှာ ဆိုင်ကယ် လိုလိုကြားလိုက်ရစဉ် အင်အားတစ်ရပ်အဖြစ်စီးဆင်းသွားပြီး အာ ကုန်ရုန်းလိုက်မိ၏။

လက်သီးချက်ပေါင်းများစွာ ကျရောက်သွားပြီးနောက် ဇော်ရှိုင်း၏နှာခေါင်းနှင့် နှုတ်ခမ်းမှ သွေးတွေဖြာခနဲထွက်လာ သည်။ သူက ဘာကိုမှမမြင်တော့ဘဲ အဆက်မပြတ်ထိုးနေတာ သူမ ကျုံးအော်လိုက်ရ၏။

"ရဲနောင်! တော်တော့... တော်ပါတော့"

"တော်စရာလား... လူလွန်းပုံရဲ့။ မင်းကိုစော်ကား ဘာ ဒီအတိုင်းလက်ပိုက်ကြည့်နေရင် ဒီမိစ္ဆာကောင်က မင် ခြေတော်တင်သွားလိမ့်မယ်။ သည်းခံခြင်းဆိုတာ သူ့အတိုင်းအ နဲ့သူပဲဦးဇော်ရှိုင်းရဲ့။ ခင်ဗျားကြီး... ကိုယ့်သမီးအရွယ်လေး





ယ်ထိလက်ရောက်စော်ကားရဲရတယ်လို့။ သေစမ်း..."

"ခွပ်"

"အ..."

"ရဲနောင်... ကျွန်မတောင်းပန်ပါတယ်။ တော်ပါတော့"

သူ့လက်ကို နောက်ကျောမှအတင်းဆွဲထူလိုက်တော့မှ ထိုး ကိုရပ်လိုက်၏။ သူမလက်ကို ဆတ်ခနဲဆွဲခေါ်လျက် ဆိုင်ကယ် သို့လှမ်းခဲ့သဖြင့် သူမခြေလှမ်းအမှားမှားလှမ်းလျက် ပါလာ ၊ လမ်းမပေါ်မှကျနေသည့် သူမခြင်းတောင်းကို ဖျတ်ခနဲယူ ဆိုင်ကယ်ကိုစက်နှိုးလိုက်၏။ ဘုရားရေ... ကံကြီးပေလို့သာ ဒီလိုစည်းမစောင့်တဲ့လူလက်ထဲမှ သီသီလေးလွတ်ခဲ့ရတာပါ

သူက စကားတစ်ခွန်းမှမပြောတော့ဘဲ ဆေးရုံကို တန်း တ်မတ်မောင်းလာခဲ့၏။ Meeting ရှိနေသည်မို့ ဘာစကား မပြောဖြစ်တော့ဘဲ ဆရာဝန်ကြီးရုံးခန်းထဲသို့ တန်းဝင်ခဲ့ရ

"နေကောင်းသွားပြီလားသမီး"

"ဟုတ်ကဲ့ပါဆရာကြီး"

"အေးအေး... သင်တန်းတွေလည်းပြီးရော... ငါသ



www.burmeseclassic.com

www.burmeseclassic.com



လည်း လဲတော့တာပဲကိုး။ ဆရာပြောသားပဲ, သမီးက သိပ်အနစ်
ခံလွန်းတာကိုး။ ဝန်ဆိုတာ ကိုယ်ထမ်းနိုင်သလောက်ပဲထမ်းတ
အကောင်းဆုံးပဲသမီးရဲ့။ သမီးက သာမန်လူသားလေ၊ စက်ရုပ်
မဟုတ်တာဘဲ"

"ဒါနဲ့မျှား. . . သူ့လက်နှစ်ဖက်နဲ့ ကမ္ဘာကြီးကိုအုပ်စိုး
သေးတယ်"

သူ့ထံမှ စတင်တိုက်ခိုက်သံကြားရသည်နှင့် စစ္စတာတို့
စုထံမှ ဟျိတ်ရယ်သံကြားရသည်။ သူမ,ရင်တုန်မပြေသေးတာ
စကားပြန်မချေပနိုင်ဘဲ မျက်စောင်းသာခဲလိုက်မိ၏။

အစည်းအဝေးမှာ ခွဲစိတ်ဖို့လူနာတွေ များနေကြောင်း
သဖြင့် သူမမျက်လုံးပြူးသွားမိသည်။ ဘုရားရေ. . . နှစ်ပတ်အတွ
ဆေးရုံနှင့်အဆက်အသွယ်ပြတ်တောက်နေစဉ် ဒီလောက်ထိဖြစ်
ပြီလား။

"အရင်ဆုံး အရေးကြီးတဲ့လူနာတွေကို ဦးစားပေးခွဲရ
စစ္စတာ. . . ဘယ်သူ့ကိုလျာထားလဲ"

"Twins (အမြွှာ) မွေးမယ့်လူနာပါ"

"ဒုတိယကရော"

"Stomach (အစာအိမ်)သမားကို. . . ဦးစားပေးရ





တာ"

"အား. . . ဟုတ်သားပဲ၊ ကျွန်မသတိမေ့သွားတယ် ဒေါက်
"

"ဒါဖြင့် သူ့ကို First ပေါ့။ တတိယကရော"

"Uterus (သားအိမ်) ထဲ အလုံးတည်တဲ့လူနာပါ"

"ကဲ. . . ဒါဖြင့် duty ခွဲယူပါ။ သမီးက နားလိုက်ဦးနော်"

"ကျွန်မ တတိယလူနာကိုစမ်းကြည့်ချင်ပါတယ်ဆရာကြီး"

သူ့ထံမှ စူးခနဲအကြည့်တစ်ချက်ရောက်လာ၏။ ဆရာဝန်
င်းချင်းမို့ ဒီအကြည့်ကိုနားလည်သည်။

မယုံကြည်လို့မဟုတ်ရပါဘူးရဲနောင်။ ဆေးစားရင်ပျောက်
လားမျှော်လင့်ချက်လေးနဲ့ပါရှင်. . .။

"သမီးစစ်ချင်စစ်ပေါ့, ကဲ. . . Meeting ဖြုတ်မယ်။ လူနာ
သွေး၊ drip လိုအပ်တာ သေချာစစ်ပေးပါစစ္စတာ"

"ဟုတ်ကဲ့ပါဆရာကြီး"

အခန်းထဲမှထွက်စဉ် သူက duty coat ကို လမ်းသွားရင်း
ာ သူမဘေးမှဖြတ်တက်သွားလေ၏။

"ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှုမရှိရင် ငါ. . . ဆရာဝန်
တိုမလုဂ်တော့ဘူးလုလွန်းပို"



www.burmeseclassic.com

www.burmeseclassic.com



"ရဲနောင်. . . ကျွန်မက"

"ငါဘယ်လိုလူလဲဆိုတာ မင်းအသိဆုံးပါ"

"ကျွတ်! မဟုတ်သေးပါဘူး"

သူက မဲ့ပြုံးတစ်ချက်ကိုပြုံးကာ ခွဲစိတ်မည့်လူနာဆ တန်းသွားလေ၏။ သူမ, သာခန်လူနာတွေရှိရာအခန်းသို့သာ တည်ခဲ့ရသည်။

ပညာမာနကတော့ ဆရာဝန်တိုင်းမှာ ရှိပါတယ် ရဲ ရယ်။ ရှင်, ကျွန်မကိုမကြည်တာက ဆေးပညာနဲ့ပဲသတ်ဆိုင် လား၊ ဒါမှမဟုတ် လမ်းပေါ်မှာဖြစ်ပျက်ခဲ့တဲ့အဖြစ်ဆိုးကြီးကြော လား။

လူနာကိုအဖျားတိုင်းနေရာမှ သူမမျက်ရည်တွေ ဝဲ လာမိသည်။ ကျွန်မ, ဘယ်သူနဲ့မှပြဿနာမဖြစ်ချင်ပါဘူး ရဲ မိဝေးဖဝေးနေ,နေရတဲ့မြို့လေးမှာ စိတ်ချမ်းသာစွာနေချင်ပါ ခွဲစိတ်ဆောင်အခန်းမှာဖြတ်လျှောက်စဉ် လူနာတစ်ယောက်က ကိုလှမ်းပြောလိုက်ပါ၏။

"ဆရာမ. . . ကျွန်မ, မခွဲလို့မရဘူးလားရှင်"

အသက်သုံးဆယ်ကျော်အမျိုးသမီးကိုကြည့်၍ သူ ဏာသက်သွားမိ၏။ ခုတင်ခြေရင်းရှိ ကတ်ကိုဖြုတ်ကြည့်တော





လက်မှတ်နှင့် ခွဲစိတ်ရမည့် Uterus အလုံးတည်တဲ့လူနာ ဖြစ်နေသည်။ သူမ,သေချာစမ်းသပ်ကြည့်ရှုလိုက်ပြီး ပြုံးလိုက်ပါ၏။

"အလုံးက အသေးလေးပါအစ်မရယ်။ ဆေးစားရုံနဲ့သက်သာမှာပါ"

"တကယ်နော်. . . ကျေးဇူးတင်လိုက်တာဆရာမရယ်။ ဟိုဆရာဝန်ချောချောလေးက ခွဲကိုခွဲရမယ်ဆိုပြီးပြောသွားလို့ပါ"

"မစိုးရိမ်ပါနဲ့အစ်မရယ်။ အဆင်ပြေသွားမှာပါနော်"

သူမ, ကလေးခန်းဘက်လှည့်၍ ဆေးထိုးဆေးတိုက်လုပ်နေချိန်၌ သူက ဒေါသတကြီးဖြင့် သူမရှိရာဆီရောက်လာလေ၏။

"လှလွန်းပို. . . ခဏ"

သူမ,ဆေးထိုးပေးပြီးမှ Corridor ဘက်ထွက်လာခဲ့၏။ သူက သူမ၏မျက်နှာကို ခပ်စိမ်းစိမ်းစိုက်ကြည့်လျက် ပြောလိုက်လေသည်။

"ကိုယ်ခွဲစိတ်ရမယ့် Patient ကို မင်း, ဘာသွားနှောင့်ယှက်လိုက်တာလဲလှလွန်းပို။ ဒါ ဆရာဝန်စည်းကမ်းနဲ့မညီတာ မင်းသိရဲ့လား"

"သူက ခွဲရမှာကြောက်နေလို့ စေတနာနဲ့. . ."

"ခု, လူနာက ခါးခါးသီးသီးငြင်းနေပြီ။ ဘာဆက်လုပ်ရ



www.burmeseclassic.com

www.burmeseclassic.com



မလဲ။ မင်းက ဒီဆေးရုံမှာ လူနာတွေချစ်ခြင်းကို ပိုအရဆုံးဆရာဝန် ဆိုပြီး ဒီလိုလုပ်တာတော့ ဘယ်ကောင်းမလဲ။ မင်း Theatre ထဲ ဝင်ချင်လို့လား. . . duty လုချင်တာတော့ သိပ်သဘာဝမကျဘူးလို့ ကိုယ်ထင်တယ်"

"မဟုတ်ပါဘူး"

"နားလည်တတ်မှပေါ့လူလွန်းပို၊ နောက်ကို ကိုယ်လုပ်မယ့် အလုပ်တွေကို မင်းဝင်မရှုပ်ပါနဲ့။ ဒါနောက်ဆုံးဖြစ်ပါစေ"

သူက ပြောပြီးပြီးချင်း ချာခနဲလှည့်ထွက်သွားလေ၏။ သူမ မျက်ဝန်းမှ မျက်ရည်ပေါက်တွေ လိမ့်ဆင်းလာလေသည်။ ရဲနောင် ရယ်၊ ဘယ်အပြုံးနဲ့များ ကျွန်မကို ဒီလိုပြောလိုက်ပါလဲ။ တကယ် ဆို. . . ချိုချိုသာသာပြောလည်းဖြစ်ပါတယ်ရှင့်။ အခုတော့ ရှင်က မျက်နှာကြောတင်းတင်းနဲ့ပြောလေတော့ ကျွန်မက မိန်းမသား ပြီးတော့ နုလံထခါစ,လူသားတစ်ဦးပါ။ ဒါကို ရှင်က ဒီလိုခပ်မာမာ ပြောရက်လိုက်တာနော်။

"မမပို. . . ဆရာကြီးက ခဏတဲ့"

"ဟင်! အေးအေး. . . လာပြီနန်းရေ"

မျက်ရည်ကိုအမြန်သုတ်လိုက်ပြီး ဆရာကြီးရုံးခန်းထဲသို့ အပြေးဝင်ခဲ့ရ၏။ ဆရာဝန်ကြီးက သူမကို ဖျတ်ခနဲမော့ကြည့်လိုက်





း လက်ယပ်ခေါ်လိုက်လေသည်။

"လာ. . . သမီး, ထိုင်. . . ဒီမှာ အောက်ပိုင်းသေချင်နေ ကလေးတစ်ယောက်ကို ကုဖို့ရှိတယ်။ အဲဒါ သမီးယူနော်။ သမီး က ကလေးတွေနဲ့ပိုအပ်စပ်တယ်"

"ကလေးက ဘယ်အရွယ်လဲဆရာကြီး"

"ရှစ်နှစ်လေ, အောက်ဆုံးထပ် ထောင့်ဆုံးခန်းမှာရှိတယ်။ းကြည့်လိုက်ပါ"

"ဟုတ်ကဲ့"

"မျက်နှာလည်းမကောင်းပါလားသမီးရယ်။ ဘာဖြစ်လဲ"

"ဟင့်အင်း! ဘာမှမဖြစ်ပါဘူးဆရာကြီး"

"မဟုတ်သေးပါဘူး၊ သမီးမျက်နှာက အမြဲတမ်းကြည်လင် တာ။ အထူးသဖြင့် လူနာအများစုက သမီးမျက်နှာလေးကိုမြင် . . . ရောဂါတစ်ဝက်သက်သာပြီးသားဖြစ်နေပြီ။ တစ်ခုခုဖြစ် သား။ ဘယ်သူနဲ့ဘာပြဿနာဖြစ်လဲ။ ဆရာ့ကိုပွင့်ပွင့်သင်းလင်း ပြောမှပေါ့"

မေးသူရှိမှ ရင်ထဲမှာ စူးခနဲတစ်ချက်အောင့်သွားပြီး မျက် တာ ချက်ချင်းဝဲတက်လာ၏။ သူမ ခေါင်းကိုသာ ခါယမ်းပြလိုက် ဆရာဝန်ကြီးရုံးခန်းထဲမှ အမြန်ထွက်လာခဲ့တော့သည်။



www.burmeseclassic.com

အောက်ထပ်ထောင့်ဆုံးခန်းမှာ အသင့်ရှိနေသည့် နာ့
ခင်ပြုံးမွှန်က သူမကိုပြုံးပြလေ၏။ ကလေးမိဘတွေဖြစ်ဟန်တူသ
လူကြီးသုံးယောက်က စိုးရိမ်တကြီးမျက်နှာဖြင့် သူမကိုလှည့်ကြည်
လာလေသည်။

"ဒေါက်တာရယ်. . . သားလေးကိုကုပေးပါဦး။ သား
ကျောင်းမှာ စာအရမ်းတော်တာ။ ခု. . . ဒီလိုဖြစ်နေလို့ စာကျ
လို့မရဘဲ ငိုလို့ချည်းနေတာပါပဲရှင်"

"ဟုတ်ကဲ့ပါအစ်မ. . . ကျွန်မစစ်ဆေးပေးပါ့မယ်။ စိ
မပူပါနဲ့။ အနာသိရင် ဆေးရှိပါတယ်ရှင်။ အရေးကြီးတာက ဆေး
ကိုအချိန်မီရောက်လာဖို့ပါပဲ"

သူမ, ကလေး၏ဘောင်းဘီရှည်လေးကိုလှမ်းတင်၍
တွယ်စမ်းသပ်လိုက်မိ၏။ အနည်းငယ်ပိန်သွယ်နေသဖြင့် လှုပ်
မှုသိပ်မလုပ်ကြောင်း သိသာနေလေသည်။

"သားက အမြဲတမ်းစာကျက်နေတာထင်တယ်"

"ဟုတ်ပါတယ်ဒေါက်တာ"

"စာကိုအမြဲထိုင်ကျက်နေလို့ ခုလိုဖြစ်တာပါ။ မနက်
စော လမ်းထလျှောက်တာတို့၊ သွေးပူလေ့ကျင့်ခန်းလုပ်ဖို့၊ ပြီး
ဘောလုံးကန်ကစားဖို့။ ဒါတွေမလုပ်ရင်. . . သွေးလေလည်





နှောင့်နှေးကုန်ရော အစ်မရဲ့။ စာတော်ချင်ဇောနဲ့ စာကိုပဲဖိကျက်
နေရင် မှတ်ဉာဏ်က ပိုတိုးတက်မလာဘူး။ ဦးနှောက်ကို ရှင်းသင့်
ရင်ရှင်းပေးရတယ်။ မျက်စိကိုလည်း အနားပေးရတယ်"

"ဟုတ်ပါတယ်ဒေါက်တာရယ်။ ကျွန်မတို့က သားကိုပြော
ပါတယ်။ သားက. . . ကျွန်ခဲ့တဲ့လက အဆင့်(၂)ရောက်သွားတာနဲ့
အခန်းထဲက အပြင်ကိုမထွက်ဘဲ စာကျက်နေတော့တာပါပဲ"

သူမ ပြုံးလိုက်မိ၏။ ဩော်. . . သူမနှင့်တူသည့် လူငယ်
လေးတစ်ယောက်ကို တွေ့ရပါပေါလား။ သူမ ဆယ်တန်းတုန်းက
လည်း ထိုသို့ပူလောင်စိတ်တွေနှင့် စာကျက်ခဲ့ဖူးလေသည်ကိုး။

"ဒီတစ်ပတ်တော့ ဆေးရုံတင်ခဲ့ပါအစ်မ။ ဆေးထိုးဆေး
တိုက်လုပ်ပြီး လေ့ကျင့်ခန်းမှန်မှန်လုပ်ရင် လုံးဝပျောက်သွားမှာပါ
ရှင်"

"ကျေးဇူးတင်လိုက်တာ ဒေါက်တာရယ်"

သူမ, ကလေးကို သွေးပေါင်ချိန်တိုင်းလိုက်ပါ၏။ သူမနှင့်
စကားဒိုင်ခံပြောနေသည့် ကလေး၏မိခင်ကို မော့ကြည့်လိုက်စဉ်
သူမကိုခပ်ငေးငေးကြည့်နေသည့်လူကို မြင်လိုက်ရလေသည်။ ထို
လူက သူမနှင့်အကြည့်ချင်းဆုံသွားသည်နှင့် လှစ်ခနဲပြုံးပြလိုက်
လေ၏။

www.burmeseclassic.com



ကြည့်စမ်း! သွားတက်လေးပါသည်ကိုက လူကိုနုပျိုသွားသလိုပါပဲ လား။

"ဒေါက်တာ, ကျွန်မနာမည်က ထားထားအိပါ။ ဒါ ကျွန်မ အမျိုးသားဦးကျော်ရှိန်။ သားအဖေက အစိုးရဝန်ထမ်းအရာရှိပါ ပဲ။ ဒါက. . . ကိုကျော်ညီ ဗိုလ်ကြီးစစ်နိုင်ရှိန်ပါ"

"ဪ! ဟုတ်ကဲ့ရှင့်၊ အခုလိုသိရတာ ဝမ်းသာပါတယ်"

"ဟိုလေ. . . ဒေါက်တာ့နာမည်လေး သိပါရစေ"

"ကျွန်မနာမည် လှလွန်းပိုပါ"

"လှလိုက်တာ. . . နာမည်နဲ့လူနဲ့ သိပ်လိုက်ဖက်တာပါပဲ ရှင်"

သူမမျက်နှာ ဖြန်းခနဲရဲတက်သွားရသည်။ ဒါကြောင့် လူ ရှေ့သူရှေ့မှာ နာမည်မပြောချင်တာ။



အခန်း ( ၁၁ )

သူမ, တာဝန်ယူဆေးကုသပြီး လေးရက်အကြာမှာတော့ ပြဿနာထပ်ဖြစ်လေ၏။ မောင်မင်းသန့်ရှိန်လေး ခြေတောက်က လုံးဝမလှုပ်ရှားတော့ပါချေ။ ဆရာဝန်ကြီးရုံးခန်းထဲမှာ မျက်ရည် သည်ရွှဲဖြင့် လာရောက်တိုင်တန်းနေသည့်ဒေါ်ထားထားအိကို သူမ ဘယ်လိုဖြေသိမ့်ပေးရမည်မှန်းမသိဘဲ လူက မိုက်ခနဲမူးဝေသွား လေ၏။

"သက်သာမလားဆိုပြီး ယုံယုံကြည်ကြည်နဲ့ ဆရာဝန်ကြီး ရဲ့ဆေးရုံမှာ လာတင်ထားတာပါရှင်။ ဒီလိုသာဖြစ်မယ်မှန်းသိရင် မြန်မာဆရာနဲ့ပဲကုလိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခဏနေပါဦး ဒေါ်ထားထားအိ . . . ကျွန်တော်ကိုယ်တိုင် စစ်ဆေးကြည့်လိုက်ပါဦးမယ်။ ချက်ချင်းကြီးတော့ ဆေးရုံကခေါ် မသွားပါနဲ့"

"သားအဖေက တရားစွဲမယ်ချည်း အခါခါပြောနေတာပါ။ မောင်လေးက တားနေလို့သာ"

"ကျွန်တော်တောင်းပန်ပါတယ်ဗျာ။ ဒေါ်ထားထားသိ သားတစ်ယောက်တည်းကိုပဲ . . . ကျွန်တော့်တူမက ကုသပေးတာ မဟုတ်ပါဘူး။ လူနာပေါင်းများစွာရဲ့အသက်တွေကို သူကယ်တင် ပေးခဲ့တာပါ။ ဒီလူနာတစ်ဦးအတွက်နဲ့ ဆရာဝန်တစ်ယောက် ဘဝကို . . ."

"ကျွန်မက အသက်နဲ့လဲပြီးမွေးခဲ့ရတဲ့မိခင်ပါ ဆရာ ကြီးရယ်"

သူမ, ယိုင်ခနဲလဲသွားစဉ် စစ္စတာက သူမကိုအသာထိန်း ထားပေးလိုက်ပါ၏။ အခန်းထဲသို့ ခြေလှမ်းကျဲကျဲဖြင့် သူဝင် လေသည်။

"ကလေးကို ပထဝီနည်းနဲ့ပဲ ကျွန်တော် ဆက်ကုသပေး မယ် လေးလေး။ ဒီလိုလုပ်ပေးလို့မှ မပျောက်ရင်တော့ လူနာ သန္ဒအတိုင်းသာ လုပ်ပါစေတော့"





"သား . . . ရဲနောင်"

"ဒါ နောက်ဆုံးအခွင့်အရေးပါပဲ လေးလေး"

သူ, ဒါပဲပြောပြီး အခန်းထဲမှ တစ်လှမ်းချင်းထွက်သွားလေ တော့သည်။ ကလေးကို ဆေးရုံမှ ဆရာဝန်ကြီးအိမ်သို့ရွှေ့ကာ သူ ကိုယ်တိုင် ဆက်ကုသဖို့ဖြင်လေ၏။ ခြေထောက်တွေကို လေ့ကျင့် ခန်းလုပ်ပေးပြီး ဖိနပ်မပါဘဲ မြေကျင်းထဲဆင်းရပ်နည်းဖြင့် စမ်းသပ် ၍ စိစဉ်လေတော့သည်။

သူမ, ဆရာဝန်တွေအခန်းထဲရှိခဲ့မှာ မျက်နှာအောက်ငုံ့ ၍ ထိုင်နေမိ၏။ ဘုရားရေ . . . ဘယ်ဘဝက ဝဋ်ကြွေးရှိခဲ့လို့များ ဒီလိုအဖြစ်ဆိုးတွေဖြစ်လာခဲ့တာပါလိမ့်။

ဆေးကုသပေးသည့်အပိုင်းမှာ ဘာအမှားအယွင်းမှ မရှိ ပါဘဲ ဘယ်လိုတွေဖြစ်ကုန်တာပါလိမ့်။ ဒုက္ခနှင့်ကြုံတွေ့လာချိန် ၌ မေမေ့ကို တမ်းတမ်းတတသတိရသွားမိသည်။ မေမေရယ်၊ ဒီ အချိန်မှာ မေမေ့ရင်ခွင်ထဲ ပြေးဝင်ငိုချလိုက်ချင်စိတ်က အကိုင်း အခဲ့ဖြစ်တည်နေတာကို မေမေသိနိုင်ပါ့မလား။ မိဘဆန္ဒကို ဆန့် ကျင်ခဲ့မိသည့်အတွက် ဘုရားက ဒဏ်ခတ်လေပြီလား။

"ဒေါက်တာ"

ရှေ့တည့်တည့်မှာရပ်၍ တီးတိုးခေါ်လိုက်သံကြောင့်သူမ



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေကြားမှ ဝိုးတဝါးမော့ကြည့်ရင်း မတ်တတ်ရပ်လိုက်မိပါ၏။ ဘုရားရေ. . . ဗိုလ်ကြီးစစ်နိုင်ရှိန်ပါလား။

“စိတ်မကောင်းမဖြစ်ပါနဲ့ဗျာ။ မမက သားအတွက် သွေးပူတုန်းပြောခဲ့တာတွေကို ကျွန်တော် အနူးအညွတ်တောင်းပန်ပါတယ်။ သားက နဂိုကတည်းက ခြေထောက်သိပ်မလှုပ်တဲ့လူနာပဲဟာ။ သတ္တဝါတစ်ခုကံတစ်ခုလို့ယူဆပါတယ်ဗျာ”

သူမမျက်ရည်မဆည်နိုင်အောင်ပင် ငိုချလိုက်ပါ၏။ ရှုတ်ဖို့ကောင်းလိုက်တာနော်။ တစ်ခါမှ မကြုံခဲ့ဖူးသည့်အဖြစ်အပျက်ကြီးပါလား။ ဒါ. . . အိပ်မက်သာဖြစ်မယ်ဆိုရင် ဘယ်လောက်များကောင်းလိုက်မလဲ။ ဒါပေမဲ့ ဒါဟာ. . . အိပ်မက်တစ်ခုမဟုတ်ခဲ့တကယ့်အဖြစ်အပျက်ပါလေ။

“ကျွန်မ. . . ကျွန်မ. . . သားအတွက် ဘာမှမလုပ်ပေးနိုင်တော့ပေမယ့် တစ်ခုကိုတော့ ကျွန်မပြန်ပေးဆပ်ပါ့မယ် ဗိုလ်ကြီးရယ်။ ကျွန်မ, ဒီအလုပ်က ရာသက်ပန်နှုတ်ထွက်လိုက်ပါ့မယ်။ ဗိုလ်ကြီးတို့ တရားစွဲချင်လည်းစွဲကြပါတော့”

“စောပါသေးတယ်လှလွန်းပို. . . စစ်မရောက်ခင် . . . မြားကုန်ပြီးပြောနေတာလဲ။ အချိန်က စကားပြောလာပါလိမ့်မယ်။ မမှားသောရှေ့နေ. . . မသေသောဆေးသမားလို့ဆိုရိုးရှိတာ မင်း

. . . မထားနဲ့လေ”

အခန်းထဲဝင်လာသည့်သူက သူမစားပွဲပေါ် လက်ထောက်ပြီး ဆိုလိုက်တော့ သူမမျက်နှာထက်မှ မျက်ရည်တွေကို လက်ဝါး . . . က်ဖြင့်သုတ်၍ အားတင်းလိုက်ပါ၏။

“လူတစ်ယောက်ရဲ့ဘဝကို သေအောင်လုပ်မိတာထက် . . . လေးတဲ့အပြစ်မရှိတော့ဘူး ရဲနော်င်။ ဒါကို. . . ကျွန်မသိနေပါ . . . ယ်”

“ဒါဆိုရင်. . . မင်းအလျော်ပြန်ပေးမှာက မင်းရဲ့ဆရာဝန် . . . ကြီးတစ်ခုလုံးကို သာမန်လူသားအဖြစ် ရပ်တည်သွားဖို့လား”

“နာမည်တစ်ခုသေတာဟာ. . . ဘဝသေတာနဲ့မခြားဘူး . . . တ်လားရဲနော်င်”

“ဒါပဲလား. . . မင်း, ဆယ်တန်းကို အိပ်ရေးအဖျက်ခံပြီး . . . တ်မနစ်ကြိုးစားရင်း နောက်ဆုံးဘာသာဖြေအပြီး စာမေးပွဲ . . . ထဲ အရုပ်ကြိုးပြတ်လဲကျခဲ့တာ၊ ဆေးကျောင်းတက်စဉ်ကာလ . . . လျှောက် ကျားကုတ်ကျားခဲကြိုးစားခဲ့တာတွေရဲ့ရလဒ်က ဒီလို . . . ယ်ပဲပေါ့။ ဟုတ်လား. . .”

သူမ ငိုင်ကျသွားမိသည်။

ရဲနော်င်ရယ်. . . နှစ်ဦးတည်းတွေ့မှ ဒီစကားမျိုး . . .







www.burmeseclassic.com

www.burmeseclassic.com



ကိုပြောပါလား။

ခု ကျွန်မရှေ့မှာ သူစိမ်းတစ်ဦးရှိနေတယ်လေ။

"ဗိုလ်ကြီး. . . ကျွန်မအနူးအညွတ်တောင်းပန်ပါတယ်။ ဒီ ကိစ္စက တောင်းပန်ရုံနဲ့ ကျေအေးပေးနိုင်မယ့်ကိစ္စမဟုတ်မှန်း သိ ပေမယ့် တောင်းပန်ပါရစေ။ ကျွန်မကိုတရားစွဲချင်ရင် ကျွန်မ ဦးလေးအိမ်မှာ အမြဲရှိနေပါ့မယ်။ ကျွန်မကိုခွင့်ပြုပါဦးရှင်"

"ဒေါက်တာ"

"လုလွန်းပို"

သူမမျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ဆေးရုံပေါ်မှ ပြေ ဆင်းလာခဲ့မိ၏။ လမ်းမမှာ ဘယ်လိုခြေလှမ်းတွေနဲ့ အိမ်ကိုပြန် မှန်းပင်မသိတော့။ ဘယ်သူမှရှိမနေသည့်အိမ်ကြီး၏အောက်ထ အိပ်ခန်းထဲဝင်၍ ခုတင်ထက်ပစ်လှဲချကာ ဝမ်းနည်းပက်လက်ငို လိုက်မိတော့သည်။

ကံကြမ္မာရယ်၊ ဘဝကြီးကျွမ်းထိုးမှောက်ခုံဖြစ်ရလော အောင် ကျွန်မအပေါ်မှာ မရက်စက်သင့်ပါဘူး။ ဘယ်ဘဝတုန်း ဘယ်လိုအမှားမျိုးလုပ်ခဲ့မိလို့များ ခုလိုလုပ်ဆောင်ပေးလိုက်ရ ပါလဲ. . .။

လက်ဝါးနှစ်ဖက်ကို ပြန်ကြည့်လိုက်မိ၏။ ဒီလက်တွေ





သူပေါင်းများစွာရဲ့အသက်ကို ကယ်တင်ပေးခဲ့တာလေ။ ဒီလက်တွေ နဲ့ ဘဝတစ်ခုကိုထူထောင်ရပ်တည်နိုင်ပြီဆိုပြီး ဂုဏ်ယူမဆုံးပီတိ ဖြစ်ခဲ့တာ။ အခု ဒီလက်တွေကပဲ သူမဘဝကိုသူမ ပြန်သတ်သလို ဖြစ်နေပါရောလား။ ခုတင်ဘေးစားပွဲဖြင့် လက်ကို ဘယ်နှစ်ချက် န်းမသိ ရိုက်မိတာကိုမတွေးတတ်မိခဲ့တော့။

အိပ်ရာဘေးပုံခနဲလဲကျရင်း အသက်ရှူမွန်းကျပ်လာတာ သာ နောက်ဆုံးသိလိုက်ရပြီး၊ ကမ္ဘာကြီးအမှောင်ကျသွားလေ တော့၏။

"မ"

"မ. . . ရေ"

နားထဲမှာ ခပ်သဲ့သဲ့ခေါ်သံကိုကြားလိုက်ရသဖြင့် မျက်လုံး အသာဖွင့်ကြည့်မိ၏။ ရင်ခွင်တစ်ခုထဲရောက်နေတာကိုသိသည်။ သား. . . မ,လို့ခေါ်တာ ဘိုတစ်ယောက်ပဲရှိတာလေ။

"ဘို. . ."

"မ. . . မ. . . သတိရပြီလားဟင်"

သူမ, ခေါင်းကိုအသာညိတ်လိုက်မိသည်။ လက်နှစ်ဖက် ကျင်တာထက် ရင်ထဲမှနာကျင်မှုက အနိုင်းအဆမဲ့။ လောကမှာ ကိုယ်ကို ပြန်စိတ်နာမိတဲ့လူကိုပြပါဆိုရင် သူမကိုယ်သူသာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ညွှန်ပြရုံပဲရှိတော့သည်။

"မ,ရယ်. . . ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲ။ ပြဿနာရှိရင် ဖြေရှင်းလို့ရတဲ့နည်းလမ်းတွေ အများကြီးရှိပါတယ်။ ခေါင်းအေးအေးထားပြီး ရှင်းမှပေါ့။ မ,ဒီလိုလုပ်မယ်မှန်း ဘယ်သူမှထင်မထားဘူး။ ဆရာဝန်ကြီးတောင် စုတ်တသတ်သတ်နဲ့ပြောဆိုပြီးပြန်သွားတာ"

"ဘယ်အချိန်ရှိပြီလဲဘို"

"ည. . . (၁၂)နာရီ"

"ကိုယ်တစ်ယောက်တည်းပဲနေပါရစေ"

"အစ်ကိုက မှာခဲ့တယ်။ မ,ကို တစ်ယောက်တည်းမထားကြနဲ့တဲ့။ တော်ကြာ psycho ဝင်ပြီး suicide လုပ်မှာ အရမ်းစိုးရိမ်နေတယ်"

"မြန်မြန်သေရင်အေးတာပဲ"

"မ,ဒီလိုပြောစရာလား။ ကျွန်တော်. . . ကျွန်တော်သိ ချစ်တဲ့မကို ဒီလိုလက်လွှတ်စပယ်နဲ့တော့ ကျွန်တော့်ဘဝထဲက ထွ သွားခွင့်မပြုနိုင်ဘူး။ ကျွန်တော်, မ,ကိုသိပ်ချစ်တယ်။ ဒါဟာ. . ရာသက်ပန်အတွက် ရည်စူးပြီးပြောတဲ့အတည်စကားပါ။ ယုံပါ ရယ်"





ဘုရားရေ. . ဒီကလေး ဘာစကားတွေပြောနေတာပါလိမ့်။ စိတ်ပျက်အားငယ်နေတဲ့လူတစ်ယောက်ကို ဒီလိုစကားမျိုးအခုချိန်ပြောသင့်မပြောသင့် မချင့်ချိန်တော့ဘူးလား။ သူမ, ဘို့ရင်ခွင်ထဲမှ ရုန်းထလိုက်၏။

ဘိုက လွှတ်မပေးဘဲ သူမကို တင်းတင်းဖက်ထားလေတော့သည်။

"ဘို. . . လွှတ်"

"ဟင့်အင်း. . . မ,ပြန်ချစ်တယ်ပြောမှလွှတ်မယ်"

"ဘို. . . မင်းနော်. . . ကိုယ်မကြိုက်ဘူး. . . လွှတ်။ သေချင်အောင် အရောက်မပို့နဲ့. . . လွှတ်ဆိုလွှတ်စမ်း"

"မ. . . မ,ပြောတော့ စာမေးပွဲဖြေနိုင်ရင် ကျွန်တော်လိုချင်တာ ပေးမယ်ဆို။ မ,ပေးခဲ့တဲ့ကတိကို ဒီလိုလွယ်လွယ်နဲ့မဖျက်ပါနဲ့"

"တော်စမ်း. . . ပေါက်ကရတွေ ထပ်မပြောနဲ့။ ငါပြောတာ မင်းနဲ့သင့်တော်တဲ့ပစ္စည်းတစ်ခုခုကိုတောင်းစေချင်တာ။ ဒီလိုငါ့အပေါ် မရိုးမသားဆက်ဆံတာလောက် မုန်းဖို့ကောင်းတာမရှိတော့ဘူး"

"မ. . . မ,က ဟိုလူကြီးစော်ကားတာကိုတော့ ရင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ဘူး. . . ကျွန်တော့်ကိုကျ"

"ဥက္ကာဘို!"

ဘိုက သူမအော်သံကိုကြားနေသည့်ကြားမှ ထပ်တိုး၍ဖက်ကာငိုချလိုက်လေ၏။

"ကျွန်တော်တောင်. . . ကျွန်တော်တောင် မထိမတို့ရဲ မြတ်နိုးရတဲ့မ,ကိုမှ ဒီလူကြီးလုပ်ရက်တယ်။ ကျွန်တော်ရှိမနေ ပေါ့။ ရှိသာရှိနေလို့ကတော့ အဲဒီနေရာမှာ ပွဲချင်းပြီးပဲ။ အခုလည်း သင်း. . . ဘယ်ရှောင်နေမှန်းမသိဘူး"

သူမ၏ရင်ထဲမှာ ဒိန်းခနဲမြည်သွားလေ၏။ ဘုရား. . . ဘုရား. . . ငယ်ငယ်ရွယ်ရွယ်နဲ့ မဟုတ်တာတွေ လျှောက်လုပ်က မှ မိဘတွေရင်ကျိုးရချည်ရဲ့။

"ဘို. . . မင်း, သူ့ကိုဘာမှသွားမလုပ်နဲ့"

"မ. . . မ,ရင်ထဲမှာ ဒီလူကြီးရှိနေပြီလား။ မ,ဒီလူကြီး ပြန်ချစ်လိုက်ပြီလား။ မ,ပြောတော့ မ,ရင်ထဲမှာ ဘယ်သူမှရှိမနေ ဘူးဆို။ ဒီလူကြီးရန်ကို ကျွန်တော်နဲ့အစ်ကို ကာကွယ်ပေးခဲ့တာ အလကားဖြစ်ကုန်ပြီလား မ,ရဲ့"

လက်မောင်းနှစ်ဖက်ကို ဆွဲခါလှုပ်ရမ်း၍ မေးလိုက် ကြောင့် သူမတစ်ကိုယ်လုံးတုန်ကာ မူးဝေသွား၏။





သေမယ့်ဟာ သေလိုက်ပါတော့လား လှလွှန်းပိုရယ်။

"မ. . . မ"

ဘိုက တကြော်ကြော်ခေါ်ရင်း သတိဝင်သွားကာ သူမကို အရိုးကျေမတတ် ပွေ့ညှစ်လိုက်လေ၏။

"ဘို. . . ငါသေတော့မယ်။ ငါ့ကိုသေအောင်သာ သတ်လိုက်တော့"

"မ. . . ဒီလိုမပြောပါနဲ့ မ,ရယ်. . . ကျွန်တော့်ရင်တွေ ကွဲ တုန်ပြီဗျ"

"ငါ, မင်းကို မောင်လေးလိုပဲသဘောထားတာ ဥက္ကာဘို။ င်း. . . ခုချက်ချင်း ငါ့နားကသွားတော့။ ဘယ်တော့မှ ငါ့ဆီကို လာနဲ့။ ဒါပဲ. . ."

သူမ ရှိသမျှအားနှင့် ရုန်းထွက်ရင်းဆိုတော့ ဘိုက အံ့ဩ ၌အမြင့်ဆုံးမျက်နှာဖြင့် သူမကိုလွှတ်ပေးလိုက်လေ၏။

"ဒါ. . . ဒါ. . . မ,ပေးထားတဲ့ကတိလား။ ကျွန်တော့်ကို နှုံတော်မလိုချင်တဲ့အရာမှ မ,ကပြန်ပေးရသတဲ့လား"

"ငါ. . . မင်းမျက်နှာကိုမမြင်ချင်တော့ဘူး ဥက္ကာဘို"

"မ. . ."

"မင်း, ခုချက်ချင်း ငါ့အခန်းထဲကထွက်သွားပါ"



www.burmeseclassic.com

www.burmeseclassic.com



ဘို့ထိုင်နေရာမှ ဝုန်းခနဲထရပ်ကာ အခန်းထဲမှထွက်သွား တော့သည်။

သူမမျက်ရည်တွေ စိမ့်ခနဲလိမ့်ကျလာပြန်၏။

ဆ/မလက်မှတ်အပ်ပြီး ဒီကနေ အမြီးဘွက်သွားချင်တော့ တာပါပဲလား။

❦ ❦ ❦



## အခန်း ( ၁၂ )

ဝစီပိတ်ကျင့်နေပြီဟု ကိုယ့်ကိုယ်ကိုမှတ်ယူကာ မည်သူ တစ်ဦးတစ်ယောက်နှင့်မျှ စကားမပြောတော့ပေ။ ဆရာဝန်ကြီးတို့ ထမင်းစား,လာမလာတောင်ထွက်မကြည့်ဘဲ အခန်းထဲအောင်းနေ မိ၏။ လက်မှအဆစ်တွေက တဆစ်ဆစ်နာကျင်နေတာကိုလည်း အမှတ်မထားတော့။ ပြတင်းဝမှ အပြင်ကိုငေးကြည့်နေမိတာ ခြေ ထောက်တွေတောင် ထုံကျင်နေလေပြီ။

"ဒေါက်. . . ဒေါက်"

တံခါးခေါက်သံကြောင့် သတိဝင်သွားသော်လည်း နေရာ ရွေ့မိ။ မျက်တောင်တွေကို တဖျပ်ဖျပ်ခတ်လိုက်မိသည်၊ ပြင်း



www.burmeseclassic.com

www.burmeseclassic.com



ဘောင်ကိုကိုင်ထားသည့်လက်တွေက အရိုးပေါ်အရေတင်။

"ပို့ . . ကိုယ်ရောက်နေတာကို ခဏတော့ထွက်ပြီးစကား ပြောပါ။ အငယ်ကရောက်လာတဲ့ညည့်သည်ကို ဒီလိုနည်းနဲ့ညည့်ဝင် ကျေကြောင်းမပြပါနဲ့လား"

ဗုဒ္ဓေါ . . ဒါ . . ဒါ . . အာကာမြင့်မိုရ်အသံပါလား။

ဘုရားရေ . . ဟုတ်သားပဲ။ သူမဘာလို့မေ့နေမိတာလဲ။ ဒါဆို မိမောင်ပါရောက်နေပြီပေါ့။ မေမေရော . . မေမေနဲ့တွေ့ ချင်လိုက်တာ။

"မ . . . မောင်လည်းစကားပြောချင်နေတယ်။ တံခါးဖွင့် ပါဦး မ,ရာ . . ."

သူမ, ပြတင်းဝမှလက်တွေကိုဖြုတ်၍ ခြေကိုလှမ်းလိုက်ေ ခြေက ပါမလာဘဲ လူက ရှေ့ကိုငိုက်ဆင်းသွားသဖြင့် စားပွဲပေါ် မှောက်လဲကာ ပစ္စည်းပစ္စယတွေလိမ့်ကျကွဲသံက ကျယ်လောင်စွာ မြည်သွားတော့သည်။

"ဝုန်း . . . ခွမ်း . . . ချလွမ်"

"မ . . . မ,ရေ . . ."

"ပို့ . . ."

"ဒုန်း . . . ဒုန်း . . . ဒုန်း"





"သမီးပိုပို . . . ခက်တာပဲ။ အထဲက လော့ခ်ချထားတာ ဘာတွေဖြစ်ကုန်ပြီလည်းမသိ။ သမီးရေ . . ."

ကြမ်းပြင်ပေါ်မှ လဲကျသွားရာမှ သူမ ဒရွတ်တိုက်ဆွဲ၍ တံခါးဆီ တွားလာခဲ့၏။ နံရံကိုမှီ၍ ခဏနားလိုက်ပြီးမှ တံခါးဘုကို အားတင်းကာ လှည့်လိုက်ပါသည်။

"မ . . ."

မိမောင်က သူမကိုသိမ်းကျုံးပွေ့ဖက်လျက် ငိုချလိုက်လေ သည်။ အန်တီခိုင်က သူမခြေဆင်းထားသည့်ခြေဖျားကို ဖျတ်ခနဲ ကိုင်လိုက်လေ၏။ အို့ . . . အေးစက်နေတာပါပဲလား။

"သမီးပိုပို . . . သမီးခြေထောက်တွေ"

"မေမေ . . . မေမေနဲ့တွေ့ချင်တယ်မိမောင်။ မေမေ့ကို မေမေ့ကို မ,တွေ့ချင်တယ်"

"ရန်ကုန်ပြန်ကြမယ်ပို့ . . . ဒီလိုပဲနေလို့ဘယ်ဖြစ်မှာလဲ"

"ဟင့်အင်း . . . ကျွန်မ ဒီမြို့က ခွာခွင့်မရှိသေးဘူး။ ဆ/မ ဘက်မှတ်အပ်ရဦးမယ်"

"ကျွတ် . . . အဲဒီပြဿနာက နောက်မှရှင်းလို့ဖြစ်တယ်ပို့၊ ဖြစ်တာက ပိုပြီးအရေးကြီးတယ်"

"ရှိပါစေတော့ ကိုအာကာ၊ ကျွန်မတစ်သက်လုံး ဒီတိုင်း



www.burmeseclassic.com

www.burmeseclassic.com



နေသွားတော့မှာပါ"

"ဟာ. . . အခိပ္ပာယ်မရှိလိုက်တာ"

အန့်တီခိုင်က သူမအနီးမှ ချက်ချင်းထထွက်သွားလေ၏။ သူမ, မိမောင်ကိုဖက်ထားလျက် ငေးငိုင်နေတော့သည်။

"မ. . . ဘယ်လိုဖြစ်ရတာလဲ"

အခန်းထဲ ဝုန်းခနဲရောက်လာသည့်ဘိုက သူမကို မိမော[င်] လက်ထဲမှ ဖျတ်ခနဲပွေ့ယူလိုက်လေ၏။

"ဥက္ကာဘို"

"ဟာ! မိ. . . မေမိမောင်"

"နင်ဘယ်လိုလုပ် ဒီကိုရောက်နေတာလဲ"

"ငါက အန့်တီလေးရဲ့တူလေ"

"ဩော်"

"မ. . . ရန်ကုန်ပြန်မယ်ဆို။ ကျွန်တော်လိုက်ပို့ပေးမ[ယ်] ဘာတွေယူဦးမလဲ"

"ဟင့်အင်း"

"ဒါဖြင့်သွားကြမယ်"

သူမကိုပွေ့ချီရန်ပြင်လိုက်သည့်ဘို့လက်တွေကို သူမအ[...] ပုတ်ချလိုက်ပါ၏။ ဘုရားရေ. . . ဘိုဟာ မိမောင် တစ်ခါက[...]





[...]သည့် မိမောင်၏ရင်ထဲက မင်းသားလေးဖြစ်နေပါရောလား။

"ဟာ. . . မ, ဘယ်လိုလုပ်လိုက်တာလဲ"

"ကိုအာကာ. . . ကျွန်မကိုထူပါ"

အာကာမြင့်မိုရ်က ခေါင်းဆတ်ခနဲညိတ်ပြလိုက်ပြီး သူမ [...]ကိုယ်ပါးပါးလေးကို ဇွေ့ခနဲပွေ့ချီလိုက်လေ၏။ ဘို့မျက်နှာ မြင် [...]အောင်ကို ပျက်ယွင်းသွားတော့သည်။

"မေမိ. . . စောင်ပါးလေးတစ်ထည်နဲ့ အနွေးထ[ည်] [...]သာ [...] ကိုယ်တို့ ခုချက်ချင်းရန်ကုန်ပြန်မယ်"

"သားရယ်. . . ခရီးရောက်မဆိုက် မနားရတော့ဘူး"

"ပိုက အရေးကြီးနေပြီလေ အန့်တီ။ နားလို့ဘယ်ဖြစ်မှာ [...]"

ညှော့ခန်းရှိထိုင်ခုံမှာ ခဏထိုင်ခိုင်းပြီး အနွေးထည်ဝတ် [...]ာ ကားနောက်ခန်းမှာ အသာတင်လိုက်၏။ စောင်ပါးလေး [...] ခြေဖျားအထိလုံအောင်အသာပတ်ကာ မေမိမောင့်ကို ပွေ့ထိန်း [...]ခိုင်းသည်။ သူမ, မိမောင်ပခုံးဘက် ခေါင်းမှီထားလျက် အန့်တီ [...]ကို တီးတိုးလှမ်းပြောလိုက်ပါ၏။

"ဗိုလ်ကြီးတို့မိသားစုလာရင် ပို့အိမ်လိပ်စာ ပေးလိုက်ပါ [...]တီခိုင်။ ပိုမသေသေးရင်တော့. . . တရားစွဲလို့ မိနိုင်ဦးမှာသို့



www.burmeseclassic.com

www.burmeseclassic.com



ပြောပေးပါ"

"သမီးရယ်"

"ဦးဇော်ကို ပို့ပြန်သွားပြီလို့ပြောလိုက်ပါနော်"

"အေးအေး..."

ကားက ခြံထဲမှ ဝူးခနဲမောင်းထွက်သွားလေ၏။ ဘို့... နံရံကိုမှီလျက် ငိုင်ကျသွားတော့သည်။ မ,ရယ်... ရက်စက်လိုက်တာ... ကျွန်တော့်ကို တစ်ချက်လေးတောင်မှ ငဲ့မကြည့်ခဲ့ပါလား။ ကိုအာကာရောက်လာတာနဲ့ ကျွန်တော့်အပေါ်မှာထားရှိတဲ့ မ,ရဲ့ ကြင်နာခြင်းပုံရိပ်တွေကို အပြီးအပိုင်ရုပ်သိမ်းသွားခဲ့ပြီလားဗျာ။

ရန်ကုန်ကိုရောက်ရောက်ချင်း ဆေးရုံကို တန်းဝင်လိုက်သဖြင့် သူမ ငြင်းဆန်ခွင့်မရတော့ပေ။ တစ်ခဏချင်း လက်တွေမှာ ပိုက်တွေတန်းလန်းနှင့်ဖြစ်ကုန်၏။ ဟင့်အင်း... ကျွန်မအသက်ဆက်မရှင်ချင်တော့ဘူး... ကျွန်မသေပါရစေ။

"သမီး, ဖြစ်ရလေသမီးရယ်။ ဒါကြောင့် သမီးကို မေမေစိတ်မချဘူးပြောနေတာပေါ့။ အတန်တန်တားနေမိပါလျက်နဲ့"

"ပို့နားပါစေအန်တီ၊ စိတ်အနှောင့်အယှက်မဖြစ်ပါစေနဲ့လို့ ဆရာဝန်က မှာထားပါတယ်"

အခန်းထဲဝင်လာသည့်ပို့မေမေကို လှမ်းသတိပေးလျက်

အာကာ သူမကိုငုံ့ကြည့်နေမိသည်။ မျက်လွှာကိုပိတ်၍ ငြိမ်သက်နေပုံလေးက အင်အားမရှိတော့သည့်နှယ်။ ပို့ရယ်... ကိုယ့်ကိုရှောင်ချင်တာနဲ့ ဒီလိုဝေးလံခေါင်ဖျားမြို့သစ်လေးမှာ လူရောစိတ်ပါ ဒုက္ခခံပြီးနေ,နေရသတဲ့လား။ ဒီလိုသာဖြစ်မယ်ဆိုရင်... ကိုယ်ဖေဖေတို့ကိုအတင်းအကျပ်မပူဆာခဲ့ပါဘူးကွယ်။ ပို့အပေါ်မှာ နှစ်နှစ်ကာကာချစ်မိခဲ့တဲ့ချစ်ခြင်းတွေကြောင့် ပိုင်ဆိုင်လိုမှုပြင်းပြသို့ ဒီလိုတွေဖြစ်လာခဲ့တာပါ။ ကိုယ့်ကိုခွင့်လွှတ်ပါကွာ...။

"ဘယ်လို! အန်တီ"

"ဟုတ်တယ်မောင်ရဲ့... အခန်းထဲမှာ ထမင်းမစား၊ ရေမသောက်ပိတ်နေရင်း သူ့ခြေထောက်တွေ မသန်တော့ဘူး။ တံခါးဖွင့်တာတောင်မှ သူ မနည်းကြိုးစားပြီးဖွင့်ရတာ။ လူက ငုန်းငုန်းထဲနေပြီ။ ဒီက လုံးဝသွားချင်တာမဟုတ်ဘူး။ သူ့ ဆ/မလက်မှတ်အပ်ရသေးဘူးလို့ချည်း တဖွဖွပြောနေတာ။ အာကာအတင်းပွေ့ခေါ်သွားလို့သာ ပါသွားတာ။ စိတ်က လုံးဝမဖြောင့်ဘူး"

"ဖြစ်ရလေ လှလွန်းပို့ရယ်... ကျွန်တော်လည်း သူ့စိတ်ချမ်းသာသလိုနေပါစေဆိုပြီး လူနာ့အခြေအနေကိုမပြောဖြစ်ခဲ့တာ။ အလေးက သက်သာနေပါပြီ။ စာမေးပွဲဖြေဖို့တောင်မှ စာကျက်နေပြီ။ တစ်ရက်နှစ်ရက်နေ အိမ်ပြန်ခွင့်ပြုတော့မှာ"







www.burmeseclassic.com

www.burmeseclassic.com



"စိတ်ပေါ့သွားရယ် . . . စိတ်ပေါ့။ သူ တော်တော်စိတ်ထိခိုက်သွားတာ၊ လက်လေးတွေတောင် အရိုးပေါ်အရေတင်ပဲ၊ ပိန်ပိန်လေးကျန်တော့တယ်"

"အို . . . လုလွန်းပိုရယ်"

"သူက နဂိုကတည်းက စိတ်အားထက်သန်မှုများတယ်မောင်ရဲနော်ရဲ့။ စာတစ်ပုဒ်ကျက်လို့မရဘူးဆိုရင် နောက်ဆုံးစာကြောင်းကနေ ပြောင်းပြန်ပြန်ကျက်ပြီး မရ,ရအောင်ကျက်တဲ့သူလေ။ ဒီအဖြစ်အပျက်က သူ့စိတ်ကိုတော်တော်စိတ္တဇဖြစ်သွားစေတာ။ နေပြန်ကောင်းရင်တောင်မှ ဆေးပြန်ကုပါတော့မလားမသိတော့ပါဘူး။ မကုဖြစ်တော့ဖို့က သေချာတယ်"

"အန်ကယ်တို့ ဖုန်းဆက်ကြည့်သေးလား"

"ဆက်တယ် . . . ခုချိန်ထိ ဘယ်သူ့ကိုမှစကားမပြောဘူးတဲ့။ ဆေးရုံမှာ ပက်လက်လေးပဲ။ သူ့အမေဆို သမီးကိုလွှင့်ပစ်ရပြီဆိုပြီး ငိုလို့မဆုံးဘူး။ အေးပေါ့လေ . . . ရှားရှားပါးပါးအဖိုးတန်တစ်ဦးတည်းသောသမီးလေးကိုး။ သူ့စိတ်တိုင်းကျလွှတ်ထားပေးတာမှားပြီဆိုပြီး ယူကျုံးမရဖြစ်ရှာမှာပေါ့"

သူ ခေါင်းစိုက်ဖြင့်ပြန်လာခဲ့ရ၏။ အခန်းထဲရှိ ခုတင်ထက်မှာစာကျက်နေသည့်မင်းသန့်ရှိန်က သူ့ကိုမြင်တော့ ပြုံးပြလိုက်သေ





သည်။

"ဦးဦးဒေါက်တာ . . . အန်တီဒေါက်တာရောဟင်"

"ရန်ကုန်ပြန်သွားပြီတဲ့ သားရဲ့"

"ဟင် . . . သားကိုလာမကြည့်တော့ဘူးလား"

"သားက အန်တီဒေါက်တာကိုတွေ့ချင်လို့လား"

"တွေ့ချင်တာပေါ့ ဦးဦးဒေါက်တာရဲ့။ အန်တီဒေါက်တာက မျက်နှာသိပ်ချိုတာ။ သားကိုဆေးသောက်ချင်အောင် ချော့ပြောတာလေးကို သားသိပ်ချစ်တာပဲ"

"ဒါဆို သားနေမြန်မြန်ကောင်းအောင် လုပ်ရမယ်နော်။ သားနေကောင်းတော့ ဦးဦးတို့ သူ့ဆီသွားလည်ကြတာပေါ့"

"ဟာ! တကယ်လား ဦးဦးရဲ့။ သားက ရန်ကုန်ကိုတအားရောက်ဖူးချင်တာ"

"သွားရမှာပေါ့ . . . လာ . . . ဦးဦးတို့လေ့ကျင့်ခန်းလုပ်ရအောင်"

သူ ကလေးကိုပွေ့ချီလိုက်ပြီး လေးပေခန့်အနက်တူးထားသည့် စတုရန်းပုံမြေကျင်းကျယ်ကြီးထဲသို့ သူပါ ဖိနပ်ချွတ်၍ဆင်းလိုက်သည်။ ကလေးကို မြေပေါ် ချကာ လက်နှစ်ဖက်ကိုကိုင်၍လမ်းလျှောက်စေ၏။ ကလေးက ခါတိုင်းနေ့တွေထက် အားပိုရှိသည်နှယ်



www.burmeseclassic.com

www.burmeseclassic.com



လမ်းကိုကြိုးစားလျှောက်လေသည်။

လှလွန်းပို့ . . . မင်း, ကိုယ့်ကိုစိတ်နာနေပြီလား။ ကိုယ်တို့ ခုချိန်ထိ စကားကောင်းကောင်းမပြောဖြစ်ခဲ့တာ ဘယ်လောက်ကြာ နေပြီလဲ။ ကိုယ် . . . မင်းကို စက္ကန့်မလပ်သတိရလျက်ပါ လှလွန်းပို့။ အခုဆို ဆေးရုံပေါ်မှာ မင်းပက်လက်လေးရှိနေမယ်ဆိုတာ ကိုယ် မှန်းဆကြည့်မိတယ်။ မင်းဘေးမှာ အာကာမြင့်မိုရ်က မင်းလက် ဖျားလေးကိုကိုင်ပြီး စောင့်ပေးနေမှာပေါ့။ ဟုတ်တယ်မဟုတ်လား။ မင်းရောဂါမသက်သာရင်တောင်မှ စိတ်တော့ချမ်းသာနေမယ်လို့ ကိုယ်ယုံကြည်ပါကယ်ကွာ။

သူ, သတိလွတ်သွားခိုက် သူ့လက်ထဲမှာ ကလေးလက်ဗ လေး ရှိမနေတော့။ ဖျတ်ခနဲ သူလှည့်ကြည့်လိုက်စဉ် မင်းသန့်ရှိန် က သူ့နောက်ကျောမှာ ခြေလှမ်းကိုမှန်မှန်လှမ်းနေလိုက်တာမှ ဖြ လို့ပါလား။

# အခန်း ( ၁၃ )

"စိတ်ဆောင်မှုဆေးအောင်တယ်ဆိုဟဲ့စကားကို သမီးနား ည်မယ်လို့ တီချယ်ယူဆတယ်သမီး"

တီချယ်ဒေါက်တာမိုးသော်ကြည်က သူမကိုစမ်းသပ် ျက်ပြောလိုက်သဖြင့် သူမ မသက်မသာပြုံးလိုက်မိသည်။ ပြီး တ် ခေါင်းကို ဖြည်းညင်းစွာခါယမ်းပြလိုက်ပါ၏။

"သမီးကိုတော်တော်စိတ်ခိုင်တယ်လို့ တီချယ်တို့ထင်ခဲ့တာ နေတာပါလား"

"စိတ်ဆောင်ပြီးလုပ်ခဲ့ပေမယ့် . . . ပို့,မှန်မှမမှန်ခဲ့တာပဲ ည်။ ပို့,ဘာကိုမှမယုံရဲတော့ဘူး။ အထူးသဖြင့် ပို့ကိုယ်ပို့ ယုံ





www.burmeseclassic.com

www.burmeseclassic.com



ရဲတော့တာပါ"

"ဒါမျိုးတွေက ဖြစ်တတ်ပါတယ်သမီးရယ်။ ဆရာဝန်
တာ အမြဲတမ်းတော်နေတာမှမဟုတ်ဘဲ။ ခွဲခန်းထဲမှာ ခွဲစိတ်
တုန်း လူနာအသက်ဆုံးရှုံးရတာတွေ ဒုနဲ့ဒေးရှိခဲ့တာ သမီးအသိ
ဘာကြောင့်ဖြစ်ခဲ့တာလဲ၊ သေချာပြန်ဆန်းစစ်ကြည့်ရမှာပေါ့။ လူ
မှာ Heart ရှိနေရင် ဒီလိုမတော်တဆဆုံးရှုံးမှုတွေရှိနိုင်တာပဲ"

"ဒါက Operation Accident လေ တီချယ်။ ခုဟာ
အဖြစ်မဲ့တဲ့ကလေးလေးကိစ္စပါ။ ဒီကလေးက အတန်းထဲမှာ
အတော်ဆုံးကလေးပါ။ ဘဝရည်မှန်းချက်ကြီးကြီးရှိထားတဲ့က
ဖြစ်နေပါတယ်တီချယ်"

"သူက တစ်ယောက်တည်းလေသမီးရယ်။ သူ့လက်နဲ့
သူတစ်ဦးတစ်ယောက်ရဲ့အသက်ကိုမှ ကယ်နိုင်ပေးခဲ့တာ မ
ဘူး။ သမီးက လူတွေရဲ့အသက်ကို အကြိမ်ပေါင်းများစွာ ကယ်
နိုင်ခဲ့တဲ့ဆရာဝန်တစ်ယောက်လေ. . .။ အဲဒါကို ခွဲခြားတတ်
တကယ်လို့ သူတို့ဘက်က တရားစွဲဆိုလာရင်တောင်မှ ကိုယ့်ဘ
သက်သေအခိုင်အမာနဲ့ ပြန်ထုချေခွင့် အများကြီးသာနေပါ
ကွယ်"

သူမ အသာငြိမ်နေလိုက်မိသည်။ အာရုံမှာ ရဲနောင်





အကြည့်တွေကိုသာ မြင်နေမိ၏။ အထင်သေးတာ၊ ဟုတ်တယ်။
ချက်ဝန်းတွေကို ဘာဖြစ်လို့ သူမဘာသာမပြန်တတ်ခဲ့တာပါလိမ့်။
ဖော်ရှိုင်းနဲ့ပတ်သက်ပြီး စိတ်ခုသွားခဲ့တဲ့သူက ဒီပြဿနာတွေ
ခင့်ပွားလာရာမှ သူမကိုလုံးဝအထင်သေးခဲ့တာပါလား။ Uterus
ရသည့်လူနာနှင့်ပတ်သက်ပြီး သူမကို ခပ်မာမာပြောဆိုခဲ့သည့်
တားသံတို့ကို ပြန်ကြားယောင်နေမိသည်။

ရှက်ဖွယ်အတိပါလား ရဲနောင်. . .။ ရှင်က ကျောင်းမှာ
တည်းက အင်မတန်ထက်မြက်ကျော်ကြားတဲ့ ဆေးကျောင်းသား
စ်ဦးပါ။ ဒါကို ကျွန်မမေ့မသွားပါဘူး။ လက်ရှိရင်ဆိုင်ခဲ့ရတဲ့
ဖြစ်အပျက်တွေမှာ ကျွန်မ. ရှင့်ကိုယှဉ်ပြိုင်ခဲ့တာ လုံးဝမဟုတ်ခဲ့
ဆိုတာ လိပ်ပြာသန့်သန့်နဲ့ဖြေရှင်းပြခွင့်ရခဲ့ချင်ပါတယ်။

တကယ်ပါ ရဲနောင်။ နောင်ကို ရှင့်ကိစ္စမှန်သမျှ ဘာမှ
ပတ်သက်မိအောင် ရှင်နဲ့အဝေးဆုံးတစ်နေရာမှာ ကျွန်မနေပေး
တော့မယ်ရှင်။

ရင်ထဲမှာ နင့်ခနဲခံစားလိုက်ရသဖြင့် သူမအံ့သြသွားမိ၏။
ရားရေ. . . သူနဲ့ဝေးဝေးနေမယ်တွေးမိရုံလေးနဲ့ ဒီလောက်ယိ
စားရသတဲ့လား။ ကြည့်စမ်း. . . ဆုံလိုက်တိုင်း စကားနိုင်လုကြ
ရန်တွေအကြိမ်ကြိမ်အလီလီဖြစ်ခဲ့တဲ့သူ။ သူမတို့ဒေသိအသိ



www.burmeseclassic.com

www.burmeseclassic.com



ရိစကားပြောခဲ့တဲ့သူ။ သူမ၏ပညာရပ်ကို အထင်သေးနှိပ်ချတဲ့သူ အဲဒီလူတစ်ယောက်ဟာ သူမရင်ထဲမှာ ဘယ်အချိန်ကတည်းက နေရာယူခဲ့တာပါလိမ့်။

တီချယ်က ဘာမှထပ်မပြောတော့ဘဲ ထွက်သွားလေ၏ သူမမျက်နှာကိုလက်ဝါးဖြင့်အုပ်၍ ငြိမ်သက်စွာထိုင်နေမိသည်။ ရုတ်တရက် လက်ဝါးနှစ်ဖက်ကို အသာဆွဲယူဖယ်ရှားလိုက်သဖြင့် သူ ဖျတ်ခနဲမော့ကြည့်လိုက်စဉ် ရင်ထဲမှာ ဒိန်းခနဲမြည်ဟည်းသံ ကျယ်လောင်လျက်။

"လှလွန်းပို"

မျက်ဝန်းမှ လိမ့်ကျလာသည့်မျက်ရည်တွေကို မဆည်း တော့ဘဲ သူ့ထံမှအကြည့်ကိုလွှဲဖယ်လိုက်ရင်း လက်ကိုရုန်းလိုက် သည်။

သူက လက်ကိုလွှတ်မပေးဘဲ ရှိုဝေသည့်အကြည့်တွေနှင့် ငုံ့ကြည့်နေလေ၏။

"အန်တီဒေါက်တာ"

"ဟင်! "

သူ့နောက်မှထွက်လာသည့်မင်းသန့်ရှိန်လေးက သူ ထိုင် နေသည့်ခုတင်ပေါ် ဖျတ်ခနဲတက်ထိုင်လိုက်လေသည်။





"သား. . . သားလေးနေကောင်းသွားပြီပေါ့။ ဟုတ်လား သား"

"ဟုတ်ကဲ့ အန်တီဒေါက်တာ. . . သားကို ဦးဦးဆေးဆက် ကုပေးတာ နေကောင်းသွားပါပြီ။ သား, စာမေးပွဲလည်းကောင်း ကောင်းဖြေနိုင်ပါတယ်။ ခုကျောင်းပိတ်ရက်. . . ဦးဦးဒေါက်တာနဲ့ ရန်ကုန်ကိုအလည်လိုက်ခဲ့တာ။ ဖေဖေနဲ့မေမေရော၊ ဦးပါ ဘုရား ဖူးဖို့ပါလာတယ် အန်တီဒေါက်တာရဲ့"

သူမ ဝမ်းသာလုံးဆို့ပြီး ဘာပြောရမှန်းမသိတော့ဘဲ လူ က ကယောင်ချောက်ချားဖြစ်နေ၏။ ကလေးကို ရင်ခွင်ထဲပွေ့ထား လျက်မှ သူ့ကိုပြန်မော့ကြည့်လိုက်သည်။

"ကျေးဇူး. . . ကျေးဇူးတင်ပါတယ်ရဲနောင်။ တကယ်ပါ"

"မလိုပါဘူးလှလွန်းပို. . . ဆရာဝန်ဆိုတာ ဘယ်လူနာကို မဆို တတ်ကျွမ်းတဲ့ပညာနဲ့ကုသပေးရမှာပဲ"

"သား. . . အန်တီက နေမကောင်းဘူးလေ။ အောက်ကို ဆင်းမှပေါ့"

အခန်းထဲဝင်လာသည့် ဗိုလ်ကြီးစစ်နိုင်ရှိန်စကားကြောင့် မင်းသန့်ရှိန်လေးက သူမခုတင်ပေါ်မှ လျှောခနဲဆင်းသွားတော့ သည်။ ဒေါ်ထားထားအိကာ သူမလက်ဖျားလေးကိုအသာဆုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



၍ တိုးတိုးပြောလိုက်ပါ၏။

"ဒေါက်တာ့ကို ကျွန်မအနူးအညွတ်တောင်းပန်ပါတယ်"

"ရပါတယ်အစ်မရယ်၊ ကျွန်မစိတ်ထဲမှာ ဘာမှမထားပါဘူး"

"သူဒီလိုပဲပြောလိမ့်မယ်အစ်မရေ. . . စိတ်ထဲမှာတော့ ငါဒီတစ်သက်ဆေးကုမစားတော့ဘူးလို့ အခါခါရေရွတ်နေလိမ့်မယ်"

"ရဲနောင်"

"သူက ခေါင်းမာတဲ့နေရာမှာ ကျွန်တော်နဲ့ထပ်တူပဲဗျ၊ ဘယ်သူတားတား ဇွတ်လုပ်ဖို့ပြင်မှာပဲ။ ဒါကြောင့်ဒီလိုခတွေဖြစ်နေတာပေါ့"

သူမ, သူ့ကိုမျက်စောင်းခဲလိုက်တော့ ဗိုလ်ကြီးတို့မိသားစုက တိုးတိုးရယ်လိုက်လေသည်။ ကြည့်ပါလား. . . ကျွန်မရင်ထဲ ဘာတွေရှိနေသလဲဆိုတာ ရှင်မြင်လိုက်တာပဲလားရဲနောင်ရယ်။

"မင်းမြန်မြန်နေမကောင်းလို့မဖြစ်ဘူး လှလွန်းပို။ ဟိုမှာတစ်ဆေးရုံလုံးက လူနာတွေရော၊ ဆရာဝန်တွေ၊ နာ့စ်တွေကပါ မင်းကိုမျှော်နေကြတယ်။ အချိန်အခါမဟုတ် တုတ်ကွေးတွေဖြစ်နေကြလို့ စိတ်ပူနေကြလေရဲ့။ လူနာတွေကလည်း မင်းဆေးတိုက်မှသောက်ချင်ကြတာကိုး"





"ရှင်ရှိနေတာပဲ ရဲနောင်"

"ဘာလဲ. . . မင်းက တာဝန်တွေပြီးဆုံးအောင်မလုပ်တော့ဘူးလို့ ဆုံးဖြတ်ထားလိုက်ပြီလား"

သူမ သူ့ကိုစူးခနဲတစ်ချက်ကြည့်လိုက်ပြီး အကြည့်လွှဲလိုက်သည်။ ဒုက္ခပါပဲ. . . အရင်လို သူ့ကိုရဲရဲတောင်မကြည့်ရဲတော့ပါလား။ ဘယ်လိုဖြစ်နေပြီလဲ. . .။

"ကျွန်မက ဒုက္ခိတ"

"ကျွတ်. . . အဓိပ္ပာယ်မရှိတာတွေ ရွတ်မနေနဲ့။ ခုနပဲ ချယ်နဲ့ ကိုယ်တွေ့ပြီးပြီ။ မင်း, ဆေးကုခံဖို့ခေါင်းမညိတ်ရင် ကိုယ့်ဆေးမကုစားနဲ့တော့တဲ့။ ကဲ. . . ဘယ့်နှယ်လဲ"

"မဆိုင်လိုက်တာ"

"မယုံရင်မေးကြည့်လိုက်ပေါ့ လှလွန်းပို"

"ဟုတ်ပါတယ်ဒေါက်တာ။ ကျွန်တော့်ရှေ့မှာပဲ ဆရာဝန်ကြီး ပြောသွားတာပါ"

ဗိုလ်ကြီးစကားကြောင့် သူမမျက်နှာလေး ရဲခနဲဖြစ်သွားရ၏။ တီချယ်ရယ်. . . တီချယ်ပြောလိုက်တာ ဘာအဓိပ္ပာယ်နဲ့ သူနဲ့ကျွန်မက ဘာမှမပတ်သက်ပါဘူးရှင်။

"ကိုယ်. . . ခွင့်သုံးရက်ပဲရခဲ့တယ် လှလွန်းပို။ ဒါတော့်



www.burmeseclassic.com

www.burmeseclassic.com



လေးလေးက မပေးချင်ပေးချင်နဲ့ပေးလိုက်တာ။ ဒီလောက်အခေ ကြီးနေတဲ့အချိန်မှာမှ ရန်ကုန်ကိုပြန်စရာလားဝဲ့။ ကိုယ်လည်း ပြ ပြောလိုက်ပါတယ်။ တစ်ခါတလေလည်း စိတ်ကိုအလိုလိုက်ပါရေ လို့။ မဟုတ်ဘူးလား. . ."

"ရှင်ပြန်ပါတော့ရဲနောင်. . . ဆေးရုံမှာ ဆရာဝန်တွေ အပ်နေချိန်မှာ ရှင် ဒီလိုခေါင်းရှောင်လာတာတော့ ဘယ်ကောင်း မလဲ"

"ကိုယ်က ညှော်သည်တွေကို ခေါ်လာတာလည်း ပါတ လေ"

"ညှော်သည်တွေအတွက် မိမောင်နဲ့ ကိုအာကာကို ကျွ တာဝန်လွှဲပေးလိုက်ပါ့မယ်။ ရှင်, ဆေးရုံမှာမရှိလို့မဖြစ်ဘူးေ

သူ့မျက်နှာ ကွက်ခနဲပျက်သွားလေ၏။ အားကိုးတယ် ဟုတ်လားလှလွန်းပို. . .။ ဒီအင်ဂျင်နီယာကောင် မင်းကိုမွေ သယ်လာခဲ့တာနဲ့ ကိုယ့်ကို မင်းမမြင်ချင်တော့ဘူးပေါ့။

"ကိုယ်. . . ပြန်မှာပါ"

"ခဏနေ မိမောင်တို့ယာလိမ့်မယ်ရဲနောင်. . အဲဒါ

"ကိုယ်သိပါတယ် လှလွန်းပို. . . ၁င်းလူနဲ့ ကိုယ့်ကို ချင်ရင် ကိုယ်, အခုချက်ချင်းပြန်ပေးပါ့မယ်"





"အို. . . မဟုတ်ပါဘူး"

"သိပ်လည်းမစိုးရိမ်ပါနဲ့ လှလွန်းပို။ ကိုယ်က ဦးဇော်ရှိုင်း နဲ့ပတ်သက်ရင်သာ Hero ဖြစ်ချင်ဖြစ်မယ်။ ကျန်တဲ့နေရာမှာ Zero မှန်းသိပါတယ်ကွာ. . ."

သူက ပြောချင်စရာပြောပြီး လှည့်ထွက်သွားတော့၏။ ဒုက္ခ ပါပဲ. . . ယူဆချက်တွေလွဲကုန်ပါရောလား။ ကျွန်မဆိုလိုတာ အဲဒီ အဓိပ္ပာယ်မဟုတ်ရပါဘူးရဲနောင်ရယ်။ ဆေးရုံမှာ ကျွန်မရှိတာထက် ရှင်ရှိနေဖို့ ပိုလိုအပ်မယ်မှန်း ကျွန်မသိနေလို့ပါရှင်။

မိမောင်တို့ရောက်လာတော့ ဗိုလ်ကြီးတို့မိသားစု တည်းခို ရန်စီစဉ်ပေးပြီး သူမ အိပ်ရာထက်နားနေတော့သည်။ ဘယ်လိုမျက် နှာနဲ့ မြို့သစ်ကိုပြန်ရမလဲ။ အထင်လွဲသွားတာကို ဘယ်လိုဖြေရှင်း ရမလဲ ရဲနောင်ရယ်။

ရှင်က ကျွန်မကို ဘယ်တော့မှအထင်ကြီးခဲ့တာမှမဟုတ် တာပဲ။ ရှင့်ဘဝအတွက် ရှင်ရွေးချယ်မယ့်သူဟာ ကျွန်မထက် အစစ အရာရာသာလွန်တဲ့သူဖြစ်ရမယ်မှန်း ကျွန်မသိနေပါတယ်။ ဒီလိုနဲ့ ပဲ ကျွန်မတို့ တဖြည်းဖြည်းဝေးလိုက်ကြတာပဲ ကောင်းပါတယ်လေ။

ဆေးရုံပြတင်းဝမှတစ်ဆင့် ငေးနေမိ၏။ ညဉ့်ယံလမင်း န်ပြပြသာနေလေသည်။ လူ့ဘဝကိုရောက်လာတာ လူ့တာဝန်



www.burmeseclassic.com

www.burmeseclassic.com



ကျေပွန်ဖို့ ဆရာဝန်ဖြစ်လာတာ လူတွေရဲ့အသက်ကို ကယ်တင်ဖို့တဲ့။ ဟုတ်တာပဲ. . .။ သူမစိတ်ကိုအလိုလိုက်ပြီး ဒီလိုနေရင်း လွင့်မျောနေမိတဲ့ လနဲ့တောင်ချီနေပါရောလား။ အချိန်တွေကို အခုမှပြန်နှမြောနေမိသည်။ မြန်မြန်နေကောင်းချင်ပြီ။ ပြီးတော့ သူနဲ့အရင်လိုမျက်နှာချင်းဆိုင်တိုင်း ရန်ဖြစ်ချင်ပြီ။



## အခန်း ( ၁၄ )

မြက်ခင်းပေါ် ခြေချလိုက်သည်နှင့် နှင်းစိုနေသည့်မြက်ဖျားလေးတွေကို ထိတွေ့မိသည်။ ခြေဖဝါးမှာ အေးစက်စက်အသိကိုရလိုက်၏။

အာကာမြင့်မိုရ်က သူမလက်မောင်းကိုဆုပ်ကိုင်ထားတာမို့ ခြေကို တစ်လှမ်းချင်းဖြည်းဖြည်းလျှောက်လိုက်ပါသည်။

“ရဲရဲလျှောက်ပါ ပို။ ဒါမှ သခင့်ဆီအပြေးပြန်လို့ရမှာလေ”

“ကိုအာကာနော်. . . ရှင်ပြောမှပဲ ကျွန်မက ဒွေးမြစ်နေရောပေါ့”

“မဟုတ်ပါဘူးပိုရဲ့. . . ကိုယ်က ပို့ရဲ့ချစ်ခြင်းတွေကိုအပိုင်



www.burmeseclassic.com

www.burmeseclassic.com



စားရထားတဲ့အချစ်သခင်လို့ တင်စားပြီးပြောလိုက်တာပါ"

"ဒီစကား ဒီမှာတင်ရပ်ပါ ကိုအာကာ. . . သူက သိပ်မာန ကြီးတဲ့လူတစ်ယောက်ပါ။ ကျွန်မလိုသာမန်ဆရာဝန်တစ်ယောက်ကို စိတ်ထဲတောင်ထားမှာမဟုတ်ဘူး။ ဒီလိုချစ်စကားပြောဖို့ဆို ဝေလာဝေးပဲ"

"သေချာရဲ့လားပို. . . တွန်းအားတစ်ခုရှိမနေဘဲနဲ့တော့ ဒီလောက်အရေးကြီးနေတဲ့အချိန်မှာ သူ. . . ပို့ဆီကိုရောက်လာပါ့မလား"

သူမ, တွေခနဲတစ်ချက်ဖြစ်သွားမိ၏။ ဟုတ်လား ရဲနောင်, ဒီမှာ ကိုအာကာပြောနေပြီ။ ရှင်, ကျွန်မကိုတကယ်တွေ့ချင်ဇောနဲ့ လာခဲ့တာလား။ ဒါမှမဟုတ် မင်းသန့်ရှိန်တို့မိသားစုကို ရန်ကုန်ဘုရားစုံဖူးပို့ချင်တဲ့စေတနာနဲ့လား။

ကျွန်မ မဝေခွဲတတ်ဘူးရဲနောင်ရယ်. . .။ ရှင်က သိပ်ကို ပဟေဠိဆန်လွန်းတယ်လေ။

"ငိုင်သွားပြန်ပြီလားပို. . . သူနဲ့ပတ်သက်လာတိုင်း ပိုပိုတ်လှုပ်ရှားလွန်းတာ အရမ်းသိသာလွန်းတယ်။ ပို့မေမေတောင်မှ ကိုယ့်ကိုမေးနေပြီ။ သမီးချစ်သူနဲ့ရင်းနှီးသလားတဲ့"

"အို! ကျွန်မမှာ ဘာချစ်သူမှမရှိပါဘူး"





"ဟင်းဟင်း. . . ဟုတ်လို့လား ပိုရဲ့။ ပို ဘယ်လောက်ဖုံးဖုံးအားလူကမြင်တတ်ပါတယ်။ ကိုယ်ထင်တော့ထင်လိုက်သား။ နယ်ကိုဖုန်းဆက်ကတည်းက ပို့ကိုဝင်စွက်ဖက်ခွင့်ရှိတဲ့လူတစ်ယောက်ဘာ သာမန်အဆင့်နဲ့တော့ မဟုတ်တန်လောက်ဘူးလို့"

"တော်ပါတော့ ကိုအာကာရယ်. . .နဂိုကမှ သူက သွေးထင်ရောက်နေတဲ့လူစားမျိုးပါ။ ဒီလိုသာ ကျွန်မဖြစ်နေတာတွေသိသွားရင် ကွယ်ရာမှာ လှောင်လိုက်မယ့်ဖြစ်ခြင်း။ သူက လှရှေ့သူရှေ့မရှောင် ကျွန်မကိုအရှက်ရအောင်လည်း ပြောချတတ်တယ်၊ ကဲ. . . ဒီလိုလူက ကျွန်မကိုစိတ်ဝင်စားနေမယ်လို့ ရှင်ထင်ရဲလား"

"ဒါက twist သဘောလေးပါ ပို. . . သာမန်လူတွေမမြင်တဲ့လှည့်ကွက်လေးပါ။ ပို့ကိုတော်စေထက်စေချင်တဲ့စေတနာနဲ့ချင်စိတ်တွေဖြစ်အောင်လုပ်မယ်။ ဒါမှပို့ကြိုးစားလာမယ်။ ဒီလိုဘာ ကုသမှုတွေမှာ သူနဲ့ပို အမြဲယှဉ်ပြိုင်ပြီးခဲပျော်စရာကောင်းမှာပေါ့"

သူမ, ခေါင်းကို ခါယမ်းပြလိုက်ပြီး မြက်ခင်းဘေးရှိခုံမှာထိုင်ချလိုက်ပါ၏။ ချွေးအနည်းငယ် စို့တက်သွားတာမို့ ကိုအာကာက လက်ကိုင်ပဝါဖြင့် သူမနဖူးပေါ်မှချွေးတို့ကို ကြင်နာ



www.burmeseclassic.com

www.burmeseclassic.com



စွာသုတ်ပေးလေသည်။

"မဖြစ်နိုင်ပါဘူးရှင်. . . သူက သူ့ရှေ့မှာ ခြေတစ်လှမ်းသာဖို့မဆိုနဲ့၊ သူ့ဘေးက ယှဉ်လိုက်ရင်တောင်မှ မခံနိုင်တဲ့လူစားဆေးရုံမှာ လူနည်းစုယောက်ျားသားဖြစ်ပေမယ့် အမျိုးသမီးအုပ်ကို တစ်ယောက်တည်းနဲ့ ပြန်နှိပ်ကွပ်တတ်တဲ့သူရှင့်"

"အဲဒါနဲ့ ပိုနဲ့သူ ရန်ဖြစ်ရရောမဟုတ်လား"

"စိတ်ရှုပ်ရတာပေါ့. . .။ ကျွန်မက စိတ်ကြည်ကြည်လင်လင်နဲ့အလုပ်လုပ်ချင်တာ။ သူရောက်လာကတည်းက ကျွန်မမျက်နှာအမြဲစူပုပ်နေရတာ တစ်ဆေးရုံလုံးအသိရှင့်"

"ဟင်းဟင်း. . . ပိုက မျက်နှာပုပ်နေလည်း လှတဲ့သူကို"

"ပြောပြန်ပြီ"

"ဟုတ်ဘယ်ပိုရဲ့. . . ကိုယ်ကျောင်းတက်နေတုန်းက သတင်းက ဆေး(၂)မှာတော်တော်ထွက်နေတာ။ အချောအလှတွေ အများကြီးရှိနေပါလျက်နဲ့ သူမတူအောင်ထူးခြားတဲ့ပို့ကို ကိုယ် တိတ်တိတ်လေးလာကြည့်ခဲ့ဖူးတယ်။ ပိုက သိပ်တည်တော့ ပို့အပြုံး ကိုအရမ်းမြင်ချင်နေကြတဲ့သူတွေ အများကြီးရှိတယ်။ မှတ်မှတ်ရရ ကို၄ လာတဲ့နေ့မှ ပို့ရဲ့အပြုံးကို ကိုယ်မြင်ခွင့်ရခဲ့တာ"

"ဟင်! "





"အဲဒီနေ့က ပို ဖက်ဖူးရောင်ဝမ်းဆက်လေး ဝတ်ထားတာ ကိုယ်မမေ့ဘူး။ Corridor ထောင့်ချိုးမှာ အန်တီမေသက်ဖူးနဲ့စကားပြောရင်း ပြုံးလိုက်ပုံလေးက. . . တစ်သက်မမေ့ဖွယ်ရာပဲ။ အန်တီတောင် အိမ်မှာတဖွဖွအမြဲပြောပြောနေတာ"

"ဟောတော်. . . တီချယ်က ရှင့်အဒေါ်လား"

"ဒါပေါ့. . . ပို့သတင်းတွေ ကိုယ်တကူးတကလိုက်စုံစမ်းရာမလိုဘူး။ ကဲ. . . မပိုင်ဘူးလား"

ကြည့်စမ်း! ဒီစကားကို ရဲနောင်လည်းပြောခဲ့ဖူးတာပဲ။ တကယ်ပဲလား. . .။

ကျွန်မအပြုံးက ကမ္ဘာကျော်မိုနာလီဇာကိုတော့ မမီနိုင်ပါဘူးရှင်. . .။

"ပိုက ဟန်မရှိဘူး။ ပကတိရိုးရှင်းတဲ့အလှပိုင်ရှင်ပါ။ ပို ဝမ်းလျှောက်ပုံလေးကအစ ရိုးရိုးရှင်းရှင်းပဲ။ ထဘီခတ်သံကအစ ခြားမိန်းကလေးတွေနဲ့မတူဘဲ သိမ်မွေ့ညင်သာတယ်။ အဲဒါအမှန်

"တော်ပါတော့ ကိုအာကာရယ်. . . ရှင်ပြောမှပဲ ကျွန်မ ည်း ပုံပြင်ထဲက မင်းသမီးလေးဖြစ်တော့မယ်"

"ကိုယ် ညာမပြောပါဘူး ပို. . . တကယ်ပါ။ စိတ်ချမ်း



www.burmeseclassic.com

www.burmeseclassic.com



သာတယ်မဟုတ်လား"

သူမ ခေါင်းကိုညိတ်ပြလိုက်ပြီး ပြုံးလိုက်မိသည်။ ဒီ စကားတွေကို သူသာပြောမယ်ဆိုရင် ဘယ်လောက်ကောင်းလို မလဲ။ ဒါပေမဲ့ သူက ကျွန်မကို ခန့်ဖို့ပဲ အမြဲချောင်းနေတာ

"သူ့ကိုသတိရသွားပြန်ပြီလားပို။ အဲဒါကြောင့် အန်တီ မိဘာလည်းမပြောနဲ့။ ကိုယ့်ကိုမေးတော့ ကိုယ်လည်းမသိဘူး ဘူးချည်းခါနေရတာပေါ့။ လက်ဆုပ်လက်ကိုင်လေးပြလို့ရအော မှတ်ပုံတင်ပါတော့လား"

"မထင်ပါဘူးရှင်. . . ရှင်ကြားဖူးတယ်မဟုတ်လား။ ကားပေး၏မရတဲ့။ ကျွန်မက သူ့ကိုဘာမှမပေးဘူး။ ဒီတော့ သူ က ဘာကိုမှလည်းပြန်မရပါဘူး"

"ဟုတ်ရဲ့လားပို. . . အနည်းဆုံးတော့ ပို့မျက်စောင်း တွေ တစ်ရက်ကို သုံးလေးခါထက်မနည်း သူစုဆောင်းထားမှာ ခုဆို သူ့အသည်းထဲမှာ စူးဝင်နေတာ ပြည့်နေလောက်ပြီ"

"ကိုအာကာရယ်, ပြောလိုက်ရင် ဒီစက်ကွင်းကကိုမ တော့ လား"

"ပိုက မျက်စောင်းထိုးလည်းလှနေတာကိုး"

"ကဲ! ပြောတော့. . . ဆက်သာပြော၊ ကြာရင် ကယ်





ပတ်ထရာနီးနီး ချောလာလိမ့်မယ်"

နှစ်ဦးသား ကြည်နူးစွာရယ်မောလိုက်မိ၏။

မေမေက အိမ်ထဲမှထွက်လာကာ သူမတို့ဆီလျှောက်လာ လေသည်။

"အံမယ်. . . ဒီနှစ်ယောက် ဘာတွေကိုသဘောကျနေတာ လဲ။ ပြုံးလို့ရယ်လို့ပါလား"

"ဒီမှာလေ. . . မေမေရယ်။ မေမေ့တူ ပို့ကိုမြှောက်ပြော နေလို့ ရယ်နေမိတာ"

"သြော်. . . ထမင်းစားကြရအောင်လေ သမီး။ မြန်မြန် ကျန်းမာမှ သမီးလုပ်ချင်တဲ့အလုပ်ကို ပြန်လုပ်နိုင်မှာပေါ့။ သားပဲ ဘူတွဲလာနော်"

"ဟုတ်ကဲ့ပါ အန်တီ"

အာကာက သူမကိုတွဲလျှောက်ရင်း ပြုံးရယ်လျက် တီးတိုး ဆိုလိုက်လေ၏။ မေမေက အိမ်ထဲကို ရှေ့မှခပ်သွက်သွက်ဝင်သွား လေပြီ။

"မြန်မြန်အလုပ်လုပ်မှာမဟုတ်ဘူး အန်တီရေ. . . မောင့် ကျန်းမာ့ဖူးလို့ပြန်ချင်နေတာ။ အား. . ."

"ကဲ. . . မှတ်ထား"



www.burmeseclassic.com

www.burmeseclassic.com



သူမက ကိုအာကာ့လက်မောင်းကိုဆွဲဆိတ်လိုက်ပြီး မျက်စောင်းခဲလိုက်လေ၏။ ထမင်းစားခန်းထဲမှာထိုင်တော့ ကိုအာကာနှင့်သူမက ဘေးချင်းကပ်လျက်ထိုင်လိုက်သည်။

"စားနော်သား. . . အားမနာနဲ့။ ဒီမှာ. . . ငါးမြင်းဆိုပြီကြက်သားနဲ့အာလူး၊ ငါးခေါင်းနဲ့ ကင်ပွန်းချဉ်ဟင်းချို၊ အစိမ်းကြော်ငရုတ်သီးငါးပိချက် ဒါက သမီးသုပ်ပေးတဲ့ ခရမ်းချဉ်သီးသုပ်။ စားသာစား. . ."

"ခရမ်းချဉ်သီးသုပ်က colour အစုံပါလား အန်တီ။ စားလို့လည်း အရသာရှိတယ်"

"မြှောက်နေပြန်ပါပြီ"

"သမီးလက်ရာလေ သားရယ်. . . သူက အန်တို့ထက်အချက်အပြုတ်တော်တယ်။ အလုပ်နဲ့လက်မပြတ်အောင်နေတဲ့ကို ဘုရားက စီမံပေးလိုက်တာထင်ပါရဲ့။ ဒီအသုပ်ထဲမှာ ခရမ်းချဉ်သီး၊ နံနံပင်၊ ကြက်သွန်နီ၊ မြေပဲဆံနဲ့ ပုစွန်ခြောက်ထောင်း၊ ငါးနဲ့ဘဲဥပြုတ်ပါးပါးလှီးထားတာကို ပဲဆီမွှေးမွှေးလေးဆမ်း၊ ငံပြာရည်လေးနဲ့သုပ်ထားတာ။ စား. . . စား. . . သားကြိုက်တယ်ပေါ့"

"ဒါဆို ပို့လက်ရာကိုအမြဲစားခွင့်ရတဲ့လူကို ကျွန်တော်မနာလိုချင်တော့ဘူးအန်တီ"





"ဟဲ့. . . ဘယ်သူတုန်း"

"နယ်က တစ်ယောက်လေ"

"ဟုတ်လားသမီး"

"မဟုတ်ပါဘူးမေမေရယ်၊ ဆရာဝန်ကြီးရဲ့တူကို လျှောက်ပြောနေတာ"

"ဒါဆို. . . သူလည်းဆရာဝန်ပဲပေါ့"

"ဟုတ်ကဲ့"

"သမီးလက်ရာကိုပါ စားခွင့်ရနေပြီပေါ့၊ ဟုတ်လားသမီး"

"မဟုတ်ပါဘူးဖေဖေရဲ့။ ပို့က အားတဲ့အချိန် ဝင်ချက်ပေးရုံပါ။ ဆရာဝန်ကြီးကို အစကတည်းက စွတာတို့အုပ်စုက ချက်ကျွေးတာ။ ပို့ရောက်မှ ညနေစာကိုတာဝန်ယူလိုက်တာပါ"

"သူက ဒီရန်ကုန်ကပဲလား"

"ဟုတ်ကဲ့"

"သမီးနဲ့တော်တော်ရင်းနှီးနေပြီပေါ့"

"ကျောင်းတူခဲ့ရုံပါဖေဖေ။ ခုချိန်ထိမတည့်ပါဘူး. . . တွေ့တာနဲ့ရန်ဖြစ်တုန်း"

ဖေဖေက ခပ်ပြုံးပြုံးဖြင့် သူမကိုကြည့်လိုက်သဖြင့် သူမမျက်လွှာကိုအသာချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အာကာမိုးမြင့်ရိုက ထမင်းစားနေလျက်မှ ရယ်ချင်သည့်မျက်နှာကိုထိန်းနေရလေသည်။ ပိုတော့ လျှို့ဝှက်မေးခွန်းတွေကြားထဲ ညပ်နေပြီလေ။

"အိမ်ကိုပါ ဝင်ထွက်နေတာပေါ့"

"ဟာ. . . ဖေဖေကလည်း"

"ဒါ. . . ရှက်စရာလားသမီးရဲ့။ ဖေဖေ့စကားထဲမှာ မင်းမသား ဘာတစ်ခွန်းမှမပါသေးဘူးနော်။ ငါ့သမီးက ကြိုရှက်နေ ထောက်ရင် မရိုးသားတော့ဘူး"

အာကာမြင့်မိုရ် မအောင့်နိုင်ဘဲ ရယ်ချလိုက်တော့ သူမ အာကာ့လက်မောင်းကို ဖျတ်ခနဲရိုက်ချလိုက်လေသည်။

"ဟဲ့! ဘယ့်နှယ်. . . နီးရာလူကိုငြိုးရတာလဲ"

"မေမေ့တူက ပို့ကိုလှောင်နေပြီလေ"

"ညည်းကလည်းညည်းကိုး. . . ဖိုးဇော်ကလည်း အလု တစ်ဖက်နဲ့မို့ ညည်းကိုယ်ထိန်းနိုင်မှာမဟုတ်။ စိတ်လွတ်ကိုယ်လွတ် ညည်းလျှောက်လုပ်နေတာပဲမဟုတ်လား"

"အာ. . . မေမေကလည်း၊ ပိုဘာလုပ်လို့လဲ"

"ညည်းကိုယ်ညည်းသိပေါ့"

"ဩော်. . . မနက်ဖြန် ကိုကျော့်သူငယ်ချင်းတွေ လာ





ချိ ကျွေးမွေးဖို့စီမံပေးပါဦး။ ဟိုက စက်ဘုပ္ပမှာပဲနေတာကြာနေပြီ။ မြန်မာထမင်းဟင်းကောင်းကောင်းလေး ကျွေးချင်လို့ပါ"

"ကဲ. . . မပြောလား၊ ဒီအဖေကမွေးလို့ ဒီသမီးရလာတာ ဘယ်တော့မဆို ဖုတ်ပူမီးတိုက်။ နောက်ကလိုက်လုပ်ရတဲ့လူက လျှာ ထွက်မတတ်ဖြစ်နေပြီ"

"ပို့ ဝိုင်းချက်ပေးပါ့မယ်မေမေရယ်"

"ဟ. . . မိပိုက ငါမွေးတာမဟုတ်ဘူးလေ။ မင်းမွေးတာ ပါချိုရာ. . . မောင်အာကာရှေ့ ပြောချလိုက်ရရင်တော့ မကောင်း တော့ဘူး"

ထမင်းစားခန်းထဲမှာ ရယ်သံတွေဆူညံသွားပါ၏။ ဩော် မိသားစုပျော်ပျော်ရွှင်ရွှင်နေရချိန်က သိပ်မရှိပါလား။ ဘူမ, နယ် ကိုပြန်ချင်နေပြီလေ။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း ( ၁၅ )

ချက်ပြုတ်ပြီးစီးသွားတော့မှ သူမ ရေချိုးခန်းဝင်ခဲ့သည်။ ရေကို ခပ်မြန်မြန်လေးချိုးပြီး သနပ်ခါးရေကျဲလေးလူးကာ ဆံပင်တွေကို ခပ်မြင့်မြင့်လေးစည်းလိုက်၏။ ခွေလိပ်လိပ်ဆံနွယ်ကောက်လေးတွေတောင် အတော်ရှည်နေပါရောလား။ အိမ်နေရင်းမို့ ပေါ့ပေါ့ပါးပါးဝတ်စုံကိုသာ ရွေးလိုက်သည်။ ဘလောက်စ်အင်္ကျီလေးနှင့် အစိမ်းပုပ်ရောင်ပါတိတ်အပွင့်ကိုဝတ်နေစဉ် အိမ်ရှေ့မှာ ကားရပ်သံကိုကြားလိုက်ရ၏။

"လာပါ ကိုမင်းနောင် . . . ပြန်ရောက်တာကြာပြီလား"

"တစ်ပတ်ပဲ ရှိသေးတယ် ကိုကျော်မြင့်ရေ။ သားနဲ့ကော



www.burmeseclassic.com

www.burmeseclassic.com



မှမတွေ့လိုက်ရဘူး"

"သားက ဘယ်သွားနေလို့လဲ"

"နယ်မှာ ပိုစတင်ကျနေတယ်လေ"

"ဩြော်. . . ဆရာဝန်လား"

"ဟုတ်ပါ့ဗျာ. . . ဒီမှာ သူ့အဒေါ်တစ်ယောက်လုံး ဆေးခန်း ထိုင်နေတာတောင်မလုပ်ဘူး။ ဦးလေးရှိတဲ့နယ်ကိုပြေးတာမှ တန်းနေတာပဲ။ လူငယ်သဘာဝ လွတ်လပ်ချင်တာလေ"

"ယောကျ်ားလေးမို့တော်သေးတာပေါ့ဗျာ။ အိမ်က သမီးတောင်မှ. . . နေမကောင်းဖြစ်မှပဲ ရန်ကုန်ကိုပြန်ရောက်လာတာ။ မိန်းကလေးဆိုတော့ မိဘတွေစိတ်ပူစိုးရိမ်နေရတာပေါ့"

"ဟုတ်တာပေါ့ဗျာ"

"ထိုင်ပါဦး. . . ချိုရေ. . . သမီးရော"

"အပေါ်မှာ ရေချိုးနေတယ်"

"မြန်မြန်သွက်သွက်လုပ်ခိုင်းလေ. . .။ နေကောင်းတာ နှစ်ရက်တစ်ပိုင်း ရှိသေးတယ်။ ခွင့်ယူရတာတွေ များနေပြီ"

"သမီးက နယ်မှာဘာလုပ်လို့လဲ"

"သမီးလည်း ဆရာဝန်ပဲလေ"

"ဟောဗျာ. . . ကြုံပဲကြုံတတ်တယ်"





ဧည့်ခန်းမှာ ရယ်သံတွေဖြစ်တည်သွား၏။ သူမ, လှေကားမှ ဖြည်းဖြည်းဆင်းလာခဲ့၏။ ဧည့်ခန်းရှိ ထိုင်ခုံမှာ ထိုင်နေသည့် သူကြီးကိုမြင်တော့ သူမအံ့ဩသွားမိသည်။ ဘုရားရေ. . . ရဲနောင် နဲ့ချွတ်စွတ်တူနေပါရောလား။

"လာလေသမီး၊ ကိုမင်းနောင်. . . ဒါ ကျွန်တော့်ရဲ့တစ်ဦးတည်းသောသမီး ဒေါက်တာလှလွန်းပိုလေ"

"လှလွန်းပို. . . ဟုတ်လား။ ဒီနာမည်ကြားဖူးသလိုလိုပဲ၊ ဘယ်မှာကြားဖူးတာပါလိမ့်"

"သမီးက မြို့သစ်မှာ ပိုစတင်ကျနေတာလေ"

"ဟော. . . ဟုတ်ပါပြီ။ ဒါကြောင့် ကြားဖူးတယ်ထင်နေတာ။ သမီးက စာထဲမှာရေးထားတာထက် အပြင်မှာပိုပြီး ကျက်သရေရှိတာပဲ"

"ရှင်"

"ဟုတ်တယ်သမီးရဲ့. . . သားက သမီးအကြောင်းတွေကို စာထဲမှာ တရှည်တလျားရေး,ရေးပို့နေတာ။ မိဘကိုသတိရကြောင်းထက် သမီးအကြောင်းက များနေလို့ အန်တီတို့ရယ်,ရယ်နေကြရတာလေ"

သူမမျက်နှာ ပန်းရောင်သန်းသွားတော့သည်။ အန်တီက



www.burmeseclassic.com

www.burmeseclassic.com



သူမလက်ဖျားလေးကို လှမ်းဆွဲလျက် နံဘေးမှာ ထိုင်ခိုင်းလိုက်လေ၏။ ဖေဖေနှင့်မေမေက တအံ့တသြဖြစ်နေလေသည်။

"ဘယ်လိုလဲ. . . ဒထိရန်ဖြစ်နေကြတုန်းပဲလားသမီး"

"ဟုတ်ကဲ့"

"ဟင်းဟင်း. . . ကျောင်းမှာကတည်းက မတည့်ကြတာ ဘယ်တော့မှတည့်မှာလဲ"

"အန်တီ့သားက ပို့ကိုဆို သိပ်နှိပ်ကွပ်တာပဲအန်တီရဲ့။ ရှေ့သူရှေ့မရှောင် ဟောက်လားဟောက်ရဲ့. . . သိပ်အမြင်ကပ်စ ကောင်းတာပဲ"

"သားက ဟိုမှာ. . . သူ့ဦးလေးဆေးရုံအုပ်ဖြစ်နေတာ ဗိုင်းကူနေတာ ကိုကျော်မြင့်ရေ။ နောက်နှစ်ထဲမှာ ဘွဲ့ထပ်ယူ မှာကျောင်းသွားတက်ရမှာ"

"ဟုတ်လား. . . တော်လိုက်တာနော်"

"သမီးရော. . . ဘွဲ့ဆက်မယူချင်ဘူးလား"

"ဟင့်အင်း အန်တီ။ ပို့စာတွေထပ်မကျက်နိုင်တော့ဘူး"

သမီးဘယ်တော့ပြန်မှာလဲ"

ဘန်ဘက်ခါပါ"

ဖြော်. . . ရက်ကတပ်နေတာပဲ။ အန်ကယ်တို့က





ဆွေမျိုးတွေအိမ်ကို လိုက်လည်ပြီးမှ သားနောက်ကိုလာလို့ရမှာ။ နောက်မှပဲလိုက်ခဲ့တော့မယ်နော်"

"ဟုတ်ကဲ့ပါ အန်ကယ်. . . ဆရာကြီးအိမ်မှာ တည်းချင်တည်း၊ ဒါမှမဟုတ်ရင် ဦးဇော်အိမ်မှာ တည်းလည်းဖြစ်ပါတယ်"

"ကိုကျော်မြင့်တို့ပါ အတူတူလိုက်လည်ကြတာပေါ့နော်။ ယ်မှာ ဗဟုသုတလည်းရ၊ လေကောင်းလေသန့်လည်း ရှူကြကာ ပေါ့"

"ကောင်းပါပြီဗျာ. . . ကဲ. . . အခုတော့ ထမင်းစားကြ ။ ထမင်းပွဲက အဆင်သင့်စောင့်နေပါပြီ"

စားသောက်ပြီး အတော်ညဥ့်နက်မှ သူ့မိဘတွေပြန်သွားလေ၏။ အိုးခွက်ပန်းကန်တွေ ဆေးကြောမှောက်ထားပြီးမှ သူမ အိပ်ခန်းမှထွက်လာတော့ မေမေက လှမ်းခေါ်လိုက်လေသည်။

သူမ ဧည့်ခန်းရှိခုံမှာဝင်ထိုင်တော့ ဖေဖေက သူမကိုပြုံး လိုက်လေ၏။ အို! ဖေဖေ့အပြုံးက တစ်မျိုးကြီးပါလား။

"ဘယ်လိုလဲ ငါ့သမီး. . . တစ်ဖက်မိဘတွေသိပြီးမှ ဖေဖေ သိရမှာတော့ နည်းနည်း Feel အောက်တယ်"

"ဟင်. . . ဘာကိုလဲဖေဖေရဲ့"

"သမီးရဲ့ဆရာဝန်လေးကိစ္စပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အာ. . . ဘယ်က ပို့ဆရာဝန်လေးကမှာလဲ။ မဆိုင်ပါဘူ ဖေဖေရဲ့"

"သမီးနော်. . . မေမေတို့ကိုညာမယ်စိတ်မကူးနဲ့။ မော အာကာကို အလိမ္မာနည်းနဲ့ပြောလိုက်ပြီးကတည်းက သမီးကို မေ မေအကဲခတ်နေတာ။ သေချာတယ်, သမီးရင်ထဲမှာတစ်ယော ယောက်တော့ရှိနေပြီ။ ကဲ. . . ပြောတော့"

"မဟုတ်ပါဘူးမေမေရယ်။ သူနဲ့သမီး သူငယ်ချင်းတွေ ဒီ့ထက်ဘာမှမပိုပါဘူး။ မယုံရင် ဦးဇော်ကိုမေးကြည့်လို့ရပါတယ်"

"ဒါဆိုရင် သမီးကိုဆေးရုံမှာလာကြည့်ရင်း စိတ်ကော ပြီး ဘာဖြစ်လို့ပြန်သွားရတာလဲ"

"ဟာ. . . ဒီသတင်း ဘယ်ကပေါက်သွားတာလဲ"

"ဒေါက်တာမိုးသောက်ကြည်နဲ့ မေမေလည်း ရင်းနှီးတာ လေ"

"အာ. . . ရှုပ်ကုန်ဘော့မှာပဲ။ တီချယ်က. . . ကျောင်း ကတည်းက သူနဲ့ပို့ကို တွဲတွဲစနေတာပါ။ မေမေတို့ထင်သလိုမဟု ရပါဘူး"

"မဟုတ်ရင် နွဲ့က ပြန်ခါနီးမှာ သမီးကိုပေးရမယ်နော် ပြုံးစစနဲ့ပြောသွားစရာအကြောင်းမရှိဘူးလေသမီးရဲ့"





သူမစိတ်ရှုပ်လာရင်းမှ မျက်ရည်တောင်ဝဲတက်လာသည်။ လူကြီးတွေက တစ်ဖက်သတ်မြင်နေပြီရဲ့နောင်။ ဒီကိစ္စတွေသာ ရှင် သိရင် ကျွန်မကို ဘယ်လောက်များ လှောင်ပြောင်ရယ်မောလိုက် လေမလဲ။ စိတ်ကူးထဲမှာတောင် ဒီလောက်လန့်နေရင် လက်တွေ့ကို ကျွန်မရင်မဆိုင်ဝံ့ဘူး။ ရင်မောစရာကောင်းလှပါဘိ။

"တကယ်ပါမေမေ. . . ယုံပါ။ ပို့နဲ့သူ ခုချိန်ထိ အရိုးသား ဆုံးရှိနေဆဲပါ။ ပို့ကို Propose လုပ်တဲ့လူငွေ့ယဲမှာ သူမပါဘူး။ ပို့က သူ့အတွက် ရန်ဖြစ်ဖော်ကလွဲပြီး အရာမဝင်ပါဘူးမေမေရယ်"

သူမ တိုးသဲ့သဲ့ပြောလိုက်ပြီး ထိုင်ခုံမှ အသာထလာခဲ့၏။ လှေကားထစ်တွေကို ခပ်လေးလေးတက်လာခဲ့ပြီး လသာဆောင် ဘက်ထွက်ခဲ့မိသည်။ မှောင်ရီပျိုးခါစရှုခင်းကို ခပ်ငေးငေးကြည့် နေမိ၏။

နောင်နှစ်မှာ ဘွဲ့တစ်ခုယူဖို့ နိုင်ငံခြားသွားတော့မှာတဲ့ သား ရဲ့နောင်. . . ။ ကျွန်မ ဝမ်းသာပါတယ်။ ကျွန်မနဲ့ပတ်သက်ပြီး ပေါ့ပေါ့တန်တန်သဘောထားပြောဆိုခဲ့တာတွေအတွက် ကျွန်မ ဘယ်လိုမှသဘောမထားတော့ပါဘူး။ ကျွန်မက ရှင့်အတွက် စိတ် အဆာပြေရုံသက်သက်ပါလားကွယ်။

ခြံဝမှ ကားမီးရောင်ကြောင့် သူမ လှမ်းကြည့်စဉ် Taxi



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှဆင်းလာသည့်မိမောင်ကိုမြင်လိုက်ရသည်။ မိမောင်က သူမကိုလက်ဆောင်ပြလိုက်ပြီး တိုက်ထဲဝင်လာလေ၏။

သူမ လသာဆောင်မှ အိမ်ထဲဝင်ရန်ပြင်စဉ် မိမောင်က သူမအနီး ရောက်လာလေသည်။

"မ,ကို မောင်,ပြောစရာရှိတယ်"

"ပြောလေ. . . အခန်းထဲမှာပြောမလား။ ဒီမှာ ညအိ မလို့လားမိမောင်"

"အင်းပေါ့. . . ရင်ထဲမှာပြည့်ကျပ်လွန်းလို့ မောင်,ထလာ ခဲ့ရတာ။ ဒီမှာပဲပြောဦးမယ်။ နည်းနည်းအေးမှပဲ ဝင်ကြတာ နော်"

သူမ ခေါင်းတစ်ချက်ညိတ်လိုက်ပြီး လသာဆောင်လ ရန်းမှာ လက်နှစ်ဖက်ကိုတင်ထားလိုက်၏။ မိမောင်ထံမှ သက်ပြ ချသံကျယ်ကျယ်ကို ကြားလိုက်ရသည်။

"မ. . . ဘိုနဲ့မ,က ဘာလဲဟင်"

"ဘယ်လို"

"မောင်,မေးတာရှင်းပါတယ်။ ဘိုနဲ့မက ဘာလဲလို့"

"ဘုရားရေ. . . မိမောင် စလာကတည်းက တုံးတိကြ လား ညီမလေးရယ်။ ဘာမှစိတ်ပူမနေနဲ့။ ဘိုနဲ့မက ကင်းရှင်းတ





က ဦးဇော်တူမ၊ ဘိုက အန်တီခိုင့်တူ၊ အမျိုးစပ်ရင် တော်နေပြီ ပဲ. . ."

"ဟုတ်လို့လား. . . ဒီ့ထက်မပိုဘူးလား။ မောင်ထင်တာ တော့ ဒီထက်ပိုလိမ့်မယ်ထင်တာပဲ။ မ,ကိုခေါ်လာတုန်းက သူ ကြီးအကျယ်မျက်နှာပျက်ပြီး ကျန်ရစ်ခဲ့တာ"

"ဩော်. . . မိမောင်ရယ်။ ဘိုက ဟိုမှာ မ,ကို သူပဲစောင့် ာက်နေတာ။ ဘိုနဲ့မကို တစ်မြို့လုံးက မောင်နှမလို့ပဲမြင်ကြ ယ်။ ဟိုမှာ မ,ကိုအတင်းလိုက်ကြိုက်နေတဲ့ မုဆိုးဖိုလား၊ တစ်ခု လား ဘာမှန်းမသိတဲ့လူတစ်ယောက်ရှိတယ်။ ဒီလူကြီးရန်က ာ်အောင် ဘိုပဲအများဆုံးကူညီပေးခဲ့တာမိမောင်ရဲ့။ အစ်မကို မျှလူနဲ့ အူတိုနေတာပါ။ မိမောင်ထင်သလိုမဟုတ်ပါဘူး"

"ဒါဆို. . . မ,နဲ့ပတ်သက်ပြီး ဘာလို့သူ့အမူအရာပျက်နေ ာလဲ"

"မ,ပြောပြီးပြီလေ မိမောင်ရယ်. . . ပြီးတော့ မ,ကိုအိမ်က ာကာနဲ့သဘောတူထားမှန်း သူသိထားပြီးသားပါ။ ဘာဖြစ်လို့ နေရတာလဲမိမောင်"

"မ,ကို မောင်ပြောခဲ့ဖူးတယ်နော်။ မောင့်ကြောင့် ေ သူစိတ်တွေလေပြီး စာမေးပွဲမဖြေဖြစ်လို့ တစ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ပါ။ အဲဒါကို ပြန်တွေးမိတိုင်း မောင်,ရင်နာလို့မဆုံးဘူး။ အဲဒီအခို
ကစပြီး မောင့်ရင်ထဲကို သူဝင်လာခဲ့တာပဲ။ မောင်. . . ဘို့ကိုခ
တယ်။ ဘိုနဲ့အမှတ်မထင်ပြန်တွေ့ရပြီး မောင်ပျော်ခဲ့ရတဲ့အပျေ
က မ,တို့နှစ်ယောက်ကိုကြည့်ပြီး လမ်းတစ်ဝက်မှာ ရပ်ခဲ့ရတာ
မောင်,ပျော်ချင်တယ်. . . မောင်,ပျော်ပါရစေ။ ဘို့ကို မောင်,ခေါ
ညိတ်ချင်ကာမှ ဘိုက မောင့်အပေါ်ကနေ စိတ်တွေလွဲနေပြီ။ မော
ရင်တွေအရမ်းပူတယ်"

"အတူတူပါပဲမိမောင်. . . မ,လည်း မိမောင်လိုပဲခံစား
ရတာ။ မိမောင်ကမှ သူကဖွင့်ပြောခဲ့ဖူးလို့ ခံသာပါသေးတ
မ,က. . . မ,က. . ."

"ဟင်. . . မ,ရင်ထဲမှာ ဘယ်သူရှိနေပြီလဲ"

သူမမျက်နှာပေါ်သို့ မျက်ရည်စီးကြောင်းတစ်ခု
သွားလေ၏။ မြတ်နိုးနေသယောင်မျက်ဝန်းတွေက သူမပါးကို
ဖော်ရှိုင်း နမ်းရှိုက်ခဲ့တဲ့မြင်ကွင်းကိုမြင်ပြီးကတည်းက ရှုံးရှာမှု
သွားခဲ့တာလေ။

သေချာပါတယ်။ အဲဒီနေ့ကတည်းက သူ့ပုံစံအပြေ
အလဲကြီးပြောင်းလဲသွားခဲ့တာ။ ရင်နာလိုက်တာရဲနှောင်ရယ်
ပေးခဲ့တဲ့အိပ်မက်တွေက ကျွန်မ, လှမ်းဆုပ်ကိုင်လို့တောင်မှ





တော့ပါလား။

"မိန်းမဆိုတဲ့အမျိုးက ရင်ထဲမှာရှိနေတဲ့အချစ်ကို ကာယ
ကံရှင်သိအောင် ဖွင့်ပြောခွင့်မရှိတဲ့ဘဝပါ။ အရှက်၊ ဂုဏ်သိက္ခာ၊
ကိုယ်ကျင့်တရား စတာတွေငဲ့ညှာပြီး ရေလာဖို့မြောင်းလည်း မပေး
ခဲ့ဘူး။ ဘယ်လိုပဲနှုတ်က ငြင်းဆန်ဆန် ရင်ထဲကအမှန်တရားကို
ညာလို့မရဘူး။ မ, သူ့ကိုချစ်တယ်။ ဒါကို သူမသိဘူး။ ဘယ်တော့
လည်း သိနိုင်မှာမဟုတ်တော့ပါဘူး။ သူမဟုတ်တဲ့ အခြားလူတွေ
က မ,ရင်ထဲကိုမြင်တတ်တယ်။ မ,ခံစားချက်ကို နားလည်ပေးနိုင်
တယ်။ သူကတော့. . . သူ့ပညာ၊ သူ့တက်လမ်းတစ်ခုကိုပဲ ရှေးရှုပြီး
လျှောက်နေတာပါ။ သူ့ခေါင်းထဲမှာ တာဝန်ဝတ္တရားကလွဲလို့
ရှိနေတာ အပရိကတွေပဲ။ ဒီလိုလူမျိုးကိုမှ မ,ဘာဖြစ်လို့ချစ်မိသွား
သလဲဆိုတာ တွေးမရဘူး။ အချစ်ဆိုတာ သိပ်အံ့ဩဖို့ကောင်းတဲ့
အရာတစ်ခုပါပဲ"

"မ,ရယ်. . . ဖြစ်မှဖြစ်ရလေ"

မိမောင်က သူမကို နောက်ကျောမှ အသာသိုင်းဖက်လိုက်
ရင်း နှစ်သိမ့်ပေးလိုက်ပါသည်။ သြော်. . . ရင်ဖွင့်ဖို့ရောက်လာတဲ့
သူမက ဆီးကြိုရင်ဖွင့်မိပါလေရောလား။

"သူက မ,လိုဆရာဝန်ပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"မ,နဲ့အတူတူ အလုပ်ဝင်နေတာလား"

"အင်း"

"မ,က ဒီလောက်ချစ်စရာကောင်းနေတဲ့ဟာ။ ဒီလူက မ,ကိုစိတ်မဝင်စားတာတော့ မဖြစ်နိုင်လောက်ပါဘူး"

"မဖြစ်နိုင်တာမဟုတ်ဘူး မိမောင်။ ဖြစ်ကိုဖြစ်မလာတော့တာပါ။ အကြောင်းရင်းခံက ရှိနေခဲ့တာလေ"

"ဟင်"

"ဦးဇော်ရှိုင်းနဲ့ပတ်သက်ပြီး သူ့ ပြဿနာဖြစ်မှာစိုးလို့ မ,အမြဲတားခဲ့တာပါ။ ဒါပေမဲ့ မရှောင်နိုင်တဲ့တစ်နေ့တော့ သူနဲ့ထိပ်တိုက်တိုးခဲ့တယ်။ အဲဒီနေ့ . . . အဲဒီနေ့မှာပဲ ဦးဇော်ရှိုင်းက မ,ကို . . ."

"မ . . . မငိုနဲ့လေ"

"အဲဒီကတည်းက သူ့ မ,ကိုရှောင်တော့တာပဲ။ မ,က . . . မ,က သူ့အမြင်မှာ ပသန့်စင်တော့ဘူးကိုး။ မ,နားလည်ပါတယ်။ သူဆုံးဖြတ်တာ မမှားပါဘူး။ မကျွဲသေးတဲ့ခြေကို သူက ပြန်ရုပ်တော့ သူမှန်တာပေါ့။ မ,မှာသာ သူနဲ့ပတ်သက်ပြီး ခုန်ခဲ့မိတဲ့နှလုံးသားကို ကိုယ်ပြန်ရှက်နေမိတာ"





"တောက် . . . ဒီလူကြီး တော်တော့်ကိုယုတ်မာတာပဲ"

"ဘိုကလည်း သတ်ပစ်မယ်တကဲကဲလုပ်နေလို့ မ,မနည်းတားနေရတာပါ မောင်ရယ်။ မ, အဲဒီမှာ တာဝန်ကြောင့် ပျော်နေရပေမယ့် ကိုယ်ရေးကိုယ်တာကြောင့် အရှုံးစိတ်ညစ်ရတာအမှန်ပဲ"

"ဒါဆို မ,ဘာဖြစ်လို့ပြန်သွားမှာလဲ။ ပြောင်းခွင့်တင်လိုက်ပေါ့"

"တင်မှာပါ . . . ဒါပေမဲ့ နှစ်ကုန်တဲ့အထိတော့ တာဝန်ကျေအောင် အပြည့်ဆင်းပေးမလားလို့ပါ"

"နှင်းတွေကျလာပြီ မ . . . အထဲကိုဝင်ရအောင်"

အခန်းထဲရောက်တော့ မိမောင်က အနွေးထည်နှစ်ထည်ထုတ်ကာ သူမကိုတစ်ထည်ဝတ်ပေးပြီး သူတစ်ထည်ဝတ်လိုက်လေ၏။ အိပ်ရာထဲမှာ ပူးပူးကပ်ကပ်လှဲလျက်ဖက်ထားပြီး အိပ်မပျော်နိုင်ကြသေး။ ညက တဖြည်းဖြည်းနှင့်နက်လာနေပြီ။

"အချစ်က လူကိုဖမ်းစားနိုင်စွမ်းရှိတယ်ဆိုတာ တကယ်ပဲနော်။ မ,လို မာနလေးတင်းထားနိုင်တဲ့သူတောင် အချစ်ကို ဒူးထောက်ခဲ့ရတာ။ မောင့်လိုသာမန်မိန်းကလေးအဖို့တော့ ပြောစရာတောင်မကျန်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အစတော့. . . ဒီလိုလိုမ့်နေအောင် ခံစားရမှာပါပဲမောင်ရယ်။ နောက်တော့လည်း နေသားတကျဖြစ်လာမှာပါ။ အချိန်က ကုစားပေးပါလိမ့်မယ်။ မ,က မစားကောင်းတဲ့အသီးကိုး"

"ဘာသီးလဲ. . . ကျီးအာသီးလား"

"ဟင့်အင်း. . . ပဒိုင်းသီး"

မိမောင်က သူမကိုဖက်ထားလျက်မှ တိုးတိုးလေးရယ်မောလိုက်လေ၏။ ငယ်သူတို့ဘဝက ခုငို၊ ခုရယ်နဲ့ စိတ်ကိုပြောင်းလဲနိုင်တယ်ရဲ့နော်။ ကျွန်မကရော. . . 'ဟင့်အင်း. . . ရင်ထဲမှာ တစ်ခါမှမဖြစ်ဖူးသေးတဲ့ချစ်ခြင်းတွေနဲ့ ရှင့်အပေါ် ချစ်မိခဲ့တာပါ။ ကျွန်မ ရက်တယ်. . . သိပ်ရက်တယ်. . . ရှင့်ကိုရော၊ ရှင့်ကိုချစ်မိတဲ့ ချစ်ခြင်းတွေကိုရော၊ ပြီးတော့ ကျွန်မကိုယ်တိုင်ပါပေါ့။

❦ ❦ ❦



# အခန်း ( ၁၆ )

ရုံးခန်းထဲဝင်လိုက်စဉ် အားလုံးက ဝမ်းသာအားရပြေးဖက်လိုက်ကြလေ၏။ စစ္စတာက သူမနဖူးလေးကို ခြေဖျားထောက်၍ နမ်းလိုက်လေသည်။

"ပိုပို. . . နည်းနည်းလေးပြည့်လာတယ်"

"ပြည့်မှာပေါ့ စစ္စတာရဲ့။ ဟိုမှာ. . . အင်ဂျင်နီယာလေးက ပြုစုပေးလိုက်လို့နေမှာပေါ့"

"ပြောတော့မယ်,မမူကလည်း. . . ဟိုက နယ်ဘက်ကိုဆင်းသွားတာဖြင့်ကြာလှပြီ။ သူက တစ်ရေးနိုးထဖော်, သိလား"

"ဟုတ်လား. . . မသိပါဘူး။ မမူကလည်း ထင်တော့ရှိ



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တာပါ"

"မူရေ. . . မနေ့က ကျွန်တော်ရေးခိုင်းသားတဲ့စာရွက်"

သူ့ပြောလက်စ,စကားက တစ်ဝက်မှာအလိုလိုရပ်သွား၏။ ရုံးခန်းထဲ ဝိုင်းစုရပ်နေသည့် အလယ်မှာရှိနေသည့်သူမကို ငေးခနဲကြည့်နေမိစဉ် မမူက သူ့လက်ထဲသို့ စာရွက်ကိုထည့်ပေးလိုက်လေသည်။

"နေကောင်းသွားပြီလားလှလွန်းပို"

"ဟုတ်ကဲ့ပါဒေါက်တာ"

သူ့ရင်ထဲ အောင့်ခနဲဖြစ်သွားရ၏။ ဒေါက်တာကဲ့လား စိမ်းသက်လှချည်လားလှလွန်းပိုရယ်။ ရန်ကုန်က ပြန်လာကတည်းက မင်းမျက်နှာမှာ အပြုံးကမရှိသလောက် ရှားပါးလှချည်လား သူမ, လူအုပ်ထဲမှ အသာထွက်လာရင်း သူ့ရှေ့သို့လက်ကမ်းပေး လိုက်၏။

"Congratulation ပါ ဒေါက်တာ။ နောင်နှစ်သွားတော့ ပြီးယူမယ့်ဘွဲ့အတွက် ကြိုတင်ဂုဏ်ယူပါတယ်"

"ဟာ. . . မင်းဘယ်လိုသိခဲ့လဲလှလွန်းပို"

"ကျွန်မပြန်လာခဲ့တာ ရန်ကုန်ကပါရှင့်။ ဝေဟာကမဟုတ် ဘူး"





သူမက ပြုံးရုံသာပြုံးလိုက်ပြီး နားကျပ်ကိုယူကာ အခန်းထဲမှထွက်လာခဲ့လေ၏။ သူခဏမျှငိုင်နေမိပြီး သူမနောက် ခြေလှမ်းကျဲကြီးဖြင့်လိုက်ပါလာလေသည်။

"လှလွန်းပို"

". . . ."

"လှလွန်းပို. . . ခဏ"

သူ့ခြေလှမ်းကိုအသာရပ်၍ သူ့ကိုစောင့်လိုက်၏။ သူက သူမမျက်ဝန်းတွေကိုစိုက်ကြည့်လိုက်ပြီး အဖြေကိုရှာနေလေသည်။

"ဒီသတင်း ဘယ်သူ့ဆီကရခဲ့သလဲဆိုတာ ပြောနိုင်မလား"

"ဟုတ်ကဲ့. . . ဒေါက်တာမေသက်ဖူးဆီကပါ"

"သြော်. . . ဟုတ်တယ်။ သူလည်း ဒီဘွဲ့ယူပြီးပြန်လာတာ"

"ကျွန်မကိုခွင့်ပြုပါဦးရှင်"

"နေပါဦး, လှလွန်းပို၊ မင်း ဒီတစ်ခေါက်ပြန်လာတာ, ကိုယ့်အပေါ်မှာ တအားစိမ်းကားသွားသလိုပဲ"

ရှင်ကပဲပြောရတယ်လို့ ရဲနောင်ရယ်။ ဘယ်သူက အရင်ဆုံး စိမ်းကားတာလဲ။ ရှင်. . . သေချာစဉ်းစားပါဦးလား။

"မင်း, ကိုယ့်အပေါ်မှာ စိတ်ခုစရာတွေရှိနေရင် ရှင်းရှင်းပြောပါလား"



www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူး ဒေါက်တာ. . . အားလုံးအပေါ်မှာ စိတ်ရှင်းပါတယ်။ ကျွန်မလည်း ဒီ April မှာ ရန်ကုန်ကိုအပြီးပြောင်းတော့မှာပါ"

"ဒါဆို. . . မင်းအိမ်ထောင်ပြုဖို့ ခေါင်းညိတ်လိုက်ပြီပေါ့လေ"

သူမ အံ့ဩသွားမိ၏။ ကြည့်စမ်း. . . ထင်ရက်လိုက်တာရဲနောင်ရယ်။ ဟိုကတော့ ရှင်နဲ့ကျွန်မကိုသဘောတူပြီး ကျွန်မကို စိတ်ချမ်းသာအောင်တောင်မှ အမျိုးမျိုးစနောက်ခဲ့တာပါ။

"ဟုတ်လား. . . လုလွန်းပို"

"ဟုတ်ကဲ့"

"ဟင်"

သူမ, သူ့ရှေ့မှအသာလှည့်ထွက်လာခဲ့၏။ မျက်ဝန်းမှာဖွဲ့သီလာသည့်မျက်ရည်တွေကို မျက်တောင်တဖျပ်ဖျပ်ခတ်၍ သိမ်းဆည်းလိုက်၏။

မာနသိပ်ကြီးတဲ့မိန်းမတဲ့လားညီမလေးရယ်။ တကယ်တမ်းအဲဒီမိန်းမရဲ့နှလုံးသားဟာ နူနူလေးရှိနေတာကို မင်းမသိဘူးလား။

တစ်နေကုန် လူနာတွေနှင့်ရောနှော၍ အလုပ်ထဲမှာ စိတ်ကိုနှစ်ထားမိ၏။ duty ချိန်ကုန်တာတောင်မှ လူနာတစ်ဦးနှင့် သူမစကားပြောကောင်းနေဆဲ။ ဆေးရုံဝင်းထဲသို့ ဘို့ဆိုင်ကယ်ဝင်လာတော့မှ ရုံးခန်းထဲ Remark ရေး၍ ထွက်လာခဲ့သည်။ သူမနောက်ကျောကို ငေးကြည့်နေသည့်မျက်ဝန်းတစ်စုံကိုတော့ သတိမထားမိပေ။





ဆိုင်ကယ်က လမ်းမမှာ ခပ်ပြင်းပြင်းမောင်းနေ၏။ ရုတ်တရက် နောက်မှ ဆိုင်ကယ်နှစ်စီးရဲလာပြီး ဘို့ဆိုင်ကယ်ကိုမှောက်အောင် ရန်ပြုလေ၏။

ဘိုက သူမလက်ကို သူ့ခါးမှာဖက်ထားစေပြီး ဆိုင်ကယ်ကို အရှိန်မြှင့်လိုက်လေသည်။

ဘုရားရေ. . . ဘယ်က ဆိုက်ကယ်တွေလဲ။ အလယ်မှ အတင်းဖြတ်တိုက်လိုက်သဖြင့် ဘိုက ဆိုင်ကယ်ကို လမ်းဘေးမြောင်းထဲထိုးချလိုက်၏။ သူမကိုအရင်ကွန်းချလိုက်ပြီးမှ ဆိုက်ကယ်ရောဘိုပါ မြောင်းထဲလဲကျသွားစေသည်။

"အား. . ."

ရုတ်တရက် လမ်းပေါ်မှာ ထိုးနှက်သံတွေကြားလိုက်ရ၏။ သူမ,လဲကျရာမှ ဘိုရှိရာဆီ အပြေးဆင်းလာသည်။ ဆိုင်ကယ်က ခပ်လှမ်းလှမ်းမှာ ဘေးတိုက်လဲနေပြီး ဘိုက ပက်လက်လန်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘို. . . ဘို. . . ဘာဖြစ်လဲ"

"မ. . . ဘာမှမဖြစ်ဘူးမဟုတ်လား"

"ဘာမှမဖြစ်ပါဘူး. . . ဘို့ထလို့ရရဲ့လား"

"အင်း. . . အား. . . ကျွတ်ကျွတ်"

"လှလွန်းပို. . . မင်းဘာဖြစ်သွားသေးလဲ"

"ရဲနောင်လား. . . ဟင့်အင်း. . . ကျွန်မဘာမှမဖြစ်ပါဘူး။ ဒီမှာ ဘို့ခြေထောက်နာသွားလို့"

"ရလား. . . နေဦး. . . ကိုယ်လာခဲ့မယ်"

သူက ကုန်းလျှောကိုအသာဆင်းလိုက်ပြီး ဘို့ကိုဆတ်ခနဲကျောပေါ်တင်လိုက်လေ၏။ လမ်းမပေါ်ရောက်တော့ ကားမီးရောင်က ဝင်းခနဲလက်လာလေ၏။

"ဘာဖြစ်တာလဲသား"

"ဒီမှာ လှလွန်းပိုတို့ဆိုင်ကယ်ကို လူရမ်းကားနှစ်ယောက်ဆိုင်ကယ်တွေနဲ့ လိုက်နှောင့်ယှက်တာ လေးလေး။ တော်သေးတာပေါ့။ ကျွန်တော်စိတ်မချလို့ နောက်ကပါလာတာ"

"ဒီကိစ္စ ရဲကိုတိုင်မှပဲ. . . ဘာဖြစ်သွားသေးလဲ"

"ခြေထောက်ထိသွားတာပဲလေးလေးရဲ့။ P.O.P ကိုင်မယ်ထင်တယ်"





"တီ. . . တီ"

"ဟယ်. . . ဦးဇော်ကား လာနေပြီ"

"မိပို ဘာဖြစ်လို့လဲ။ မှောင်နေလို့ စိတ်ပူပြီးလိုက်လာတာ"

အကျိုးအကြောင်းကိုရှင်းပြတော့မှ ဦးဇော်ကခေါင်းညိတ်ပြီး ဘို့ဆိုင်ကယ်ကို ကားပေါ်တင်၍ ရဲစခန်းသို့ထွက်သွားလေ၏။ သူမတို့ ဆေးရုံသို့တစ်ခေါက်ပြန်ကာ ဘို့ခြေထောက်ကို P.O.Pကိုင်ပြီးမှ ကားဖြင့်ပြန်လာခဲ့လေသည်။ အိမ်ဝမှ ဆီးကြိုနေသော မိန်းကလေးက ဘို့ကိုအပြေးတွဲလိုက်တာမြင်လိုက်ရ၍ သူဖျံ့ဖြူသွားမိ၏။ ဟယ်သူပါလိမ့်?။

"မ,ရယ်. . . မောင်ဖြင့် စိတ်ပူသွားတာပဲ။ တော်သေးတာပေါ့။ ဘို့ကိုပဲထိလို့. . . မ,ကိုထိရင်တော့မလွယ်ဘူး"

"ကြော်. . . ငါ့ကျသေချင်သေပါစေပေါ့။ ဟုတ်လားမိ"

"ဟယ်. . . ဘိုကလည်း, ယောက်ျားလေးဆိုတော့ ခံနိုင်ရည်ရှိတာပေါ့ဟဲ့။ မ,ကနေကောင်းတာ ဘာမှကြာသေးတာမဟုတ်ဘူး"

"အေး. . . မ,က အားတဲ့လူမဟုတ်ဘူး။ နင့်ငါ့ကိုပြုစုခိုင်း"

"အေးပါ, ပြုစုပါ့မယ် ကိုယ်တော်လေးရယ်၊ တာတာတူး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာကနည်းနည်း၊ သည်းတာကများများ. . . ဟွန်း"

မိမောင်နှင့်အန်တီခိုင် ဘိုကိုတွဲ၍ အိမ်ပေါ်သို့တက်သွားကြလေ၏။ သူမ, ထမင်းစားခန်းထဲဝင်၍ ထမင်းဒူးခပ်ပြီး ပြန်ထွက်လာခဲ့သည်။

"ဆရာကြီးတို့ စားနှင့်ကြပါနော်"

"သမီးရော"

"ပို. . . ရေချိုးဦးမယ် ဦးဇော်"

"မိုးချုပ်နေပြီလေ သမီးရယ်"

"မြန်မြန်ချိုးလိုက်မှာပါ. . . ရပါတယ်"

"ဒါဆိုလည်း လူစုံမှပဲစားကြတာပေါ့သမီးရယ်. . . သွားသွား"

သူမအခန်းထဲဝင်၍ ရေချိုးအဝတ်အစားလဲကာ၊ ဆံပင်ကို ခေါက်တင်၍ပြန်ထွက်လာတော့ ထမင်းစားခန်းထဲသို့ အကုန်ရောက်နေလေပြီ။

"မိမောင်ရော, အန်တီခိုင်"

"ဘိုနဲ့အတူတူစားနေပြီသမီး"

"ဩော်"

သူမ, သူ့ဘေးမှာ ခုံဆွဲ၍ဝင်ထိုင်လိုက်ပါ၏။ နားထဲမှာ





ကိုအာကာပြောသည့်စကားသံတွေကို ပြန်ကြားယောင်နေမိသည်။ ပိုချက်တဲ့လက်ရာကို စားခွင့်ရှိတဲ့လူဟာ ကံကောင်းတယ်တဲ့လား ကိုအာကာ။ ဟင့်အင်း. . . အခု သူက ပို့ထက်ပိုပြီးရင်းနှီးနေတဲ့သူ ရနေပါပြီ။

"ဒီ April ပြောင်းခွင့်တင်မယ်ဆိုတာ ဟုတ်လားသမီး"

"ဟုတ်ပါတယ်ဆရာကြီး. . . ဒါပေမဲ့ ပို, ဒီလပဲတင်လိုက်တော့မယ်"

"ဟဲ့. . . ဘယ်လိုဖြစ်ရပြန်တာလဲ"

"ပို့ကြောင့် သူတစ်ပါးဒုက္ခမဖြစ်စေချင်လို့ပါ အန်တီခိုင်၊ အခုပဲကြည့်. . . ဘို,ခြေထောက်ထိလာပြီမဟုတ်လား"

"ဒီကိစ္စ ဦးဇော်တို့စမ်းထားခိုင်းပါပြီ မိပိုရယ်၊ စိတ်မပူနဲ့ တရားကိုနတ်စောင့်ပါတယ်"

"ဟုတ်တယ်. . . ကျွန်တော်ကတော့ ဦးဇော်ရှိုင်းလို့ထင်တာပဲ။ ဒီလိုအသက်အန္တရာယ်ပြုလာရင်တော့ တရားဥပဒေအရဆောင်ရွက်ရမှာပဲကိုမြင့်ဇော်ရေ၊ ဘာမျက်နှာကိုမှထောက်ဖို့မလိုအပ်တော့ဘူး"

"ဟုတ်တာပေါ့ဆရာကြီးရယ်"

သူမ, လူကြီးတွေကို ဟင်းဦးဖယ်ထည့်ပေးပြီး သူ့ပန်းကန်



www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ ဟင်းထည့်လိုက်တော့ သူ့မျက်နှာမှာ တစ်မျိုးလေးဖြစ်သွားလေ၏။

"မင်းနဲ့လက်ထပ်မယ့်လူက သိပ်ကံကောင်းကာပဲနော် လှလွန်းပို။ မင်းလက်ရာကို သူစားဖူးမှာပေါ့"

"အင်း. . ."

သူမမျက်လွှာအသာချထားလျက်မှ ခေါင်းညိတ်လိုက်ပါ၏။ ဦးမြင့်ဖေကြ မျက်ခုံးပင့်၍ သူမကိုကြည့်လိုက်မိသည်။ ပြန်ရောက်တဲ့ညကမဲ မောင်အာကာကို ငြင်းနိုင်ခဲ့ပြီလို့ ညီအစ်မနှစ်ယောက်ပြောခဲ့တာလေ။ ခုတော့ မောင်ရဲနောင်က တစ်မျိုးပြောနေပြန်ပါလား။ ဘာမှန်းသေချာမသိသဖြင့် ဘာမှဝင်မပြောဖြစ်တော့။

သူက တို့တိတို့တိဖြင့်သာစား၍ ရပ်လိုက်သဖြင့် အားလုံးအံ့ဩကုန်လေ၏။ အမြဲတမ်းအစားကြီးသူက အရင်ဆုံးပြီးသွားသည်မို့ ထူးဆန်းလွန်းနေသည်။

"တော်ပြီလားသား. . . စားတာနည်းလိုက်တာ"

"ဒီနေ့ပင်ပန်းသွားလို့ပါ လေးလေးရာ"

"သမီးပို ပြန်ရောက်လာလို့ ဒီနေ့နည်းနည်းသက်သာတယ်ဆို. . . နေ့လယ်ကပဲပြောပြီးတော့"

သူ့မျက်နှာ ရဲခနဲဖြစ်သွားပြီး ထမင်းပန်းကန်ကိုယူ၍ ထ





ရပ်လိုက်တော့ သူမက သူ့လက်ကိုဆွဲထားလိုက်လေ၏။

"မဆေးပါနဲ့ရဲနောင်. . . ထားခဲ့ပါ"

"ကိုယ်. . ."

"ထားခဲ့လိုက်ပါ"

သူတို့ရှေ့ခန်းမှာ ထိုင်စကားပြောနေကြစဉ် အပေါ်ထပ်မှ ကောင်မလေး ပြန်ဆင်းလာ၏။ သူ့ထံကို စူးခနဲတစ်ချက်ကြည့်လိုက်ပြီးမှ အကြည့်ကို ချက်ချင်းလွှဲလိုက်လေသည်။ တစ်မျိုးကြီးပါလား. . . ဘယ်လိုလေးလဲ။ နောက်ဖေးဘက်သို့ ဝင်သွားရာမှ ပန်းကန်တစ်ချပ်ဖြင့် ပြန်ထွက်လာလေ၏။

"ဘာတွေလဲ မိမောင်"

"လေးဖေတို့လူကြီးသုံးယောက်အတွက်က တော်ဖီနဲ့မုန့်။ ဒေါက်တာ့အတွက်က ကြက်ဥပြုတ်နဲ့ နွားနို့တဲ့"

"ဟယ်. . . ပိုပိုက မျက်နှာလိုက်လှချည်လား"

"စေတနာတွေပေါ့ အန်တီခိုင်ရယ်၊ စေတနာတွေပေါ့။ ဟင်း. . . ဟင်း. . . ဟင်း"

ကောင်မလေးက ဘာတွေသဘောကျမှန်းမသိဘဲပြော၍ သူတို့ရှေ့မှာ ခွက်တွေဝေချသွားပြီး ပန်းကိုယူ၍ပြန်ဝင်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရဲနေမကောင်းတာ ပိုပိုသိလို့ထင်ပါတယ်"

သူဘာမှမပြောဘဲပြုံးလျက် နွားနို့ခွက်ကို ယူသောက်လိုက်မိ၏။ နွားနို့က မချိုဘဲစိမ့်စိမ့်လေးဖြစ်နေသည်။ ပူတင်းကိုယူ၍ လိုက်တော့ ချိုစိမ့်စိမ့်။ မင်းရဲ့ဆက်ဆံရေးကတော့ ခါးသက်သက်ပါပဲလား လူလွန်းပိုရယ်။



# အခန်း ( ၁၇ )

အူအတက်ပေါက်သည့်လူနာကို ခွဲစိတ်ရမည်ဖြစ်သဖြင့် တို့အားလုံး အလုပ်ရှုပ်သွားသည်။ လူနာက မိန်းကလေးဖြစ်နေသည့်အပြင် သွေးအားလည်းမကောင်းသဖြင့် သွေးရှာရန်အတွက် ဆေးရုံအောက်သို့ပြေးဆင်းသွားလေ၏။

"ပို့ဆီကပဲယူလိုက်ပါ စစ္စတာ"

"ဟယ်. . . ဘယ်ဖြစ်မှာလဲ။ ပိုကကျန်းမာလာတာ ဘာမှ သေးတာမဟုတ်ဘူး"

"လူ့အသက်တစ်ချောင်းအမြန်ကယ်ဖို့ပဲ စစ္စတာ။ ပြန်ပြီး ယ်ပါ။ သွေးက နှစ်ပုလင်းတောင်လိုတာ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ပုလင်းအရင်ယူပြီး Operation ၄၃ပ်. . . နောက်မှတစ်ပုလင်းထပ်သွင်းပါစေ"

တစ်ခဏချင်း မမူတို့ပါ အလုပ်ရှုပ်သွားလေသည်။ ဆရာဝန်ချင်းမို့ သူမကိုဘာမှထပ်မစစ်ဆေးတော့ဘဲ သွေးကိုသာ ခပ်မြန်မြန်ဖောက်သွိုက်၏။ ရင်ဘတ်ထဲမှ အောင့်သွားသည့်ဝေဒနာကို ကျိတ်မှိတ်ခံယူရင်း ငြိမ်နေမိသည်။ ရဲနောင် တစ်ပုလင်းရလာရင်တော့ အဆင်ပြေလောက်ပါရဲ့။

"ရပြီ. . . ဘယ်သူ့ duty လဲ"

"ဆရာကြီးကိုယ်တိုင်ခွဲမယ်တဲ့. . . စိတ်မချလို့"

Theatre ထဲ လူနာကိုသွင်းသွားစဉ် ခွဲစိတ်ခန်းဝတ်စုံဝတ်ရင်းမှ သူမ မိုက်ခနဲပြစ်သွားမိ၏။ ဆရာကြီးဝင်သွားပြီးနောက်မှ သူ့ အဝတ်လဲခန်းထဲ အပြေးဝင်လာသည်။

"တစ်ပုလင်းပဲ ရလာတယ်။ ခွဲပြီးရင် ထပ်လှူမယ့်လူ မှာထားပြီးပြီ။ တော်ပါသေးရဲ့. . . မင်းပါဝင်မှာလား လှလွန်းပို"

"အင်း. . ."

သူမ, သူနှင့်အတူအထဲဝင်ခဲ့တော့ နှာစ်မလေးနှစ်ဦး ခွဲစိတ်ကိရိယာတွေကို ပိုးသတ်ဆေးဖျန်းထားသည့်ဗီရိုထဲမှ ထုတ်ယူလာလေသည်။ ဆရာဝန်ကြီးဘေးမှာ သူ နေရာယူ၏။ တစ်ဖက်





မှာ သွေးဖိအားတိုင်းရမည့်နေရာမှာ သူမ, ရပ်လိုက်သည်။ သွေးပုလင်းလွှတ်တာကို မမွေးက သေချာစစ်ပေးနေလေ၏။ ခွဲစိတ်ခန်းမီးဆိုင်းက ဖျတ်ခနဲလင်းလာသည်။ ဆရာဝန်ကြီးခွဲစဉ်တွင် စိမ့်ထွက်လာသည့်သွေးတွေကို ပိုးသတ်ဂွမ်းဖြင့် သူ့အသာသုတ်၍ စတီးဇလုံထဲထည့်ပေး၏။ နီရဲရဲသွေးတွေကိုမြင်တော့ သူမခေါင်းက တရိပ်ရိပ်ဖြင့် ပိုမူးလာသည်။ ဘုရား. . . ဘုရား. . . Operation အနှောင့်အယှက်ကင်းစွာနဲ့ ပြီးဆုံးပါစေလား။

ချုပ်အပ်ငှက္ကေးကွေးလေး မြောက်တက်လာချိန်မှာ သူမအမြင်တွေ ဝေဝါးလာ၏။ လှည်းကိုအသာထိန်း၍ကိုင်လိုက်ရင်း ဒူးတွေမသိမသာတုန်လာသည်။ အားလုံးက ခွဲစိတ်ဝ . ကိုသာ စိတ်ဝင်တစားကြည့်နေတာမို့ သူမ ဖော့ချွေးပြန်နေတာကိုသတိမထားမိကြ. . .။

"OK"

သက်ပြင်းချသံကြားအပြီးမှာ ထရော်လီကိုတွန်းသွားစဉ် သူမ ယိုင်ခနဲဖြစ်သွား၏။ နောက်ဆုံးမှာ ကျန်ရစ်ခဲ့သူမို့ ဘယ်သူမှမြင်လိုက်သော်လည်း သူက ဖျတ်ခနဲလှည့်အကြည့်၊ ဒူးညွှတ်၍ လဲကျသွားသည့်သူမကို အမြန် ပြေးပွေ့လိုက်လေသည်၊

"လှလွန်းပို! "



www.burmeseclassic.com

www.burmeseclassic.com



ခွဲခန်းအပြင်မှ ဆရာဝန်တွေအားလုံး သူမကိုပွေ့လျက် ထွက်လာသည့်သူ့ကို အံ့သြလျက်ကြည့်နေကြ၏။

"ဘယ်သူလဲ"

"လှလွန်းပိုလေ"

"ဘာရယ်! သူ, ခွဲခန်းကိုလိုက်ဝင်တယ်။ ဒုက္ခပါပဲ အနား ယူပါလို့ပြောထားကာမှ"

"ဘာဖြစ်လို့လဲ,မူ"

"သူ, သွေးထုတ်ထားတယ်လေ"

"ဘာ! "

သူ, နားနေခန်းသို့ခေါ်ကာ သူမကိုယ်ပေါ်မှ ခွဲစိတ်ဝတ် စုံတွေကိုအမြန်ချွတ်၍ သွေးခုန်နှုန်းစမ်းလိုက်၏။ အို. . . သွေးက မခုန်သလောက်တောင် ရှိနေပါရောလား။

"မမူ. . . လူနာကိုသွင်းရမယ့်သွေးကို သွားသွင်းပေးပါ။ စစ္စတာ. . . သွေးယူဖို့တစ်စုံလောက်"

"ဒေါက်တာ"

"မြန်မြန်လေးလုပ်ပါ စစ္စတာ၊ ပိုနဲ့ကျွန်တော် သွေးအုပ်စု အတူတူပါပဲ"

စစ္စတာက သူ့ကို ခုတင်အမြင့်ပေါ်တွင် လှဲစေလျက် လက်





မောင်းမှသွေးကိုဖောက်ကာ သူမလက်မောင်းထဲ ချက်ချင်းသွင်း လေ၏။ ဖြူရော်ရော်မျက်နှာထက်မှ ပန်းရောင်တဖြည်းဖြည်းချင်း ပြောင်းလာသည်။ လေးလေးက သူမလက်မောင်းမှာ သွေးကိုချိန် ကြည့်နေ၏။

"ရပြီ စစ္စတာ"

စစ္စတာက ပိုက်တွေ၊ ပုလင်းတွေဖြုတ်၍ သူတို့လက်မောင်း မှာ ဂွမ်းနှင့်တိပ်ကပ်ပေးကာ သက်ပြင်းဖွဖွချလိုက်လေ၏။ ဘုရား သခင်. . . လူနာတစ်ယောက်အတွက်နဲ့ ဆရာဝန်တစ်ဦး အသက် ဆုံးရှုံးဖို့ နည်းနည်းလေးပဲလိုတော့တာပါလား။

သူ, လှဲနေရာမှ အသာထထိုင်လိုက်၏။

"သူ့ကို သွေးဘယ်သူထုပ်ပေးလိုက်တာလဲစစ္စတာ"

"ကျွန်မပါပဲ ဒေါက်တာ. . . ကျွန်မတားပါသေးတယ်။ လူ့ အသက်တစ်ချောင်းအရေးကြီးတယ်ဆိုပြီး အတင်းပြောတာနဲ့ ယူ လိုက်မိတာ"

"သူ့မှာ Heart ရှိတယ် စစ္စတာ။ နောက်ကို သေချာကြည့် ပြီးမှလုပ်ပါ။ ပြီးတော့ သမီးက ကျန်းမာလာတာ ဘာမှကြာသေး တာမဟုတ်ဘူး"

"ကျွန်မ တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"စစ္စတာ့အလွန်မဟုတ်ပါဘူး။ သူ့ကိုက ဖြစ်ချင်ဇောကြီး တာပါ။ လုပ်ချင်တာပဲသိတယ်။ ဘာဆက်ဖြစ်မလဲ တွေးမပူဘူး သူ့ကိုယ်သူ လူကောင်းပကတိထင်နေတယ်ထင်ပါရဲ့"

သူ့ သူမခုတင်နံဘေးကုလားထိုင်၌စောင့်နေ သည်။ လေးလေးက သူမကိုစိတ်ချမှ အခန်းဆီသို့ပြန်သွားလေ၏။ စစ္စတာက ခွဲခန်းမှထွက်လာသည့်လူနာကို စစ်ဆေးကြည့်ရန် ထွက် သွားလေသည်။

အခန်းထဲမှာ ဘယ်သူမှရှိမနေတော့ပေ။ နဖူးပြေပြေလေး ထက်မှ ဆံနွယ်ခွေခွေလေးကို သူအသာသပ်တင်ပေးလိုက်၏။ မျက်နှာလေးကို ဟိုလူယုတ်မာကြီးနမ်းရှိုက်ခဲ့တာလေ။ တောက်. . . စိတ်ထဲမှတက်ခေါက်ရင်း သူမလက်ဖျားလေးကို ဆုပ်ကိုင်လိုက် သည်။

လှလွန်းပိုရယ်. . . တစ်နေ့တစ်နေ့ မင်းကိုချစ်လာမိတဲ့ ကိုယ့်စိတ်တွေက အတိုင်းအဆမဲ့ပါပဲလား။ ဘာတွေဘယ်လိုဖြစ် လာခဲ့လို့ မင်း. . . ကိုယ့်အပေါ်မှာ စိမ်းသက်သွားရတာလဲ။ နှစ်ခြိုက် စွာအိပ်ပျော်နေသည့်မျက်နှာလေးကို တစိုက်မတ်မတ်ကြည့်နေ လျက်မှ နဖူးလေးကို ဖျတ်ခနဲငုံ့နမ်းလိုက်မိ၏။ သင်းပျံ့ပျံ့သနပ်ခါး ရနံ့က ရင်ထဲထိတိုင် မွှေးမြသွားသလိုပင်။ ခွင့်လွှတ်ပါပို. . . မောင်





မင်းကိုချစ်လွန်းလို့ ခွင့်မတောင်းဘဲနမ်းလိုက်မိတာပါ။

နဖူးကြောလေးများ ကျုံ့သွား၏။ ခေါင်းလေးလှုပ်ခါလျက် မျက်လုံးတွေ ဖြည်းဖြည်းချင်းပွင့်လာလေသည်။ သူမမျက်နှာကို ငုံ့ကြည့်နေသည့်သူ့မျက်နှာက အရမ်းနီးကပ်နေသဖြင့် ဆတ်ခနဲ ထထိုင်လိုက်မိ၏။

"ဖြည်းဖြည်း. . . လှလွန်းပို"

လက်မောင်းမှတိပ်ကိုမြင်လိုက်ရ၍ သူမ့ကိုသွေးသွင်းလိုက် ရပြီမှန်း နားလည်လိုက်ပါသည်။ အခန်းထဲသို့ မမူဝင်လာပြီး သူ့ လက်ထဲသို့ ကြက်ဥခေါက်ထားသည့်ဖန်ခွက်ကို ထည့်ပေးလိုက်လေ ၏။

"Thanks မူ. . . သောက်မလား လှလွန်းပို"

"ဟင့်အင်း မသောက်ချင်ပါဘူး. . . ညီကညီနဲ့"

သူမ့ခုတင်ပေါ်မှဆင်းလိုက်တော့ ဖိနပ်ဖရှိမနေ။ ဘုရား ရေ. . . သူမကိုဘယ်သူချီလာခဲ့တာလဲ။ မမူက သူမကိုတစ်ချက် ကြည့်လိုက်ပြီး အခန်းထဲမှပြန်ထွက်သွားလေ၏။ သူမ ခြေဗလာဖြင့် ရေချိုးခန်းသို့ထွက်လာတော့ သူမစားပွဲအောက်ခြေမှာ ငြိလျက်ရှိနေ သည့်ဖိနပ်ဖြူလေးကို မြင်လိုက်ရလေသည်။

ဟုတ်ပါတယ်. . .။ သူမ ရန်ကုန်ရောက်နေစဉ်အခါ



www.burmeseclassic.com

www.burmeseclassic.com



အတွင်း သူနဲ့မမူရဲ့ဆက်ဆံပုံက ရိုးကိုမရိုးသားတော့တာပါ။ သူ ရောက်လာခါစကတည်းက မမူရဲ့အမူအရာတွေက တစ်မျိုးဖြစ်နေ ခဲ့တာပဲလေ. . .။

ပြတင်းဝမှာရပ်၍ အင်ကြင်းပင်ကြီးကို မော့ကြည့်နေ၏။ မေမေတို့လာလည်ရင် ရန်ကုန်ကို တစ်ခါတည်းအပြီးလိုက် သွားမှပါပဲ။ မကြည့်ချင်မြင်လျက်သားမြင်ကွင်းတွေက ကြာလာ တာနဲ့အမျှ သူမကိုရင်ကွဲစေနိုင်သည်လေ။ မိမောင်တောင်မှ ဘို့ အဆင်ပြေနေပြီမဟုတ်လား။ သူမကိုတောင်းပန်ဖို့ ချောင်းနေသည့် ဘို့ကို နားလည်ပြုံးဖြင့် ခေါင်းတစ်ချက်ခေါက်ကာ ငြိမ်းချမ်းမှုယူ ပြီးလေပြီ။

သူမကတော့. . . သူမကတော့. . .

"အချိန်တန်ပြန်မယ့်လူက. . . ဒီလိုကြိုလွမ်းနေတာတော့ မကောင်းဘူးထင်တယ်လှလွန်းပို"

"ဒါ. . . ကျွန်မရဲ့ကိုယ်ရေးကိုယ်တာကိစ္စပါ"

"ဖြစ်နိုင်ရင် April မှပြောင်းပါလား"

"ကျွန်မ အမြန်ဆုံးပြောင်းချင်နေပြီ"

"မင်း. . . ကိုယ့်မျက်နှာကို မကြည့်ချင်မမြင်ချင်တော့ဘူး ဆိုပါတော့"





သူမ စုတ်တစ်ချက်သပ်လိုက်ရင်း သူ့ဘက်ကိုလှည့်ကြည့် လိုက်တော့ သူက မဲ့ပြုံးတစ်ချက်ကိုပြုံး၍ သူမစားပွဲပေါ်မှာ တက် ထိုင်လိုက်လေ၏။

"ရန်မဖြစ်ချင်ပါနဲ့လားရဲနောင်. . . ကျွန်မ အေးအေးနေ ပါရစေ"

"ကျေးဇူးပါပဲ"

"ဘာကိုပြောတာလဲ"

"ကိုယ့်ကို ရဲနောင်လို့ပြန်ခေါ်တဲ့အတွက်ပေါ့"

သူမမျက်နှာထက်မှ ခပ်မဲ့မဲ့အပြုံးကို သူတွေ့သွားသဖြင့် စားပွဲပေါ်မှခုန်ဆင်းလျက် သူမအနီးသို့ရောက်လာလေ၏။

"မင်းအပြုံးကို ကိုယ်သိနေတယ်လှလွန်းပို"

"ကျွတ်. . . ရှင်ကလည်းလေ"

"ဟုတ်တယ်. . . မင်းစိတ်ထဲ မမူကို Jealous ဖြစ်နေတယ် မဟုတ်လား။ မင်းအပြုံးမှာ အတိအကျပေါ်လွင်နေတယ်"

"တော်စမ်းပါ. . . အဓိပ္ပာယ်မရှိ ကလေးကလားစကား တွေ"

သူမ, သူ့အနီးမှခွာရန်ပြင်တော့ သူက သူမလက်ချောင်း လေးကို ဆွဲထားလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဆီက စကားတစ်ခွန်းလောက် မမူရဲ့ကြက်ဥခွက်က အားမရှိဘူးလှလွန်းပို။ မင်းကြားချင်တာ ဒီစကားပဲမဟုတ်လား"

"သေလိုက်. . . လဲပြီးသာသေလိုက်တော့ရှင်"

"အခုမှ လှလွန်းပိုအစစ်ကို ကိုယ်ပြန်တွေ့ရတာပါလား"

"ဩော်. . . လှလွန်းပိုအတုကပဲ ရှိရဦးမယ်"

"ဟုတ်တယ်လေ. . . ဒီကိုပြန်ရောက်လာတဲ့ လှလွန်းပိုက ကိုယ်နဲ့ရန်ဖြစ်မယ့်လှလွန်းပိုအစစ်မဟုတ်ဘူးလို့ ကိုယ်ထင်နေတာ တော်ပါသေးရဲ့"

"ကဲ. . . လွှတ်ပါ၊ လူကိုဘာများမှတ်နေလဲ။ သူများတွေ မြင်ကုန်ရင် အထင်တွေလွဲကုန်မှ ချော့မရပြုမရဖြစ်နေဦးမယ်"

"မင်းကိုလား"

"ရှင့်,မမူကို"

"တွေ့လား. . . ပြောတော့ဖြင့် မဟုတ်ဘူးတဲ့။ လှလွန်းပို မင်းရင်ထဲကို ကိုယ်ထွင်းဖောက်မြင်နိုင်ပါတယ်ကွာ"

"ဩော်. . . လွှတ်ပါတော့ဆို"

"လူတွေရှေ့ ပွဲတောင်ချီသယ်ခွင့်ရခဲ့တာ. . . လက်ရှု ရုံနဲ့ ဘာမှမထင်လောက်ဘူး. . . သိင်စိတ်ပူမနေနဲ့"

သူမမျက်နှာ ဖျန်းခနဲရဲတက်သွား၏။ ထင်သားပဲ. . . သူ





ပဲ သူမကိုပွေ့ခေါ် လိမ့်မယ်လို့။ သူ့လက်ထဲမှ အတင်းရုန်းလိုက်တော့ သူက လက်မောင်းကိုလွှတ်ပေးလိုက်ပြီး လက်ဖျားလေးကို ဆုပ်ကိုင်လိုက်ပြန်၏။

"ဘယ်လိုဖြစ်နေလဲ"

"လွှတ်ပေးမှာပေါ့. . . ပြောစရာကျန်သေးလို့ပါ"

"မြန်မြန်ပြော. . . ကျွန်မပြန်ချင်ပြီ"

"ကိုယ်လိုက်ပို့မှာပါကွာ"

"ရတယ်. . . ကျွန်မကို ဦးဇော်ပဲလာကြိုမှာ၊ ပြောစရာ ရှိတာသာပြော"

"ကိုယ်. . . မင်းကို လူနှစ်ယောက်နဲ့တွေ့ပေးချင်လို့၊ အဲဒီ လူနှစ်ယောက်ဟာ ကိုယ့်ဘဝရဲ့အရေးအကြီးဆုံးပုဂ္ဂိုလ်တွေပဲ လှ လွန်းပို။ ဒီတော့. . . ဒီလကုန် ရန်ကုန်ကို မပြန်ပါနဲ့ဦးလို့ ကိုယ် တောင်းပန်နေတာပါ"

သူမမျက်ဝန်းထဲမှာ သူ့မိဘတွေကိုပြေးမြင်လိုက်မိ၏။ သေ ချာပါတယ်၊ သူတို့ဖုန်းဆက်ကြပြီထင်ပါရဲ့။ ဟင့်အင်း. . . စဲ့နောင် ရှင်က သိပ်မာနကြီးတဲ့ယောက်ျားပဲ။ လူကြီးတွေကတစ်ဆင့် ကျွန်မ ကိုလက်ထပ်ခွင့်တောင်းရင် ရလိမ့်မယ်လို့မထင်လိုက်နဲ့၊ ကျွန်မ လိုချင်တာ အဲဒါမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်သာချ. . . ကျွန်မ ဒီလကုန်ပြန်ကိုပြန်မှာ"

သူက သူမလက်ကို ဆတ်ခနဲဆွဲယူလိုက်သဖြင့် သူမ, သူ့အနီးသို့ယိုင်လဲသွားရ၏။ အို! ဘယ်လိုလူလဲ။ သူများတွေတော့ တွေ့ကုန်တော့မှာပဲ။

"လှလွန်းပို့. . . မင်း, ကိုယ့်ကိုအသည်းယားအောင် သိပ်မလုပ်နဲ့နော်"

"ကျွန်မကိုလွှတ်ပေးပါရဲနော်. . . ရှင်. . ဦးဇော်ရှိုင်းလိုအသားမနာချင်ရင် ခုချက်ချင်းလွှတ်ပါ"

သူ ပါးစပ်အဟောင်းသားဖြင့် သူမလက်ကို ဖျတ်ခနဲလွှတ်ချလိုက်တော့ သူမ အခန်းထဲမှ တစ်လှမ်းချင်းထွက်လာခဲ့၏။ အိပ်မက်တွေ မပေးပါနဲ့လား ရဲနော်။ ရှင်က ရှင့်ကိုယ်ရှင် သိပ်အထင်ကြီးလွန်းတယ်။ ရှင်ပြောလိုက်တာနဲ့ ဆတ်ခနဲခေါင်းညိတ်မယ်လို့ ကျွန်မကိုထင်နေသလား။ ရှင်မှားသွားမှာပေါ့။ လှလွန်းပို့က ချဉ်းကပ်လာတဲ့ယောကျ်ားမှန်သမျှကို အလွယ်တကူခွာချနိုင်တဲ့သူပါ။ ရင်ထဲမှာဖျပ်ဖျပ်လူးနဲ့ သေလုအောင်စွဲလမ်းနေပါစေ။ ကျွန်မရင်ထဲက ချစ်ခြင်းတွေကို ဘယ်တော့မှမရစေရဘူး။ ဒါကို ရှင်သိထားပါ။

ဦးဇော်မှောကြီးသည့်ကားပေါ်တက်ထိုင်ရင်း စိတ်ကိုလျှော့ချလိုက်မိ၏။ ကံကြမ္မာရယ်. . . ဒီဘဝမှာ သူနဲ့မနီးစပ်ရလည်းနေပါစေတော့. . . ကျွန်မကိုအထင်သေးပြီး မာနကိုခြေချနင်းချင်တဲ့ ယောကျ်ားတစ်ယောက်ထံမှာတော့ အရှုံးမပေးပါရစေနဲ့ရှင်။

❦ ❦ ❦







www.burmeseclassic.com

www.burmeseclassic.com







## အခန်း ( ၁၈ )

အိပ်ရာပေါ် ဟိုဒီလှိမ့်နေရင်း တောင်စဉ်ရေမရလျှောက်တွေးနေမိသဖြင့် ညဉ့်နက်မှ မေ့ခနဲအိပ်ပျော်သွားမိ၏၊ မိမောင်က တစ်ဖက်ခန်းမှာအိပ်တာမို့ သူမအိပ်ပျော်သွားမှ တစ်ဖက်ခန်းကို ထွက်သွားလေသည်။ တိတ်ဆိတ်သောညဉ့်ယံမှာ လမသာသဖြင့် မှောင်နဲ့မည်းမည်း. . .။ ညကြည့်မီးဝါဝါလေးက သူမမျက်နှာပေါ် သို့မှိန်မှိန်လေး ဖြာကျနေလေ၏။

ခြံထဲသို့ အရိပ်မည်းတစ်ခု ဝင်လာလေသည်၊ ထိုအရိပ်မည်းက တိုက်အိမ်အောက်ထပ်သို့ တဖြည်းဖြည်းချဉ်းကပ်လာလေ၏၊ မီးမှိန်မှိန်လင်းနေသည့်အခန်းထဲကို ပြတင်းဝမှ အသာချောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။ ဘောင်းဘီအိတ်ကပ်ထဲမှ သတင်းစာစာရွက်
ယူ၍ ကော်သုတ်လိုက်ပြီး မှန်ချပ်မှာ အသာကပ်လိုက်၏။

လက်သီးဖြင့်ထိုးချလိုက်စဉ် မှန်က အသံမမြည်ဘဲကွဲသွား
လေ၏။ ထိုအပေါက်မှ ပြတင်းတံခါးကလန့်နှစ်ခုကို အသာဖွင့်က
အိမ်ထဲသို့ဝင်သွားလေသည်။

အိပ်မောကျနေချိန်မို့ ဘာသံကိုမှမကြားမိဘဲ နှစ်ခြိုက်စွာ
အိပ်ပျော်နေလေသည်။ ခပ်စောင်းစောင်းလှဲနေလျက်မှ ဆံနွယ်
ခွေခွေတွေက ရင်ညွန့်ပေါ်နှင့် နောက်ကျောမှာ မည်းနက်စွာ ကျ
ကယိုကျနေ၏။ ခြုံထားသည့်စောင်က ခါးပေါ်မှာ တင်ရုံတင်လေး
ခြေသလုံးသားဝင်းဝင်းလေးက စောင်အောက်မှ ထွက်နေလေ၏
Night dress အဖြူလေးက ခန္ဓာကိုယ်အလှကို လုံခြုံအောင်မဖုံး
ထားနိုင်ပေ။ ခါးစည်းကြိုးကလည်းလျော့ရဲရဲ။

အရိပ်မည်းက တဖြည်းဖြည်းနှင့် ခုတင်နားကပ်လာက
သူမကိုယ်ပေါ်မှစောင်ကို အသာလေးဆွဲဖယ်လိုက်သည်။ အေ
သွားသောကြောင့် သူမ တွန့်ခနဲဖြစ်ကာ ကိုယ်ကိုပြန်စောင်းလိုက်
သဖြင့် ပက်လက်လေးဖြစ်သွားလေ၏။ ခါးစည်းကြိုးကို ဆွဲဖြုတ်
လိုက်စဉ် သူမမျက်လုံးအစုံ ဖျတ်ခနဲပွင့်သွားလေသည်။

"ဟင်. . . အုံ. . . အွး"





လက်အိတ်စွပ်ထားသည့်လက်တစ်ဖက်က သူမပါးစပ်ကို
အတင်းအုပ်၍ ခန္ဓာကိုယ်ကို အပေါ်မှ ဖိကပ်အိပ်ချလိုက်သဖြင့်
မျက်လုံးအစုံပြူးကျယ်လျက် သူမ ရုန်းကန်လိုက်၏။ ဘုရားရေ. . .
ဘဝပျက်တော့မှာပါလား။ ယောကျ်ားအားနှင့်မို့ ရုန်းမရ။

အိပ်ရာထဲမှာ လူးလိမ့်နေစဉ် အခန်းအပြင်ဘက်မှ ဂျက်
ဟောင်သံက ကျယ်လောင်စွာ ထွက်ပေါ်လာလေ၏။

"ဝေါင်း. . . ဝေါင်း. . . ဝေါင်း. . . ဝုန်း. . . ဂီး"

ပြေကျသွားသည့်ညဝတ်စုံနှင့်အတူ သူမကိုယ်ပေါ်မှ ဖိ
ထားသည့်လူကငြိမ်သွား၏။ အိမ်ပေါ်ထပ်မှ ပြေးဆင်းလာသံများ
ကြောင့် သူမကိုယ်ပေါ်မှဖယ်လိုက်စဉ် ခေါင်းကိုရှောင်လျက် ရှိသမျှ
အားနှင့် ကျုံးအော်လိုက်မိလေသည်။

"ဘို. . . ရေ. . ."

"မ. . ."

တံခါးက ဝုန်းခနဲပွင့်သွားပြီး ဘိုက အခန်းထဲသို့ချက်ချင်း
ဝင်လာသည်နှင့် အရိပ်မည်းနှင့်တိုက်မိလေ၏။ ခြေထောက်က
သက်သာခါစမို့ ဘိုက ခြေကိုအားမကိုးဘဲ လက်နှစ်ဖက်ကိုသာ
အားထားသဖြင့် တစ်ဖက်လူလက်ထဲမှာ ဓားမြှောင်တစ်ချောင်း
လင်းခနဲထွက်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမ,ကြောင်နေလျက်မှ သတိဝင်သွားပြီးလျှင် ခုတင်ဘေးစားပွဲပေါ်ရှိ ဖန်ပန်းအိုးကြီးကိုကောက်ကိုင်လိုက်သည်။ ဝတ်စုံနက်နှင့်လူက ဘို့ကိုဓားနှင့်ထောက်နေသဖြင့် သူမကိုအလေးမထား။ နောက်ကျောမှရှိသမျှအားဖြင့် ခေါင်းကို ခွပ်ခနဲရိုက်ချအပြီး သူမခုတင်ထက်မှာ ပုံခနဲလဲကျသွား၏။ ဘိုက ထိုလူ့လက်ထဲမှ ဓားကိုယူ၍ ခုတင်အောက်ထဲ ပိတ်ကန်ကာ လေးငါးချက်ဆင့်ထိုးလိုက်မှ ထိုလူ မေ့သွားလေသည်။

"မ. . . မ"

Night dress ကြိုးကို ခပ်တင်းတင်းပြန်စည်းပေးလိုက်ပြီး တကြော်ကြော်အော်ခေါ်လိုက်စဉ် သူမမျက်လုံးအစုံ ပွင့်လာလေ၏။

"ဘို. . . သူခိုး. . . သူခိုးဝင်တာလို့ပဲ ပြော. . . ပြောပေးပါ"

"မ. . . မ, ဘာမှမဖြစ်ဘူးမဟုတ်လား။ ကျွန်တော်အချိန်မီတယ်မဟုတ်လား,မ"

သူမခေါင်းကိုသာ အနိုင်နိုင်ညိတ်၍ ဘို့ရင်ခွင်ထဲမှာ ငိုရှိုက်လိုက်မိ၏။ ဘုရား. . . ဘုရား. . . အရှက်ကွဲဖို့ သီသီလေးလိုတော့တာပါလားလေ။ အိမ်ပေါ်မှခြေသံတွေကြောင့် ဘိုက ခုတင်





ပေါ်မှဆင်းလျက်ရပ်လိုက်၏။ သူမရေချိုးခန်းထဲ အမြန်ပြေးဝင်လက် မျက်နှာသစ်လိုက်ပါသည်။

"ဘာဖြစ်သလဲဘို"

"ဒီမှာလေ. . . မ,အခန်းထဲကို သူခိုးဝင်ခိုးလို့။ ဂျက်အော်တာနဲ့ ကျွန်တော်ပြေးဆင်းလာခဲ့တာ"

"ရဲစခန်းဖုန်းဆက်မှပေါ့"

"ဘာတွေပါသွားသေးလဲ"

"ဘာမှမပါဘူး. . . မ,အော်တော့ မ,ကို ပါးစပ်အတင်းပိတ်တုန်း ကျွန်တော်ရောက်လာတာ။ တော်သေးတာပေါ့, မ,ကို ဓားနဲ့မထိုးတာ. . . ဓားက ခုတင်အောက်ထဲရောက်သွားပြီ"

"အမယ်လေး. . . ဘုရား. . . ဘုရား. . . အောက်ထပ်ပြတင်းတွေ သံဇကာမတပ်မိတာ မှားပါရောလား။ သမီးပိုပိုရော"

"ရေချိုးခန်းထဲမှာ. . . မီ. . . မ,ကို ရေအေးအေးလေးတိုက်လိုက်ဦး။ မ,တော်တော်လန့်သွားတာ"

"အင်းအင်း. . ."

ရေခဲသေတ္တာထဲမှ ရေဘူးနှင့်ဖန်ခွက်ယူ၍ မိမောင်, မေသာတိုက်သဖြင့် သူမ သောက်လိုက်ရသည်။ ဦးမြင့်ဇော် ရဲစခန်းသွားရန် ခြံထဲမှအထွက် လှည့်ကင်းနှင့်အဆင်သင့်တိုးသဖြင့် ခြံထဲ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဝင်လာခဲ့ရသည်။

သူမနှင့်မိမောင် အဝတ်အစားလဲပြီးမှ ညေ့ခန်းကိုထွက်လာခဲ့၏။

"ဘာတွေပါသွားသေးလဲဒေါက်တာ"

"ဘာမှမခိုးရသေးခင် ကျွန်မနိုးသွားလို့ပါ"

"ဒေါက်တာမျက်နှာမှာ ညိုနေပါလား"

"ဟုတ်ကဲ့. . . ကျွန်မအော်လိုက်တော့ သူက ပါးစပ်ကို အတင်းပိတ်လို့ပါ"

"ခွေးဟောင်လို့ မောင်ဥက္ကာဘို နိုးလာတာနော်"

"ဟုတ်ပါတယ်"

"ဆရာ. . . ဒီမှာဓားမြှောင်ပါ"

ဓားမြှောင်ကို သက်သေခံအဖြစ်သိမ်း၍ လူဆိုးကိုစစ်ဆေးရန် စခန်းသို့ခေါ်သွားလေ၏။ သူမ ခုချိန်ထိရင်တုန်၍မငြိမ်သေး။ ဘုရားရေ. . . ဘယ်သူကများ သူမကိုဘဝပျက်အောင် ဖျက်ဆီးဖို့ ကြံစည်ခိုင်းလိုက်တာတဲ့လဲ။ ကြောက်စရာကြီးပါလား။

"မနဲ့မီ. . . ကျွန်တော့်အခန်းမှာ တက်အိပ်ပါ"

"ဟုတ်တယ်. . . သမီးပိုပိုနဲ့ မိမောင်အတူတူအိပ်။ သွေးဆေးလေးသောက်လိုက်ဦး ပိုပို"





"ဟုတ်ကဲ့ ဦးဇော်"

ညီအစ်မနှစ်ယောက် အပေါ်တက်သွားစဉ် ဒေါ်သီတာခိုင် တီးတိုးရေရွတ်လိုက်မိ၏။

"သူခိုးမဟုတ်လောက်ဘူး. . .။ ပိုပိုလည်ပင်းမှာ အညိုအမည်းတွေစွဲနေတာ ခိုင်မြင်လိုက်တယ်"

"ရှူး! တိုးတိုး, အန်တီလေး။ ဟုတ်တယ်. . . ဒီလူ မ,ကို ဖျက်ဆီးဖို့ကြံတာ"

"ဘုရား. . . ဘုရား. . . ကံသီပေလို့"

"ဒီပုံအတိုင်းဆိုရင် မိပိုကို တစ်ယောက်တည်းလွှတ်ထားလို့မဖြစ်တော့ဘူးဘို. . . တစ်ခုခုတော့စီစဉ်မှပဲ။ ဒါ, ဦးဇော်ရှိုင်း လက်ချက်ပဲနေမယ်။ မစားရတဲ့အမဲ သဲနဲ့ပက်နေပြီ"

"ဟုတ်တယ်. . . ပိုပိုတော့ဒုက္ခပဲ"

"ဒါဆိုရင် အစ်ကို့ကို အိမ်မှာခေါ်အိပ်ခိုင်းရင် ကောင်းလိမ့်မယ်ထင်တယ်။ အလုပ်သွားအလုပ်ပြန်လည်းတူတော့. . . ပို ကောင်းတာပေါ့"

"မောင်ရဲက လက်ခံဦးမှကိုး"

"ဆရာဝန်ကြီးကိုပြောရင်ရမှာပါ"

"အို. . . ကိုဇော်ကလည်း ဒီစကားတွေ သူများသိလို့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ"

"ဩော်. . . ကိုယ်သိပါတယ်ခိုင်ရယ်။ ကြည့်ပြောမှာပေါ့။ ကဲကဲ. . . တံခါးတွေသေချာပိတ်။ ခုမှလေးနာရီရှိသေးတယ်"

မိမောင်က ဒဏ်ရာတွေကို ဆေးလူးပေးလျက်မှ သူမနှင့် အတူရောၡ တရှုံ့ရှုံ့ငိုကျွေးနေမိ၏။ ညီအစ်မနှစ်ယောက်သား အသာဖက်၍အိပ်ပျော်သွားရာ မနက်ရှစ်နာရီကျော်မှနိုးလေသည်။ မျက်နှာသစ်၊ ရေမိုးချိုးပြီး အောက်ထပ်သို့ဆင်းကာ အခန်းထဲမှာ အဝတ်လဲနေစဉ် ဧည့်ခန်းဆီမှ ဘို့တက်ခေါက်သံကို ကြားလိုက်ရ၏။ အန်တီခိုင်နှင့်ဦးဇော်အသံက တိုးသဲ့သဲ့။

"တော်တော်ယုတ်မာတဲ့လူ။ ဒီလိုမှန်းသိရင် ညကတည်းက အသေသတ်ပစ်လိုက်ပါတယ်"

"တိုးတိုးပြောပါဘိုရယ်"

"ဒီသတင်းက တစ်မြို့လုံးပျံ့သွားတာ အန်တီလေးရဲ ဘယ်လိုဖြေရှင်းမလဲ။ မ,တော့. . . မ,တော့. . . နာမည်ပျက်ပါပြီ ဗျာ"

"တင်! "

သူမ, ဧည့်ခန်းဆီထွက်လာခဲ့ရာမှ တစ်စွန်းတစ်စကြား လိုက်ရသည့်စကားကြောင့် ခြေလှမ်းက အလိုလိုရပ်သွားလေ၏။





ဘုရားရေ . . . ဘာတွေလဲ။

"သူပြောပုံကိုလည်း စဉ်းစားကြည့်၊ မ,နဲ့ချိန်းတွေ့တာ မောင်ကမိလို့ အဖမ်းခံရပုံနဲ့။ သွားပါပြီဗျာ. . . မ,တော့ သူများ တွေးခွက်မှာ ပက်လက်မျောပါပြီ"

သူမ, နံရံကိုမှီရပ်လိုက်ပြီး ရင်ဘတ်ကိုအသာဖိလိုက်မိ၏။ ပြောရက်လိုက်တာ. . . ပြောရက်လိုက်တာ။ ဒီကိစ္စကို ဘယ်လိုဖြေ ရှင်းလို့ရပါ့မလဲ။

"ဒါတွေအားလုံး ဦးဇော်ရှိုင်းလက်ချက်ဆိုတာ ရှင်းနေတာ ပဲဘိုရယ်။ စိတ်ကိုလျှော့. . . ပတ်ဝန်းကျင်က ချီးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်ပါ။ အချိန်တန် ပါးစပ်ပေါက်တွေ သူ့အလိုလိုပိတ် သွားလိမ့်မယ်"

"ကျွန်တော် မ,ကိုသနားလွန်းလို့ပါလေးလေးရာ။ မ, ကိုမှ ဘာဖြစ်လို့ ဒီလိုလာလုပ်ရတာလဲ။ မ,က အင်မတန်အပြစ်ကင်းစင် တဲ့မိန်းကလေးပါဗျာ"

"သူက မိပိုကိုလက်ထပ်ယူချင်တာလေ။ မိပိုကငြင်းလိုက် တော့ သူမဲတာ။ ဒါပါပဲသားရယ်. . . အချိန်တန်ရင် ဘူးပေါ် သလို ပေါ်မှာပါပဲ"

"အဲဒါက နောက်မှလေ လေးလေးရဲ့။ မ,က နာမည်ရော



www.burmeseclassic.com

www.burmeseclassic.com



ဘဝပါ အရင်ပျက်ရတာ"

သူမ လှေကားပေါ်အမြန်ပြေးတက်လာစဉ် အပေါ်မှဆင်းလာသည့်မိမောင်နှင့် တန်းတိုးလေ၏။ မျက်နှာမှာ မျက်ရည်တွေစိုရွှဲနေသည်မို့ မိမောင်က အံ့သြနေစဉ် သူမ အခန်းထဲသို့ပြေးဝင်လာခဲ့လေသည်။ ဒီတစ်ခါမှ သတ်မသေရင် ဘယ်တော့မှ သေဖြစ်တော့မှာမဟုတ်တော့ဘူး။

"မ. . . မ. . . ထင်ရာတွေမလုပ်နဲ့နော်. . . မ,ရေ"

လှေကားမှ ဝုန်းဒိုင်းတက်လာသည့်ခြေသံတွေနှင့်အတူ ခြံထဲသို့ဝင်လာသည့်ဆိုင်ကယ်သံကို ကြားလိုက်ရ၏။ တံခါး lock ကိုပိတ်ချလိုက်သည်။ သေပါရစေတော့. . . သေပါရစေတော့ရှင်

"မ. . ."

"ဒုန်း. . . ဒုန်း. . . ဒုန်း"

"မ. . . တံခါးဖွင့်နော်. . . မ. . . ဘာမှမလုပ်ရဘူး. . . မရေ. . ."

လှေကားမှ ခပ်မြန်မြန်တက်လာသည့်ခြေသံကို အလွှ ရနေမိ၏။ သူ့ခြေသံပါလား. . .။ သူမ,တံခါးမှခွာ၍ အံဆွဲ ဗီရိုတွေထဲမှပစ္စည်းတွေကို လှန်လှောရှာနေမိသည်။ ကတ်ကြေးဖြ ဖြစ်၊ ဓားဖြစ်ဖြစ်၊ ဒါမှမဟုတ် ကြိုးတစ်ချောင်းဖြစ်ဖြစ် ရှာတွေ့





ရစေလား။

"လှလွန်းပို"

လူက တွန့်ခနဲဖြစ်သွားသည်။ ရင်ထဲမှာ သိမ့်ခနဲဖြစ်လျက် သွေးကြောတွေထဲ အင်အားတစ်ရပ်စီးဆင်းသွားသည့်နှယ် ခံစားလိုက်ရ၏။ လှလွန်းပိုတဲ့. . . အမြဲခပ်မာမာခေါ်ခဲ့သည့်အသံလေးကို ကြားပိုင်ခွင့်မရှိတော့ပြီ။ အပြင်မှ တံခါး lock ဖျက်သံကိုကြားလိုက်ရသဖြင့် ဝရံတာကို ပြေးထွက်လိုက်မိ၏။ အိမ်ဘေးဘက်မှ အောက်ခြေမှာ သမံတလင်းနှင့်ပန်းပင်အချို့ကို မြင်နေရသည်။ ရက်စက်ကိုစုံမှိတ်၍ လက်အုပ်ချီလျက် ဘုရားထံဆုတောင်းလိုက်မိလေ၏။

"မြတ်စွာဘုရား. . . ရှေးရှေးဘဝက အတိုးပေးမကောင်းခဲ့တဲ့ဝဋ်ကြွေးကြွေးမှာတွေ ရှိနေခဲ့ရင်ဖြင့် ဒီဘဝဒီမျှနဲ့သာ ကျေပါစေဘုရား"

ဝရံတာလက်ရန်းကို အားယူ၍ဆုပ်ကိုင်လိုက်မိစဉ် သူမကိုယ်လုံးလေးကို ပွေ့ဖက်သယ်ယူခြင်း ခံလိုက်ရလေ၏။

"သေပါရစေ. . . ကျွန်မသေပါရစေ"

"လှလွန်းပို. . . စိတ်ကိုထိန်းလေ။ လှလွန်းပို. . ."

"ဟင့်အင်း. . . ကျွန်မသေပါရစေ. . . သေပါရစေရှင်



www.burmeseclassic.com

www.burmeseclassic.com



သူက သူမကို တင်းတင်းပွေ့ဖက်ထားလိုက်သည်မှာ လွတ်ထွက်သွားမှာစိုးသည့်အလား။ လှလွန်းပိုရယ် . . . မင်းခံစားနေရတဲ့ဝေဒနာတွေက ရင်နဲ့တောင်မမျှတော့ပါလား။ မင်းကို ကိုယ့်ရင်ခွင်ထဲမှာ လုံခြုံနွေးထွေးစွာနဲ့ နားခိုခွင့်ပေးလိုက်ချင်ပါပြီ။ တကယ်ပါကွယ်။

"အန်ကယ် . . . စာချုပ်သာ အမြန်စီစဉ်ပေးပါ"

"သား . . . ရဲနောင်၊ ကောလဟာလတွေက တစ်နေ့ရပ်သွားမှာပါကွယ်"

"ကျွန်တော်စီစဉ်တာကို လက်ခံပေးပါအန်ကယ်။ ကျွန်တော်၊ လှလွန်းပိုကို လက်ထပ်ပါရစေ။ ဒါမှ သူ့ဘဝလုံခြုံမှာ . . . ငြိမ်းချမ်းမှာမို့ပါ"

"ဟင့်အင်း . . မယူဘူး . . . မယူနိုင်ဘူး။ ရှင် . . . ကျွန်မအတွက် ဘာမှပူစရာမလိုဘူး။ ဖယ် . . . ဖယ်ပေးပါ"

"လှလွန်းပို . . . ဒီမှာ . . . ကိုယ့်ကိုသေချာကြည့်ဦး"

သူက သူမခေါင်းလေးကို လက်နှစ်ဖက်ဖြင့်ငြိမ်အောင်ဖိကိုင်လိုက်ပါ၏။ သူမမျက်ရည်တွေကြားမှ ဝိုးတဝါးဖြင့် သူ့မျက်နှာကိုငေးနေမိသည်။

"ကိုယ့်မိဘတွေ မင်းကိုတောင်းဖို့ ရန်ကုန်က လာနေပြီ





လှလွန်းပို။ ဒီနေ့လယ်ရောက်လာမှာ။ ဒီတော့ မင်းနဲ့ကိုယ်လက်ထပ်ရုံကလွဲပြီး ဘာလိုသေးလို့လဲ"

"ဟင့်အင်း . . . ကျသွားတဲ့ကျွန်မရဲ့ဂုဏ်သိက္ခာအတွက်ရှင် ဒီလောက်အထိ လုပ်ပေးဖို့မလိုဘူး ရဲနောင် . . . ကျွန်မထိုက်နဲ့ကျွန်ဂကံ ရှိပါစေတော့"

"ဘယ်လိုပြောလိုက်တာလဲလှလွန်းပို . . . ။ ဒီမှာ ကိုယ့်ရင်ထဲခွဲကြည့်လို့ရရင် မင်းခွဲကြည့်လိုက်စမ်းပါ။ မင်းကို ကိုယ်ချစ်မြတ်နိုးနေတာ . . . လူတိုင်းသိတယ်၊ လေးလေးသိတယ်၊ မင်းဦးလေးနဲ့အဒေါ်လည်းသိတယ်၊ ဆေးရုံကလူတွေအားလုံးလည်းသိတယ်။ ပြီးတော့ . . . ကိုယ့်မိဘတွေလည်းသိတယ်။ မင်းကိုအသက်ပေးပြီး ဘာကွယ်စောင့်ရှောက်ခဲ့တာ၊ မင်းအပေါ်မှာ သိပ်ချစ်နေတဲ့ကိုယ့်ချစ်ခြင်းတွေကြောင့်ပါ လှလွန်းပို။ ဒါတွေကို မင်း . . ဥပေက္ခာပြုအားသလားဟင် . . . ပြောပါဦး"

သူမခေါင်းကို ခါယမ်းပြလိုက်တော့ သူက သူမကိုမလွှတ်တမ်းပွေ့ဖက်ထားလိုက်၏။ သေချာပါတယ်၊ ဒီစကားဟာ သူ့အဖို့အတွက် အရေးကြီးဆုံးစကား၊ အဓိပ္ပာယ်အရှိဆုံးစကားတစ်ခွန်းပဲ ဘယ်သူမှ လာရောက်တားဆီးလို့မရမယ့် သက်သေတည်စကားတစ်ခွန်းပါ လှလွန်းပိုရယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ, ရှင့်ကိုမယူနိုင်ဘူး။ အဲဒါ ရှင်မြဲမြဲမှတ်ထားလိုက်၊ ရှင့်ကို ကျွန်မသေတဲ့အထိ ဘယ်တော့မှလက်မထပ်ဘူး"

"သားမိဘတွေလာတာနဲ့ လက်ထပ်ဖို့အဆင်သင့်ဖြစ်နေရပါ့မယ်မောင်ရဲ့ . . ."

"စိစဉ်ပေးပါအန်ကယ်၊ မေမေတို့နဲ့အတူ လှလွန်းပိုရဲ့မိဘတွေပါ, ပါလာမှာပါ"

"ဘယ်လို. . . ."

"လှလွန်းပိုကိုတောင်းမယ့်သူနဲ့ပေးမယ့်သူ. . . အတူ လာကြမှာပါအန်ကယ်"

ဦးဇော်တို့ထံမှ အာမေဋိတ်သံတွေ ပြိုင်တူထွက်လာသည့် နောက် သူမထံမှ ငိုရှိုက်သံက ပို၍ကျယ်လောင်စွာ ထွက်လာတော့၏။

မေမေရယ်. . . ဒီလိုအမည်းစက် စွန်းသွားတဲ့နာမည်တော့ ပို့ဘဝကို သူ့လက်ထဲမထည့်ပါရစေနဲ့။

❦ ❦ ❦



အခန်း ( ၁၉ )

အိမ်ရှေ့မှ ကားရပ်သံတွေကို အတိုင်းသားကြားနေရ၏။ သူမမျက်ရည်တွေက မစဲနိုင်သေး. . .။ သူက သူမဘေးမှာ မျက်စိအောက်က အပျောက်မခံနိုင်အောင် ထိုင်စောင့်နေလေသည်။ ဒုက္ခပဲ. . . မေမေတို့စိစဉ်ရင်တော့ ပြဿနာတွေက ရှင်းမရဖြစ်တော့မှာပဲ။

"ဒီမျက်ရည်တွေက မကုန်နိုင်သေးဘူးလား လှလွန်းပို၊ ငိုချင်သေးရင် ငိုဖို့ကျန်ပါဦးမလား"

သူမ, သူ့ကိုမျက်စောင်းခဲလိုက်မိပြီး တစ်ချက်ရှိုက်လိုက်၏။ သူက ပြုံးလိုက်ပြီး သူမလက်ဖျားလေးကို ဖျစ်ညှစ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကလေးလေးကျနေတာပဲ ငိုလို့ကောင်းတုန်း။ အင်း. . . ကလေးဆိုတော့ မုန့်ကျွေးပြီးချော့ရင်တိတ်မှာ။ ပြောပါဦး လုလွန်းပို။ ကိုယ့် မင်းကိုဘာကျွေးရင် အငိုတိတ်မှာလဲ"

သူက ပြောလည်းပြော၊ ရယ်လည်းရယ်လျက် သူမနဖူးကို ဖျတ်ခနဲငုံ့မွှေးလိုက်သဖြင့် သူမ သူ့ရင်ဘတ်ကိုတွန်းလိုက်စဉ် ဘခန်းဝကို လူတစ်အုပ်ကြီးရောက်လာလေသည်။

"ငါ့သားကတော့ကွာ. . . ခရီးရောက်မဆိုက် မိဘတွေကို ရင်ဆို့အောင်လုပ်ရတယ်လို့။ လာတောင်းပေးပါ့မယ်ဆိုပြီး ထွက်လာတာတောင် မနေနိုင်တော့ဘူး. . . ဟုတ်လား"

"အချစ်က တားဆီးလို့မရဘူးလေ ဖေဖေရာ"

"ကဲပါကွာ. . . သမီးရည်းစားနှစ်ယောက် ချိန်းတွေ့တဲ့ညမှ သူခိုးက အိမ်ထဲဝင်တော့ ဇာတ်လမ်းရှုပ်ကုန်ရောပေါ့။ ကောင်းမှကောင်းပဲ"

"ဟင်. . ."

သူမတအံ့တဩဖြင့် သူ့ကိုမော့ကြည့်လိုက်တော့ သူက မျက်စိတစ်ဖက်မှိတ်ပြလျက် ရယ်ချလိုက်လေသည်။ ဘုရားရေ! ဒီ လူည့်ကွက်လား. . . သူမရဲ့သိက္ခာကိုဆယ်တင်ဖို့ သူက သိက္ခာချ အကျခံရတယ်ပေါ့။





"စီစဉ်စရာရှိတာ စီစဉ်ပေးပါ ဖေဖေရာ။ ဒီမှာကျွန်တော့် ချစ်သူက ကျွန်တော့်ကိုစိတ်ဆိုးပြီး ငိုလို့ကောင်းတုန်း"

"မင်းတို့က ချစ်သူအဆင့် က,လို့လားကွ"

"ဒီနေ့လက်မှတ်ထိုးပြီးမှ လင်မယားအရာမြောက်မှာလေ ဖေဖေရာ"

"ကောင်းကွာ. . . ငါ့သားက ငါ့ထက်တော်မှ ခြေသွက် လက်သွက်ရှိလိုက်တာ"

လူကြီးတွေထံမှရယ်သံတွေ အကျယ်ကြီးထွက်ပေါ်လာ၏။ ဆိုစဉ်အောက်ထပ်ဆီမှ ညည့်သည်တွေအသံကို ကြားလိုက်ရသဖြင့် အောက်ထပ်ကို ဟစ်ပြုံကြီးပြန်ဆင်းသွားကြလေသည်။

"ကဲ. . . သမီးပိုပို၊ မျက်နှာသစ်. . . သနပ်ခါးလူးပြီးဆင်းခဲ့တော့"

"လာ. . ."

သူက သူမလက်ကိုဆွဲ၍ ရေချိုးခန်းထဲမှာ မျက်နှာသစ်ပေးလေ၏။ ရှန်းရင်းငြင်းဆန်ရင်းဖြင့် မျက်နှာသစ်ပြီးသလို မျက်နှာပေါ် သုတ်ပြီးသွားလေပြီ။ သနပ်ခါးကို သူကိုယ်တိုင်သွေး၍ လူးပေးပြန်တော့ သူမထံမှ ငြင်းဆန်သံက တီးတိုးထွက်လာပြန်သည်။

"ရဲနော်. . . ကျွန်မငြင်းမှာနော်။ ရှင် ဘယ်လိုပဲဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စက ကြာကြာဖုံးလို့မရဘူး။ ရှင် အရှူးမထနဲ့"

"ငြိမ်ငြိမ်နေပါ လှလွန်းပိုရယ်။ ပြောမရရင်တော့ နာဦး တော့မှာပဲ"

"မကြိုက်ပါဘူးဆိုနေမှ. . . ရှင် ဖွတ်ပဲနော်"

"ကြိုက်ဖို့မလိုတော့ဘူး လှလွန်းပို။ ချစ်ဖို့ပဲလိုတာ ချစ်ဖို့ အဆင့်ကိုလည်း ကျော်တွေးဦး။ လေ့ကားကို တစ်ထစ်ချင်းရေတွက် မနေနဲ့။ အပေါ်ကို မြန်မြန်ရောက်ဖို့ အရေးကြီးတယ်၊ ဟုတ်ပြီလား ကဲ. . . လာ. . . အောက်ဆင်းစို့"

သူဆွဲခေါ်ရာဆီ လိုက်ခဲ့ရတော့ ဧည့်ခန်းမှာ မြို့ခံလူကြီး တွေနှင့် မိစုံဖစုံတွေနှင့်အတူ ဘိုနှင့်မိမောင်ပါ ရှိနေလေ၏၊

"မျက်နှာတော့ တော်တော်ပူတယ်ခင်ဗျ။ ကျွန်တော့်ချစ်သူ က လက်ထပ်ဖို့အချိန်ဆွဲနေတာနဲ့ အခုလိုဖြစ်ကုန်တာပါ"

မြို့ခံလူကြီးတွေက အလိုက်သင့်ခေါင်းညိတ်၍ ပြုံးလိုက် ကြသလို သူမမျက်နှာမှာ ရဲရဲနီသွားတော့၏။ သူ့နောက်ကျော ကွယ်ရပ်နေရာမှ မျက်စိစုံမှိတ်၍ပြောလိုက်မိပြန်သည်။

"မေမေ. . . ပို. . . သူ့ကိုမယူနိုင်ဘူး၊ လက်မထပ်နိုင်ဘူး"

"အေး. . . ဒီစကားကို ကလေးဆယ်ယောက်ရတဲ့ အခါ အမြဲပြောနေပေါ့မိပို။ ရှက်စရာမရှိတာကို ရှက်နေ. . . သိလား





အရွယ်က မငယ်တော့ဘူး။ မိဘပေးစားတော့လည်း ခေါင်းခါ၊ ကိုယ် ချစ်တဲ့သူကျတော့လည်း မယူချင်ပြန်ဘူး။ ဒီလောက်တောင်ဖြစ် ဘာ ကတုံးတုံးပြီး သီလရှင်ဝတ်မလား"

"အာ. . . ဘယ်ဖြစ်မှာလဲမေမေချိုရဲ့။ ကျွန်တော်မခွဲနိုင် ပါဘူး"

ဧည့်ခန်းထဲမှာ ရယ်သံတွေ ဆူညံသွား၏။ သူမ, သူ့နောက် ကျောကို ဘုန်းခနဲထုလိုက်သဖြင့် သူက သူမလက်နှစ်ဖက်စလုံးကို ဖမ်းယူဆုပ်ကိုင်ထားလိုက်လေသည်။

"ဒီတစ်ယောက်ကလည်း နည်းနည်းမှအစမခံပါလား၊ ကဲ ကြာတာကြီးရပ်မနေနဲ့လေ. . . ထိုင်ခုံမှာဝင်ထိုင်မှပေါ့ မိပို။ ပြော ရရင် ယူရှေ့သူရှေ့မရှောင် ငါ့ခေါင်းခေါက်မှာနော်"

သူမ, သူနှင့်အတူ ထိုင်ခုံမှာ ဝင်ထိုင်လျက်၊ မျက်နှာကို အောက်ငုံ့ထားမိ၏။

ဘေးခုံမှာ ထိုင်နေသည့် တရားသူကြီးဦးအောင်နိုင်က Attache case ထဲမှ စာချုပ်နှစ်ခုကိုထုတ်ယူလိုက်လေသည်၊

"ကဲ. . . ဒေါက်တာတို့နှစ်ဦး, ဒီမှာလက်မှတ်ထိုးပါ"

သူ, ဘောပင်ကိုလှမ်းယူလိုက်စဉ် သူမက သူ့လက်ကိုဖမ်း ဆွဲထားလေ၏။ မေမေက သူမပေါင်ကို ဆတ်ခနဲဆွဲလိမ်လိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မလုပ်ပါနဲ့မေမေချို၊ သူက နေသိပ်ကောင်းတာမဟုတ်ဘူး။ ဟိုနေ့ကပဲ သွေးလှူလိုက်တာ သေမလိုဖြစ်သွားလို့ မနည်းအသက်လုထားရတာပါ"

"ဩော်. . . အဲဒါနဲ့ မင်းက ကိုယ်ဖိရင်ဖိပြုစုလိုက်တာပေါ့လေ"

"ဟာဗျာ. . . မေမေကလည်း"

သူက စာချုပ်နှစ်စောင်မှာ လက်မှတ်ရေးထိုးလိုက်ပြီးလျှင် သူမလက်ထဲကို ဘောပင်ထည့်ပေးလိုက်ပါ၏။ သူမက လက်မလှုပ် သဖြင့် မေမေက လက်မောင်းကို ဖတ်ခနဲရိုက်လိုက်ပြန်သည်၊

"မိပို. . . ငါမလုပ်ချင်ဘူးနော်။ နေရာတကာ ခေါင်းမာ တိုင်း ကောင်းတာမဟုတ်ဘူး"

"ထိုးလိုက်ပါ ပိုရယ်။ လိမ္မာတယ်နော်"

သူ့စကားကြောင့် လူကြီးတွေ ပြုံးစိစိဖြစ်ကုန်လေသည်။ သူမ, သူ့ကိုမျက်စောင်းခဲလိုက်ပြီး စာချုပ်ပေါ်မှာ လက်မှတ်ထိုး လိုက်ရ၏။ အန်တီခိုင်နှင့် မိမောင်က ကော်ဖီနှင့်မုန့်တွေဖြင့် ဧည့်ခံ လိုက်ပြီး အကျဉ်းချုံးလက်ထပ်ပွဲက ပြီးလေပြီ။ ရန်ကုန်မှာ ခမ်းခမ်း နားနားမင်္ဂလာဆောင်လျှင် လာကြပါရန်ဖိတ်ခေါ်ပြီးနောက် ဧည့်





သည်တွေ အလျှိုလျှိုပြန်သွားကြလေ၏။

"ကဲ. . . ဘိုရေ၊ မင်္ဂလာအခန်းကို စီစဉ်ထားတာတွေ သွားသူလိုက်ပါဦး"

"မှာထားပြီးသားပါလေးဆေးရာ၊ အခန်းသံဇကာ အရင် တပ်ခိုင်းထားလို့ ပန်းရန်ဆရာတွေ လုပ်နေပါပြီ။ မလုပ်လို့မဖြစ် ဘူး. . . တော်ကြာ လူထပ်ဝင်မှ အရှက်တွေထပ်ကွဲနေဦးမယ်"

"အင်း. . . သမီးတစ်ယောက်ရှိပေလို့ပဲ၊ ယောင်းမမြင်းစီး ထွက်ရတယ်လို့"

"မေမေကလည်း. . . ပိုဘာလုပ်မိလို့လဲ"

"ငါခေါက်ထည့်လိုက်ရ. . ."

သူက သူမလက်ကိုဆွဲ၍ မေမေနှင့်ဝေးရာ ခြံထဲသို့ခေါ် ခဲ့လေသည်။ စိတ်တွေရှုပ်၊ ခေါင်းတွေနောက်နေသည်မို့ အပြင်လေ ရှူလိုက်မှ ခေါင်းကြည်လင်သွားသလိုပင်။

"ကိုယ်စီစဉ်တဲ့အတိုင်း အလိုက်သင့်နေပေးပါ လှလွန်းပို။ ဘတွေ မျက်နှာမပျက်ပါစေနဲ့"

"ရှင်သိထားပါ ရဲနောင်။ ကျွန်မ, ရှင့်ကိုချစ်လည်းမချစ် ဘူး၊ လက်လည်းမထပ်နိုင်ဘူး။ အခြေအနေအရ ကျွန်မလုပ်ပေး လိုက်ရတာ။ တစ်နေ့. . . ရှင့်ကိုကွာရှင်းပေးမှာ ယုံမရှိနဲ့



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ မင်းသဘောပဲ လှလွန်းပို။ ကိုယ်က လက်မှတ်တစ်ခုကို ဘဝတစ်ခုလုံးပုံပြီး အာမခံရဲတာ မင်းအသိပဲ။ မင်းချစ်တာမချစ်တာ တစ်ကဏ္ဍ၊ ကိုယ်ကချစ်ဖို့ပဲ အရေးကြီးတယ်။ မာနဆိုတာ နေရာတကာထားသင့်တာမဟုတ်ဘူး"

"ရှင်. . . အချိန်တန် နိုင်ငံခြားထွက်မှာမဟုတ်လား။ အဲဒီ့အခါ ကျွန်မ ကွာရှင်းပေးမယ်။ ဘာမှအပိုတွေပြောမနေနဲ့"

"ကိုယ်သိပါတယ်၊ မင်း. ဒီစကားကို ကလေးတွေတစ်ဒါဇင်လောက်ရတဲ့အထိ ပြောနေမယ်ဆိုတာလေ။ တော်တော်အသည်းမာတဲ့မိန်းမ"

"အမယ်. . . လူကိုများ၊ ရှင်ကမှ မာနခေါင်ခိုက်နေတဲ့ယောကျ်ား"

"ဘာဖြစ်လဲ. . . မင်းတောင်မှ မာနထားနိုင်သေးတာပဲ ကိုယ်မာနကြီးတာ မဆန်းပါဘူး"

"ရှင်ထင်ရာတွေလျှောက်လုပ်တာ အရေးမကြီးဘူး။ ဆေးရုံမှာ မမူကို ကျွန်မဘယ်လိုမျက်နှာနဲ့ ရင်ဆိုင်ရမှာလဲ"

"ကြည့်မနေနဲ့ပေါ့. . . ကိုယ့်ရင်ခွင်ထဲ မင်းခေါင်းဝှက်ထားလိုက်ရင် ပြီးတာပဲ"

"ကောင်းမလား. . . ကျွန်မကို ရည်းစားလုပ်တယ်ဆိုပြီး





ကြည့်တဲ့အကြည့်ကို မခံနိုင်ဘူးရှင့်"

"ကိုယ်ပြောနေတယ်လေ၊ မင်းမျက်နှာကို ကိုယ့်ရင်ခွင်ထဲမှာ ဝှက်ထားလို့"

သူမ. သူ့ကိုမျက်စောင်းခဲလိုက်ပြီး ပန်းခြံအနီးမှ ခွာလိုက်စဉ် သူက သူမလက်ကိုလှမ်းဆွဲထားလိုက်ပလေ၏။

"အို! ဘယ်လိုဖြစ်နေတာလဲ"

"မင်းက ကိုယ့်မိန်းမဖြစ်နေပြီလေ လှလွန်းပို။ ကိုယ်က နေဆိုရင် နေရမယ်၊ ထိုင်ဆိုရင် ထိုင်ရမယ်။ မင်းကို ကိုယ်ပိုင်တယ် လှလွန်းပိုရဲ့"

"သေလိုက်! အဲဒီ့မှာ လဲသေလိုက်။ စိတ်ကူးနဲ့ရူးနေလည်း အပိုပဲ"

"မသေပါရစေနဲ့ဦး. . . သားသားမီးမီးတွေ ချီသွားချင်သေးလို့ပါ"

"ကြည့်စမ်း. . . အရှက်မရှိ**ပြောပြန်ပြီ**"

"ပြောရမှာပေါ့၊ တော်ကြာ. . . သားသမီးတွေရှေ့မှာ မင်း ဒီလိုမရှိမသေဆက်ဆံနေရင် ဘယ်**ကောင်းပါ့**မလဲ။ အခုကတည်းက ရှိသေသမှုရှိမှပေါ့။ မောင်လို့ ချိုချိုသာသာခေါ်တတ်အောင် သင်ပေးရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အရှူး. . ."

သူမ ပျစ်ပျစ်နှစ်နှစ်ပြောလိုက်တာကို စိတ်မဆိုးဘဲ ရယ်နေသဖြင့် စိတ်တွေသာ တိုလာမိတော့သည်။ အို. . . ဘယ်လိုလူမှန်းကိုမသိတော့ပါဘူး။ ခြံထဲသို့ကားတစ်စီးဝင်လာပြီး ခုတင်တွေမွေ့ရာတွေချလာသဖြင့် သူမလှမ်းလက်စခြေလှမ်းက အလိုလိုရပ်သွားလေသည်။ ဘုရားရေ. . . တကယ်ပဲ မင်္ဂလာပစ္စည်းတွေဝယ်ထည့်နေပါရောလား။

"မိန်းမရေ. . . မကြည့်ရဲရင်မကြည့်နဲ့။ လာ. . . ဒီမှာမောင့်မျက်နှာကိုသာ အဝကြည့်နေစမ်းပါ"

သူမ, သူ့အနီးမှ အမြန်ပြေးထွက်လာမိတော့သည်။ ဒုက္ခပါပဲ. . . သူနဲ့သာ တစ်ခန်းတည်းအတူအိပ်ရရင်ဖြင့် တစ်ညလုံးရန်ဖြစ်နေတာနဲ့ပဲ အိပ်ပျော်တော့မည်မထင်။ အိမ်ဘေးမှပတ်၍ မီးဖိုခန်းထဲဝင်လာတော့ မေမေနှင့် သူ့မေမေရော၊ အန်တီခိုင်ပါ ချက်ပြုတ်ရင်း အလုပ်ရှုပ်နေလေသည်။

"ဟဲ့. . . ခုတင်တွေချနေတာ သွားမစီမံဘူးလား။ ဒီမှာဘာလာလုပ်နေတာလဲ"

"မသွားချင်ပါဘူး. . . မေမေကလည်း"

"ရှက်စရာမရှိတာ ရှက်နေပြန်ပြီ။ မိပိုနော်. . . ညည်းအရင်လိုမဟုတ်တော့ဘူး၊ အိမ်ထောင်သည်ဖြစ်နေပြီ။ နေရာတကာ လိုက်ဂျစ်မနေနဲ့။ ယောကျ်ားက အလိုလိုက်တိုင်း ရောင့်မတက်နဲ့"

"ပို. . . ဘာလုပ်နေလို့လဲ"

"နင့်ကိုယ်နင်သိပေါ့"

"သိပ်မပြောပါနဲ့ချိုရယ်. . . သားကလည်း သူ့ဟာနဲ့သူ ခေါင်းမာတာပါပဲ၊ အမာအမာချင်းမို့တွေ့သွားတာ။ နေပါစေ. . . လွှတ်ထားလိုက်။ အချိန်တန်တည့်သွားလိမ့်မယ်"

သူမ နောက်ဖေးတံခါးဝမှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်တော့ မေမေ့ထံမှ မျက်စောင်းတစ်ချက်ကို ရလိုက်၏။ စိတ်တွေသစ်လိုက်တာနော်။ လျှော်ပစ်လို့ရရင် လျှော်လိုက်ချင်တာပါပဲ။

"ဟယ်. . . Decoration ဆင်တာ ပန်းရောင်မရွေးဘူးသား မောင်ရဲရယ်"

"ကျွန်တော်နဲ့ အန်တီတူမက အကြိုက်တူပြီးသားလေဗျာ။ အပြာတောင်မှ အပြာနုရောင်ဖျော့ဖျော့လေး. . ."

အိမ်ထဲမှသူ့အသံကြောင့် သူမမျက်နှာကို စူပုပ်ထားလိုက်၏။ ဘယ်လိုရှောင်ပြေးရပါ့။ သင်းကလည်း နေရာတကာ ပါ,ပါနိုင်လွန်းတယ်။

"ဟော. . . ပျောက်သွားလို့လိုက်ရှာနေတာ၊ ဗိုက်ဆာ







www.burmeseclassic.com

www.burmeseclassic.com



ပြီလားပို။ ဘာစားချင်လဲ. . . ကိုယ်နဲ့တစ်ခုခုထွက်စားကြမလား"

"ဘာမှမစားဘူး"

"ဟဲ့! စကားကိုကောင်းကောင်းပြောလေ။ သားရေ၊ သင်းကိုသိပ်အလိုမလိုက်နဲ့။ သူက. . . တော်တော့်ကိုဂျစ်တိုက်တဲ့မိန်းမ"

"ပိုက လိမ္မာပါတယ်မေမေချိုရယ်"

"ဩော်. . . မြောနေတဲ့ကြားက ကိုယ့်ငါးချဉ်ကိုယ်ချဉ်နေပြန်ပါပြီ"

မိမောင်က အကျယ်ကြီးအော်ရယ်လိုက်သဖြင့် မေမေက ခေါင်းကိုဒေါက်ခနဲခေါက်လိုက်လေ၏။

"ဟဲ့. . . ဒါလားမိန်းကလေးရယ်သံ။ ဣန္ဒြေကိုမရှိဘူး"

"ကြီးမေဘာသိလို့လဲ၊ ပြောတော့ဖြင့် အပျိုကြီးလုပ်မှာတဲ့ကြီးမေသမီးက။ မောင်, ရည်းစားထားတာတော့ မကန့်ကွက်ဘဲ နောက်ကားကျော်တက်မှာစိုးလို့ ရှေ့က အမြန်မာရသွန်ပြေးသွားတာလေ"

"မိမောင်နော်. . ."

"မဟုတ်လို့လား"

အူမ, အနီးရှိခဲလုံးကိုကောက်ကိုင်လိုက်တော့ မိမောင်ထံမှ အသံစူးစူးလေးထွက်လာပြီး သူက သူ့မလက်ကိုအမြန်ဖမ်းလိုက်





လေသည်။

"လူက အိမ်ထောင်သည်ဖြစ်နေပြီ၊ ကလေးစိတ်က မကုန်သေးဘူး"

"နာနာလေးရိုက်ပေး ကိုရဲရေ။ ဒါမှ မ,လိမ္မာလာမှာ"

"နင်နော်. . ."

မိမောင်က တဟင်းဟင်းရယ်ရင်း အိမ်ရှေ့သို့ထွက်ပြေးသွားလေ၏။ သူက သူ့မလက်ထဲမှ ခဲလုံးကိုယူ၍ လွှင့်ပစ်လိုက်လေသည်။

"ကဲ. . . ထမင်းစားကြစို့ သားရေ။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပီတိဖြစ်မနေနဲ့၊ အစာအိမ်က မနေဘူး"

"မေမေပြောမှပဲ ဗိုက်ဆာလာတယ်. . ."

"မဟုတ်လို့လား. . . အဲဒီမှာ ထိုင်နေတာဖြင့် ကြာလှပြီ။ လာ. . . သမီးလေး"

"ကဲ. . . မေမေခေါ်နေပြီမိန်းမရေ။ ထမင်းစားစို့"

"ဘာမိန်းမလဲ၊ ရှင်နော်. . ."

"မောင်နော်. . . လုပ်စမ်းပါကွာ"

"ကဲ. . ."

"ဒီအား. . . မေမေရေ၊ ဒီမှာ မေမေ့ချွေးမ ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



နိုင်စားနေပြီ"

"ကြည့်စမ်း. . . ဒီလောက်လုပ်နေတာတောင်"

"မိပို. . ."

ထမင်းစားခန်းထဲမှ လှမ်းအော်လိုက်သည့်မေမေ့အသံကြောင့် သူ့ဗိုက်ခေါက်ကိုလိမ်ဆွဲထားရာမှ လွှတ်လိုက်တော့ သူက သူ့မပါးတစ်ဖက်ကို ငုံ့နမ်းလိုက်လေ၏။

"အဲဒါ နစ်နာကြေးယူတာ"

"အာ. . . ဘယ်လိုဖြစ်နေတာလဲ။ ရဲနောင်နော်"

"ဟဲ့. . . ယောက်ျားကိုခေါ်သံက ဒီလိုပဲလား။ သူငယ်ချင်းတွေ မဟုတ်တော့ဘူးနော်မိပို။ အစစအရာရာလိုက်သင်ပေးရရင် မကောင်းတော့ဘူး"

"ကွယ်ရာမှာ မောင်လို့ သူခေါ်ပါတယ်မေမေချို့ရဲ့"

သူ့စကားကြောင့် ရယ်သံတွေ အုံးခနဲထွက်လာလေ၏၊ သူ့မျက်နှာရဲရဲဖြင့် ဘာမှထပ်မပြောတော့ဘဲ ခုံမှာဝင်ထိုင်လိုက်သည်။ သူက လူကြီးတွေကို ဦးဖယ်ထည့်ပေးပြီးသည်နှင့် ဟင်းတွေတစ်မျိုးပြီးတစ်မျိုး သူ့မပန်းကန်ထဲ ထည့်ပေးလေသည်။ ပန်းကန်မှာ ဟင်းတွေအစုံထည့်လိုက်သဖြင့် ထမင်းကိုတောင် မမြင်ရတော့အရွဲ့တိုက်ပြီးများ ထည့်ပေးသလားဟုတွေးလျက် သူ့ကိုဆတ်ခနဲ





မော့ကြည့်လိုက်တော့ သူက ခပ်ပြုံးပြုံးစိုက်ကြည့်နေလေ၏။

"စားလေ. . ."

"ခွဲ့ကျွေးချင်ရင်လည်း ခွဲ့ကျွေးလိုက်သားရာ။ ဖေဖေတို့ မမြင်ချင်ယောင်ဆောင်ပေးပါ့မယ်"

"ဟာဗျာ. . . ဖေဖေကလည်း၊ စားတော့ ပို။ ပို မစားရင် ဖေဖေ့ဆီက ဒို့ထက်ပိုဆိုးတဲ့စ,သံ ကြားရလိမ့်မယ်"

သူ့မ နစ်ဖွန်းမျှစားပြီးသည်နှင့် နင်း္ပ ..ပော့ သူက ရေဘူးထဲမှရေကို ဖန်ခွက်ထဲငှဲ့၍တိုက်လေသည်။

"ကြင်နာတာတွေ. . . ကြင်နာတာတွေ"

"အားကျမနေနဲ့ဦး ဘို။ တစ်နှစ်တည်း နှစ်မင်္ဂလာ မလုပ်ကောင်းဘူး။ နင်တို့ နောက်နှစ်မှရမယ်"

"ဟာဗျာ. . . အန်တီလေးကလည်း၊ ကျွန်တော်က ဘာများ ပူဆာနေလို့လဲ"

"မသိနိုင်ဘူးလေ၊ ရှေ့ကကားကိုအားကျပြီး နောက်ကားပါ လိုက်မောင်းနေမှာစိုးလို့ပါ"

စားသောက်ပြီးတော့ သူ့မက အလိုက်တသိ ပန်းကန်တွေဆေးစဉ် သူက အတူဝိုင်းကူလုပ်ပေးလေ၏။

"ဖယ်ပါရှင်. . . ဒါ မိန်းမအလုပ်တွေ။ ရှင်နဲ့မဆိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမအလုပ်ပေမယ့် ယောက်ျားဝိုင်းကူတော့ မိန်းမသက်သာတာပေါ့ကွာ။ မဟုတ်ဘူးလား"

"လျှာတော်တော်တွေ့နေ"

ညနေခန်းမှာ အချိုပွဲသစ်သီးစားရင်း TV ကြည့်နေရာမှ သူ ထ,ထွက်သွားတာ မြင်သော်လည်း သူမ မသိချင်ယောင်ဆောင်နေမိသည်။ TV ထဲ စိတ်မဝင်စားပေမယ့် ပေတေ၍ဆက်ထိုင်နေမိ၏။

"မိပို. . ."

". . . ."

"မိပို. . . ငါသိပ်မပြောချင်ဘူးနော်။ ယောက်ျားက အခန်းထဲရောက်နေပြီ၊ နင် ဒီမှာဘာလို့ဆက်ထိုင်နေရတာလဲ"

"သူ့မျက်စိနဲ့သူအိပ်တာပဲ မမေမေကလည်း"

"နင်တော့နော်, မယားဝတ္တရားငါးပါးနဲ့ တစ်ချက်မှမကိုက်ညီဘူး။ သူငယ်ချင်းဆိုပြီး ခေါင်းပေါ်မတက်ချင်နဲ့။ သွား. . . လိုက်သွားချည်"

"အာ. . ."

"ငါအတင်းဆွဲပြီး အခန်းထဲထည့်ပေးရမှာလား"

"ထပြီ. . . ထပြီ"





သူမခြေဆောင့်၍ ထလာတော့ ဘိုနှင့် မိမောင်ထံမှ ကျိတ်ရယ်သံကြားရလေ၏။ သူမမျက်စောင်းခဲလိုက်မိသည်။ နေနှင့်ဦးပေါ့။ နင်တို့အလှည့်ရောက်မှသိမယ်။ မှတ်ထားဦး. . .။

အခန်းတံခါးကိုအသာတွန်းဖွင့်၍ ဝင်လိုက်တော့ မင်္ဂလာခုတင်ကြီးက ခမ်းနားစွာရှိနေသဖြင့် သူမမျက်နှာ ရဲခနဲဖြစ်သွားရ၏။

သူက စာကြည့်စားပွဲမှာ စာထိုင်ကြည့်နေတုန်း။ ဘာလုပ်ရမှန်းမသိဘဲ တံခါးကိုပိတ်လိုက်တော့ သူ့ ဖျတ်ခနဲလှည့်ကြည့်လာလေသည်။

"အိပ်ချင်ပြီလားလှလွန်းပို။ အိပ်နှင့်လေ. . ."

"မအိပ်ပါဘူး"

"ရော်. . . ဘာယ့်နှယ် ရန်သူကြီးလိုဆက်ဆံနေတာလဲ"

"ရှင့်ကို ကျွန်မပြောပြီးသားနော်။ ရှင့်ကိုချစ်လည်းမချစ်ဘူး၊ လက်လည်းမထပ်ဘူးလို့ပြောပြီးသား။ ကျွန်မနား ကပ်လာရင် အဆိုးမဆိုနဲ့"

"စိတ်ချပါ၊ ကိုယ် မင်းအသားကိုတစ်ချက်လေးမှမထိစေရဘူး၊ ကတိပေးတယ်။ စိတ်ချလက်ချသာအိပ်"

"ပြီးရော. . . ကတိမတည်လို့ကတော့ ရှင်အသေပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမ, ရေချိုးခန်းထဲမှာ ခြေလက်ဆေး၍ Night Dress လဲပြီး ခုတင်ပေါ်တက်ကာ စောင်ခြုံလိုက်၏။

သူရှိရာဘက်ကိုကျောပေးလျက် စောင်းအိပ်လိုက်စဉ်မှာ လျှပ်စစ်မီးက ဖျတ်ခနဲပျက်ပြီး မှောင်မဲသွားလေသည်။

မီးမှောင်လျှင် ကြောက်တတ်သည်မို့ သူမ လှဲနေရာမှ ထထိုင် ဒိုက်စဉ် မွှေ့ရာက အိခနဲဖြစ်သွားလေ၏။ စောင်ကိုဆွဲယူလိုက်သည့်အသံကိုသိလိုက်သည်။

မှောင်မှောင်မည်းမည်းထဲမှာ ဘာမှမမြင်ရဘဲ သူမလက်များတွေ အေးစက်လာစဉ် သူက သူမကိုယ်လုံးလေးကို ဆွဲလှဲလိုက်လေ၏။

"မှောင်ရင်ကြောက်တယ်မဟုတ်လား ပို။ မောင့်ရင်ခွင်ထဲမှာ ငြိမ်ငြိမ်လေးအိပ်နေလိုက်။ ဘာမှကြောက်စရာမလိုတော့ဘူး"

"အို. . . ဘာကိစ္စအိပ်ရမှာလဲ။ မအိပ်ဘူး"

"အိပ်ပါ. . . ဟော. . . အပြင်က ခြေသံလိုလိုကြားလိုက်ရတယ်။ ဘယ်သူလာလဲမသိဘူး"

"ရဲနောင်နော်. . . ရှင် ကျွန်မကြောက်တတ်မှန်းသိရဲ့သားနဲ့ မခြောက်နဲ့"





သူ့ထံမှ ရယ်သံတိုးတိုးထွက်လာပြီး သူ့ရင်ခွင်နွေးထဲမှာ သူမတစ်ကိုယ်လုံး နစ်မြုပ်သွားရလေသည်။

ရင်ခုန်ခြင်းလား. . .။ သူမဘဝမှာ ဦးဆုံးဖြစ်တည်ခဲ့ရသည့်ညပါလေ။



www.burmeseclassic.com

www.burmeseclassic.com







နလို့။

ငယ်

## အခန်း ( ၂၀ )

နဖူးပြင်ထက် နွေးခနဲဖြစ်သွားမှ သူမမျက်လုံးကို ဖွင့်လိုက်၏။ ကြည့်စမ်း. . . မိုးတောင်စင်စင်လင်းနေပါရော့လား။ သူက ခပ်ပြုံးပြုံးပင်၊ သူမကို အိပ်ရာထက်မှ ဆွဲထူလိုက်လေသည်။

"အိပ်ပုပ်မလေး. . . ဆေးရုံမလိုက်ချင်လည်းနေ။ မောင့်ကိုအဝတ်အစားရွေးပေးမှပေါ့"

"ကိုယ့်ဟာကိုယ် ရွေးပါလား။ တစ်သက်လုံးဝတ်လာပြီး အခုမှ ဂျီမကျနဲ့"

"အစက အစလေ၊ အခုက အခုပဲ။ လာပါ. . . ထတော့။ ချစ်နာရီခဲ့နေပြီ ကလေးမရဲ့။ မျက်နှာသစ်၊ သွားတိုက်၊ ရေမိုးချိုး။



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာ မေမေတို့မျက်စောင်းခဲတာ ခံနေရဦးမယ်။ မောင်က ရေတောင်ချိုးပြီးနေပြီ"

သူမ, သူ့ကိုမျက်စောင်းထိုး၍ ရေချိုးခန်းထဲဝင်ကာ ရေကျပါသည်။ အပြင်ကိုပြန်ထွက်လာတော့ သူက Towel ဖြင့် ဘီးကြိုးသုတ်ပေးလေ၏။

"အာ. . . လုပ်ပြန်ပြီ၊ ကျွန်မဟာကျွန်မ သုတ်မှာပေါ့"

"ငြိမ်ငြိမ်နေစမ်းပါ ပိုရာ။ ဒီမှာ မောင် သနပ်ခါးအဆင်သင့်သွေးထားပြီးသား။ ဒီနေ့ ပိုအလုပ်မဆင်းနဲ့ဦးနော်။ မနက်ဖြန်မှ လိုက်ဆင်း။ တော်ကြာ. . . ဆေးရုံက ဆရာဝန်တွေ၊ နာ့စ်တွေ ဝိုင်းစကြတာနဲ့ မောင့်ပိုလေး ရှက်နေပါဦးမယ်"

"မဆင်းပါဘူး. . . တစ်သက်လုံးမဆင်းတော့ဘူး။ ရှင့်ဟာရှင် ကြိုက်ချင်တဲ့သူနဲ့ကြိုက်၊ တွဲချင်တဲ့သူနဲ့တွဲ။ ပါသွားလည်း အေးတာပဲ"

"တကယ်လား"

"တွေ့လား. . . စကားထဲက ဇာတိပြချင်နေပြီ။ မပြောလိုက်ချင်ဘူး"

"မောင့်မှာ ပိုတစ်ယောက်လုံးရှိတာ တခြားဘယ်သူ့ကိုမှ ကြည့်ဖို့မလိုပါဘူး။ ချစ်ဖို့ဆိုတာ ဝေလာဝေး"





"ဒေါက်. . . ဒေါက်"

"ဟိုနှစ်ယောက်. . . ခုထိမထကြသေးဘူးလား။ Duty ဝင်မှာဆို. . ."

"လာပြီမေမေချို၊ ဒီမှာ. . . ပို့ကိုသနပ်ခါးလိမ်းပေးနေလို့။ အား. . . နာတယ်ပိုရဲ့"

"ဟဲ့. . . ဆော့မနေကြနဲ့လေ။ ကလေးမဟုတ်၊ သူငယ်မဟုတ် ဒီနှစ်ကောင်တော့လား"

သူမ, သူဝတ်ဖို့ဝဝ်စုံကို မလိုက်ဖက်သည့်နှစ်ရောင်တွဲပေးလိုက်တော့ သူက နှာခေါင်းရှုံ့သွားလေ၏။ သူမက မသိချင်ယောင်ဆောင်၍ အခန်းထဲမှထွက်ရန်ပြင်လိုက်လေသည်။

"ဘယ်လိုကြီးတွဲပေးလိုက်တာလဲပိုရာ။ Different ကြီး"

"ဘာဖြစ်လဲ, ဝတ်. . . ရှင်လူပျိုမဟုတ်တော့ဘူး။ သိပ်လှချင်မနေနဲ့"

"ဟုတ်လား. . . မောင်လူပျိုမဟုတ်တော့တာ ပိုဘယ့်နှယ်သိသွားတာလဲ"

"ရှင်နော်. . . တော်တော်အူမြူးနေ"

"ရပါတယ်ပိုရဲ့၊ ပို ဘယ်လိုဆင်ဆင်၊ ပို့ယောကျ်ားက လှပြီးသားပဲ။ လာ. . . သွားစို့"



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှ အမြန်ထွက်လာပြီး ထမင်းစားခန်းထဲဝင်စဉ် Breakfast စားနေသည့်လူကြီးတွေက မျက်စောင်းခဲလျက် ပြုံးလိုက်ကြလေသည်။

"ဘာတွေဘယ်လိုဝတ်လာတာလဲသားရာ"

"ဖေဖေ့ချွေးမက ဒီလိုပဲဝတ်ဘဲ့လေ။ ကျွန်တော့်ကို သူမှာ နောက် ပါသွားမှာစိုးလို့ဆင်တာနဲ့ သူပြောတဲ့အတိုင်း ဝတ်လိုက်တာပါ"

"မိပိုနော်. . . အလုပ်မဟုတ်တာတွေ"

"သူ့ဟာသူ ဝတ်တာပါမေမေကလည်း"

"ငါ, နင့်ကိုမွေးထားတဲ့အမေ။ နင့်အကြောင်း အူမချေးခါးအကုန်သိတယ်။ လုံခြည်ကို သွားပြန်လဲပေး. . . သွား"

"ရပါတယ် မေမေချို"

"မရနဲ့သား. . . လိုက်သွားလိုက်"

"လာခဲ့. . ."

သူမ,သူ့လက်ကိုဆွဲ၍ အခန်းထဲပြန်ဝင်ကာ၊ အသားရောင်ရှပ်နှင့်လိုက်ဖက်မည့်ပုဆိုးနက်ပြာကို ထုတ်ပေးလိုက်ရင်း၊ မျက်နှာစူပုပ်နေတော့ သူက သူမမေးဖျားလေးကိုကိုင်၍ ငုံ့နမ်းလိုက်လေသည်။





"မောင့်မိန်းမက မျက်နှာပုပ်နေလည်း လှတာပါပဲလား"

"အပိုတွေပြောမနေနဲ့"

"အူမတိုရဘူးလေ ပိုရာ။ ဒီလူတွေပဲ နေ့စဉ်မြင်နေရတာကို. . ."

"ရှင်နဲ့မမူတို့ဇာတ်လမ်းကိုသိနေလို့ ကျွန်မ, ရှင့်ကိုမယူချင်တာရှင့်။ သိပြီလား. . ."

"ဟာ. . . ဘလိုင်းကြီးပါလား။ မောင်နဲ့မူက ဘာဖြစ်နေလို့လဲ"

"အကြည့်တွေက ရိုးမှမရိုးသားပဲ။ မမူက ရှင်ရောက်လာကတည်းက လှုပ်ရှားနေတာ အသိသာကြီး။ ဟွန်း. . . ဟိုတလည်းကဲကဲပါ။ သူကလည်း စိတ်ကြိုက်။ ဘယ့်နှယ်. . . ဖတူတူချင်းကိုကြက်ဥဖျော်တိုက်ရတာနဲ့"

"အဲဒီတုန်းက မောင်သွေးလှူထားလို့ပါပိုရာ"

"ကျွန်မလည်း လှူတာပဲ"

"ပို့ကို ပြန်သွင်းပေးလိုက်ရတာလေ။ ဒီလိုမှမဟုတ်ရင် ပို့, သေမှာ။ အဲဒီတုန်းက သွေးဆုတ်သွားတာမှ ဖြူစွတ်သွားတာပဲ"

"ဟင်. . . ဒါဖြင့် လူနာသွင်းမယ့်သွေးပုလင်းကို ကျွန်မကို ပြန်သွင်းပေးလိုက်ရတာပေါ့။ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလာ. . . မောင့်သွေးကို ပို့ဆီချက်ချင်းသွင်းပေး လိုက်တာပါဗျာ။ ကဲ. . . ပြီးပြီ၊ သွားမယ်။ အင်း. . . မိန်းမရမှပဲ ဘောင်းဘီမဝတ်ရတော့ဘဲ ပုဆိုးပြောင်းဝတ်ရတော့မှာလို့"

သူမ, သူ့ကို ခပ်ငေးငေးကြည့်နေမိလေ၏။ ဒါဆို သူမ အသက်ကို သူကယ်ပေးခဲ့တာ တကယ်ပေါ့။ သူမကဖြင့် သူ့ကို ရန်တွေ့လို့ကောင်းနေဆဲ။ သူ့ခမျာ သူမအတွက် စိုးရိမ်ပူပန်ခဲ့တာ ပါလား။

"မောင်သွားတော့မယ်ပို။ Duty နောက်ကျနေပြီ။ မောင် Breakfast မစားတော့ဘူး။ ဆေးရုံရောက်မှ စစ္စတာ့ချိုင့်ထဲက ကပ် တုပ်လိုက်မယ်။ သိလား. . ."

"အဲဒါဆို ကျွန်မအပြောခံရမှာပေါ့"

"ဩော်. . . ဒီတော့လည်း မိန်းမအိပ်ပျော်နေလို့ပါလို့ ဖြေ ရှင်းလိုက်ရုံပေါ့"

"အဲဒီလိုပြောမှ ပိုဆိုးမှာ"

အိမ်ရှေ့သို့လိုက်ပို့ပေးတော့ သူက ကားစက်ဖုံးကိုဖွင့်၍ စစ်ကြည့်လိုက်ပြီး ပြန်ပိတ်ကာ၊ ကားတံခါးကိုဖွင့်လိုက်၏။

"မောင်လို့မခေါ်ချင်ဘူးလား"

"ခေါ်ပါဘူး"





"သားသားတွေမီးမီးတွေ ရလာရင်တော့ ခေါ်နော်ပို"

"ရဲနေ့ခင်နော်"

သူက ရယ်ရယ်မောမောဖြင့် ကားကိုစက်နှိုး၍ မောင်း ထွက်သွားလေ၏။ သူမ, ကားနောက်မြီးလေး ပျောက်သွားမှ အိမ် ထဲဝင်လာခဲ့သည်။

မောင်လို့ခေါ်ပါလားတဲ့။ ဟွန်း. . . အမြင်ကတ်စရာကြီး။ မခေါ်ချင်ပါဘူး။ တစ်ပတ်လောက် တင်းထားလိုက်ဦးမယ်။ ဒါ သူဆိုးလို့ ဒဏ်ခတ်တာပဲ။

ဆေးရုံသို့ရောက်စဉ် တစ်ယောက်တစ်ပေါက်ဝိုင်းစကြ တာကို ခပ်ပြုံးပြုံးဖြင့် ငြိမ်ခံရတော့သည်။ စစ္စတာက အဆိုးဆုံး။ နဂိုကတည်းက ပို့ကိုအရမ်းချစ်ခဲ့သူမို့ သူ့ကိုအမြင်လည်းကတ်၊ ချစ် စနိုးလည်းရှိလေ၏။

"ဟွန်း. . . ကျွန်မတော့ မကျေနပ်ပါဘူး။ ဆေးရုံမှာတော့ တစ်ယောက်တစ်ခွန်းစကားများ၊ ရန်ဖြစ်နေကြပြီး၊ ဘယ်အချိန်က ချစ်သူဖြစ်သွားကြလဲမသိ"

"ဩော်. . . စစ္စတာကလည်း. . . တစ်နေ့ကုန်ရန်ဖြစ်ပြီး သနေတိုင်း သူ့အိမ်ရောက်နေတာပဲဟာ။ တွေးကြည့်ပေါ့"

"ဟယ်. . . သူ့အိမ်မှာလည်း လူကြီးတွေရှိနေတာပဲလေ



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာရဲ့။ ဘယ်အချိန် ချိန်းတွေ့ကြလို့ရမှာလဲ"

"ရတာပေါ့။ သူ့ကိုပြန်ပို့ရင်းနဲ့လည်း ပြောခဲ့တာပဲ။ ပြန်ခါနီး ခြံဝကိုလိုက်ပို့ရင်းနဲ့လည်း ပြောခဲ့တာပဲ"

"မပြောချင်ပါဘူးတော်။ ပေါ်တော်ကဲတဲ့ချာတိတ်ပဲကိုး"

"မနာလိုမရှိပါနဲ့ဗျာ။ ကိုယ့်ကုသိုလ်နဲ့ကိုယ်ပါ"

စစ္စတာက ပြုံးပြုံးရယ်ရယ်ဖြင့် စ,နောက်နေသဖြင့် သူပြန်နောက်နေရင်း လူနာတွေဆီ အပြေးထွက်လာခဲ့တော့သည်။ ပိုရေ. . . ညနေမှာ. . . သနပ်ခါးနံ့သင်းသင်းလေးကို ပြန်ရောက်ရောက်ချင်း မောင်ရှူရှိုက်လိုက်ချင်တယ်။ မင်းကြိုနေပါ့မလား။

လူက ပြုံးစိစိဖြင့် အူမြူးနေသည်မို့ လူနာတွေကိုပြောဆိုပြီး ဆေးကုရတာကအစ အဆင်ပြေချောမွေ့နေလေသည်။ ဩော်. . . အချစ်က လူ့စိတ်ကိုပျော့ပြောင်းစေသည်ကိုး။

ညနေ နေတော်တော်စောင်းမှ ပြန်လာခဲ့၏။ ကားကို ခပ်မှန်မှန်သာ မောင်းခဲ့စဉ် လမ်းခုလတ်တစ်နေရာမှာ ကားတစ်စီး ပိတ်ရပ်ထားသဖြင့် သူ့ ကားကိုရပ်လိုက်ရ၏။ ကားပေါ်မှ လူမိုက်ပုံစံလူခုနစ်ယောက် ဆင်းလာလေသည်။ ဦးဇော်ရှိုင်းလူတွေပဲ ထင်ပါရဲ့။ ပွဲက အခုထိမပြီးသေးပါလား။

"ဆင်းခဲ့ပါဦး ဒေါက်တာ"





"ဘာကိစ္စရှိလို့လဲ"

"အကြွေးစာရင်း အပြတ်ရှင်းချင်လို့ပါ"

"မင်းမဲ့တိုင်းပြည် မဟုတ်ဘူးနော်။ မင်းတို့ရမ်းကားချင်တိုင်း ရမ်းကားလို့ရမယ်မထင်နဲ့။ ဥပဒေက မင်းတို့ကို လက်ပိုက်ကြည့်နေမှာမဟုတ်ဘူး"

"သွေးမပျက်ပါနဲ့ဒေါက်တာရဲ့။ ယောက်ျားပဲ"

"ရပါတယ်. . . ငါကအန္တရာယ်တွေ့တာနဲ့ ရှောင်သွားမယ့်လူစားမျိုးမဟုတ်ဘူး။ ပြေးတွေ့တတ်တဲ့လူပါ"

BURMESE CLASSIC .com

ကားပေါ်မှ ဖတ်ခနဲခုန်ချလိုက်ပြီး လူအုပ်နှင့် သူရင်ဆိုင်လိုက်ရသည်။ လက်သီးတွေ၊ ခြေထောက်တွေဖြင့် သူ့ကိုရင်ဆိုင်၍မနိုင်တော့ တုတ်တွေဓားတွေပါလာတော့သည်။

အုပ်စုများသည်မို့ သူသတိထားနေရာမှ ခေါင်းထက်မှာ ပူခနဲဖြစ်သွားပြီး ဝမ်းဗိုက်မှ နာကျင်မှုနှင့်အတူ ခွေခနဲလဲကျသွားလေသည်။ မျက်ဝန်းထဲမှာ ပြာဝေသွားလျက် ပို့ကိုတမ်းတမိသွား၏။ ပို. . . မသေခင်လေးတော့ ပို့ဆီက မောင်လို့ခေါ်သံလေးကို ကြားသွားပါရစေလား။

❦



www.burmeseclassic.com

www.burmeseclassic.com



ညနေပြန်လာချိန်ကိုစောင့်နေရာမှ ပေါ်မလာသဖြင့် ခြံထဲမှာ လမ်းလျှောက်နေမိ၏။ ခဲလုံးတစ်လုံးကို ခလုတ်တိုက်မိသွားသဖြင့် ခြေမမှာ သွေးခြည်ဥသွားလေသည်။ အား . . . နာလိုက်ကာနော်။

ခြံထဲသို့ ဘိုဆိုင်ကယ် အပြင်းဝင်လာလေ၏။ သူမ လှမ်းကြည့်လိုက်စဉ် ဘိုက ဆိုင်ကယ်ပေါ်မှ အမြန်ဆင်း၍ သူမကိုအော်ပြောလိုက်လေသည်။

"မ . . . အစ်ကိုကို လူဝိုင်းရိုက်လို့ အတွင်းလူနာဖြစ်ပြီး ဆေးရုံရောက်နေပြီတဲ့"

"ဘာ! "

"ဟဲ့ . . . ဘယ်လိုဖြစ်တာလဲ"

"ဦးဖော်ရှိုင်းလက်ချက်ပဲ အန်တီလေး။ တစ်အုပ်စုလုံးကို ရဲက ဖမ်းမိထားပြီးပြီ။ ဆေးရုံကိုလိုက်သွားမှဖြစ်မယ်"

"ဟဲ့ . . . သမီးပိုပို၊ သတိထားလေ"

ဘိုက ဖေဖေ့ကားကို စက်နှိုး၍မောင်းထွက်လာခဲ့ပြီးလျှင် မိသားစုအကုန် ကားပေါ်တက်လိုက်ကြ၏။

ဘုရား . . . ဘုရား၊ မောင် . . . မောင် . . . ဘာမှမဖြစ်ပါစေနဲ့။ မောင့်ကိုအသက်ရှင်ခွင့်လေး ပေးတော်မူပါအရှင်ဘုရား။





စိတ်ထဲမှာ တိတ်တဆိတ်ဆုတောင်းရင်း မျက်ရည်တွေသာ တာကျိုးသလို စီးကျလာလေတော့၏။

ဆေးရုံရောက်တော့ Theatre ရှေ့မှာ တောင့်တောင့်လေး ရပ်နေမိသည်။ အခန်းဝအပေါ်ရှိ မီးလုံးလေးကို သူမ ငေးနေမိ၏။ လူကြီးတွေဆီမှ ဘုရားစာရေရွတ်သံတွေကို အတိုင်းသားကြားနေရသည်။ သူမ ဘာဆိုဘာမျှရွတ်ဖို့သတိမရ။ နားထဲမှာ မနက်ကပဲ ပြောသွားသည့် သူ့အသံတွေကိုသာ ပြန်ကြားယောင်နေမိသည်။

မောင်လို့မခေါ်ချင်ဘူးလားတဲ့ . . .

ခေါ်ချင်ပါတယ်မောင်ရယ် . . .

အနှစ်နှစ်အလလက ခေါ်ချင်ခဲ့တဲ့သညာတစ်ခုပါ။ မောင့်ရင်ထဲက ချစ်ခြင်းတွေကို မရိပ်မိ၊ မသိရှိစဉ်ကတည်းကပါကွယ်။ ဘလွဲထင်ထားမိတဲ့မာနတွေအားလုံး မောင့်ချစ်ခြင်းတွေကြောင့် အရည်ပျော်ပြီး မောင့်ခြေဖဝါးအောက်မှာ ပုံကျခဲ့ပါပြီ။

မောင်ချစ်စေချင်သလို ပိုချစ်ပါ့မယ်။ မောင်သိပ်လိုချင်နေတဲ့ဘဝမျိုးကို ပိုပေးပါ့မယ်။ မောင်သိပ်ဆန္ဒရှိတဲ့အတိုင်း မောင့်အတွက် သားသားလေးတွေမီးမီးလေးတွေကို ပိုပေးပါရစေလား။

မောင် . . . မောင်မရှိတော့ရင် ပိုလည်း ဒီလောကကြီးထဲမှာ အသက်ရှင်နေလို့အလကားပါပဲ။ ပိုက မောင့်သွေးနဲ့အသက်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ရှင်နေတဲ့သူပါ။ မောင့်သွေးနဲ့ ပို့အသက်ကိုဆက်ပေးနိုင်ခဲ့ပေမယ့် မောင့်အလှည့်မှာ ပိုကယ်ဆယ်ခွင့်မရမှတော့ မောင့်ချစ်ခြင်းတွေနဲ့ ပို့ မထိုက်တန်တော့ပါဘူးကွယ်။

Theatre မှမီးလုံးလေး ဖတ်ခနဲမှိတ်သွားပြီး တခါးက ညင်သာစွာပွင့်သွားပါ၏။ ယခုတိုင် မျက်တောင်မခတ်ဘဲ ငေးကြောင်ကြည့်နေသည့်သူမကို စစ္စတာက ပြေးဖက်လိုက်လေသည်။

"ပိုပို. . . သတိထားလေ"

ဒေါက်တာညိုဝင်းနောင်က သူမလက်တစ်ဖက်ကိုအသာဆုပ်ညှစ်လိုက်ပြီး ခေါင်းညိတ်ပြလိုက်လေ၏။ သူမမျက်ဝန်းမှ မျက်ရည်စီးကြောင်းနှစ်ခု အလိုလိုစီးကျသွားရင်း သူမမေ့မျောပါလာသည့် ထရော်လီဘေးမှ ကပ်ပါလာခဲ့သည်။ Special room ထဲရှိ ခုတင်ပေါ် ပြောင်းကင်ပေးလိုက်စဉ် သူမ, သူ့ခန္ဓာကိုယ်ကို အသာဖွဖွဖက်၍ ရှိုက်ကြီးတငင်ငိုချလိုက်လေသည်။

နဖူးမှာရော၊ ဗိုက်နှင့် ခြေထောက်တွေမှာပါ မြင်မကောင်းအောင် ဒဏ်ရာတွေပြည့်နှက်နေသည့်လူမမာဟာ သူမရဲ့ခင်ပွန်းတဲ့လား။ ပို့ရဲ့မောင်တဲ့လား. . .။ မောင်ရယ်. . . မောင်သိပ်ချစ်တဲ့ပို မောင့်ဘေးမှာ ရောက်နေပြီလေ။ မောင်သတိမြန်မြန်ပြန်ရပါတော့လား။





လူကြီးတွေက ဆရာဝန်ကြီးနှင့် အပြင်ဘက်မှာ တီးတိုးစကားဆိုနေကြရင်း သူမကိုဘာမှမပြောဘဲလွှတ်ထားလေ၏။

နားထဲမှာ ငိုရှိုက်သံသဲ့သဲ့မျှကြားနေရသည်။ ဘယ်သူ့ရှိုက်သံလေလဲ။ အသံက ဝိုးတဝါးကြားရာမှ ကြည်လင်လာ၏။ ပို. . . ဟုတ်တယ်. . . ပို့ငိုသံပါပဲ။ သေချာပါတယ်။ ဘယ်ရောက်နေတာလဲ။

လူအုပ်စုလိုက် ဝိုင်းရိုက်ကြတာကို မှတ်မိလိုက်၏။ ဒါဆို ဆေးရုံမှာ ရောက်နေတာထင်တယ်။ နာကျင်မှုတွေကြားက မျက်စိကို အသာလေးဖွင့်လိုက်မိသည်။ မျက်ရည်လည်ရွဲဖြင့် သူ့လက်ကို တင်းတင်းဆုပ်ထားသည့်မျက်နှာလေးကို မြင်လိုက်ရစဉ် သူ အားတင်းငြိုးပြုံးလိုက်ပါ၏။

"မောင်. . ."

တိုးသဲ့သဲ့ခေါ်သံအကြားမှာ အင်အားတစ်ခုအဖြစ် သူ့ရင်ထဲမှာ ဖြတ်သန်းစီးဆင်းသွားလေ၏။

မောင်တဲ့လား. . . ငို။

မောင်အကြားချင်ဆုံးခေါ်သံကို ပိုပေးနေပြီပေါ့။ ဝမ်းသာလိုက်တာ။

"မောင်ရယ်. . . ပို့ကြောင့်ဖြစ်ရတာပါ။ ဒါကြောင့် မောင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုလက်ထပ်ဖို့ ပို အတန်တန်ငြင်းခဲ့မိတာပါ။ မောင်က. . . မောင်က. . .”

“ပို. . . မောင်ဘာမှမဖြစ်ပါဘူး။ မောင်အကြားချင်ဆုံး အသံလေးကို ကြားလိုက်ရရင် လောကကြီးမှာ မောင်နေပျော်ပါပြီ”

“မောင်ရယ်. . . မောင့်ကို ပိုသိပ်ချစ်ပါတယ်။ ယုံပါ. . . ပို့ မောင့်ကိုချစ်တာ အခုမှမဟုတ်ပါဘူး”

သူက တိုးသဲ့သဲ့ရယ်မောလျက် သူမလက်ကလေးကို ပြန်ဆုပ်ထားလိုက်ပါ၏။

ကျေးဇူးတင်ပါတယ်ပို။ တကယ်ပါ. . . မောင့်ပိုလေးက သိပ်ချစ်ဖို့ကောင်းတာပါပဲလား။

“ပို. . . မောင်မသေနိုင်သေးပါဘူး။ မောင်က သားသမီးတွေ တစ်ဒါဇင်လောက်ရတာတောင် မသေနိုင်သေးဘူး။ မောင်က ခေါင်းမာသလို အသက်လည်းသိပ်မာတယ်ပိုရဲ့”

“အေး. . . ဒီလိုပြောမယ်လို့ ငါထင်သားပဲ။ ဒွေးကောင် သေကောင်ပေါင်းလဲဖြစ်နေတာတောင် မမှတ်သေးဘူး။ ကျားကိုးစီးစားမကုန်တဲ့ခန္ဓာနဲ့ နုနုရွရွစကားတွေပြောနေဦး”

“လေးလေးကလည်းဗျာ. . . ဒီမှာ သူများ ဇာတ်ရှိန်တင်





နေတုန်းမှာ လူကြမ်းကြီးဝင်လုပ်ရလား”

အခန်းထဲမှာ ရယ်သံတွေထွက်သွား၏။

သူမက သူ့မျက်နှာကို ငေးကြည့်နေရင်း ချစ်စဖွယ်လေး ပြုံးပြလိုက်လေသည်။ လောကကြီး အစစအရာရာပြည့်စုံသွားပါပြီပိုရယ်။ တကယ်ပါ. . .။

လေးစားလျက်. . .

မယသဒ္ဒါမောင်

6th , Jan: 2008

A.M (1:00)

www.burmeseclassic.com